ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

**အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။**

သုခဝဂ်(ဓမ္မပဒ-၁၉၉)

၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ ရက်၊ စနေနေ့။ Saturday, 16 May 2020 ၁၀၀၁၄

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

# Public Transportation and COVID-19 Prevention ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့် အပြန်အလှန်ဆွေးနွေး



Coronavirus Disease 2019 (COVID- 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Public Transportation and COVID-19 Prevention ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် တာဝန်ရှိသူများနှင့် အပြန်အလှန်ဆွေးနွေးစဉ်။

**နေပြည်တော် မေ ၁၅**

Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် Public Transportation and COVID-19 Prevention ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့် တာဝန်ရှိသူများအား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် အစည်းအဝေးခန်းမှ Video Conferencing စနစ်ဖြင့် ချိတ်ဆက်တွေ့ဆုံပြီး အပြန်အလှန်ဆွေးနွေးသည်။

ရှေးဦးစွာ Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

**ရှင်းလင်းတင်ပြ**

ထို့နောက် အများပြည်သူသုံး YBS ဘတ်စ်ကားများအား စီမံခန့်ခွဲရသည့် တာဝန်ခံ Managing Director ဦးအောင်ညီညီမော်က COVID-19 ကာလအတွင်း ခရီးသည်ဦးရေအပေါ်မူတည်၍ YBS ယာဉ်များပြေးဆွဲပေးမှု၊ ယာဉ်အသုံးပြုမှုများပြားသည့်အချိန်နှင့် အခြေအနေ၊ ယာဉ်များပေါ်တွင် Mask များဖြန့်ဝေပေးခြင်း၊ လက်ဆေးဆပ်ပြာရည်များ စီစဉ်ပေးခြင်း၊ ယာဉ်များ ယာဉ်ရပ်နားကွင်းသို့ ရောက်ရှိချိန်တွင် သန့်ရှင်းရေးဆောင်ရွက်စေခြင်း၊ လိုအပ်သည့် သယ်ယူပို့ဆောင်ရေးများတွင် ကူညီဖြည့်ဆည်းဆောင်ရွက်ပေးခြင်းနှင့် ယာဉ်ပေါ်တွင် ခရီးသည်များ ကျပ်တည်းမှုမရှိစေရန် ဆောင်ရွက်ရမည့် ကိစ္စရပ်များကိုလည်းကောင်း၊ YBS ဘတ်စ်ကား နေ့စဉ်စီးနင်းသူမနိုင်းနိုင်းက YBS ဘတ်စ်ကား နေ့စဉ်စီးနင်းသွားလာရာတွင် တွေ့ကြုံရသည့် အခြေအနေများ၊ ရုံးဝန်ထမ်း၊ ကုမ္ပဏီဝန်ထမ်းများအတွက် ကိုယ်ပိုင်ကြို/ပို့ ယာဉ်များ လုံလုံလောက်လောက် စီစဉ်ပေးပါက ဘတ်စ်ကားစီးပြည်သူများ မော်တော်ကားစီးနင်းရာတွင် ကျပ်တည်းမှုသက်သာသွားမည့်အခြေအနေနှင့် Clean Yangon အမှိုက်ကောက်အစီအစဉ်တွင် ပါဝင်ဆောင်ရွက်ခဲ့မှုတို့ကိုလည်းကောင်း၊ အများပြည်သူသုံးမီးရထားများတွင် COVID-19 ကာကွယ်ရေးဆောင်ရွက်သူ ရန်ကုန်တိုင်းဒေသကြီး (သွားလာရေး၊ မြန်မာ့မီးရထား) လက်ထောက်အထွေထွေမန်နေဂျာ ဦးဇော်လွင်က

**စာမျက်နှာ ၃ ကော်လံ ၁ သို့** ❖

- ❖ **ယခုအချိန်အခါတွင် သွားလာရေးသည် အဓိကထားစဉ်းစားရမည့်ကိစ္စရပ်ဖြစ်ပါကြောင်း၊ လုံးဝမသွားရဘဲ အိမ်ထဲတွင် ထိုင်နေရမည်ဆိုသည်မှာ လက်တွေ့မကျပါကြောင်း။**
- ❖ **နောက်ထပ် ဦးစားပေးစဉ်းစားရမည်မှာ မိမိတို့ကလေးများ၏ ပညာရေးဖြစ်ပါကြောင်း၊ ကျောင်းများကို အမြဲတမ်းပိတ်ထားရန် မဖြစ်နိုင်ပါကြောင်း၊ ယင်းကိစ္စနှင့်ပတ်သက်၍လည်း အခြားနိုင်ငံများ၏ လုပ်ကိုင်ပုံများကို လေ့လာပါကြောင်း၊ ပို့ဆောင်ရေးနှင့်ပတ်သက်၍ တစ်ချိန်လုံး သုံးသပ်နေရမည်ဖြစ်ပါကြောင်း။**




## ကြေးမုံ ယနေ့ ဖတ်စရာ

**တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်မြို့နေလူထုနှင့် ပြည်သူ့ဆေးရုံကြီးအတွက် COVID-19 ရောဂါ ထိန်းချုပ်ကာကွယ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်** စာမျက်နှာ » ၄

**COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်** စာမျက်နှာ » ၅

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း** စာမျက်နှာ » ၁၅

ကြေးမုံ

# ဘေးအန္တရာယ်အမျိုးမျိုးတို့ကို ညီညွတ်မှုဖြင့် ရင်ဆိုင်ကျော်လွှား

ဘင်္ဂလားပင်လယ်အော် အရှေ့တောင်ပိုင်းတွင် ယမန်နေ့ ညနေပိုင်းက စတင်ဖြစ်ပေါ်ခဲ့သော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်ဖြစ်ပေါ်ခဲ့ပြီး ယနေ့ မေလ ၁၆ ရက်နေ့တွင် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ မုန်တိုင်းငယ်အဆင့်သို့ ရောက်ရှိနိုင်သည်။ အဆိုပါမုန်တိုင်းငယ်သည် ကနဦးတွင် အနောက်မြောက်ဘက် (အိန္ဒိယ) သို့ ရွေ့လျားပြီး မေလ ၁၇ ရက်နေ့ နောက်ပိုင်းတွင် မြောက်-အရှေ့မြောက်ဘက် (ဘင်္ဂလားဒေ့ရှ်-မြန်မာ) သို့ ရွေ့လျားနိုင်သည်ဟု မြန်မာနိုင်ငံ မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ခန့်မှန်းထားသည်။

အဆိုပါမုန်တိုင်းငယ်သည် မေလ ၁၇ ရက်နေ့မှ ၄၈ နာရီအတွင်း ဆိုင်ကလုန်းမုန်တိုင်းအဆင့်သို့ရောက်ရှိနိုင်ပြီး အင်အားပြင်းထန်သည့် အဆင့်ရှိသည်ဟု နိုင်ငံတကာမိုးလေဝသဌာနများက ခန့်မှန်းကြသည်။ ဆိုင်ကလုန်းမုန်တိုင်း ဖြစ်လာချိန်တွင် မြန်မာနိုင်ငံဘက်သို့ ဦးတည်ခြင်း မရှိသော်လည်း မုန်တိုင်းစက်ကွင်းအတွင်း ကျရောက်နေသောကြောင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးရွာသွန်းမှုနှင့် လေပြင်းတိုက်ခတ်မှုတို့ကို အထူးသတိပြုရမည် ဖြစ်သည်။

မုန်တိုင်းသည် မေလ ၁၇ ရက်နေ့နောက်ပိုင်းတွင် မြောက်-အရှေ့မြောက်ဘက်သို့ကွေ့လာပါက မြန်မာနိုင်ငံ ရခိုင်ကမ်းရိုးတန်းအလယ်ပိုင်းနှင့်မြောက်ပိုင်းဒေသများဆီသို့ ဦးတည်လာနိုင်သည့် အလားအလာများကို နိုင်ငံတကာမိုးလေဝသ သတင်းစာမျက်နှာများတွင် တွေ့ရသည်။ လတ်တလော လေ့လာဆန်းစစ်ချက်များအရ မုန်တိုင်းမှာ ခန့်မှန်းသည့်အတိုင်းဖြစ်ပေါ်နိုင်ပြီး မေလ ၁၇ ရက်နေ့တွင် မြောက်- အရှေ့မြောက်ဘက်သို့ ဆက်လက်ရွေ့လျားခဲ့မည်ဆိုပါက မေလ ၁၉ ရက်နေ့တွင် မြန်မာနိုင်ငံခန့်မှန်းဦးတည်သည့်ဒေသများသို့ ရောက်ရှိနိုင်သည်။ ဆိုင်ကလုန်းမုန်တိုင်း၏ အမြင့်ဆုံးလေတိုက်နှုန်းမှာ ခန့်မှန်းတစ်နာရီလျှင် မိုင် ၁၀၀ နှုန်းခန့်ရှိသဖြင့် အထူးသတိထားရမည်ဖြစ်သည်။

မိုးရေချိန်မှာ အမြင့်ဆုံး သုံးလက်မမှ ခုနစ်လက်မအထိ ရှိနိုင်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြီးခြင်း၊ လှိုင်းတစ်ပြက်ရေကြီးခြင်း၊ မြေပြိုခြင်း အန္တရာယ်များနှင့် မြန်မာ့ကမ်းရိုးတန်းဒေသအချို့တွင် မုန်တိုင်းကြောင့် မုန်တိုင်းဒီရေတက်ခြင်းတို့နှင့် ကြုံတွေ့နိုင်သဖြင့် အထူးသတိပြုရမည် ဖြစ်သည်။ မုန်တိုင်း ဒီရေတက်ချိန်တွင် အင်အားပြင်းထန်သော လေတိုက်နှုန်းရှိပါက ရေကြီး ရေလျှံလေပြင်းဒဏ်ကို အထူးသတိပြုရမည် ဖြစ်သည်။ ဖြစ်ပေါ်နေသော မုန်တိုင်းလမ်းကြောင်းခန့်မှန်းချက်သည် အချိန်နှင့်အမျှ အပြောင်းအလဲ ဖြစ်ပေါ်နိုင်သဖြင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးသော မိုးလေဝသသတင်းများကို ဂရုပြုနားထောင်ရန် လိုအပ်သည်။

မြန်မာနိုင်ငံတွင် ဘင်္ဂလားပင်လယ်အော်မှ ဖြစ်ပေါ်လာသော မုန်တိုင်းနှင့် ပတ်သက်၍ အတွေ့အကြုံရှိပြီးသားဖြစ်ပြီး နေ့စဉ်မုန်တိုင်းခန့်မှန်းချက်များအတိုင်း ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ထားရန် လိုအပ်သည်။ ယခုအခါတွင် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများကို မြန်မာနိုင်ငံတစ်ဝန်းလှုပ်ရှားဆောင်ရွက်လျက်ရှိရာ ရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ခြင်းနှင့်အတူ သဘာဝဘေးမုန်တိုင်း အန္တရာယ်ကာကွယ်ရေးကိုလည်း ဆောင်ရွက်နိုင်လိမ့်မည်ဟု ယုံကြည်ပါသည်။

အထူးသဖြင့် မုန်တိုင်းသက်ရောက်နိုင်သည့် လမ်းကြောင်းများရှိ မြို့ရွာများအနေဖြင့် ဘေးအန္တရာယ်ကင်းရှင်းသည့် နေထိုင်မှုပုံစံများ ပြောင်းလဲနိုင်ရန် အသင့်ပြင်ဆင်ထားသင့်သည်။ မုန်တိုင်းဖြစ်ပေါ်လာပါက လုံခြုံမှုရှိစေရေး၊ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခိုလှုံနေထိုင်ရေးတို့ကို ပြုလုပ်ရမည် ဖြစ်သည်။ သို့ရာတွင် ယခုကာလ၌ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသဖြင့် တတ်နိုင်ပါက မိမိတို့နေအိမ်တွင်သာ ခိုလှုံနေထိုင်နိုင်ရေးအတွက် နေအိမ်၊ အဆောက်အဦများကို ခိုင်ခံ့အောင် ကြိုတင်ပြင်ဆင်ထားသင့်သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံရှိ ပြည်သူပြည်သားများအနေဖြင့် ရောဂါဘေးများ၊ သဘာဝဘေးများ စသည့်ဘေးအန္တရာယ်အမျိုးမျိုးနှင့် ဒုက္ခအခက်အခဲမျိုးစုံတို့ကို ကြုံတွေ့ခဲ့ရပြီးဖြစ်ရာ ထပ်မံကြုံတွေ့လာနိုင်သည့် ဘေးအန္တရာယ်များ၊ အခက်အခဲများကို နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ တက်ညီလက်ညီပူးပေါင်းလက်တွဲ၍ ကြံ့ကြံ့ခံရင်ဆိုင်ကျော်လွှားကာ မလျှော့သောဇွဲလုံ့လဖြင့် ရည်မှန်းရာပန်းတိုင်များသို့ ဆက်လက်တက်လှမ်းနိုင်ကြမည် ဖြစ်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# အများပြည်သူသို့ တိုက်တွန်းနှိုးဆော်ချက်

၁။ Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ရောဂါကူးစက်ခံရနိုင်မှု အခြေအနေကို ခြေရာခံဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ICT နည်းပညာ အထောက်အကူပြုလုပ်ငန်းအဖွဲ့အနေဖြင့် "စောစောရှာ" Mobile Application ကို ရေးဆွဲဆောင်ရွက်ခဲ့ပါသည်။

၂။ "စောစောရှာ" Mobile Application အား ပြည်ပနိုင်ငံများမှ ပြန်လည်ဝင်ရောက်လာသူများ အပါအဝင် ပြည်သူအများ ကျယ်ကျယ်ပြန့်ပြန့် သုံးစွဲစေခြင်းဖြင့် ICT နည်းပညာ အထောက်အကူဖြင့် ကူးစက်ခံရနိုင်ခြေရှိသူများကိုလည်း ရှာဖွေဖော်ထုတ်နိုင်မည်ဖြစ်ပြီး ရောဂါကူးစက်ခံရနိုင်မှု အခြေအနေထိန်းချုပ်နိုင်ရေးကိုလည်း များစွာအထောက်အကူပြုနိုင်မည် ဖြစ်ပါသည်။

၃။ ပြည်သူများအနေဖြင့်"စောစောရှာ" Mobile Application ကို မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုခြင်းဖြင့် အောက်ဖော်ပြပါ အကျိုးကျေးဇူးများကို ရရှိစေမည် ဖြစ်ပါသည်-

(က) ရောဂါကူးစက်ခံထားရသူနှင့် ထိတွေ့ခဲ့နိုင်မှု အခြေအနေကို နေရာ၊ အချိန်တို့နှင့်ဆက်စပ်၍ သိရှိနိုင်ခြင်း၊

(ခ) ရောဂါကူးစက်ခံထားရသူများသွားလာခဲ့သည့် နေရာများစာရင်းကို ၎င်း "စောစောရှာ" Mobile Application အသုံးပြုသူများအနက်မှ အဆိုပါနေရာများသို့ သွားလာခဲ့သူများကို သတိပေးချက် ဆောလျင်စွာ ပေးပို့နိုင်ခြင်းကြောင့် မိမိအနေဖြင့် ရောဂါကူးစက်ခံထားရသူနှင့်အတူ ရှိနေခဲ့ခြင်းနှင့် ထိတွေ့ခဲ့မှု ရှိ/မရှိ တို့ကို ဆောလျင်စွာ သိရှိနိုင်ခြင်း၊

(ဂ) ပုံမှန်နေထိုင်စဉ် အခြေအနေတွင်ဖြစ်စေ၊ Quarantine ပြုလုပ်နေစဉ် ကာလအတွင်းဖြစ်စေ မိမိ၏ ကျန်းမာရေးအခြေအနေအား သတင်းပေးပို့နိုင်သဖြင့် လိုအပ်ပါက ကုသမှုအကူအညီကို ဆောလျင်စွာ ရရှိနိုင်ခြင်း၊

၄။ အဆိုပါ "စောစောရှာ" Mobile Application ကို သုံးစွဲရန်အတွက် တယ်လီဖုန်းများအတွင်းသို့ Download ပြုလုပ်ခြင်း အပါအဝင် Application သုံးစွဲခြင်းအတွက် အင်တာနက်သုံးစွဲခကို ပြည်သူများအနေဖြင့် ကုန်ကျစရိတ် မရှိစေရန် တယ်လီကွန်းအော်ပရေတာများက အခမဲ့ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။ ၎င်းအပြင် အပိုဆောင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ (၃၁) ရက်နေ့အထိ ၎င်း Application အား ရယူသုံးစွဲသူများကို တစ်လသက်တမ်းရှိသော 1GB အင်တာနက် အခမဲ့အသုံးပြုခွင့်ကိုလည်း ခွင့်ပြုပေးသွားမည် ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် COVID-19 ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကိစ္စရပ်များအတွက် အထောက်အကူဖြစ်စေရေးအတွက် "စောစောရှာ" Mobile Application အား ဖော်ပြပါ ဝက်ဘ်ဆိုက် www.sawsawshar.gov.mm နှင့် Operator များက ခွင့်ပြုသတ်မှတ်ထားသည့် နည်းလမ်းများဖြင့် အခမဲ့ရယူ၍ မိမိတို့၏ မိုဘိုင်းဖုန်းများတွင် ထည့်သွင်းအသုံးပြုကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

၆။ ၎င်း Mobile Application မှ ကောက်ခံရရှိသော အချက်အလက်များကို ရယူဆောင်ရွက်ရာတွင် တစ်ဦးချင်းစီ၏ ပုဂ္ဂိုလ်ရေးဆိုင်ရာ အချက်အလက်များကို ထုတ်ဖော်သွားမည်မဟုတ်ဘဲ COVID-19 အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါကို ထိန်းချုပ်ကာကွယ်နိုင်ရန် ရည်ရွယ်၍ ရောဂါကူးစက်ဖြစ်ပွားနေသည့် သတ်မှတ်ကာလအတွင်းတွင်သာ အသုံးပြုရန် ရယူခြင်းဖြစ်ပြီး အခြားမသက်ဆိုင်သည့်နေရာများတွင် လုံးဝ (လုံးဝ) အသုံးပြုမည်မဟုတ်ပါကြောင်း ဖော်ပြအပ်ပါသည်။

**Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ**

## SMS Promotion Message

သင်နှင့် သင့်မိသားစု လုံခြုံစိတ်ချစေရေးအတွက် သင်သွားရောက်ခဲ့သည့် ပတ်ဝန်းကျင်တွင် COVID-19 ကူးစက်နိုင်မှု အခြေအနေကို သိရှိနိုင်ရန် "စောစောရှာ" Application အား ဖော်ပြပါ www.sawsawshar.gov.mm တွင် အခမဲ့ Download ရယူသုံးစွဲ၍ တစ်လသက်တမ်းရှိ 1GB အင်တာနက် အသုံးပြုခွင့်ကို အခမဲ့ရယူလိုက်ပါ။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၅-၅-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၅၀၀ | ၁၀,၅၀၀ | ၇၅၁ | ၇,၈၈၅,၀၀၀ |
| MTSH | ၃,၆၅၀ | ၃,၆၅၀ | ၂,၆၃၁ | ၉,၆၀၄,၁၅၀ |
| MCB | ၈,၂၀၀ | ၈,၃၀၀ | ၁၈၅ | ၁,၅၁၈,၈၀၀ |
| FPB | ၂၃,၅၀၀ | ၂၄,၀၀၀ | ၁,၁၄၁ | ၂၇,၀၅၉,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁၃၅ | ၃၇၁,၂၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မေ ၁၅

ရန်ကုန်(ရွှေဈေး) ၁၂၁၅၀၀၀ မန္တလေး(ရွှေဈေး) ၁၂၁၃၅၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၄၂၀/၄၈၀ ကျပ် | ၄၆၀/၄၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၄၇၀/၅၀၀ ကျပ် | ၅၂၅/၅၅၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၃၃၀/၃၆၀ ကျပ် | ၄၀၀/၄၁၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၃၀/၄၉၀ ကျပ် | ၄၇၅/၄၉၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၁၀ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၂၀ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၃၅၀/၃၅၅ ကျပ် |

(မြန်မာနိုင်ငံစက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၀၅.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၁၈.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၇.၈၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၃.၇၉၇ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၂၃.၂၁ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈.၅၈၃ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၀၇.၈၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၈၇.၂၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၁၂.၃ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၄.၂၀ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

ခေတ္တ စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း
သတင်းထောက်မှူး - ဦးမြင့်စိုး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဒေါ်နေဇာဇာထွန်း၊ ဦးသက်ထွေး၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခင်ယုဆွေ၊ ဒေါ်ခိုင်သန္တာရွှေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးအောင်ကျော်ဖြိုး၊ ဦးချစ်ဦးနှင့်အဖွဲ့

# ပြည်သူသာလျှင် အဓိက



Coronavirus Disease 2019 (COVID– 19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Public Transportation and COVID–19 Prevention ကဏ္ဍတွင် ပါဝင်ဆောင်ရွက်နေသည့်တာဝန်ရှိသူများနှင့် အပြန်အလှန် ဆွေးနွေးစဉ်။

❖ ရှေ့ဖုံးမှ

လက်ရှိပြေးဆွဲနေသည့် မီးရထားများ ကောင်းသည်ထက်ကောင်းအောင် ဆောင်ရွက်နေမှု၊ လေအိတ်ရထားများ ပြေးဆွဲနေမှု၊ မြို့ပတ်ရထားများ၊ ခရီးဝေးရထားများ ပြေးဆွဲပေးနေမှု၊ ရထားစီးနင်းသည့် ခရီးသည်များ COVID–19 ရောဂါကူးစက်ပြန့်ပွားမှုမရှိအောင် အသိပညာပေးခြင်း၊ အသိပညာပေးမှု ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်စေခြင်း၊ လိုအပ်သည့်လက်ဆေးရည်၊ လက်ဆေးဘေစင်များ ဆောင်ရွက်ထားမှု၊ ဘူတာ၊ မီးရထားပေါ်နှင့် ဈေးသည်များ ဈေးရောင်းချရာတွင် အန္တရာယ်ကင်းရှင်းရေး ကြပ်မတ်စစ်ဆေးဆောင်ရွက်မှုတို့ကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိုင်ငံတော်အစိုးရမှ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရေတို၊ ရေရှည်ကြည့်၍ စဉ်းစားစီစဉ်ဆောင်ရွက်ပေးသွားမည့် အခြေအနေများကို ရှင်းလင်းပြောကြားသည်။

### အားလုံးပူးပေါင်းဆောင်ရွက်

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က နိဂုံးချုပ်အနေဖြင့် ပြောကြားရာတွင် COVID–19 နှင့်ပတ်သက်သည့် စည်းမျဉ်းစည်းကမ်းများကို မည်သည့်အချိန်အထိ ထားရှိရမည်ကို မည်သူမျှခန့်မှန်း၍ မရသေးပါကြောင်း၊ အချို့နိုင်ငံများတွင် ပြည်သူများ စိတ်ဖိစီးမှုမခံနိုင်၍ လျှော့ပေးရသည်များလည်း ရှိပါကြောင်း၊ ကျန်းမာရေးအရ မလျှော့ပေးသင့်သည့်နေရာများဟု အချို့က ပြောကြပါကြောင်း၊ ကျန်းမာရေး ရှုထောင့်ကနေ အချို့က ထောက်ပြသည်မှာ ယခုအချိန်တွင် မလျှော့သင့်ဘဲ လျှော့သည့်အတွက် ကျန်းမာရေးအတွက် အထောက်အကူမဖြစ်ဘဲ ရောဂါပိုမိုပြန့်ပွားကြောင်း၊ ရေရှည်တွင် ပိုပြီးစည်းမျဉ်းစည်းကမ်းများကို ထားရန်လိုသည့် အခြေအနေဖြစ်သွားနိုင်ပါကြောင်း။

မိမိအနေဖြင့် ယင်းကိုထည့်သွင်း စဉ်းစားပါကြောင်း၊ အလျှော့အတင်းဆိုသည်မှာ တစ်ချိန်လုံးလုပ်နေရပါကြောင်း၊ နိုင်ငံတော်က ထုတ်ပြန်သည့် စည်းမျဉ်းစည်းကမ်းများနှင့် သက်ဆိုင်ပါကြောင်း၊ နိုင်ငံတော်က ဦးဆောင်၍ ညွှန်ကြားချက်များ ထုတ်ပြန်ရပါကြောင်း၊ တစ်ဦးချင်းအနေဖြင့် မိမိတို့ဘာသာဆုံးဖြတ်ပြီး အလျှော့အတင်းလုပ်၍ မဖြစ်တော့ပါကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်မှ ဖြစ်မည်ဖြစ်ပါကြောင်း။

### အားလုံးဖြန့်၍ သုံးစွဲ

ယခုအချိန်အခါတွင် သွားလာရေးသည် အဓိကထား စဉ်းစားရမည့်ကိစ္စရပ်ဖြစ်ပါကြောင်း၊ လုံးဝမသွားရဘဲ အိမ်ထဲတွင်ထိုင်နေရမည်ဆိုသည်မှာ လက်တွေ့မကျပါကြောင်း၊ နောက်ထပ်ဦးစားပေးစဉ်းစားရမည်မှာ မိမိတို့ကလေးများ၏ ပညာရေးဖြစ်ပါကြောင်း၊ ကျောင်းများကို အမြဲတမ်းပိတ်ထားရန်မဖြစ်နိုင်ပါကြောင်း၊ ယင်းကိစ္စနှင့် ပတ်သက်၍လည်း အခြားနိုင်ငံများ၏ လုပ်ကိုင်ပုံများကို လေ့လာပါကြောင်း၊ ပို့ဆောင်ရေးနှင့်ပတ်သက်၍ တစ်ချိန်လုံးသုံးသပ်နေရမည်ဖြစ်ပါကြောင်း၊ မိမိတို့နိုင်ငံတွင် မီးရထားထက်ကားကို ပိုမိုအသုံးပြုလာကြပါကြောင်း၊ ယခင်က ခရီးဝေးသွားပြီဆိုလျှင် ကားထက်မီးရထားကိုသာ အသုံးပြုကြပါကြောင်း၊ ယခုအချိန်တွင် ကားကို ပိုမိုအသုံးပြုလာကြပါကြောင်း၊ မီးရထားကဏ္ဍကို တိုးတက်အောင် ဆောင်ရွက်မည်ဆိုပါက ရေရှည်တွင် နိုင်ငံအတွက် အကျိုးရှိမည်ဟု ထင်မြင်မိပါကြောင်း၊ အားလုံးကိုဖြန့်၍ သုံးစွဲသည်မှာ အကောင်းဆုံးဖြစ်ပါကြောင်း။

ယခု COVID–19 ကာလတွင် တစ်ဦးချင်းအနေဖြင့် မိမိတို့ အလုပ်မပျက်စေရန် လုပ်ဆောင်ပေးနေခြင်းသည်လည်း အထောက်အကူများစွာ ဖြစ်ပါကြောင်း၊ အလုပ်လုပ်သည့်နေရာတွင်လည်း အန္တရာယ်ကင်းအောင်နေထိုင်ရမည်ဖြစ်ပါကြောင်း၊ အလုပ်လုပ်ရင်း ရောဂါရလာပါက အဆင်မပြေပါကြောင်း၊ ထို့ကြောင့် မိမိကိုယ်ကို ဂရုစိုက်ကြရန်လိုကြောင်း၊ မိမိကိုယ်ကို ဂရုစိုက်ခြင်းအားဖြင့် ပတ်ဝန်းကျင်ကို ဂရုစိုက်ပေးရာ ရောက်ပါကြောင်း၊ Mask တပ်သည့် အကျိုးဆက်သည် အပြင်မှ ရောဂါမရစေရန် ကာကွယ်သည့်အပိုင်း ပိုများပါကြောင်း၊ မိမိတွင်ရှိသည့်ရောဂါ သူများကိုကူးစက်ခြင်းမှ ကာကွယ်ခြင်းထက် သူများထံမှ မိမိကို မကူးစက်စေရန် ကာကွယ်သည့်အပိုင်း ပိုများပါကြောင်း၊ ထို့ကြောင့် Mask တပ်ခြင်းသည် မိမိကိုယ်ကို ကာကွယ်ရန်နှင့် တခြားသူနှင့် ပတ်ဝန်းကျင်ကို ကာကွယ်ရန် ဖြစ်ပါကြောင်း၊ ခွာခွာနေရန် မဖြစ်နိုင်သည့် အခြေအနေတွင် ပိုပြီးလက်ဆေးနိုင်ရန်၊ Mask တပ်ရန်အတွက် အားပေးကြရန် စီစဉ်ပေးကြရန် အရေးကြီးပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ မှန်မှန်ကန်ကန် လည်ပတ်နိုင်စေရန် ပို့ဆောင်ဆက်သွယ်ရေးကဏ္ဍလည်ပတ်မှုသည် များစွာအရေးကြီးပါကြောင်း၊ သုံးစွဲသူများသည်လည်း အရေးကြီးပါကြောင်း၊ မှန်ကန်စွာနှင့် အန္တရာယ်ကင်းစေရန် သုံးပေးသည့်အတွက် ကျေးဇူးတင်ပါကြောင်း၊ ယင်းသို့ လည်ပတ်နိုင်စေရန် ဆောင်ရွက်ပေးသည့် ဝန်ထမ်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ အားလုံးကိုလည်း ကျေးဇူးတင်ပါကြောင်းနှင့် အားလုံးကျန်းမာချမ်းသာပါစေကြောင်း ပြောကြားသည်။

သတင်းစဉ်

facebook



## ရိုင်းစိုင်းမှုများကို တိုင်ကြားနိုင်ပါသည်

အကယ်၍ သင်သည် Facebook ပေါ်တွင်
တစ်စုံတစ်ယောက်က စည်းကမ်းများနှင့် မကိုက်ညီသော
ကိစ္စများ တစ်ခုခုလုပ်နေကြောင်း မြင်တွေ့ယုံကြည်လျှင်
ကျွန်ုပ်တို့ထံ Report လုပ်သင့်ပါသည်။

Facebook ၏ လူမှုကွန်ရက်ဆိုင်ရာ စံနှုန်းများ

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထားဝယ်မြို့နေလူထုနှင့် ပြည်သူ့ဆေးရုံကြီးအတွက် COVID-19 ရောဂါ ထိန်းချုပ်ကာကွယ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ ထောက်ပံ့ပေးအပ်



**နေပြည်တော် မေ ၁၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော် အရာရှိကြီးများ၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စောသန်းလှိုင်နှင့် အဖွဲ့ဝင်များနှင့်အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ရှိ မြို့မိ၊ မြို့ဖများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ယမန်နေ့ မွန်းလွဲပိုင်းတွင် ထားဝယ်လေဆိပ်၌ တွေ့ဆုံကာ COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းအထောက်အကူပြုပစ္စည်းများအား ပေးအပ်လှူဒါန်းသည်။

**တက်ရောက်**

အဆိုပါတွေ့ဆုံပွဲသို့ ထားဝယ်မြို့ လောကမာရဇိန် ဘုရားကြီးမှ ဂေါပကအဖွဲ့ဝင်များ၊ မြို့မိ၊ မြို့ဖများ၊ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာန၊ ထားဝယ်တက္ကသိုလ်၊ အားကစားနှင့် ကာယပညာဦးစီးဌာန၊ ရေအရင်းအမြစ်နှင့် ဆည်မြောင်းဦးစီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားသည်။ ထို့နောက် မြို့မိ၊ မြို့ဖများနှင့် တက်ရောက်လာကြသူများ၏ ဒေသဖွံ့ဖြိုးရေးဆိုင်ရာများအား ဆွေးနွေးတင်ပြမှုအပေါ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ဆွေးနွေးပြောကြားပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က မြို့ပြည်သူလူထုအတွက် COVID–19 ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းအထောက်အကူပြုပစ္စည်းများဖြစ်သည့် Surgical Masks အခု ၂၀၀၀၀၊ Surgical Gloves အစုံ ၃၀၀၀၊ N 95 Mask အခု ၅၀၀၊ Non–Contact Thermometer အခု ၅၀၊ Hand Gel(500 ml) ဘူး ၁၅၀၊ Hand Sanitizer(500 ml) ဘူး ၁၅၀၊ Bleaching Powder နှစ်ပုံး၊ တပ်မတော်စက်ရုံမှ ထုတ်လုပ်သည့် Masks အခု ၅၀၀၀ နှင့် စားသောက်ဖွယ်ရာများအား ထောက်ပံ့ပေးအပ်ရာ မြို့မိ၊ မြို့ဖများက လက်ခံရယူကြသည်။

**လက်ခံရယူ**

ထို့နောက် ထားဝယ်မြို့ပြည်သူ့ဆေးရုံကြီးအတွက် Surgical Masks အခု ၁၀၀၀၀၊ Personal Protective Equipment (PPE) ဝတ်စုံ ၅၀၀၊ Surgical Gloves အစုံ ၂၀၀၀ ၊ N 95 Mask အခု ၃၀၀ ၊ Examination Gloves အစုံ ၃၀၀၊ Hand Gel(500 ml)) ဘူး ၁၀၀၊ Hand Sanitizer (500 ml) ဘူး ၁၀၀၊ Bleaching Powder တစ်ပုံး၊ Pulse Oxymeter(Finger Tip)သုံးဘူး၊ တပ်မတော်စက်ရုံမှ ထုတ်လုပ်သည့် Masks အခု ၅၀၀၀ နှင့် စားသောက်ဖွယ်ရာများအား ပေးအပ်လှူဒါန်းရာ ထားဝယ်မြို့ ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေါက်တာထွန်းမင်းနှင့် ပြည်သူ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာမျိုးမင်းတို့က လက်ခံရယူကြသည်။

**ပေးအပ်လှူဒါန်း**

မွန်းလွဲပိုင်းတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့ဝင်များသည် ထားဝယ်မြို့ ရွှေဝယ်သီရိ ပညာ့ဗိမာန်စာကြည့်တိုက်သို့ ရောက်ရှိပြီး e–Library၊ စာဖတ်ခန်းနှင့် သုတ ရသစာအုပ်များထားရှိမှုကို လိုက်လံကြည့်ရှုကာ စာကြည့်တိုက်အတွက် သုတ၊ ရသ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းသည်။

ထို့နောက် တနင်္သာရီတိုင်းဒေသကြီး ကျက်သရေဆောင် ထားဝယ်မြို့ လောကမာရဇိန်ရုပ်ပွားတော်မြတ်ကြီးနှင့် ရွှေတောင်စားစေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ဘက်စုံအလှူငွေများ ပေးအပ်လှူဒါန်းကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် နံနက်ပိုင်းကလည်း ဟိန်းဇဲမြို့နယ်ရှိ မော်ရဝတီရေတပ်စခန်းဌာနချုပ်သို့ သွားရောက်စစ်ဆေးပြီး ကမ်းရိုးတန်းဒေသများတွင် ရေတိုက်စားမှုများကို ကာကွယ်ရန်အတွက် လမုပင် ( Manrove) နှင့် အုန်းပင်များကို အတန်းလိုက်စိုက်ပျိုး၍ ကာကွယ်ရန်လိုကြောင်းနှင့် အခြားလိုအပ်သည်များ မှာကြားကာ ဟိန်းဇဲနယ်မြေအတွင်း မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်း ပူးပေါင်းကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၅**

ပြည်ထောင်စုလွှတ်တော် ဥပဒေကြမ်းပူးပေါင်းကော်မတီသည် နိုင်ငံတော်သမ္မတက သဘောထားမှတ်ချက်ဖြင့် ပြန်လည်ပေးပို့လာသော စက်မှုဇုန်ဥပဒေကြမ်းနှင့် စပ်လျဉ်းသည့် အစည်းအဝေးကို ယနေ့ မွန်းလွဲ ၂ နာရီတွင် ပြည်ထောင်စုလွှတ်တော် D ဆောင် ဒုတိယထပ် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက၊ ဥပဒေကြမ်းပူးပေါင်းကော်မတီဥက္ကဋ္ဌ ဦးထွန်းအောင်(ခ) ဦးထွန်းထွန်းဟိန်၊ ဒုတိယဥက္ကဋ္ဌ၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုလွှတ်တော်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# ဖယ်ခုံမြို့နယ်အတွင်းရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်



**နေပြည်တော် မေ ၁၅**

ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးလှဦးသည် ယမန်နေ့ နံနက်ပိုင်းတွင် ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသော တောင်ကြီးခရိုင် ဖယ်ခုံမြို့နယ် ရီနွဲ့ကျေးရွာအုပ်စုတွင် ဆောင်ရွက်လျက်ရှိသည့် လအိ–စိန်မော့ မြေသားလမ်း ၄/၀ မိုင်အနက် ၃/၀ မိုင် ကျောက်ခင်းပြီး ကျန် ၁/၀ မိုင် အပြီးသတ် ကျောက်ခင်းခြင်းလုပ်ငန်းနှင့် လအိ–စိန်မော့–ယန်းယော–လန်းကော–ဘူးဖြ–ဆောင်ဒူ–တိုတန် ၁၉/၀ မိုင် အနက် ၃/၀ မိုင် မြေသားလမ်းဖောက်လုပ်ခြင်း လုပ်ငန်းခွင်များသို့ သွားရောက်စစ်ဆေးသည်။

အဆိုပါလမ်းများ ဆောင်ရွက်ပြီးစီးပါက ဖယ်ခုံမြို့ အနောက်ဘက်ခြမ်းဒေသများ၌ ဒေသထွက်ကုန်သီးနှံများ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်မည်ဖြစ်၍ ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကာ လန်းကောကျေးရွာ၌ တည်ရှိသည့် လန်းကောရေတံခွန်သို့လည်း ခရီးသွားပြည်သူများ အလွယ်တကူ လာရောက်အပန်းဖြေနိုင်မည်ဖြစ်သဖြင့် သဘာဝအခြေပြု ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကိုလည်း တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူ

ဒေသတွင်းမှာသာမက ကမ္ဘာ့အလယ်မှာပါ ပုံရိပ်ကောင်းရှိသည့် အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်ခုဖြစ်လာစေရေးအတွက် တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးသည် အတိတ်သမိုင်းဖြစ်ရပ်များကို သင်ခန်းစာယူပြီး ပြည်ထောင်စုဖွားတိုင်းရင်းသားအချင်းချင်း အပြန်အလှန်နားလည်မှု၊ ယုံကြည်မှုနှင့် လေးစားမှုတို့ကို အခြေခံကာ ခိုင်မာသော ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံး ညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးတာဝန်များကို အစဉ်အမြဲ ဦးလည်မသုန် ထိန်းသိမ်း ကာကွယ်စောင့်ရှောက်ကြရမည် ဖြစ်ပါသည်။

*(နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်၏ ၄-၁-၂၀၂၀ ရက်နေ့တွင် (၇၂) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သောသဝဏ်လွှာမှ ကောက်နုတ်ချက်)*



## COVID-19 ကာကွယ်ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် ကြိုတင်ကာကွယ်ရေးဆိုင်ရာ ကန့်သတ်ချက်များအား ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ကြောင်း ကြေညာချက်

၁။ COVID-19 ကပ်ရောဂါ ကူးစက်ပြန့်ပွားမှုကို ကာကွယ်ထိန်းချုပ်သည့် အစီအမံများအား ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန်ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် ခရီးသွားများအပေါ် ပြည်ဝင်ခွင့် ယာယီကန့်သတ်ချက်များအား ထုတ်ပြန်ထားခဲ့ပြီး အဆိုပါကန့်သတ်ချက်များအားလုံးကို ၁၅-၅-၂၀၂၀ ရက်နေ့အထိ ဆက်လက်တိုးမြှင့်သတ်မှတ်ကြောင်း ၂၅-၄-၂၀၂၀ ရက်စွဲပါကြေညာချက်ဖြင့် ထုတ်ပြန်ထားခဲ့ပြီး ဖြစ်ပါသည်-

(က) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ကန့်သတ်ချက်များနှင့်စပ်လျဉ်း၍ ၁၅-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ခ) မြန်မာနိုင်ငံသို့ လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် ဆိုက်ရောက်ဗီဇာနှင့် အီလက်ထရောနစ်ဗီဇာ ထုတ်ပေးခြင်းများအား ယာယီရပ်ဆိုင်းမှုတို့နှင့်စပ်လျဉ်း၍ ၂၀-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဂ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့လာရောက်ကြသည့် ခရီးသွားများအပေါ် ကြိုတင်ကာကွယ်ရေး ထပ်တိုးကန့်သတ်ချက်များနှင့် စပ်လျဉ်း၍ ၂၄-၃-၂၀၂၀ ရက်စွဲပါ ကြေညာချက်၊

(ဃ) ကမ္ဘာ့နိုင်ငံအသီးသီးမှ မြန်မာနိုင်ငံသို့ လာရောက်ကြမည့် နိုင်ငံခြားသားများအား ဗီဇာကင်းလွတ်ခွင့်နှင့် လူမှုရေးဗီဇာအပါအဝင် မည်သည့်ပြည်ဝင်ဗီဇာအမျိုးအစားကိုမဆို ယာယီရပ်ဆိုင်းမှုနှင့် စပ်လျဉ်း၍ ၂၈-၃-၂၀၂၀ ရက်စွဲပါကြေညာချက်။

၂။ COVID-19 ကူးစက်ရောဂါ ပြည်ပမှ ဝင်ရောက်လာနိုင်မှုနှင့် ကူးစက်ပြန့်ပွားမှု အန္တရာယ်မှ မြန်မာပြည်သူများအား ကာကွယ်စောင့်ရှောက်ပေးနိုင်ရေးအတွက် ထိရောက်သည့်အစီအမံများကို ဆက်လက်ချမှတ်ဆောင်ရွက်သွားနိုင်ရန် ရေးရှုလျက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအနေဖြင့် အထက်ဖော်ပြပါ ပြည်ဝင်ခွင့် ယာယီကန့်သတ်မှုဆိုင်ရာ အစီအမံများအားလုံးကို ၂၀၂၀ ပြည့်နှစ်၊ မေလ ၃၁ ရက်နေ့အထိ ထပ်မံတိုးမြှင့် သတ်မှတ်လိုက်ပါသည်။

၃။ သို့ရာတွင် အရေးပေါ် အစိုးရတာဝန်ဖြင့်ဖြစ်စေ၊ မလွှဲမရှောင်သာသော ကိစ္စရပ်များကြောင့် ဖြစ်စေ၊ ပြည်ပနိုင်ငံသားများ (သံတမန်များနှင့် ကုလသမဂ္ဂ လက်အောက်ခံအဖွဲ့အစည်းများမှ ဝန်ထမ်းများအပါအဝင်)အနေဖြင့် မြန်မာနိုင်ငံသို့ ပျံသန်းပြေးဆွဲရန်ရှိမည့် ကယ်ဆယ်ရေးလေယာဉ်(သို့မဟုတ်) အထူးလေယာဉ်များဖြင့် လာရောက်ရန်ရှိပါက ပြည်ဝင်ခွင့်ဗီဇာဆိုင်ရာ ကန့်သတ်မှုများမှ ကင်းလွတ်ခွင့်ရရှိနိုင်ရန်အတွက် ပြည်ပနိုင်ငံများရှိ အနီးဆုံး မြန်မာသံရုံး/အဖွဲ့ရုံး/ကောင်စစ်ဝန်ချုပ်ရုံးများသို့ ဆက်သွယ်အကူအညီတောင်းခံရန် ဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံသို့ လာရောက်မည့် ခရီးသွားများအားလုံးအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်ကပ်ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ တည်ဆဲညွှန်ကြားချက်များကို မပျက်မကွက်လိုက်နာကြရမည် ဖြစ်ပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်**

## မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးကျင်းပ

**နေပြည်တော် မေ ၁၅**

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးကို ယနေ့ နံနက် ၉ နာရီခွဲက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ၊ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးလှကျော်နှင့် ဗဟိုကော်မတီဝင်များ တက်ရောက် ဆွေးနွေးကြသည်။



**ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ပေးရန်လို**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ရရှိထားသူများက မြေခွန်ပေးသွင်းခြင်းကိစ္စနှင့် ပတ်သက်၍ ၂၀၁၈ ခုနှစ် ဧပြီလမှ စက်တင်ဘာလအထိ ခြောက်လအတွင်း စစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအား ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်တို့၏ သုံးသပ်ချက်များအပေါ် ဆောင်ရွက်ရန်ကိစ္စရပ်များနှင့် ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို ဆွေးနွေးသွားမည်ဖြစ်ပါကြောင်း၊ မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့်ဆိုင်ရာ လုပ်ငန်းစဉ်များကို တာဝန်ယူဆောင်ရွက်လျက်ရှိသည့် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ်၊ ခရိုင်၊ မြို့နယ်ဦးစီးမှူးများနှင့် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်စီမံခန့်ခွဲရေးကော်မတီများအနေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် လုပ်ငန်းစဉ်အလိုက် ဆောင်ရွက်ရမည့် ကာလကန့်သတ်ချက်များကို ဥပဒေ၊ နည်းဥပဒေတို့တွင် ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတိုင်း ကြန့်ကြာမှုမရှိစေရေး ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုက်သင့်သည့်ကာလအတွင်း လုပ်ငန်းများ သွက်လက်မြန်ဆန်စွာ ဆောင်ရွက်ရန် တာဝန်ရှိသူအဆင့်ဆင့်တို့က ကြပ်မတ်နှိုးဆော်တိုက်တွန်းခြင်း လုပ်ငန်းကိုပါ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာဒေသအစိုးရအဖွဲ့များ၏ သဘောထားရရှိပြီးပါက စီမံခန့်ခွဲရေးကော်မတီများကလည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၈၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (က)နှင့်အညီ မိမိတို့ ခွင့်ပြုပေးနိုင်သည့် ပမာဏအရ ခွင့်ပြုပေးခြင်း၊ ငြင်းပယ်ခြင်း၊ မိမိတို့ ခွင့်ပြုပေးနိုင်သည့်ပမာဏထက် ကျော်လွန်နေပါက သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်နှင့် ဗဟိုကော်မတီသို့ တင်ပြပေးရမည်ဖြစ်ကြောင်း၊ မလိုလားအပ်သော လုပ်ငန်းနှောင့်နှေးကြန့်ကြာမှုများ မဖြစ်ပေါ်စေရေးအတွက် တာဝန်ရှိသူများက စိစစ်ကြပ်မတ်ပေးကြရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

အစည်းအဝေးတွင် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ အတွင်းရေးမှူး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲခြင်းကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဗဟိုကော်မတီ၏ (၂၆)ကြိမ်မြောက် အစည်းအဝေးတွင် စိုက်ပျိုးမှုတည်ငြိမ်လာသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇)များ ထုတ်ပေးနိုင်ရေးအတွက် လုပ်ထုံးလုပ်နည်းနှင့်အညီ လျှောက်ထားလာမှုများအပေါ် ခွင့်ပြုပေးနိုင်ရေးနှင့် မြေခွန်တော်ကြွေးကျန်များ အပြေအကြေကောက်ခံရရှိနိုင်ရန် စီမံဆောင်ရွက်နေမှုကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့် အသုံးပြုခွင့် လျှောက်ထားသည့် အမှုတွဲများ၊ ပြန်လည်စိစစ်ရန်အကြောင်းကြားထားခြင်းအပေါ် ပြန်လည်တင်ပြလာသည့် ကိစ္စရပ်များ၊ ယခင် ဗဟိုအဖွဲ့မှ ခွင့်ပြုထားသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအား ပြန်လည်အပ်နှံခွင့်ပြုရန် လျှောက်ထားမှုများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များ၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများအသုံးပြုခွင့် လျှောက်ထားခြင်းအပေါ် ကန့်ကွက်လွှာတင်သွင်းခြင်းအား စိစစ်ရန် သီးခြားအဖွဲ့ ဖွဲ့စည်းရန်ကိစ္စရပ်များ၊ လုပ်ကိုင်ခွင့်ချထားမြေများအား ခွင့်ပြုမိန့် ပြန်လည်ရုပ်သိမ်းနိုင်ရေးနှင့် ခွင့်ပြုမိန့် ပြင်ဆင်ထုတ်ပေးရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မတီအဖွဲ့ဝင်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်းနှင့် ယနေ့အစည်းအဝေးတွင် နေပြည်တော်ကောင်စီနယ်မြေအတွင်း သတ်မှတ်ကာလကျော်လွန်သည်အထိ လုပ်ကိုင်မှုမရှိသော မြေ ၁၁၈၈ ဧကအား ပြန်လည်သိမ်းဆည်းလိုက်ကြောင်း ဆုံးဖြတ်ခဲ့သဖြင့် စည်းကမ်းညီညွတ်မှုမရှိသဖြင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်း လုပ်ပိုင်ခွင့် အသုံးပြုခွင့် ပြန်လည်သိမ်းဆည်းခဲ့သည့် ဧရိယာ စုစုပေါင်း ၁၅၁၁၆၉ ဧက ရှိပြီဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်ကပေးတဲ့ သင်ခန်းစာများ

**နိုက်**

၂၀၁၉ နှစ်ကုန်ပိုင်းမှာ တရုတ်နိုင်ငံ ဝူဟန်မြို့က စတင်ဖြစ်ပွားခဲ့တဲ့ ကိုဗစ်-၁၉ ရောဂါဟာ အချိန်လေးလကျော်ငါးလတာအတွင်းမှာ ကမ္ဘာတစ်ဝန်းကို အရှိန်ပြင်းပြင်း ခရီးနှင်ခဲ့ပါတယ်။ မြန်မာနိုင်ငံ အနေနဲ့ ၂၀၂၀ ပြည့်နှစ် မတ်လမှာ ကူးစက်ဖြစ်ပွားသူ စတင်တွေ့ခဲ့တာပါ။ ဝူဟန်က အနောက်နဲ့ အရှေ့အလယ်ပိုင်းနိုင်ငံတွေကို ကူးစက်၊ အဲဒီကတစ်ဆင့် မြန်မာနိုင်ငံကို ကူးစက်ခဲ့တယ်။

ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် နိုင်ငံအသီးသီးမှာ နည်းလမ်းအမျိုးမျိုးကို အသုံးပြုဆောင်ရွက်ကြတယ်။ တချို့နိုင်ငံတွေက တစ်နိုင်ငံလုံးဝင်၊ ထွက်သွားလာခွင့် ကန့်သတ်တဲ့စနစ်ကိုသုံးတယ်၊ တချို့နိုင်ငံတွေက နယ်မြေဒေသသတ်မှတ်ပြီးတော့ သွားလာခွင့်ကန့်သတ်တယ်၊ လူစုလူဝေးမပြုလုပ်စေဖို့ နိုင်ငံတိုင်းနိုင်ငံတိုင်းက ထိန်းသိမ်းဆောင်ရွက်လျက်ရှိတယ်။ နှာခေါင်းစည်းတပ်ဖို့၊ လက်ဆေးဖို့ Social Distincing ခြောက်ပေခွာဖို့ တစ်ကမ္ဘာလုံး လုပ်ဆောင်ခဲ့ကြတယ်။

ကမ္ဘာတစ်ဝန်းလုံးမှာ မေလ ၁၅ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိသူ ၄၄၄၀၉၈၉ ဦး၊ သေဆုံးသူ ၃၀၂၃၇၆ ဦး ရှိသွားခဲ့ပါပြီ။ မြန်မာနိုင်ငံမှာလည်း မေလ ၁၅ ရက်နေ့အထိ ရောဂါပိုးတွေ့ရှိသူ ၁၈၁ ဦး၊ သေဆုံးသူ ခြောက်ဦးရှိနေပြီ ဖြစ်ပါတယ်။

သဘာဝဘေးအန္တရာယ်တွေ၊ ကပ်ရောဂါတွေ ဖြစ်ပွားလာတဲ့အခါ ဒါမှမဟုတ် ဖြစ်ပွားပြီးတဲ့အခါမှာ လူအတော်များများဟာ စိတ်ဖိစီးမှုဒဏ်တွေ ခံကြရပါတယ်။ စိုးရိမ်ပူပင်မှုတွေ များလာတတ်တာလည်း သဘာဝပါ။ အီတလီမှာဆိုရင် တစ်နိုင်ငံလုံး Social Distincing နေခိုင်းတဲ့ နှစ်လနီးပါးအတွင်းမှာ အတော်များများ စိတ်ဝေဒနာကို စခံစားနေကြရပြီ။ ICU အခန်းက သူနာပြုဆရာမ နှစ်ယောက်က ကိုယ့်ကိုယ်ကိုယ် အဆုံးစီရင်သွားကြတယ်။ အဲဒီအထဲက တစ်ယောက်က နေမကောင်းဖြစ်လာပြီးတော့ သူကနေ လူနာတွေကို ကူးစက်မှာ စိုးရိမ်လာတာကြောင့်တဲ့ (တကယ်တော့ ဗိုင်းရပ်စ်အကူးမခံခဲ့ရပါဘူး)။ မတ်လကုန်လောက်မှာ ဂျာမနီက ပြည်နယ်ဘဏ္ဍာရေးဝန်ကြီးတစ်ယောက် စီးပွားရေးထိခိုက်မှုတွေအတွက် စိတ်ပူတယ်ဆိုပြီး သူ့ကိုယ်သူ သတ်သေသွားခဲ့တယ်။ အီတလီဝန်ကြီးချုပ်က မိန့်ခွန်းပြောရင်း စိတ်ထိခိုက်ကြီးစွာ မျက်ရည်ကျတယ်။ အစိုးရတွေအပါအဝင် လူအတော်များများဟာ စိတ်ဒုက္ခရောက်နေကြပြီဆိုတဲ့ သင်္ကေတတွေပါ။

ဗိုင်းရပ်စ်မပြန့်အောင် တစ်ယောက်နဲ့တစ်ယောက် ခပ်ခွာခွာနေကြရတာတွေ၊ တစ်ကမ္ဘာလုံးနီးပါး ပိတ်ထားရတာတွေဟာ တကယ်တော့ လူ့သဘာဝနဲ့ ကိုက်မှမကိုက်ညီတာကိုး၊ လူဆိုတာ ပေါင်းသင်းဆက်ဆံရေး သတ္တဝါ၊ အဲဒီတော့ ပူပင်သောကတွေ၊ အလိုမကျတာတွေ များလာပြီး စိုးရိမ်စိတ်တွေလည်း မြင့်တက်လာကြတယ်။

**ကြောက်တဲ့သူကလည်း တော်တော် ကြောက်ကြတယ်**

ဒီ ဗိုင်းရပ်စ်က အန္တရာယ်များတော့၊ ကူးစက်နှုန်းမြန်တော့ တစ်ကမ္ဘာလုံးက ကြောက်ကြတယ်။ ငါကိုယ်တိုင်၊ ငါ့မိသားစု၊ ငါ့အသိုင်းအဝိုင်းနဲ့ မိတ်ဆွေသူငယ်ချင်းတွေ ဒီရောဂါပိုးကူးစက်ခံရမှာလား၊ ဒီလိုမျိုး ကူးစက်ခံရပြီးရင် အခြေအနေကောင်းနိုင်ပါ့မလား၊ အသက်အန္တရာယ် ထိခိုက်သွားနိုင်သလား။ Stay at Home ကြောင့် အလုပ်ထွက်မလုပ်ရရင် ငါတို့မိသားစုစားဝတ်နေရေး အခြေအနေမကောင်းနိုင်တော့ဘူး၊ တိုင်းပြည်ရဲ့စီးပွားရေး အခြေအနေကရော ဒီအခြေအနေတွေလွန်ပြီးလို့ ပြန်လည်ထူထောင်ရေးကာလကရော ဘယ်လောက်အထိ ကြာမြင့်မှာလဲစသည်ဖြင့် . . . စသည်ဖြင့် သောကတွေ ရောက်ရ စိတ်ဓာတ်တွေကျကြရတယ်။

တကယ်တော့ ကိုဗစ်ကို ကြောက်ရမှာ မှန်တာပေါ့၊ သို့သော် စိတ်ဓာတ်တွေကျသွားတဲ့ အထိတော့ ပြိုင်ကြောက်နေဖို့၊ တွေးကြောက်ဖို့ မလိုပါဘူး။ ကိုယ့်ရဲ့ မသိစိတ်ထဲမှာ၊ ကိုယ့်ရဲ့စက်ကွင်းထဲမှာ ဒီအကြောက်တရားတွေ လွှမ်းမိုးနေတာဟာ အန္တရာယ်များပါတယ်။ အကြောက်တရားဟာ မသိစိတ်ထဲရောက်သွားရင်၊ ကြောက်စိတ်တွေကိုပဲ ဆုံးချက်လုပ်မိသွားရင် ဗိုင်းရပ်စ်လည်းကြောက်၊ လေတိုက်လည်း ကြောက်ရ ဖြစ်နေကြလိမ့်မယ်။

အလွန်ကြီးမကြောက်နဲ့လို့ပြောတာဟာ ပေ့ါပေ့ါနေဖို့ ပြောတာမဟုတ်ပါဘူး။ ကိုဗစ်က လူတွေကို ကောင်းကောင်းကြီးဒုက္ခပေးတယ်။ စီးပွားရေး ဗိုင်းရပ်စ်တွေကလည်း တစ်ကမ္ဘာလုံး အကိုက်ခံနေရပါပြီ။ Global change ပါ။

သို့သော် အတော်ကြီးကြောက်နေကြရင် လူတွေအားလုံးရဲ့ သောကတွေ၊ စိုးရိမ်မှုတွေ၊ ပူပန်မှုတွေ ပေါင်းမိသွားပြီး မကောင်းတဲ့ အားထုတ်မှုတွေ များလာခဲ့ရင် ပိုဆိုးမယ်နော်၊ ပြင်ပမှာ ဗိုင်းရပ်စ်တွေ ကိုက်နေတယ်၊ အရေးကြီးတာက ကိုယ့်စိတ်ကို အကိုက်မခံရဖို့လိုတယ်။

**ဘယ်လိုပဲဖြစ်ဖြစ် ယူတတ်ခဲ့မယ်ဆိုရင် ကိုဗစ်က ပေးခဲ့တာတွေ ပေးနေတာတွေ အများကြီးပါ၊ လူတွေအနေနဲ့ စည်းလုံးညီညွတ်ရမယ်ဆိုတာ နှလုံးသားနဲ့ရင်းပြီး သိသွားတယ်။ ဒီခွန်အားသာလျှင် ရောဂါကပ်ကြီးကို အောင်နိုင်တယ်ဆိုတာ သိသွားတယ်။ သတိတရားကြီးကြဖို့၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြဖို့၊ လောကကြီးနဲ့ ပတ်ဝန်းကျင်ကို မညှာမတာမသုံးဖို့၊ ကျန်းမာရေးလိုက်စားဖို့၊ လူသားကျင့်ဝတ်တွေ မျက်ကွယ်မပြုဖို့၊ လိုက်နာဖို့၊ အရေးအကြီးဆုံးက ငါးပါးသီလ လုံတတ်ဖို့၊ စိတ်စွမ်းအားကြီးတတ်ဖို့၊ မေတ္တာထားတတ်ဖို့ ကိုဗစ်က သင်ပေးနေတယ် သင်ပေးခဲ့တယ်။**

**မကြောက်နဲ့လို့ပြောတာဟာ ပေ့ါပေ့ါနေပါလို့ ပြောတာမဟုတ်ပါဘူး**

တချို့လူတွေက တော်တော်လေးပေ့ါကြပါတယ်။ ကျန်းမာရေးအသိလျော့တာလား၊ အသိကင်းမဲ့တာလား၊ ငါ့ကိုတော့ မကူးနိုင်ပါဘူးလို့ တွက်ထားတာလား၊ ဒါမှမဟုတ် ကူးစက်မှုကို ထိန်းနိုင်သွားပြီလို့ သေချာသွားတာလား မသိဘူး။ တစ်ဖက်စွန်းရောက်တဲ့အထိ ပေ့ါကြတယ်၊ တချို့ကလည်း မျက်ကန်းတစ္ဆေမကြောက်တာတွေ တွေ့ရပါတယ်။ နှာခေါင်းစည်းတွေ မတပ်တော့တာ။ Social interaction ပြန်ရှိနေတယ်ဆိုတာကို တွေ့နေရတယ်။

မေလ ၁၁ ရက်နေ့ကစပြီး ဥရောပမှာ ဗိုင်းရပ်စ်ကူးစက်ခံရသူ လျော့ပါးလာလို့ချထားတဲ့ကန့်သတ်ချက်တွေပြေလျော့ဖို့နဲ့ စီးပွားရေးလုပ်ငန်းတွေ ပြန်ဖွင့်ဖို့ စဉ်းစားလာခဲ့ကြတယ်။ ဗိုင်းရပ်စ်ကြောင့် လူသန်းပေါင်းများစွာ အလုပ်လက်မဲ့ဖြစ်ကြရပြီး စီးပွားရေးလုပ်ငန်းတွေ ပြိုလဲခဲ့ကြတာကြောင့် အခုလိုအချိန်မှာ နိုင်ငံတချို့ဟာ ဗိုင်းရပ်စ်ကူးစက်မှု ပြန်ဖြစ်လာမှာကို စိုးရိမ်စိတ်နဲ့ သတိကြီးကြီး တစ်လှမ်းချင်း လှမ်းနေတာကို တွေ့ရပါတယ်။

ဗိုင်းရပ်စ်ကူးစက်မှု စတင်ဖြစ်ပွားခဲ့တဲ့ ဝူဟန်မြို့နဲ့ တောင်ကိုရီးယားနိုင်ငံတို့မှာ ဗိုင်းရပ်စ်ကူးစက်တာ မရှိတော့ဘူးဆိုကာမှ ကူးစက်ခံရတဲ့သူတွေ ပြန်တွေ့လာရတာဟာ အာရှဒေသတွင်းမှာ ဗိုင်းရပ်စ်ရဲ့ ဒုတိယအကျော့ အချက်ပေးခေါင်းလောင်းထိုးသံပါ။ ဘယ်လိုနည်းနဲ့မှပေ့ါလို့ မရသေးပါဘူး။ အန္တရာယ်စက်ကွင်းထဲက မလွတ်သေးပါဘူး။

**နှာခေါင်းစည်း ယဉ်ကျေးမှု**

ဂျပန်မှာက ကိုဗစ် မတိုင်ခင်ကတည်းက နှာခေါင်းစည်း ယဉ်ကျေးမှုထွန်းကားနေခဲ့တယ်လို့ ပြောနိုင်ပါတယ်။ ဧပြီလဆန်းဆိုရင် ချယ်ရီပန်းတွေအပါအဝင် ပန်းပေါင်းစုံပွင့်တာကြောင့် အဲဒီပန်းတွေကထွက်တဲ့ ဝတ်မှုန်လေးတွေ၊ တိရစ္ဆာန်အမှုန်အမွှားတွေဟာ လူတွေကို ဓာတ်မတည့်ဖြစ်တတ်လို့ နှာခေါင်းစည်းတပ်တဲ့ အလေ့အထရခဲ့တာပါ။

ဂျပန်မှာ ဟိုးအရင်အချိန်တွေကတည်းက နှာစေး၊ ချောင်းဆိုးတစ်ခုခုဖြစ်တာနဲ့ နှာခေါင်းစည်းတပ်တယ်ဆိုတဲ့အကျင့် မိသားစုတိုင်းက လက်ခံကျင့်သုံးခဲ့ကြတယ်။ ကိုဗစ်ဖြစ်တော့ ဝန်ကြီးချုပ် အာဘေးဟာ အိမ်ထောင်စုတစ်စုစီကို ပြန်သုံးလို့ရတဲ့ နှာခေါင်းစည်းနှစ်ခုစီ (ဘီလီယံ ၅၀) ဝေမယ်လို့ပြောတယ်။ ပြောရမယ်ဆိုရင် ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်စတဲ့နိုင်ငံတွေဟာ ကိုဗစ်ကို စောစောစီးစီးအောင်နိုင်ခဲ့တဲ့ အခြေခံအကြောင်းရင်းတစ်ချက်က နှာခေါင်းစည်း တပ်ဆင်ခြင်းကြောင့်ပါပဲ။

ဒါကြောင့် ကမ္ဘာ့နိုင်ငံအတော်များများဟာ နှာခေါင်းစည်းတပ်တဲ့လှုပ်ရှားမှုတွေ အတော်များများ ဆောင်ရွက်ခဲ့ကြတယ်။

အခုဆိုရင် ကိုဗစ်အလွန် လူနေမှုပုံစံတွေမှာ နှာခေါင်းစည်းတပ်ရမယ်ဆိုတဲ့ ထည့်သွင်းစဉ်းစားမှုတွေ ရှိနေပါပြီ။ ဘာလို့လဲဆိုတော့ ကိုဗစ်ဟာ ကူးစက်ပျံ့နှံ့မှုအဆင့် ကျဆင်းသွားမယ်ဆိုရင်တောင် ဗိုင်းရပ်စ်ဟာ ကမ္ဘာမြေပေါ်မှာ အခြေအနေတစ်ခု၊ ပုံစံတစ်ခုအနေနဲ့ ရှိနေနိုင်သေးတယ်ဆိုတဲ့ ခန့်မှန်းမှုတွေကြောင့်ပါ။

ဘာပဲဖြစ်ဖြစ် အခုကာလအတွင်း အာရှဒေသအတွင်း ဒုတိယအကြိမ် ဗိုင်းရပ်စ်ကူးစက်မှုအတွက် အချက်ပေးသံကြောင့်ရော၊ တစ်ကမ္ဘာလုံးအတိုင်းအတာနဲ့ ဗိုင်းရပ်စ်ကို မထိန်းချုပ်နိုင်သေးတဲ့ အချက်ကြောင့်ရော ဘယ်လိုအကြောင်းမျိုးကြောင့်ပဲဖြစ်ဖြစ် ကျွန်တော်တို့တစ်တွေဟာ နည်းနည်းလေးမှ ပေ့ါလို့မရသေးပါဘူး။

ကိုဗစ်-၁၉ ကို ကာကွယ်ဖို့၊ ထိန်းချုပ်ဖို့၊ ကုသဖို့အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ ညွှန်ကြားချက်တွေကို တိတိကျကျလိုက်နာဖို့ အလွန်အရေးကြီးပါတယ်။ ကြောက်သင့်တာကိုကြောက် သတိနဲ့ကြောက်ပြီး လုပ်သင့်တာကို တိတိကျကျလုပ်ရမယ်၊ တိတိကျကျလိုက်နာရမယ်။

တကယ်တမ်းတော့ ယူတတ်မယ်ဆိုရင် ကိုဗစ်က ကျွန်တော်တို့တစ်တွေကို သင်ပေးခဲ့တာတွေ သင်ပေးနေတာတွေ အများကြီးပါ။

(က) ချစ်သည်ဖြစ်စေ၊ မုန်းသည်ဖြစ်စေ အားလုံး ညီညွတ်တတ်အောင် သင်ပေးခဲ့တယ်။ သင်ပေးနေတယ်။

(ခ) ဘယ်အရာမှ မမြဲဘူးဆိုတာ လက်တွေ့ကျကျ သင်ပေးခဲ့တယ်။

(ဂ) အတိတ်က နေထိုင်ပုံအမှားတွေကို ထောက်ပြနေတယ်၊ ဘယ်လိုနေထိုင် ရှင်သန်ရမလဲ ဆိုတာ သင်ပေးနေတယ်။

(ဃ) မိသားစုဘဝ ဘယ်လောက်တန်ဖိုးရှိသလဲ ဆိုတာ သင်ပေးတယ်။

(င) စည်းကမ်းလိုက်နာတတ်အောင်၊ အမိန့်နာခံတတ်အောင် သင်ပေးတယ်။

(စ) ခံစားချက်တွေ ထိန်းချုပ်တတ်အောင်၊ အပြစ်တင်တာတွေမလုပ်အောင်၊ ဆင်ခြင်တုံတရားရှိအောင်၊ သတိတရားကြီးအောင် သင်ပေးခဲ့တယ်၊ သင်ပေးနေတယ်။

Stay at Home ကာလတွေမှာ ကျွန်တော်တို့တစ်တွေ အပြင်ကိုသွားလို့မရတော့ အတော်များများက ကိုယ့်အတွင်းထဲကို ပြန်သွားကြတယ်။ ဒါဟာ အင်မတန်ရခဲတဲ့အကျိုးကြီးပါ၊ တရားအားထုတ်ကြတယ်။ ရတနသုတ်တွေ၊ ပရိတ်ပဌာန်းရွတ်ဖတ်ကြတော့ ကိုယ့်ခန္ဓာကိုယ်ထဲက အင်ဒိုဖင်းတွေထွက်လာတယ်၊ ခုခံအားတွေ တက်လာတယ်။ ယုံကြည်မှုတွေ မြင့်လာတယ်၊ စွမ်းအားတွေ မြင့်လာတယ်။ ဒီလိုပေါင်းစပ်ထားတဲ့ အားထုတ်မှုတွေနဲ့ ယုံကြည်မှုဟာ ရောဂါပိုးကို ကာကွယ်ပြီးသား ခုခံနိုင်ပြီးသား ဖြစ်နေတော့တယ်။ မြတ်စွာဘုရားရှင် လက်ထက်တော်က ဝေသာလီပြည်တော်မွတ်ခေါင်းပါးတဲ့ ဘေးဖြစ်ပြီး ကပ်ဆိုက်ခဲ့တယ်။ မြတ်စွာဘုရားနဲ့ ရဟန္တာ ၅၀၀ ဟာ ဝေသာလီမြို့အဝင်မှာ ရတနသုတ်ကို ရွတ်ဖတ်ခဲ့ကြတယ်။ ကပ်ကြီးကို ပရိတ်တော်နဲ့ ကျော်လွှားခဲ့တဲ့ သမိုင်းကြောင်း တိတိကျကျရှိခဲ့တယ်။ အခုလည်း မြန်မာနိုင်ငံတစ်ဝန်းလုံး နေရာဒေသအသီးသီးက ဆရာတော်၊ သံဃာတော်တွေ၊ သာသနာတော်ကို ချစ်မြတ်နိုးစွာ စောင့်ရှောက်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ရတနသုတ်နဲ့ ပရိတ်တရားတော်တွေကို နေ့ညမပြတ် ရွတ်ဖတ်သရဇ္ဈာယ်ကြတယ်။ မြန်မာပြည်ကြီးကို မေတ္တာဓာတ်တွေနဲ့ လွှမ်းခြုံခဲ့ကြတယ်။ ဆရာတော်၊ သံဃာတော်တို့ရဲ့ ရင်ဘတ်နဲ့ မြန်မာပြည်ကြီးကို ကာကွယ်ပေးထားတာဟာ ကမ္ဘာ့အရပ်ရပ် ဘယ်တိုင်းပြည်မှာမှ မရနိုင်တဲ့ အင်မတန်ကြီးမားတဲ့ စွမ်းအားပါ၊ အခွင့်အရေးကြီးပါ။ နောက်ပြီး ရှေ့တန်းက ရှုပ်ရှုပ်ချုံချုံတိုက်ပွဲဝင်နေတဲ့ ကျန်းမာရေးဝန်ထမ်းတွေရဲ့ ကျေးဇူးလည်း ကြီးမားလှပါတယ်။ အရေးရယ် အကြောင်းရယ်ကြုံတိုင်း ပရဟိတအဖွဲ့အသီးသီးရဲ့ ကူညီဖေးမမှုတွေကလည်း တစ်တပ်တစ်အားပါပဲ။

ဘယ်လိုပဲဖြစ်ဖြစ် ယူတတ်ခဲ့မယ်ဆိုရင် ကိုဗစ်က ပေးခဲ့တာတွေ ပေးနေတာတွေ အများကြီးပါ၊ လူတွေအနေနဲ့ စည်းလုံးညီညွတ်ရမယ်ဆိုတာ နှလုံးသားနဲ့ ရင်းပြီးသိသွားတယ်။ ဒီခွန်အားသာလျှင် ရောဂါကပ်ကြီးကို အောင်နိုင်တယ်ဆိုတာ သိသွားတယ်။ သတိတရားကြီးကြဖို့၊ သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းကြဖို့၊ လောကကြီးနဲ့ ပတ်ဝန်းကျင်ကို မညှာမတာမသုံးဖို့၊ ကျန်းမာရေးလိုက်စားဖို့၊ လူသားကျင့်ဝတ်တွေ မျက်ကွယ်မပြုဖို့၊ လိုက်နာဖို့၊ အရေးအကြီးဆုံးက ငါးပါးသီလ လုံတတ်ဖို့၊ စိတ်စွမ်းအား ကြီးတတ်ဖို့၊ မေတ္တာထားတတ်ဖို့ ကိုဗစ်က သင်ပေးနေတယ် သင်ပေးခဲ့တယ်။

ပြောရမယ်ဆိုရင် အများကြီးပါပဲ၊ ကိုဗစ်က မပြီးသေးပါဘူး၊ ကိုဗစ်ကို ဒီကမ္ဘာမြေပေါ်က အပြီးတိုင် တိုက်ထုတ်နိုင်ခြင်း မရှိသေးပါဘူး။ အဲဒီအတွက် ဘယ်လိုနည်းနဲ့မှ၊ ဘယ်လိုအကြောင်းနဲ့မှ ပေ့ါလို့မဖြစ်သေးတဲ့ အကြောင်း အဓိကထားပြောလိုရင်းပါ။ ။

# လမ်းမတော်မြို့နယ်တွင် ပြည်သူများအား နှာခေါင်းစည်းများ ဖြန့်ဝေ

**ရန်ကုန် မေ ၁၅**

ရန်ကုန်အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်၌ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမရှိစေရေး ကြိုတင်ကာကွယ်နိုင်ရန်အတွက် နှာခေါင်းစည်း တပ်ဆင်စေရေး အသိပညာပေးနှိုးဆော်ခြင်းနှင့် နှာခေါင်းစည်းများ အခမဲ့ ဖြန့်ဝေပေးခြင်းကို မြို့နယ်တာဝန်ရှိသူများက ယနေ့ နံနက် ၇ နာရီခွဲတွင် လမ်းမတော်မြို့နယ် (၉)ရပ်ကွက် ဇော်ဂျီလမ်းတွင် ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

အသိပညာပေးဆောင်ရွက်ရာတွင် တိုင်းဒေသကြီး(၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်အေးအေးမာ၊ တိုင်းဒေသကြီး(၂) လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝဏ္ဏထွန်းနှင့် မြို့နယ်တာဝန်ရှိသူများ၊ လွှတ်တော်ကိုယ်စားလှယ်များရုံးအဖွဲ့မှတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် အဖွဲ့ဝင်များက ဖြတ်သန်းသွားလာနေကြသည့် အများပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် နှာခေါင်းစည်းများ မဖြစ်မနေတပ်ဆင်ကာ သွားလာကြရန် အသိပညာပေးမှုများ ဆောင်ရွက်ခဲ့ကြပြီး နှာခေါင်းစည်းမတပ်ဆင်ဘဲ သွားလာကြသူများကို နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကျော်ဆန်းမြင့်**

■

# မွန်ပြည်နယ်နှင့်ကရင်ပြည်နယ်အတွင်း သတင်းစာ ဆက်သွယ်ဝယ်ယူနိုင်

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ သတင်းစာဖတ်ပြည်သူများအတွက် မြန်မာ့အလင်း၊ ကြေးမုံသတင်းစာများအား လပေးမှာယူဖတ်ရှုလိုပါက အောက်ပါ ကိုယ်စားလှယ် ဖုန်းနံပါတ်များကို ဆက်သွယ်မှာယူနိုင်ကြောင်း အသိပေးအပ်ပါသည်-

| စဉ် | ကိုယ်စားလှယ်အမည် | မြို့နယ် | ဆက်သွယ်ရန်ဖုန်း |
|---|---|---|---|
| ၁။ | ဦးကြည်ဝင်း | မော်လမြိုင် | ၀၉-၂၅၁၄၄၆၄၄၁ |
| ၂။ | ဒေါ်သန်းသန်းဝင်း | မော်လမြိုင် | ၀၉-၂၆၀၉၆၈၇၈၇ |
| ၃။ | ဦးထင်ကျော် | မုဒုံ | ၀၉-၈၇၉၉၅၄၂၂၂ |
| ၄။ | ဦးတင်ဦး | ပေါင် | ၀၉-၇၇၇၃၂၆၆၀၄ |
| ၅။ | ဦးစိုးတင့် | ဇင်းကျိုက် | ၀၉-၄၀၂၉၈၅၈၄၀ |
| ၆။ | ဦးယုအောင် | သိမ်ဆိပ် | ၀၉-၂၅၅၉၂၇၃၄၅ |
| ၇။ | ဦးအေးသိန်း | သထုံ | ၀၉-၇၇၉၅၁၉၃၂၇ |
| ၈။ | ဒေါ်ရင်နု | တောင်ဇွန်း | ၀၉-၂၅၅၇၈၃၇၄၄ |
| ၉။ | ဦးသောင်းဖေ | ဘီးလင်း | ၀၉-၈၇၆၁၇၉၅၅၅ |
| ၁၀။ | ဦးစိုးဝေ | ကျိုက်ထို | ၀၉-၂၅၅၉၄၃၂၈၂ |
| ၁၁။ | ဦးစံသိန်း | မုဒုံ | ၀၉-၇၈၀၄၃၆၃၀၈ |
| ၁၂။ | ဦးစောအုန်း | သံဖြူဇရပ် | ၀၉-၄၉၇၆၄၁၄၉ |
| ၁၃။ | ဒေါ်ဖွားမြင့် | ရေး | ၀၅၇-၂၀၅၀၀၃၃ |
| ၁၄။ | ဦးနေမျိုး | ကျိုက်မရော | ၀၉-၉၇၃၄၂၄၀၃၁ |
| ၁၅။ | ဦးလှဦး | ချောင်းဆုံ | ၀၉-၂၅၅၇၁၈၇၁၈ |
| ၁၆။ | ဦးတင်အောင် | ဘားအံ | ၀၅၈-၂၁၁၁၇ |
| ၁၇။ | ဒေါ်နန်းသန်းငွေ | လှိုင်းဘွဲ့ | ၀၅၈-၄၅၂၃၇ |
| ၁၈။ | ဦးမောင်ညွန့် | ကြာအင်းဆိပ်ကြီး | ၀၉-၄၂၅၀၄၉၀၇၁ |
| ၁၉။ | ဦးတင်ဝင်းလှိုင် | ကျုံဒိုး | ၀၉-၄၀၁၅၇၈၇၂၀ |
| ၂၀။ | ဦးရင်ကြည် | ကော့ကရိတ် | ၀၉-၇၉၁၃၃၃၀၁၃ |
| ၂၁။ | ဦးထိန်လင်းအောင် | မြဝတီ | ၀၉-၄၄၄၀၆၇၀၆၁ |
| ၂၂။ | ဦးတင်အေး | မြဝတီ | ၀၉-၇၈၆၄၉၃၅၅၇ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

| ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း | ပိုးတွေ့လူနာပေါင်း |
|---|---|
| ၁၂၉၉၅ | ၁၈၁ |

| ရောဂါပိုးကင်းစင်လာသူ | သေဆုံးသူ |
|---|---|
| ၈၉ | ၆ |

စောင့်ကြည့်လူနာ စုစုပေါင်း - ၄၁၄၈

ရောဂါကင်းစင်၍ ဆေးရုံမှ ဆင်းခွင့်ရရှိသူ - ၇၄ ဦး (အသွားအလာ ဆက်လက်ကန့်သတ်ထား၍)

- ပြည်နယ်နှင့် တိုင်းဒေသကြီးများ၌ ရောဂါပိုး တွေ့ရှိမှုနှင့် သေဆုံးသူ စာရင်းဇယားပြမှု

| စဉ် | ပြည်နယ်/တိုင်းဒေသကြီး | ပိုးတွေ့ရှိသူ | သေဆုံးသူ |
|---|---|---|---|
| ၁ | ရန်ကုန် | ၁၄၆ | ၅ |
| ၂ | ပဲခူး | ၇ | ၁ |
| ၃ | စစ်ကိုင်း | ၇ | |
| ၄ | ချင်း | ၆ | |
| ၅ | ရှမ်း(ရှေ့) | ၃ | |
| ၆ | မန္တလေး | ၃ | |
| ၇ | ရှမ်း(တောင်) | ၂ | |
| ၈ | ရှမ်း(မြောက်) | ၂ | |
| ၉ | နေပြည်တော် | ၂ | |
| ၁၀ | မွန် | ၁ | |
| ၁၁ | မကွေး | ၁ | |
| ၁၂ | ကချင် | ၁ | |
| စုစုပေါင်း | | ၁၈၁ | ၆ |

- အောက်ပါ ပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် ရောဂါပိုးတွေ့ရှိသူ မရှိပါ။

| ပြည်နယ် | တိုင်းဒေသကြီး |
|---|---|
| ကယားပြည်နယ် | တနင်္သာရီတိုင်းဒေသကြီး |
| ကရင်ပြည်နယ် | ဧရာဝတီတိုင်းဒေသကြီး |
| ရခိုင်ပြည်နယ် | |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ၁၅-၅-၂၀၂၀ ရက်၊ ည (၈)နာရီ

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| အမေရိကန် | ၁၄၆၀၉၀၂ | ၃၁၈၀၃၆ | ၈၇၀၂၅ |
| စပိန် | ၂၇၄၃၆၇ | ၁၈၈၉၆၇ | ၂၇၄၅၉ |
| ရုရှား | ၂၆၂၈၄၃ | ၅၈၂၂၆ | ၂၄၁၈ |
| ဗြိတိန် | ၂၃၃၁၅၁ | စိစစ်ဆဲ | ၃၃၆၁၄ |
| အီတလီ | ၂၂၃၀၉၆ | ၁၁၅၂၈၈ | ၃၁၃၆၈ |
| ဘရာဇီး | ၂၀၄၇၉၅ | ၇၉၄၇၉ | ၁၄၀၅၈ |
| ပြင်သစ် | ၁၇၈၈၇၀ | ၅၉၆၀၅ | ၂၇၄၂၅ |
| ဂျာမနီ | ၁၇၅၁၂၃ | ၁၅၁၇၀၀ | ၇၉၃၃ |
| တူရကီ | ၁၄၄၇၄၉ | ၁၀၄၀၃၀ | ၄၀၀၇ |
| အီရန် | ၁၁၆၆၃၅ | ၉၁၈၃၆ | ၆၉၀၂ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|
| စင်ကာပူ | ၂၆၈၉၁ | ၅၉၇၃ | ၂၁ |
| အင်ဒိုနီးရှား | ၁၆၄၉၆ | ၃၈၀၃ | ၁၀၇၆ |
| ဖိလစ်ပိုင် | ၁၂၀၉၁ | ၂၄၆၀ | ၈၀၆ |
| မလေးရှား | ၆၈၅၅ | ၅၄၃၉ | ၁၁၂ |
| ထိုင်း | ၃၀၂၅ | ၂၈၅၄ | ၅၆ |
| ဗီယက်နမ် | ၃၁၂ | ၂၆၀ | ၀ |
| မြန်မာ | ၁၈၁ | ၈၉ | ၆ |
| ဘရူနိုင်း | ၁၄၁ | ၁၃၄ | ၁ |
| ကမ္ဘောဒီးယား | ၁၂၂ | ၁၂၁ | ၀ |
| လာအို | ၁၉ | ၁၄ | ၀ |

# အိန္ဒိယက မတ်ပဲတင်သွင်းခွင့်အချိန် ထပ်တိုးပေးခြင်းကြောင့် ပြည်တွင်းမတ်ပဲဈေး တစ်တန်လျှင် ကျပ်နှစ်သောင်းခွဲဝန်းကျင် မြင့်တက်

ရန်ကုန် မေ ၁၅

အိန္ဒိယက မတ်ပဲတင်သွင်းခွင့်အချိန် ထပ်တိုးပေးခြင်းကြောင့် ပြည်တွင်းမတ်ပဲဈေး တစ်တန်လျှင် ကျပ်နှစ်သောင်းခွဲဝန်းကျင် မြင့်တက်လျက်ရှိကြောင်း ပဲဈေးကွက်အတွင်းမှ သိရသည်။

လက်ရှိ မတ်ပဲ တစ်တန်လျှင် ကျပ် ၉၆၅၀၀၀ မှ ကျပ် ၉၉၀၀၀၀ ထိ မြင့်တက်ခဲ့ပြီး ပဲစင်းငုံ တစ်တန်လျှင်လည်း ကျပ် ၇၆၀၀၀၀ မှ ကျပ် ၇၈၀၀၀၀ အထိ မြင့်တက်ခဲ့သည်။ ယခုဘဏ္ဍာနှစ်(၂၀၁၉- ၂၀၂၀)အတွက် အိန္ဒိယနိုင်ငံ၏ မတ်ပဲတင်သွင်းခွင့် ကိုတာသတ်မှတ်ချက်အရ တန်ချိန် နှစ်သိန်းခွဲကို ယနေ့တွင် အရောက်တင်သွင်းရန် နှစ်ကြိမ်မြောက် အချိန်တိုးမြှင့်ပေးထားသော်လည်း ကိုဗစ်-၁၉ ကြောင့် တင်ပို့ရန်ကျန်ရှိသည့် တန်ချိန်သုံးသောင်းခန့်ကိုဆက်လက်၍ မေလကုန်အထိ အချိန်တိုးမြှင့်ပေးထားသည်။

အိန္ဒိယနိုင်ငံအနေဖြင့် ပဲလိုအပ်ချက်အရ ယခုဘဏ္ဍာနှစ်အတွင်း မတ်ပဲတင်သွင်းခွင့် ကိုတာသတ်မှတ်ချက်ကို ယခင် တန်ချိန် တစ်သိန်းခွဲ သတ်မှတ်ထားရာမှ နောက်ထပ်တန်ချိန် နှစ်သိန်းခွဲ တိုးမြှင့်တင်သွင်းရန်အတွက် ပြီးခဲ့သည့်နှစ်ကုန် ဒီဇင်ဘာ ၁၂ ရက်တွင် အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပြည်ပကုန်သွယ်မှု ညွှန်ကြားရေး ဦးစီးဌာန(DGFT)က Trade Notice ဖြင့် အသိပေးချက် ထုတ်ပြန်ခဲ့သည်။အိန္ဒိယနိုင်ငံအနေဖြင့် ယခုနှစ် မိုးရာသီစိုက် မတ်ပဲများ ရာသီဥတုဖောက်ပြန်ပြီး အထွက်နှုန်းနည်းသောကြောင့် ပြည်နယ်အစိုးရ ခွင့်ပြုမိန့်ဖြင့် ပဲဝယ်ယူခဲ့ရာ ပြီးခဲ့သည့် နှစ်ကုန်ပိုင်းတွင် မတ်ပဲတစ်တန်လျှင် ကျပ် ၁၃ သိန်းကျော်အထိ မြင့်တက်ခဲ့သည်။

အိန္ဒိယနိုင်ငံအနေဖြင့် လာမည့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက်လည်း မတ်ပဲတန်ချိန်လေးသိန်း တင်သွင်းရန် အိန္ဒိယ ကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနရှိ ကူးသန်းရောင်းဝယ်ရေးဌာနက မတ် ၁၇ ရက်တွင် ထုတ်ပြန်ခဲ့သည်။ အိန္ဒိယနိုင်ငံမှ အဓိကဝယ်ယူမည့် မတ်ပဲသည် မြန်မာနိုင်ငံကသာ အဓိကစိုက်ပျိုးပြီး အခြား ပဲစင်းငုံ၊ ပဲတီစိမ်း၊ စားတော်ပဲများကိုမူ မြန်မာနိုင်ငံအပြင် အာဖရိကတိုက်နှင့် ဩစတြေးလျနိုင်ငံများလည်း စိုက်ပျိုးကြကြောင်း မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်းထံမှ သိရသည်။ ငြိမ်းငြိမ်း



# ပြည်ထောင်စုရှေ့နေချုပ်ရုံး လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) အစီရင်ခံစာနှင့်စပ်လျဉ်း၍ သတင်းထုတ်ပြန်ချက်

**နေပြည်တော်  မေ ၁၅**

လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင် (ICOE) ၏ အပြီးသတ်အစီရင်ခံစာပါ အကြံပြုချက်အရ ရခိုင်ပြည်နယ်၌ ဖြစ်ပွားခဲ့သည့် ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများဆောင်ရွက်နိုင်ရန် "ရာဇဝတ်မှုဆိုင်ရာ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲဆိုခြင်းများ ဆောင်ရွက်ရေးအဖွဲ့" ကို နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းခဲ့ပါသည်။ အဖွဲ့သည် ICOE အစီရင်ခံစာပါ ရာဇဝတ်မှုများကို စုံစမ်းဖော်ထုတ်အရေးယူရန် ဆောင်ရွက်လျက်ရှိပါသည်။

အဖွဲ့အနေဖြင့် ICOE အစီရင်ခံစာပါ ဖြစ်စဉ်နေရာ ၁၃ ခုအနက် ဦးစားပေးဆောင်ရွက်သင့်သည့်နေရာဒေသများနှင့် မှုခင်းများအလိုက် စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိပါသည်။ အဖွဲ့၏ လုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပူးပေါင်းစုံစမ်းအရေးယူ ဆောင်ရွက်ရေးအဖွဲ့ (Task Force) ကို ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့တို့မှ အဖွဲ့ဝင်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပါသည်။ ပူးပေါင်းစုံစမ်းအရေးယူဆောင်ရွက်ရေးအဖွဲ့သည် နိုင်ငံတော်သမ္မတရုံးက ဖွဲ့စည်းခဲ့သည့် နိုင်ငံတကာရာဇဝတ်မှုတရားစီရင်ရေးဆိုင်ရာ အထူးအဖွဲ့၏ ပူးပေါင်းဆောင်ရွက်မှုနှင့် အကြံပြုချက်များကိုလည်း ရယူခဲ့ပါသည်။

ICOE အစီရင်ခံစာအရ မောင်တောမြို့နယ်၊ ဘူးသီးတောင်မြို့နယ်နှင့် ရသေ့တောင်မြို့နယ်တို့ရှိ နေရာဒေသ ၁၃ ခုတွင် ဖြစ်ပွားခဲ့သော ရာဇဝတ်မှုများအနက် တရားရုံးများတွင် အရေးယူပြစ်ဒဏ်ချမှတ်ပြီး အမှုများ၊ မူလကပင် သက်ဆိုင်ရာ ရဲစခန်းများ၌ ပထမသတင်းပေးတိုင်တန်းချက် (FIR) ဖွင့်လှစ်ဆောင်ရွက်ထားသော အမှုများနှင့် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူထားသောအမှုများ ရှိပါသည်။ ဆက်လက်အရေးယူရန် လိုအပ်သည့်အမှုများကိုစိစစ်ပြီး FIR ဖွင့်လှစ်သည့် အမှု ၁၂ မှု နှင့် ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေအရ အရေးယူဆောင်ရွက်ရန် အမှု ၄ မှုကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ယနေ့အထိ အမှုဖွင့်အရေးယူဆောင်ရွက်ထားသော အမှုပေါင်း ၉၁ မှု ရှိပါကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြည်ထောင်စုရှေ့နေချုပ်ရုံး**

# လေထုဖိအား အတက်အကျအပေါ် မူတည်ပြီးတော့ မုန်တိုင်းဝင်မယ့် အခြေအနေကတော့ ပြောင်းလဲနိုင်တဲ့ အနေအထားရှိတယ်၊ မပြောင်းလဲနိုင်တာကတော့ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်ပြင်တို့မှာ မုန်တိုင်းအရှိန်ကြောင့် ရံဖန်ရံခါ မိုးသက်လေပြင်းကျမှာဖြစ်ပါတယ်

**ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦး**



ဒေါက်တာကျော်မိုးဦး
ညွှန်ကြားရေးမှူးချုပ်

လက်ရှိ ဘင်္ဂလားပင်လယ်အော်တောင်ပိုင်း၌ ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းတစ်ခုကြောင့် မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနေပြီး မေ ၁၆ ရက်ညပိုင်းတွင် ယင်းမုန်တိုင်းငယ်သည် ဆိုင်ကလုန်းမုန်တိုင်းအဆင့်သို့ ရောက်ရှိနိုင်သည့် အနေအထားရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှု ဦးစီးဌာနမှ သိရသည်။

**သုံးနိုင်ငံထဲက တစ်နိုင်ငံကို ဝင်ရောက်နိုင်**

"ဒီလေဖိအားနည်းရပ်ဝန်းဟာ အိန္ဒိယကမ်းခြေဘက်ကို ဦးတည်နေပြီး လက်ရှိရွေ့လျားနေပါတယ်။ မုန်တိုင်းငယ်ဖြစ်ပြီးတဲ့အခါ ဆိုင်ကလုန်းမုန်တိုင်းအဆင့်ကို ရောက်လာပြီး မေ ၁၇ ရက် ညပိုင်းလောက်ဆိုရင် သူ့ရဲ့ လမ်းကြောင်းဟာ အရှေ့မြောက်ကို ပြန်ကွေ့လာမယ့် အနေအထားမျိုးတွေ့ရပါမယ်။ အရှေ့မြောက်ကို ပြန်ကွေ့လာတာနဲ့ သူသွားမယ့် လမ်းကြောင်းဟာ အခုအခါမှာတော့ သုံးမျိုးလောက်ထွက်နေပါတယ်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာ သုံးနိုင်ငံထဲက တစ်နိုင်ငံကိုဝင်ရောက်နိုင်ပါတယ်" ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ပြောပြသည်။

"အိန္ဒိယဘက်မှာ လေထုဖိအား ရုတ်တရက်ထိုးကျသွားရင် အိန္ဒိယကိုဝင်သွားမှာပါ။ အိန္ဒိယကို ကျော်လာပြီးရင် ဘင်္ဂလားဒေ့ရှ်ကိုရောက်မယ်။ ဘင်္ဂလားဒေ့ရှ်မှာ လေထုဖိအား ထိုးကျသွားရင် ဘင်္ဂလားဒေ့ရှ်ကို ဝင်မယ်။ ဒါမှမဟုတ် အဲဒီနှစ်နိုင်ငံလုံးမှာ လေထုဖိအားတက်နေတယ်ဆိုရင် ကျွန်တော်တို့ မြန်မာနိုင်ငံကို ဝင်မယ်။ ဒါပေမယ့် ဘယ်ဘက်ကိုဝင်မယ်ဆိုတာကို ဒီအချိန်မှာတော့ တွက်ဆလို့ မရသေးပါဘူး။ ဒီအချိန်မှာ ပြောနိုင်တာက မေ ၁၉ ရက်အထိ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းကို ဦးတည်နေတဲ့ အနေအထားမျိုးလို့ ပြောလို့ရပါတယ်။ လေထုဖိအား အတက်အကျအပေါ်မူတည်ပြီးတော့ မုန်တိုင်းဝင်မယ့် အခြေအနေကတော့ ပြောင်းလာနိုင်တဲ့ အနေအထားရှိတယ်။ မပြောင်းလဲနိုင်တာကတော့ ဆိုင်ကလုန်းမုန်တိုင်းဟာ အရှေ့မြောက်ဘက်ကိုကွေ့လာပြီဆိုတာနဲ့ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နဲ့ ကမ်းလွန်ပင်လယ်တို့မှာ မုန်တိုင်းအရှိန်ကြောင့် ရံဖန်ရံခါ မိုးသက်လေပြင်းကျမှာဖြစ်ပါတယ်။ အထူးသဖြင့် ရခိုင်ကမ်းရိုးတန်းနဲ့ ကမ်းလွန်ပင်လယ်ပြင်မှာ ပိုမိုသတိထားရပါမယ်။ မေ ၁၉ ရက်မှာ ပိုပြီးသက်ရောက်မှုရှိနိုင်ပါတယ်။ နေရာကလည်း ရခိုင်ပြည်နယ်မြောက်ပိုင်းဖြစ်တဲ့အတွက် ရခိုင်ပြည်နယ် မြောက်ပိုင်းဒေသမှာရှိတဲ့ မြို့နယ်တွေမှာ ကြိုတင်ပြင်ဆင်ဖို့နဲ့ အထူးဂရုစိုက်ဖို့လိုပါတယ်" ဟု ၎င်းက ဆက်လက်ပြောကြားသည်။

**ပင်လယ်ပြင် ထွက်ခွာခြင်းမပြုရန်**

မုန်တိုင်းအရှိန်ကြောင့် လေပြင်းမုန်တိုင်းများ တိုက်ခတ်နိုင်သည့်အတွက် မေ ၁၈ ရက်မှ ၂၂ ရက်အထိ ရေလုပ်သားများ၊ အထူးသဖြင့် ရခိုင်ကမ်းရိုးတန်းမှ ပြည်သူများအနေဖြင့် ပင်လယ်ပြင်ထွက်ခွာခြင်းမပြုရန် သတိထားရမည်ဖြစ်ကြောင်း သိရသည်။

"မုန်တိုင်းတွေဖြစ်တယ်ဆိုတာ လေထုဖိအားနည်းတဲ့အတွက် ဖြစ်လာတာဖြစ်ပါတယ်။ လေတွေက ဖိအားများတဲ့နေရာကနေ ဖိအားနည်းတဲ့နေရာကို သွားတယ်။ ကုန်းမြေပေါ်မှာ လေထုဖိအားနည်းနေတယ်ဆိုရင် လေက ကုန်းမြေပေါ်ကို ရွေ့သွားမယ့်အခြေအနေရှိတယ်။ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်ပြီးမှ ကျွန်တော်တို့ဘက်ကို ရောက်လာမယ့် အနေအထားတော့ရှိတယ်။

"သင်္ချာပုံစံပြုမော်ဒယ်တွေက အမျိုးမျိုးဖော်ပြနေတယ်။ European Centre for Medium-Range Weather Forecasts မော်ဒယ်အားလုံးက အိန္ဒိယ၊ India Meteorological Department မော်ဒယ်အများစုက ဘင်္ဂလားဒေ့ရှ်နဲ့ IMD ရဲ့ GPP ကတော့ မပြောင်းလဲဘဲ ရခိုင်မြောက်ပိုင်းဒေသကို ဝင်ရောက်နိုင်တယ်။ မြန်မာနိုင်ငံက တွက်ထုတ်တဲ့ မော်ဒယ်ကတော့ ဘင်္ဂလားဒေ့ရှ်နဲ့ မြန်မာကို ဖော်ပြနေတယ်။ မုန်တိုင်းရဲ့ လေတိုက်နှုန်းကတော့ ပင်လယ်ထဲမှာ ကြာမြင့်တဲ့အချိန်၊ မုန်တိုင်းရဲ့ အရွေ့အပေါ်မှာ မူတည်ပါတယ်။ မုန်တိုင်းက ပင်လယ်ထဲမှာ ကြာမြင့်စွာရွေ့နေမယ်ဆိုရင် မုန်တိုင်းရဲ့အင်အားက ပိုမိုကောင်းလာမယ်။ မုန်တိုင်းက မြန်မြန်ရွေ့မယ်ဆိုရင် အင်အားကျသွားနိုင်တယ်။ လေထုဖိအားကျတာများနေရင် လေတိုက်နှုန်းတွေက ပြင်းပြင်းထန်ထန်တိုက်ခတ်နိုင်ပြီး လေထုဖိအားကျတာနည်းနေရင်တော့ လေတိုက်နှုန်းက အားလျော့တဲ့အနေအထားတွေရှိပါတယ်။ လက်ရှိမှာတော့ သင်္ချာပုံစံပြုမော်ဒယ်တွေမှာ တစ်နာရီ မိုင် ၅၀ နဲ့ မိုင် ၇၀ ကြား ပြထားပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက ပြောပြသည်။

ယခုအခါ ဘင်္ဂလားပင်လယ်အော်တွင် ဖြစ်ပေါ်နေသည့် လေဖိအားနည်းရပ်ဝန်းကြောင့် မုန်တိုင်းတစ်ခုဖြစ်ပေါ်နိုင်ပြီး ယင်းမုန်တိုင်းသည် မြန်မာနိုင်ငံရခိုင်ကမ်းရိုးတန်းသို့ ဝင်ရောက်နိုင်ခြေရှိကာ မုန်တိုင်းဝင်ရောက်သည်ဖြစ်စေ၊ မဝင်ရောက်သည်ဖြစ်စေ မေ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် တစ်နိုင်ငံလုံး မိုးရွာသွန်းနိုင်သည့်အတွက် အပူချိန်ကျသွားမည်ဖြစ်ကြောင်း သိရသည်။

**လမ်းညွှန်ချက်တွေကို လိုက်နာ**

"မုတ်သုံဆိုတာ မုန်တိုင်းနဲ့ ဆက်စပ်နေပါတယ်။ ယခင်က မုတ်သုံက သူ့ဘာသာသူဝင်လာတယ်။ မုတ်သုံဝင်ပြီဆိုရင် အီကွေတာကို ဖြတ်ပြီးတော့ တိုက်တဲ့လေက အားကောင်းလာတယ်။ ခုနောက်ပိုင်းနှစ်တွေကို ပြန်ကြည့်မယ်ဆိုရင် အီကွေတာကိုဖြတ်တိုက်တဲ့လေက အားမကောင်းတော့ဘူး။ အားမကောင်းတဲ့အတွက် မုတ်သုံအတွက်ကို မုန်တိုင်းတွေက ဆွဲပြီးခေါ်လာတယ်။ ဒီနှစ်မှာလည်း မုန်တိုင်းမဖြစ်ဘူးဆိုရင် မုတ်သုံနောက်ကျမယ့်အနေအထားရှိတယ်။ လက်ရှိမုန်တိုင်းဖြစ်လာတဲ့အတွက် မုတ်သုံက ယခင်ခန့်မှန်းထားတဲ့ မေ ၁၆ ရက်ကနေ ၂၁ ရက်အတွင်းမှာ မြန်မာနိုင်ငံတောင်ပိုင်းကို စတင်ဝင်ရောက်မယ့်အခြေအနေရှိပါတယ်။ တကယ်လို့ မုန်တိုင်းဝင်လာမယ်ဆိုရင် ရွှေ့ပြောင်းရလွယ်ကူအောင်လည်း ယခုအချိန်ကတည်းက ကြိုတင်ပြင်ဆင်စေလိုပါတယ်။ မုန်တိုင်းဖြစ်ပေါ်လာရင်လည်း သဘာဝဘေးအန္တရာယ်ကာကွယ်စောင့်ရှောက်ရေးအဖွဲ့တွေရဲ့ လမ်းညွှန်ချက်တွေကို လိုက်နာကြဖို့ ပြောလိုပါတယ်။

**အထူးသတိထားဖို့လို**

"အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံကို မဝင်ဘူးဆိုရင်တော့ မြန်မာနိုင်ငံကို သေချာပေါက်ဝင်မှာဖြစ်ပါတယ်။ ဒီနှစ်နိုင်ငံထဲက တစ်နိုင်ငံကို မုန်တိုင်းဝင်သွားရင်တော့ မြန်မာ့ကမ်းရိုးတန်းကို မဝင်နိုင်တော့ဘူး။ ဒါပေမယ့် မုန်တိုင်းရဲ့အရှိန်ကြောင့် မိုးသက်လေပြင်းတိုက်ခတ်တာတွေ ဖြစ်ပါမယ်။ အထူးသဖြင့် ရခိုင်ကမ်းရိုးတန်းဒေသတွေက အထူးသတိထားဖို့လိုအပ်ပါတယ်" ဟု ညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်မိုးဦးက အကြံပြုပြောကြားသည်။

**သတင်း - မျိုးမြင့်၊ မျိုးသူဟိန်း၊ ဟိန်းမင်းစိုး**
**ဓာတ်ပုံ - ဟန်လင်းနိုင်**

# ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် သမဝါယမအသင်းစုက စိုက်ပျိုးရေးသွင်းအားစုများ ဖြန့်ဖြူးရောင်းချ



**နေပြည်တော်  မေ ၁၅**

ယခုအခါ မိုးရာသီစိုက်ပျိုးချိန် ရောက်ရှိတော့မည်ဖြစ်သည့်အတွက် မြေယာပြုပြင်ခြင်း၊ ထွန်ယက်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ် (တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်အတွင်းရှိ ပင်းတယမြို့နယ် သမဝါယမအသင်းစု အခြေခံသမဝါယမအသင်းများနှင့် အင်းငယ်စိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းတို့က အသင်းသားတောင်သူများ လိုအပ်လျက်ရှိသော စိုက်ပျိုးရေးသွင်းအားစုများဖြစ်သည့် စပါးမျိုးစေ့မျိုးစုံ၊ ပြောင်းမျိုးစေ့မျိုးစုံ၊ ဓာတ်မြေသြဇာအမျိုးမျိုး၊ မြေအောင်းပိုးသတ်ဆေးများ စုစုပေါင်း ၁၅ မျိုးကို ဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်မျိုး**

# စာပေဗိမာန်စာအုပ်အသင်း စာအုပ်ဖြန့်ချိ

**ရန်ကုန်  မေ ၁၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်အသင်းက ၂၀၁၅ ခုနှစ် စာပေဗိမာန်စာမူဆု၊ သုတပဒေသာ(ဝိဇ္ဇာပညာရပ်) ဒုတိယဆုရ "ဖွဲသန်းသျှင်း(သုံးဆယ်)" ရေးသားသည့် "သူ့ကျွန်မခံ ဆရာစံ" စာအုပ်ကို စာအုပ်အသင်း၏ ၂၀၂၀ ပြည့်နှစ်၊ မေလ အသင်းပေးစာအုပ်အဖြစ် စာအုပ်အသင်းဝင်များသို့ ဖြန့်ချိလျက်ရှိသည်။ ရန်ကုန်မြို့ရှိ စာအုပ်အသင်းဝင်များသည် အမှတ် (၅၂၉ / ၅၃၁) ကုန်သည်လမ်းရှိ စာပေဗိမာန် စာအုပ်အသင်းတွင် လာရောက်ထုတ်ယူနိုင်ပြီး ကျန်အသင်းဝင်များသို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ခရိုင်ရုံးများမှတစ်ဆင့်လည်းကောင်း၊ စာတိုက်မှတစ်ဆင့်လည်းကောင်း ပေးပို့လျက်ရှိသည်။

စာပေဗိမာန်အသင်းဝင်လိုပါက အတွင်းရေးမှူး စာပေဗိမာန်စာအုပ်အသင်း အမှတ် (၅၂၉ /၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့ ၊ ဖုန်း - ၀၁ - ၂၄၉၀၃၁ ၊ ၃၈၀၄၄၈ တို့သို့ လိပ်မူ၍ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**သတင်းစဉ်**

# နယ်စပ်ရေးရာဝန်ကြီးဌာနက ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ပြည်သူများအတွက် စားနပ်ရိက္ခာ ထောက်ပံ့




**နေပြည်တော် မေ ၁၅**

ကချင်ပြည်နယ် ပူတာအိုခရိုင် ခေါင်လန်ဖူးမြို့နယ်သည် လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်း၊ သဘာဝဘေးအန္တရာယ် ကျရောက်ခြင်းများကြောင့် စားနပ်ရိက္ခာများ ရှားပါးပြတ်လပ်လေ့ရှိပြီး အစိုးရ၊ တပ်မတော်နှင့် အလှူရှင်များက နှစ်စဉ်နှစ်တိုင်း စားနပ်ရိက္ခာများ ထောက်ပံ့လှူဒါန်းပေးရသည်။

**နေ့ချင်းပေါက် သွားလာနိုင်**

ယခုအခါတွင် မငွေဇ-ခေါင်လန်ဖူး (၆၅/၄) မိုင် လမ်းဖောက်လုပ်ရေးစီမံကိန်းကို နယ်စပ်ရေးရာဝန်ကြီးဌာနက အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် မငွေဇမှ မေခမြစ်ဘေး ရီဒမ်းကြိုးတံတားအကျော်(၄၇/၀)မိုင်အထိ ကားလမ်းဖောက်လုပ်ဆဲဖြစ်ပြီး မိုင်တိုင် (၄၇/၀)မိုင်မှ ခေါင်လန်ဖူးအထိ မော်တော်ဆိုင်ကယ်လမ်း (၁၈/၄)မိုင်ကိုလည်း ဖောက်လုပ်ထားပြီး ဖြစ်သည်။ သို့ဖြစ်၍ ပူတာအို-မငွေဇ-မေခမြစ်ကမ်း ရီဒမ်းကြိုးတံတား အရှေ့ဘက်ကမ်း (၁၀၃/၃) မိုင်ခရီးကို မော်တော်ယာဉ်များဖြင့် သွားလာနိုင်ပြီဖြစ်ပြီး ရီဒမ်းကြိုးတံတားမှ ခေါင်လန်ဖူးအထိ မော်တော်ဆိုင်ကယ်များဖြင့် နေ့ချင်းပေါက် သွားလာနိုင်ပြီဖြစ်သည်။

သို့ရာတွင် ခေါင်လန်ဖူးမှ ၃၇ မိုင်ခန့်ကွာဝေးသည့် မြန်မာ-တရုတ် နယ်စပ်ဒေသများဖြစ်သည့် ရှိန်းခေါင်-ဇီးထန်ဒေသများသို့လည်းကောင်း၊ ခေါင်လန်ဖူးမှ နယ်စပ်မှတ်တိုင် (၃၀/၃၁) တစ်ဝိုက်ရှိ လန်ဆယ်အရှေ့ခြမ်းဒေသများရှိ ကျေးရွာများသို့လည်းကောင်း သွားလာရေးအတွက် လမ်းပန်းဆက်သွယ်ရေးအခြေအနေမှာ ခက်ခဲနေဆဲဖြစ်ပြီး အဆိုပါဒေသများသို့ ခြေကျင်ခရီးဖြင့်သာ သွားလာနေရဆဲဖြစ်သည်။

**ဆန်အိတ် ၁၀၀၀ လွှဲပြောင်းပေးအပ်**

ယခုအခါတွင် ရှိန်းခေါင်နှင့် ဇီးထန်ဒေသများအတွင်းရှိ ညီဝမ်ထန်ကျေးရွာအုပ်စု၊ ရနင်ထီကျေးရွာအုပ်စု၊ ဇန်ယော့ကျေးရွာအုပ်စု၊ ချီထုဖန်ကျေးရွာအုပ်စု၊ ရမန်ချီကျေးရွာအုပ်စု၊ ဇီးထန်ကျေးရွာအုပ်စု၊ ဒါလန်ကျေးရွာအုပ်စု၊ လားတားကော်ကျေးရွာအုပ်စုများ၊ လန်ဆယ်အရှေ့ခြမ်းဒေသများရှိ ထဖုံးကျေးရွာအုပ်စု၊ ရပ်မားကျေးရွာအုပ်စု၊ နမ်ချိန်ကျေးရွာအုပ်စုနှင့် ရှီးလန်ဒမ်းကျေးရွာအုပ်စုများ စသည့် ကျေးရွာအုပ်စု ၁၂ အုပ်စုတွင် ရာသီဥတုဆိုးရွားခြင်း၊ သီးနှံအထွက်နှုန်း ကျဆင်းခြင်း၊ လတ်တလော ဖြစ်ပွားလျက်ရှိသည့် ကိုဗစ်-၁၉ ရောဂါကြောင့် ကုန်စည်စီးဆင်းမှု ရပ်တန့်ခြင်း၊ လမ်းပန်းဆက်သွယ်ရေး ခက်ခဲခြင်းများကြောင့် စားနပ်ရိက္ခာ ရှားပါးပြတ်လပ်မှုများနှင့် ကြုံတွေ့နေရမှုအပေါ် နယ်စပ်ရေးရာဝန်ကြီးဌာနမှ အရေးပေါ်လတ်တလောလိုအပ်ချက်အရ သက်ဆိုင်ရာဒေသနေရာအရောက် ထောက်ပံ့မည့် ဆန်အိတ် ၁၀၀၀ လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် မြစ်ကြီးနားမြို့ မလိခခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာခက်အောင်က အဖွင့်အမှာစကား ပြောကြားပြီး နယ်စပ်ရေးရာဝန်ကြီးဌာန ကချင်ပြည်နယ်ဒေသဖွံ့ဖြိုးမှု ကြီးကြပ်ရေးမှူး ညွှန်ကြားရေးမှူး ဦးကျော်မင်းက အရေးပေါ်ထောက်ပံ့ရခြင်းကို ရှင်းလင်းတင်ပြကာ အရေးပေါ်ထောက်ပံ့သည့် ဆန်အိတ် ၁၀၀၀ ကို ပြည်နယ်ဝန်ကြီးချုပ်ထံ လွှဲပြောင်းပေးအပ်သည်။

**ပေါင်းစပ်ညှိနှိုင်း**

နယ်စပ်ရေးရာဝန်ကြီးဌာနမှ အရေးပေါ်ထောက်ပံ့ပေးသည့် စားနပ်ရိက္ခာများကို မြစ်ကြီးနား-ပူတာအို-မငွေဇ-ခေါင်လန်ဖူး-ရှိန်းခေါင် (မြန်မာ-တရုတ်နယ်စပ်) လမ်းကြောင်းမှ ရှိန်းခေါင်-ဇီးထန် ဒေသတစ်ဝိုက်ရှိ ကျေးရွာအုပ်စု ရှစ်အုပ်စုမှ ဒေသခံပြည်သူလူထု ၉၈၈၀ အတွက် လတ်တလောလိုအပ်သည့် ဆန်အိတ် ၈၀၀ ကိုလည်းကောင်း၊ မြစ်ကြီးနား-ချီဖွေ-ဖီမော်-လန်ဆယ်-တထုံစင် လမ်းကြောင်းမှ နယ်စပ်မှတ်တိုင် (၃၀/၃၁) တစ်ဝိုက်ရှိ ကျေးရွာအုပ်စု လေးအုပ်စုမှ ဒေသခံပြည်သူလူထု ၁၈၀၈ ဦးအတွက် လတ်တလောလိုအပ်သည့် ဆန်အိတ် ၂၀၀ ကိုလည်းကောင်း စုစုပေါင်းဆန်အိတ် ၁၀၀၀ ကို ဒေသခံပြည်သူများလက်ဝယ်သို့ ချောမောစွာ ရောက်ရှိဖြန့်ဝေပေးနိုင်ရေး တပ်မတော်၊ နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် ကချင်ပြည်နယ်အစိုးရအဖွဲ့တို့က ပေါင်းစပ်ညှိနှိုင်းပြီး ပေးပို့သွားမည် ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန အနေဖြင့် မငွေဇ-ခေါင်လန်ဖူး လမ်းဖောက်လုပ်သည့် စီမံကိန်းပြီးစီးပါက အဆိုပါနယ်စပ်ဒေသများဖြစ်သော ရှိန်းခေါင်ဒေသ၊ ဇီးထန်ဒေသနှင့် လန်ဆယ်အရှေ့ခြမ်းဒေသများသို့ ဌာနပိုင်စက်ယန္တရားကြီးများဖြင့် လမ်းဖောက်လုပ်ရေးစီမံကိန်းများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားရန် စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

သတင်းစဉ်

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နေသောကာလအတွင်း လျှပ်စစ်ဓာတ်အားခ ၁၅၀ ယူနစ် ကင်းလွတ်ခွင့်ပေးမှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲ ကျင်းပ



**နေပြည်တော် မေ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နေသော ကာလအတွင်း ဧပြီလအတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁၅၀ ယူနစ်အထိကို ငွေကြေးကောက်ခံမှုကင်းလွတ်ခွင့်(အခမဲ့) ပေးမှုနှင့်ပတ်သက်၍ သတင်းစာရှင်းလင်းပွဲအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန နေပြည်တော်၌ ယနေ့ညနေ ၃ နာရီတွင် ကျင်းပရာ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန်(လျှပ်စစ်) ဦးစိုးမြင့်က ရှင်းလင်းပြောကြားသည်။

**ရှင်းလင်းဖြေကြား**

သတင်းစာရှင်းလင်းပွဲ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့်စပ်လျဉ်းသည့် အရေးကြီးကာလအတွင်း လျှပ်စစ်ဓာတ်အားခ ၁၅၀ ယူနစ် လျှော့ချပေးခြင်းနှင့်စပ်လျဉ်း၍ ဝန်ကြီးဌာနမှ ဧပြီ ၇ ရက်တွင် ပြည်သူသို့ အသိပေးတင်ပြချက် ထုတ်ပြန်ခဲ့မှုအခြေအနေများ၊ နွေရာသီကာလအတွင်း လျှပ်စစ်ဓာတ်အားသုံးစွဲမှုအခြေအနေများ၊ ဓာတ်အားခ ကောက်ယူမှုစနစ်များ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်နေသောကာလအတွင်း ဓာတ်အားခွဲရုံနှင့် ဓာတ်အားပေးစက်ရုံများရှိ လျှပ်စစ်ဝန်ထမ်းများက ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ညွှန်ကြားချက်များနှင့်အညီ လိုက်နာဆောင်ရွက်မှုအခြေအနေများ၊ အနာဂတ်ကာလ လျှပ်စစ်ဓာတ်အားထုတ်လုပ်ဖြန့်ဖြူးမည့် အခြေအနေများနှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းချက်များကို ရှင်းလင်းဖြေကြားသည်။

အဆိုပါအခမ်းအနားသို့ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်နှင့် သတင်းထုတ်ပြန်ရေးအဖွဲ့တာဝန်ရှိသူများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် သတင်းမီဒီယာသမားများ တက်ရောက်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ဘားအံမြို့နယ်၌ ရဲတပ်ဖွဲ့ဝင်များက သောက်ရေသန့်ဘူးများ လှူဒါန်း



**နေပြည်တော် မေ ၁၅**

ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူးချုပ်အောင်မြတ်မိုး၏ စီစဉ်ညွှန်ကြားမှုဖြင့် ဘားအံမြို့နယ် ဂျိုင်းနယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်ဝေနှင့် ကော့ကရိတ်မြို့နယ် ကျုံဒိုးနယ်မြေရဲစခန်းမှူး ရဲအုပ်ဇင်ဝင်းစိုးတို့ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက နွေရာသီ သောက်ရေပြတ်လပ်လျက်ရှိသည့် ဘားအံမြို့နယ် ဂျိုင်းကရင်အမျိုးသားကျေးရွာ(ဖိုးတခေတ်ကုန်း)ရှိ အိမ်ခြေ ၆၀ နှင့် ဘာသာရေးကျောင်းတစ်ကျောင်းတို့အတွက် (၅)ဂါလန်ဆံ့ သောက်ရေသန့်ဘူး ၁၃၀ တို့အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား

# တရုတ်နိုင်ငံမှ နေရပ်ပြန် ၃၆၆ ဦးတို့အား သီပေါအထွက်ဂိတ်၌ ကျန်းမာရေးစစ်ဆေးပြီး ကျောက်မဲအဝင်ဂိတ်သို့ ပို့ဆောင်ပေး

**သီပေါ မေ ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့၏ ကြီးကြပ်မှုဖြင့် မြို့အဝင်/အထွက် ဂိတ်များ၌ ကိုဗစ်-၁၉ စစ်ဆေးရေးအဖွဲ့ဝင်များ နေ့စဉ် နံနက်ပိုင်းမှ ညပိုင်းအထိ စောင့်ကြပ်စစ်ဆေးလျက်ရှိသည်။

တရုတ်နိုင်ငံမှ နေရပ်ပြန်များ နေ့စဉ် မီးရထား၊ မော်တော်ယာဉ်များဖြင့် ဝင်ရောက်လျက်ရှိရာ ယနေ့နံနက် ၉ နာရီမှ ညနေပိုင်းအထိ မီးရထားဖြင့်လည်းကောင်း၊ မော်တော်ယာဉ် ၂၃ စီးဖြင့်လည်းကောင်း ဝင်ရောက်လာသည့် အမျိုးသား အမျိုးသမီး ၃၆၆ ဦးတို့အား မြို့အထွက်ဂိတ်၌ ကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ကျောက်မဲမြို့အဝင်ဂိတ်သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

စိုင်း(သီပေါ)

# ဆေးပစ္စည်းကိရိယာဥပဒေကြမ်း

ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။ အကြံပြုစာများကို ပြည်ထောင်စုလွှတ်တော်ရုံးသို့ လိပ်မူပေးပို့နိုင်ပါသည်။

**ဆေးပစ္စည်းကိရိယာဥပဒေကြမ်း**
**(၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ်။)**
**၁၃၈၂ ခုနှစ်၊ လ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ လ ရက်)**
**ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။**

## အခန်း (၁)
## အမည်နှင့်အဓိပ္ပါယ်ဖော်ပြချက်

၁။ ဤဥပဒေကို **ဆေးပစ္စည်းကိရိယာဥပဒေ**ဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပါယ်သက်ရောက်စေရမည်–

(က) **ဆေးပစ္စည်းကိရိယာ**ဆိုသည်မှာ အောက်ပါလုပ်ငန်းများဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရေးအတွက် ကုန်ပစ္စည်းထုတ်လုပ်သူက တစ်မျိုးတည်းဖြစ်စေ၊ အခြားပစ္စည်းနှင့် တွဲဖက်၍ဖြစ်စေ ထုတ်လုပ်သည့် စက်ပစ္စည်းများ၊ ကိရိယာများ၊ လူ၏ခန္ဓာကိုယ်အတွင်း တပ်ဆင်အသုံးပြုသောပစ္စည်းများ၊ ခန္ဓာကိုယ်ပေါ်တွင်သုံးသော စမ်းသပ်ပစ္စည်းများ၊ ခန္ဓာကိုယ်ပြင်ပတွင်သုံးသော ဓာတ်ခွဲစမ်းသပ်ပစ္စည်းများ၊ စံကိုက်ညှိရာတွင် အသုံးပြုသောပစ္စည်းများ၊ ဆော့ဖ်ဝဲများနှင့် အလားတူဆက်စပ်ပစ္စည်းများကိုဆိုသည်–

(၁) ရောဂါရှာဖွေရန်၊ ကာကွယ်ရန်၊ စောင့်ကြပ်ကြည့်ရှုရန်၊ ကုသရန် သို့မဟုတ် သက်သာစေရန်ပြုလုပ်ခြင်း၊

(၂) ထိခိုက်ဒဏ်ရာများအတွက် ရောဂါရှာဖွေရန်၊ စောင့်ကြပ်ကြည့်ရှုရန်၊ သက်သာစေရန် သို့မဟုတ် အစားထိုးကုသပေးရန် ပြုလုပ်ခြင်း၊

(၃) ခန္ဓာဗေဒ သို့မဟုတ် ဇီဝကမ္မဆိုင်ရာဖြစ်စဉ်များကို လေ့လာရန်၊ အစားထိုးရန်၊ ပြုပြင်ပြောင်းလဲရန်သို့မဟုတ်အထောက်အကူပေးရန် ပြုလုပ်ခြင်း၊

(၄) အသက်ဆက်လက်ရှင်သန်ရေးအတွက် ကူညီထောက်ပံ့မှုပေးရန် ပြုလုပ်ခြင်း၊

(၅) သန္ဓေတားဆီးရန် ပြုလုပ်ခြင်း၊

(၆) ဆေးကုသမှုဆိုင်ရာ ပစ္စည်းကိရိယာများကို ပိုးသတ်ရန် သို့မဟုတ် ပိုးကင်းစင်ရန် ပြုလုပ်ခြင်း၊

(၇) လူ၏ခန္ဓာကိုယ်မှရရှိသော နမူနာပစ္စည်းများကို ဓာတ်ခွဲစမ်းသပ်ပြီး ဆေးပညာ သို့မဟုတ် ရောဂါရှာဖွေရာတွင် လိုအပ်သောသတင်းအချက်အလက်များ အထောက်အကူပေးရန် ပြုလုပ်ခြင်း။ (ယင်းစကားရပ်တွင် လူ၏ခန္ဓာကိုယ်အတွင်း သို့မဟုတ် ခန္ဓာကိုယ်ပေါ် သို့မဟုတ် ခန္ဓာကိုယ်ပြင်ပတွင် ဆေးဝါးဗေဒဆိုင်ရာ၊ ခုခံစွမ်းအားဆိုင်ရာ သို့မဟုတ် ဇီဝကမ္မဆိုင်ရာ ဖြစ်စဉ်များဖြင့် မူလအာနိသင်ရရှိနိုင်ခြင်းမရှိသော်လည်း မူလအာနိသင်ကဲ့သို့ရရှိစေရန် ထောက်ပံ့ကူညီပေးနိုင်သည့်ပစ္စည်းများနှင့် ဝန်ကြီးဌာနက အခါအားလျော်စွာ အမိန့်ကြော်ငြာစာထုတ်ပြန်၍ ဆေးပစ္စည်းကိရိယာဟု အတည်ပြုသတ်မှတ်သော ပစ္စည်းများလည်းပါဝင်သည်)

(ခ) **တွဲဖက်အသုံးပြုသော ဆေးပစ္စည်းကိရိယာ**ဆိုသည်မှာ မူလဆေးပစ္စည်းကိရိယာ၏ သက်ဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရေးအတွက် တွဲဖက်အသုံးပြုရန် ထုတ်လုပ်ထားသည့်ပစ္စည်းကို ဆိုသည်၊

(ဂ) **ရောဂါရှာဖွေရန် ခန္ဓာကိုယ်ပြင်ပတွင် သို့မဟုတ် ဓာတ်ခွဲခန်းတွင် အသုံးပြုသော ဆေးပစ္စည်းကိရိယာ (In–Vitro Diagnostic Device)** ဆိုသည်မှာ လူ၏ခန္ဓာကိုယ်မှရရှိသော သွေး သို့မဟုတ် အသားစ သို့မဟုတ် ဇီဝဆိုင်ရာ နမူနာပစ္စည်းများကို ခန္ဓာကိုယ်ပြင်ပတွင် သို့မဟုတ် ဓာတ်ခွဲခန်းတွင် ရောဂါရှာဖွေစစ်ဆေးစမ်းသပ်ရန် တစ်ခုချင်းဖြစ်စေ၊ ပေါင်းစပ်၍ဖြစ်စေ အသုံးပြုသည့် ဓာတ်ပြုပစ္စည်းကိုသော်လည်းကောင်း၊ တိုင်းတာပစ္စည်းကိုသော်လည်းကောင်း၊ ထိန်းညှိပစ္စည်းကိုသော်လည်းကောင်း ဆိုသည်၊

(ဃ) **ပြုပြင်ထားသောဆေးပစ္စည်းကိရိယာ(Refurbished Medical Device)** ဆိုသည်မှာ အသုံးပြုထားပြီးဖြစ်သည့် ဆေးပစ္စည်းကိရိယာ၏ အစိတ်အပိုင်းတစ်ခု သို့မဟုတ် တစ်ခုထက်ပိုသော အစိတ်အပိုင်း သို့မဟုတ် မူလဆေးပစ္စည်းကိရိယာတစ်ခုလုံး၏ အစိတ်အပိုင်းများကို ခွဲထုတ်စစ်ဆေးပြီး သင့်လျော်မှုမရှိသော အစိတ်အပိုင်းများကို အစားထိုးပြုပြင်တပ်ဆင်၍ ထုတ်လုပ်သူ၏ မူလရည်ရွယ်ချက်အတိုင်း အသုံးပြုနိုင်ရန် သတ်မှတ်စံချိန်စံညွှန်းနှင့် ကိုက်ညီမှုရှိကြောင်း သက်ဆိုင်ရာ အသိအမှတ်ပြုအဖွဲ့အစည်း၏ ထောက်ခံချက်ရရှိထားသော ဆေးပစ္စည်းကိရိယာကိုဆိုသည်၊

(င) **ဆေးပညာဆိုင်ရာစူးစမ်းစမ်းသပ်မှု (Clinical Investigation)** ဆိုသည်မှာ ဆေးပစ္စည်းကိရိယာတစ်ခု၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးစစ်မှန်ကောင်းမွန်မှုတို့ကို ဆန်းစစ်ရန်အတွက် တစ်ဦး သို့မဟုတ် တစ်ဦးထက်ပိုသော လူပုဂ္ဂိုလ်များအပေါ်တွင် ပြုလုပ်သော ဆေးပညာဆိုင်ရာ စူးစမ်းစမ်းသပ်မှုများကို ဆိုလိုသည်၊

(စ) **ကျွမ်းကျင်ပညာရှင်**ဆိုသည်မှာ ဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြုထားသော ဆေးပစ္စည်းကိရိယာဆိုင်ရာ ကျွမ်းကျင်ပညာရှင်ကို ဆိုသည်၊

(ဆ) **ဆေးပညာဆိုင်ရာ စူးစမ်းစမ်းသပ်မှုအတွက် ရည်ရွယ်သော ဆေးပစ္စည်းကိရိယာ(Device intended for Clinical Investigation)** ဆိုသည်မှာ ဆေးပညာဆိုင်ရာ စူးစမ်းစမ်းသပ်မှုများ ပြုလုပ်ရန်အတွက် ကျွမ်းကျင်ပညာရှင်အသုံးပြုရန် ရည်ရွယ်ထုတ်လုပ်ထားသော ဆေးပစ္စည်းကိရိယာကို ဆိုသည်၊

(ဇ) **လူနာ၏လိုအပ်ချက်အရ ပြုလုပ်ဖန်တီးထားသော ဆေးပစ္စည်းကိရိယာ** ဆိုသည်မှာ လူနာတစ်ဦးတစ်ယောက်တွင် သီးသန့်အသုံးပြုရန်ရည်ရွယ်၍ ကျွမ်းကျင်ပညာရှင်၏ အညွှန်းအတိုင်း အတိအကျပုံစံပြုလုပ်ထားသော ဆေးပစ္စည်းကိရိယာကို ဆိုသည်၊

(ဈ) **ဆေးပစ္စည်းကိရိယာထုတ်လုပ်ခြင်း**ဆိုသည်မှာ ကုန်ကြမ်းမှစ၍ ဆေးပစ္စည်းကိရိယာထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့် သို့မဟုတ် အဆင့်တစ်ခုခုဆောင်ရွက်ခြင်း၊ တပ်ဆင်ခြင်း၊ ထုပ်ပိုးခြင်း၊ အမှတ်တံဆိပ်နှင့် အညွှန်းအမှတ်အသားဖော်ပြခြင်းတို့ကို ဆိုသည်၊

(ည) **မူလပိုင်ရှင်**ဆိုသည်မှာ ဆေးပစ္စည်းကိရိယာတစ်ခုခုကို ကိုယ်ပိုင်အမည်နှင့်ဖြစ်စေ ပိုင်ဆိုင်ခွင့်ရရှိထားသော အမှတ်တံဆိပ်နှင့်ဖြစ်စေ ဖြန့်ဖြူးသူကိုသော်လည်းကောင်း၊ ဆေးပစ္စည်းကိရိယာထုတ်လုပ်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်အတွက်တာဝန်ရှိပြီး ယင်းလုပ်ငန်းများကို ကိုယ်တိုင်ဖြစ်စေ ကိုယ်စားဖြစ်စေ ဆောင်ရွက်သူကိုသော်လည်းကောင်း၊ ကုန်ပစ္စည်းတစ်ခုကို မူလအသုံးပြုရန်ရည်ရွယ်ချက်မှ ထပ်မံမွမ်းမံ၍ ဆေးပစ္စည်းကိရိယာအနေဖြင့် အသုံးပြုသူကိုလည်းကောင်း ဆိုသည်၊

(ဋ) **ထုတ်လုပ်သူ**ဆိုသည်မှာ ဆေးပစ္စည်းကိရိယာထုတ်လုပ်ခြင်း လုပ်ငန်းစဉ်အဆင့်ဆင့် သို့မဟုတ် အဆင့်တစ်ခုခုအတွက် တာဝန်ခံဆောင်ရွက်သူကို ဆိုသည်၊

(ဌ) **လုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ်**ဆိုသည်မှာ ဆေးပစ္စည်းကိရိယာဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကိုယ်စားဆောင်ရွက်ရန် မူလပိုင်ရှင်က ဥပဒေနှင့်အညီ လွှဲအပ်ထားသော ပုဂ္ဂိုလ်ကို ဆိုသည်၊

(ဍ) **ဖြန့်ဖြူးရောင်းချသူ**ဆိုသည်မှာ ဆေးပစ္စည်းကိရိယာများ ဖြန့်ဖြူးရောင်းချရန် ကုန်ပစ္စည်း၏ မူလပိုင်ရှင် သို့မဟုတ် လုပ်ပိုင်ခွင့်လွှဲအပ်ခံရသော ကိုယ်စားလှယ်က သတ်မှတ်ခွင့်ပြုထားခြင်းခံရသူကို ဆိုသည်၊

(ဎ) **ထောက်ပံ့ပေးသူ**ဆိုသည်မှာ ဆေးပညာဆိုင်ရာ စူးစမ်းစမ်းသပ်ခြင်း (Clinical Investigation)ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် ကုန်ကျစရိတ်နှင့်တကွ ဖြစ်ပေါ်လာသည့် ကိစ္စအဝဝအတွက် တရားဝင်တာဝန်ခံဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းကိုဆိုသည်၊

(ဏ) **မှတ်ပုံတင်လက်မှတ်**ဆိုသည်မှာ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့ ပြုလုပ်မည့်ဆေးပစ္စည်းကိရိယာ အမျိုးအစားတစ်ခုစီအတွက် ဦးစီးဌာနက ထုတ်ပေးသော အသိအမှတ်ပြုလက်မှတ်ကို ဆိုသည်၊

(တ) **လိုင်စင်**ဆိုသည်မှာ ဆေးပစ္စည်းကိရိယာများ ပြည်တွင်း၌ ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများအတွက် ဦးစီးဌာနက ထုတ်ပေးသော ခွင့်ပြုချက်ကိုဆိုသည်၊

(ထ) **အညွှန်းအမှတ်အသားဖော်ပြခြင်း (Labelling)** ဆိုသည်မှာ ဆေးပစ္စည်းကိရိယာ သို့မဟုတ် ဆေးပစ္စည်းကိရိယာထည့်သောဘူး၊ ပုလင်း၊ ကတ်ပြား၊ ဘူးခွံ သို့မဟုတ် ဆေးပစ္စည်းကိရိယာကိုထုပ်ပိုးထားသည့် ပစ္စည်းတစ်ခုခုပေါ်တွင် သက်ဆိုင်ရာ အချက်အလက်များကို ကုန်အမှတ်တံဆိပ်နှင့်အတူ မြင်သာအောင်ဖော်ပြထားခြင်းကို ဆိုသည်၊

(ဒ) **သုံးစွဲရန်ရည်ရွယ်ချက်**ဆိုသည်မှာ ဆေးပစ္စည်းကိရိယာ၏ အညွှန်းအမှတ်အသားပေါ်တွင်လည်းကောင်း၊ သုံးစွဲပုံလမ်းညွှန်ချက်ပေါ်တွင်လည်းကောင်း၊ ဆေးပစ္စည်းကိရိယာနှင့် သက်ဆိုင်သော ကြော်ငြာပစ္စည်းများပေါ်တွင်လည်းကောင်း မူလထုတ်လုပ်သူက ဖော်ပြထားသော အသုံးပြုရန်ရည်ရွယ်ချက်ကို ဆိုသည်၊

(ဓ) **အရည်အသွေးသတ်မှတ်ချက်**ဆိုသည်မှာ သုံးစွဲသူများအတွက် ဘေးအန္တရာယ်ကင်းရှင်း၍ အကျိုးအာနိသင်ရှိပြီး အရည်အသွေးစစ်မှန်ကောင်းမွန်သည့် ဆေးပစ္စည်းကိရိယာဖြစ်ကြောင်း ဦးစီးဌာနက သတ်မှတ်ခြင်းကို ဆိုသည်၊

(န) **ပုံမှန်တင်ပြသည့်စာတွဲပုံစံ(Common Submission Dossier Template)**ဆိုသည်မှာ ဦးစီးဌာနက သတ်မှတ်ထားသော အခြေခံနည်းပညာနှင့် အရည်အသွေးပိုင်းဆိုင်ရာ သက်သေအထောက်အထား မှတ်တမ်းပုံစံကို ဆိုသည်၊

(ပ) **ပြင်းထန်သောဆိုးကျိုးဖြစ်ရပ် (Serious Adverse Event)**ဆိုသည်မှာ ဆေးပစ္စည်းကိရိယာတစ်ခုကို သုံးစွဲရန်ရည်ရွယ်ချက်နှင့် အညွှန်းအတိုင်း အသုံးပြုစဉ်တွင် အသက်ဆုံးရှုံးစေနိုင်ခြင်း သို့မဟုတ် လူနာနှင့် အသုံးပြုသူတို့၏ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေနိုင်သည့် အောက်ပါအခြေအနေများကိုဆိုသည် –

(၁) အသက်အန္တရာယ် ထိခိုက်စေနိုင်သည်အထိ နာမကျန်းဖြစ်ခြင်း သို့မဟုတ် ထိခိုက်ဒဏ်ရာရရှိခြင်း၊

(၂) ခန္ဓာကိုယ် ဖွဲ့စည်းတည်ဆောက်ပုံကိုသော်လည်းကောင်း၊ လုပ်ငန်းဆောင်ရွက်မှုကိုသော်လည်းကောင်း မူလအခြေအနေအတိုင်း ပြန်မရနိုင်သည်အထိ ထိခိုက်စေခြင်း၊

(၃) အတွင်းလူနာအဖြစ် ဆေးရုံတက်ရောက်ကုသမှုခံယူရသည်အထိဖြစ်စေ၊ ကာလကြာရှည်စွာ ဆေးရုံတက်ရောက်ကုသမှုခံယူရသည်အထိဖြစ်စေ ထိခိုက်ခြင်း၊

(၄) ခန္ဓာကိုယ်ဖွဲ့စည်းတည်ဆောက်ပုံ သို့မဟုတ် လုပ်ငန်းဆောင်ရွက်မှုကို အမြဲထာဝရ ထိခိုက်စေခြင်းမှ ကာကွယ်နိုင်ရန် ဆေးဝါးကုသခြင်းဖြစ်စေ၊ ခွဲစိတ်ကုသခြင်းဖြစ်စေ ခံယူရသည်အထိ ထိခိုက်ခြင်း၊

(၅) သန္ဓေသားအား ထိခိုက်နာကျင်စေခြင်း သို့မဟုတ် အသက်ဆုံးရှုံးစေခြင်း သို့မဟုတ် မွေးရာပါသန္ဓေသား မူမမှန်ချွတ်ယွင်းမှုဖြစ်ပေါ်စေခြင်း။

(ဖ) **အာဏာပိုင်အဖွဲ့**ဆိုသည်မှာ ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရ ဖွဲ့စည်းသော မြန်မာနိုင်ငံဆေးပစ္စည်းကိရိယာဆိုင်ရာ အာဏာပိုင်အဖွဲ့ကို ဆိုသည်၊

(ဗ) **ဝန်ကြီးဌာန**ဆိုသည်မှာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနကို ဆိုသည်၊

(ဘ) **ဦးစီးဌာန**ဆိုသည်မှာ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကို ဆိုသည်။

## အခန်း (၂)
## ရည်ရွယ်ချက်များ

၃။ ဤဥပဒေ၏ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်းဖြစ်သည် –

(က) အရည်အသွေးစစ်မှန်ကောင်းမွန်၍ ဘေးအန္တရာယ်ကင်းရှင်းပြီး အကျိုးအာနိသင်ရှိသော ဆေးပစ္စည်းကိရိယာများကို အများပြည်သူတို့ သုံးစွဲနိုင်စေရန်၊

(ခ) ဆေးပစ္စည်းကိရိယာများကို စနစ်တကျမှတ်ပုံတင်ထားရှိရန်၊

(ဂ) ဆေးပစ္စည်းကိရိယာများ ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်းနှင့် ဖြန့်ဖြူးရောင်းချခြင်းတို့ကို စနစ်တကျကွပ်ကဲ ထိန်းသိမ်းနိုင်ရန်၊

(ဃ) ဒေသတွင်းနိုင်ငံအသီးသီး၏ ဆေးပစ္စည်းကိရိယာ အရည်အသွေး ကွပ်ကဲရေးဆိုင်ရာ စိစစ်မှုနည်းလမ်းများနှင့် ပြဋ္ဌာန်းချက်များကို အပြန်အလှန်အသိအမှတ်ပြုနိုင်ကြရန်၊

(င) လွတ်လပ်သော ကုန်သွယ်မှုဒေသများအတွင်း ကုန်သွယ်ရေးဆိုင်ရာနည်းပညာအတားအဆီးများကို လျှော့ချနိုင်ရန်။

## အခန်း (၃)
## အာဏာပိုင်အဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း

၄။ ပြည်ထောင်စုအစိုးရအဖွဲ့သည် –

(က) ဝန်ကြီးဌာန၏ပြည်ထောင်စုဝန်ကြီးကို ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဦးစီးဌာန၏ ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းမှ ကျွမ်းကျင်ပညာရှင်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်စေလျက် စုစုပေါင်းအဖွဲ့ဝင် ၁၅ ဦးထက်မပိုသည့် အာဏာပိုင်အဖွဲ့ကို ဖွဲ့စည်းရမည်၊

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းရာတွင် လိုအပ်ပါက အဖွဲ့ဝင်များအနက်မှ ဒုတိယဥက္ကဋ္ဌနှင့် တွဲဖက်အတွင်းရေးမှူးတစ်ဦးတို့ကို ထည့်သွင်းဖွဲ့စည်းနိုင်သည်၊

(ဂ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသည့် အာဏာပိုင်အဖွဲ့ကို လိုအပ်ပါက ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၅။ အာဏာပိုင်အဖွဲ့၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်–

(က) ဆေးပစ္စည်းကိရိယာများကို ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းတို့နှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ခ) ဆေးပစ္စည်းကိရိယာများကို ပြည်တွင်း၌ထုတ်လုပ်ခြင်း၊ ပြည်တွင်းသို့ တင်သွင်းခြင်း၊ ပြည်ပသို့တင်ပို့ခြင်း၊ သိုလှောင်ခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းပြုလုပ်လိုသူကို လိုင်စင်ချပေးခြင်းနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ဂ) ဆေးပစ္စည်းကိရိယာများကို မှတ်ပုံတင်ခွင့်ပြုခြင်း၊ မှတ်တမ်းတင်ခြင်း၊ ငြင်းပယ်ခြင်း၊ ယာယီပိတ်သိမ်းခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ဃ) ဆေးပစ္စည်းကိရိယာများ ဓာတ်ခွဲစစ်ဆေးခြင်း၊ စမ်းသပ်စစ်ဆေးခြင်းများနှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(င) ဆေးပစ္စည်းကိရိယာများ၏ ဘေးအန္တရာယ်ကင်းရှင်းမှုနှင့် အရည်အသွေးအာမခံနိုင်ရန်အလို့ငှာ ကောင်းမွန်သောကျင့်စဉ်များ သတ်မှတ်ခြင်းနှင့် အသေးစိတ်အချက်အလက်များ သတ်မှတ်ခြင်းတို့နှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(စ) ဆေးပစ္စည်းကိရိယာ၏ အညွှန်းအမှတ်အသားဖော်ပြခြင်း၊ ကြော်ငြာခြင်းတို့နှင့်စပ်လျဉ်း၍ မူဝါဒချမှတ်ခြင်း၊

(ဆ) ကျွမ်းကျင်မှုဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကော်မတီများ ဖွဲ့စည်းခြင်း၊ ယင်းကော်မတီများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊

(ဇ) လိုအပ်ပါက ဆေးပစ္စည်းကိရိယာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ကြီးကြပ်နိုင်ရန် ဗဟိုဆေးပစ္စည်းကိရိယာ ကြီးကြပ်ကွပ်ကဲရေးကော်မတီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ဆေးပစ္စည်းကိရိယာ ကြီးကြပ်ကွပ်ကဲရေးကော်မတီတို့ကို ဖွဲ့စည်းခြင်းနှင့် ယင်းတို့၏ လုပ်ငန်းတာဝန်များသတ်မှတ်ခြင်း။

၆။ အာဏာပိုင်အဖွဲ့သည် မိမိ၏လုပ်ငန်းတာဝန်များကို အဖွဲ့အစည်းတစ်ရပ်ရပ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

*(ဆက်လက်ဖော်ပြပါမည်)*

# အိန္ဒိယဝန်ကြီးချုပ် မိုဒီနှင့် ဘီလျံနာ ဘီလ်ဂိတ်တို့ ကိုဗစ်-၁၉ ကပ်ရောဂါအရေး ဆွေးနွေး



**နယူးဒေလီ မေ ၁၅**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီနှင့် ပရဟိတလုပ်ငန်းဆောင်ရွက်သူ ဘီလ်ဂိတ်တို့သည် ယမန်နေ့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကမ္ဘာ့နိုင်ငံများ၏တုံ့ပြန်မှုနှင့် အဆိုပါကပ်ရောဂါတိုက်ဖျက်ရေးဆိုင်ရာ သိပ္ပံနည်းကျ တီထွင်မှုနှင့် သုတေသနတွင် ကမ္ဘာလုံးဆိုင်ရာ ညှိနှိုင်းဆောင်ရွက်မှု၏ အရေးပါမှုကို ဆွေးနွေးခဲ့ကြသည်။

ဗီဒီယိုကွန်ဖရင့်တစ်ခုအတွင်း ဘီလ်နှင့် မယ်လင်ဒါ ဂိတ်ဖောင်ဒေးရှင်း၏ ပူးတွဲဥက္ကဋ္ဌ ဘီလ်ဂိတ်နှင့် ဝန်ကြီးချုပ် နာရန်ဒရာမိုဒီတို့က ကမ္ဘာ့နိုင်ငံများ၏ ကပ်ရောဂါတိုက်ဖျက်ရေး ကြိုးပမ်းမှုများတွင် အိန္ဒိယနိုင်ငံ၏ စိတ်အားထက်သန်မှုနှင့် စွမ်းဆောင်ရည်ကို သဘောတူညီခဲ့ကြသည်။ ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါတုံ့ပြန်ရာတွင် ညှိနှိုင်းဆောင်ရွက်ရန် ကမ္ဘာလုံးဆိုင်ရာ ဆွေးနွေးမှုများတွင် အိန္ဒိယနိုင်ငံကို ထည့်သွင်းမှုက အရေးကြီးခဲ့သည်။ ကျန်းမာရေးအကျပ်အတည်း ဖြေရှင်းရာတွင် အိန္ဒိယနိုင်ငံက ချမှတ်ခဲ့သည့် သတိရှိသော ချဉ်းကပ်နည်းကို မိုဒီက မီးမောင်းထိုးပြခဲ့သည်။

"ဘီလ်ဂိတ်နဲ့ ဗီဒီယိုကွန်ဖရင့် ပြုလုပ်ခဲ့ပါတယ်။ အိန္ဒိယနိုင်ငံရဲ့ ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေး ကြိုးပမ်းမှုတွေ၊ ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးမှာ ဘီလ်ဂိတ်ဖောင်ဒေးရှင်းရဲ့ ဆောင်ရွက်ချက်၊ နည်းပညာနဲ့တီထွင်မှုအခန်းကဏ္ဍနဲ့ ကပ်ရောဂါကုသမယ့် ကာကွယ်ဆေးထုတ်လုပ်ရေး အစရှိတဲ့ကိစ္စရပ်တွေ ကျွန်တော်တို့ ဆွေးနွေးခဲ့ပါတယ်" ဟု မိုဒီက တွစ်တာ၌ ရေးသားခဲ့သည်။

**ကိုးကား-တိုင်းမ်အော့ဖ်အိန္ဒိယ၊ ဘာသာပြန်-ကျော်ထိုက်စိုး**



# ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အကြီးအကဲ ဩဂုတ်လကုန်တွင် ရာထူး စွန့်လွှတ်မည်

**ဂျီနီဗာ မေ ၁၅**

ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ရောဘတ်တိုအေဇီဗီဒိုသည် ၎င်း၏ ရာထူးသက်တမ်းမကုန်ဆုံးမီ ယခုနှစ်ဩဂုတ်လကုန်ပိုင်းတွင် ရာထူးကို စွန့်လွှတ်တော့မည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

"အခုနှစ်ဩဂုတ်လဆိုရင် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့တာ ခုနစ်နှစ်ပြည့်တော့မှာဖြစ်တဲ့အတွက် ကျွန်တော့်ရဲ့ ဒုတိယသက်တမ်းကို တစ်နှစ်စောပြီး ၂၀၂၀ ပြည့်နှစ် ဩဂုတ် ၃၁ ရက်မှာ ရာထူးကို စွန့်လွှတ်တော့မှာဖြစ်ပါတယ်"ဟု ရောဘတ်တိုအေဇီဗီဒိုက ယမန်နေ့ ထုတ်ပြန်သော ကြေညာချက်တစ်စောင်တွင် ပြောကြားထားသည်။

ရာထူးကို စွန့်လွှတ်မည့် ဆုံးဖြတ်ချက်နောက်ကွယ်တွင် မည်သည့်နိုင်ငံရေး အခွင့်အလမ်းသို့မဟုတ် မည်သည့်ကျန်းမာရေးနှင့် ဆက်နွှယ်သည့်အကြောင်းပြချက်မျှ မရှိကြောင်း ငြင်းဆိုလျက် မိသားစုနှင့် ကာလရှည်ကြာဆွေးနွေးမှုတွေပြုလုပ်ကာ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်းနှင့် လေးလေးနက်နက် စဉ်းစားကာ ချမှတ်ခဲ့သည့် ဆုံးဖြတ်ချက်ဖြစ်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

မိမိအနေဖြင့် သင့်လျော်သည့်အဖွဲ့အစည်းများနှင့် နီးကပ်စွာ ချိတ်ဆက်ဆောင်ရွက်မှုများကို ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် လာမည့်ညွှန်ကြားရေးမှူးချုပ် ရွေးချယ်ရေးလုပ်ငန်းစဉ်ကိုလည်း လျင်မြန်စွာဆောင်ရွက်နိုင်ရေး ကြိုးပမ်းလုပ်ဆောင်ရန် တိုက်တွန်းပါကြောင်း အေဇီဗီဒိုက ပြောကြားခဲ့သည်။

အေဇီဗီဒိုသည် ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ခြောက်ဦးမြောက်ညွှန်ကြားရေးမှူးချုပ်ဖြစ်ပြီး ၂၀၁၃ ခုနှစ် စက်တင်ဘာ ၁ ရက်တွင် ညွှန်ကြားရေးမှူးချုပ်ဖြစ်လာခဲ့ခြင်းဖြစ်သည်။ ယင်းအချိန်က လေးနှစ်သက်တမ်းရှိ ညွှန်ကြားရေးမှူးချုပ်ရာထူးကို စတင်တာဝန်ယူခဲ့ရပြီး သက်တမ်းကုန်ချိန်တွင် ဒုတိယသက်တမ်းအတွက် ပြန်လည်အရွေးခံခဲ့ရခြင်းဖြစ်သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့စီးပွားရေး ၉ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းနိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြား

**မနီလာ မေ ၁၅**

ကိုရိုနာဗိုင်းရပ်စ် ကမ္ဘာ့ကပ်ရောဂါသည် ကမ္ဘာ့စီးပွားရေးကို ၉ ဒသမ ၇ ရာခိုင်နှုန်းအထိ ကျဆင်းစေနိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်(ADB) က သောကြာနေ့က ပြောကြားသည်။ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ကမ္ဘာ့ကုန်သွယ်ရေး ရပ်တန့်နေပြီး လူပေါင်းသန်းချီ၍ အလုပ်လက်မဲ့ ဖြစ်ရခြင်းကြောင့် အာရှ ဖွံ့ဖြိုးရေးဘဏ်က ၎င်း၏ ယခင်ခန့်မှန်းချက်ကို နှစ်ဆမြှင့်တင်လိုက်ခြင်းဖြစ်သည်။

အဆိုပါ ခန့်မှန်းချက်အရ ဒေါ်လာ ၈ ဒသမ ၈ ထရီလီယံ အထိ ဆုံးရှုံးမှုဖြစ်ပေါ်စေနိုင်ကြောင်း၊ သို့သော်လည်း အစိုးရများ၏ ကြားဝင်ဆောင်ရွက်မှုများက ကိုရိုနာဗိုင်းရပ်စ် ပြဿနာကြောင့် ပေါ်ပေါက်သည့် ဆုံးရှုံးမှုများကို ကာမိစေနိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားသည်။

ကိုရိုနာဗိုင်းရပ်စ်ကြောင့် အလုပ်အကိုင်နေရာ ၂၄၂ သန်း အထိ ဆုံးရှုံးနိုင်သဖြင့် လွန်ခဲ့သည့် ဆယ်စုနှစ်က ကမ္ဘာ့ဘဏ္ဍာရေး အကျပ်အတည်းကာလအတွင်း ဖြစ်ပေါ်ခဲ့သည့် အလုပ်အကိုင်ဆုံးရှုံးမှုထက် ခုနစ်ဆ မြင့်မားနိုင်သည်။ အလုပ်သမားဝင်ငွေ ဆုံးရှုံးမှုသည် ၁ ဒသမ ၈ ထရီလီယံအထိ ရှိနိုင်သည်။

တရားဝင်သတင်းအရင်းအမြစ်များကို အခြေခံ၍ စုစည်းထားသည့် အေအက်ဖ်ပီ သတင်းဌာန၏ စာရင်းအရ ကမ္ဘာတစ်ဝန်း၌ ကိုရိုနာဗိုင်းရပ်စ်ကြောင့် သေဆုံးသူဦးရေ ၃၀၀၁၄၀ ရှိပြီဖြစ်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ကိုရိုနာဗိုင်းရပ်စ်သည် လူမှုအဖွဲ့အစည်းများအကြား အပြောင်းအလဲ ဖြစ်ပေါ်လာနိုင်ကြောင်းနှင့် လူများကလည်း ၎င်းဗိုင်းရပ်စ်ရောဂါဖြစ်ပွားနေစဉ် မည်သို့နေထိုင်ရမည်ကို သင်ယူဖို့လိုမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

နိုင်ငံနှင့် ဒေသပေါင်း ၁၉၆ ခုတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေ ၄ ဒသမ ၄ သန်းကျော်ရှိသည်ဟု တရားဝင်မှတ်တမ်းရှိသည်။ အမေရိကန်နိုင်ငံတွင် ဗိုင်းရပ်စ်ကြောင့် သေဆုံးသူ ၈၅၉၀၆ ဦးရှိရာ ကမ္ဘာပေါ်တွင် သေဆုံးမှု အများဆုံးဖြစ်သည်။

စီးပွားရေး ဆုံးရှုံးမှုများကို ရပ်တန့်ရန်အတွက် အစိုးရများက အလုပ်အကိုင်များတည်မြဲစေရန် လစာငွေများထောက်ပံ့ခြင်း၊ အခွန်ကောက်ခံမှု ရပ်ဆိုင်းခြင်းစသည့် စီးပွားရေး အကူအညီအမျိုးမျိုးကို ကြေညာခဲ့ကြသည်။ ယင်းစီးပွားရေး အကူအညီများသည် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ စီးပွားရေးအပေါ် ဆိုးရွားသည့် အကျိုးသက်ရောက်မှုအချို့ကို ချေဖျက်နိုင်ကြောင်း အာရှဖွံ့ဖြိုးရေးဘဏ်က ပြောကြားသည်။

**ကိုးကား- အေအက်ဖ်ပီ**
**ဘာသာပြန် - အောင်ဇော်လင်း**




# ဗီယက်နမ် ဆောက်လုပ်ရေးလုပ်ကွက်၌ မတော်တဆမှုဖြစ်ပွား၊ ၁၀ ဦးသေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိ



**ဟိုချီမင်းစီးတီး မေ ၁၅**

ဗီယက်နမ်နိုင်ငံတောင်ဘက် ဒေါင်နိုင်းပြည်နယ်ရှိ ဆောက်လုပ်ရေးလုပ်ကွက်တစ်ခုတွင် ယမန်နေ့က မတော်တဆမှုတစ်ခုဖြစ်ပွားခဲ့ရာ လူ ၁၀ ဦး သေဆုံးပြီး ၁၅ ဦးဒဏ်ရာရရှိခဲ့ကြောင်း ဗီယက်နမ် သတင်းအေဂျင်စီက ဖော်ပြသည်။

အဆိုပါ မတော်တဆမှုသည် ဒေါင်နိုင်းပြည်နယ်အခြေစိုက် တောင်ကိုရီးယားကုမ္ပဏီပိုင် စက်ရုံတစ်ရုံ၏ အရှေ့ဘက်ခြမ်းတွင် အလုပ်သမားများ အလုပ်လုပ်နေကြစဉ် ယမန်နေ့ ဒေသစံတော်ချိန် မွန်းလွဲ ၃ နာရီခန့်က ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

အဆောက်အအုံ၏ နံရံနှင့် ငြမ်းများပြိုကျမှုကြောင့် စက်ရုံရှေ့တွင် အလုပ်လုပ်နေကြသော အလုပ်သမားများကို တန်ချိန်ထောင်နှင့်ချီသောကွန်ကရစ်၊ ကျောက်ခဲနှင့် ငြမ်းများက ပြိုကျဖုံးအုပ်သွားခဲ့သဖြင့် လူရှစ်ဦးသည် အခင်းဖြစ်ပွားသည့် နေရာ၌ သေဆုံးကာ ကျန်နှစ်ဦးသည် ဆေးဝါးကုသမှုခံယူရန် ဆေးရုံသို့ ပို့ဆောင်ခဲ့ပြီးနောက် ဆေးရုံတွင် သေဆုံးခဲ့ကြောင်း ဗီယက်နမ်သတင်းအေဂျင်စီက ဖော်ပြထားသည်။

ထို့အပြင် အဆောက်အအုံ နံရံပြိုကျမှုကြောင့် လူ ၁၅ ဦးသည်လည်း ထိခိုက်ဒဏ်ရာ ရရှိခဲ့ကြောင်း သတင်းအေဂျင်စီက ထပ်မံဖော်ပြထားသည်။ တာဝန်ရှိသူများသည် မတော်တဆမှု ဖြစ်ပွားသည့်နေရာတွင် ကူညီရှာဖွေရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဇေ့ဂျတီ**

# အွန်လိုင်းပညာသင်ကြားရေးစနစ်ကို အားဖြည့်လုပ်ဆောင်မည်ဟု တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်း ကတိပြု

**ဆိုးလ် မေ ၁၅**

ကိုရိုနာဗိုင်းရပ်စ် ပျံ့နှံ့မှုဖြစ်ပွားနေစဉ် ကျောင်းသူ ကျောင်းသားများကို အွန်လိုင်းမှတစ်ဆင့် သင်ကြားပေးနေသည့် နိုင်ငံတစ်ဝန်းရှိ ဆရာ ဆရာမများကို ထောက်ပံ့မှုများပေးအပ်မည်ဟု တောင်ကိုရီးယားသမ္မတ မွန်ဂျေအင်းက ယနေ့ကတိပြုလိုက်သည်။

လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်ပြီး နောက် ကူးစက်မှုအကျပ်အတည်း နောက်တစ်ကြိမ်ဖြစ်ပွားနိုင်ကြောင်း ဆရာများနေ့အခမ်းအနား သဝဏ်လွှာအတွင်း မွန်ဂျေအင်းက ထောက်ပြခဲ့သည်။ အစိုးရက အွန်လိုင်းပညာသင်ကြားရေးစနစ်နှင့် ပြန်ကြားရေး-ဆက်သွယ်မှု အခြေခံအဆောက်အအုံဖွံ့ဖြိုးအောင် လုပ်ဆောင်မည်ဟု ၎င်းက လူမှုမီဒီယာ၌ ရေးသားခဲ့သည်။

နည်းပညာအသုံးပြုကာ အွန်လိုင်းပညာသင်ကြားရေးဆောင်ရွက်ရန်နှင့် ဆရာ ဆရာမများ၏ စီမံခန့်ခွဲရေး အလုပ်လျှော့ချမည့်နည်းလမ်းများရှာဖွေရန် နိုင်ငံတစ်ဝန်းရှိ စာသင်ကျောင်းများကို အစိုးရက ထောက်ကူမည်ဟု ၎င်းက ဆိုသည်။ တောင်ကိုရီးယားနိုင်ငံ၏ ဒီမိုကရေစီနှင့် စီးပွားရေး မြန်မြန်ဆန်ဆန်ဖွံ့ဖြိုးတိုးတက်မှုက ဆရာ ဆရာများနှင့် ကျောင်းသူ ကျောင်းသားများအားလုံး အတူတကွ လုပ်ဆောင်ခဲ့သည့် အောင်မြင်မှုတစ်ခုဖြစ်ကြောင်း မွန်ဂျေအင်းက ပြောသည်။

တောင်ကိုရီးယားနိုင်ငံတွင် သန်းချီသော မူလတန်းနှင့် အလယ်တန်း ကျောင်းသူ ကျောင်းသားများသည် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေစဉ် စာသင်ကျောင်းများ ပိတ်ထားရခြင်းကြောင့် အွန်လိုင်းမှတစ်ဆင့် ပညာသင်ယူနေကြရသည်။ **ကိုးကား-ယွန်ဟပ်၊ ဘာသာပြန်-ကျော်ထိုက်စိုး**





## ကိုဗစ်-၁၉ ရောဂါ ကိုင်တွယ်ဖြေရှင်းရေးအတွက် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် အာဆီယံဆွေးနွေး

**ဟန္နိုင်း မေ ၁၅**

အာဆီယံကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများသည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့် ကိုဗစ်-၁၉ ရောဂါ အလွန် ဒေသတွင်း ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအတွက် ဆွေးနွေးရန် အစည်းအဝေးတစ်ရပ်ကို ဗီဒီယိုကွန်ဖရင့်ပုံစံဖြင့် ယနေ့ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ အစည်းအဝေးတွင် ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် ဗီယက်နမ်နိုင်ငံ၏ အာဆီယံကာကွယ်ရေးဆိုင်ရာ အဆင့်မြင့်အရာရှိများ၏ အစည်းအဝေးဆိုင်ရာ အကြီးအကဲဖြစ်သူ ငုယင်ချီဗင့်က သဘာပတိအဖြစ် တာဝန်ယူဆောင်ရွက်ခဲ့သည်။ အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကာကွယ်ရေးကိုယ်စားလှယ်များသည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနယ်ပယ်၌ ဒေသအတွင်း ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့အပြင် ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ အာဆီယံကာကွယ်ရေးတပ်ဖွဲ့၏ အတွေ့အကြုံများနှင့် ကိုဗစ်-၁၉ ရောဂါ တုံ့ပြန်ရေးဆိုင်ရာ အနာဂတ်ပူးပေါင်းဆောင်ရွက်ရေးနှင့်ပတ်သက်၍ အမြင်ချင်းဖလှယ်ခဲ့ကြကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါသည် ကမ္ဘာတစ်ဝန်းလုံးအတွက် ကြီးမားသော အကျပ်အတည်းတစ်ခု ဖြစ်လာစေပြီး အာဆီယံနိုင်ငံများကို ဆိုးရွားစွာ ထိခိုက်သွားသကဲ့သို့ ၂၀၂၀ ပြည့်နှစ်အတွင်း အာဆီယံအဖွဲ့၏ လုပ်ဆောင်ရမည့် အစီအစဉ်များကိုလည်း ဆိုးရွားစွာ ထိခိုက်သွားကြောင်း၊ ဒေသတွင်း ကိုဗစ်-၁၉ ကပ်ရောဂါ ကူးစက်ပျံ့နှံ့နေသော်ငြားလည်း အာဆီယံနိုင်ငံများအကြား ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုသည် ပို၍ ခိုင်မာတောင့်တင်းလာမည် ဖြစ်ကြောင်း ငုယင်ချီဗင့်က အစည်းအဝေးတွင် ထည့်သွင်းပြောကြားခဲ့သည်။

တစ်ဆက်တည်းမှာပင် ငုယင်ချီဗင့်က ဗီယက်နမ်ကာကွယ်ရေးဝန်ကြီးဌာနသည် လက်ရှိဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကိုင်တွယ်ဖြေရှင်းရေးဆိုင်ရာ အတွေ့အကြုံဖလှယ်ရေးနှင့် တစ်နိုင်ငံနှင့်တစ်နိုင်ငံ ထောက်ခံမှု တိုးမြှင့်ရေးအတွက် ကမ္ဘောဒီးယား၊ တရုတ်၊ ကျူးဘား၊ လာအိုနှင့် ရုရှားစသည့် နိုင်ငံအများအပြားနှင့် ပူးပေါင်း ဆောင်ရွက်ထားကြောင်း ဗီယက်နမ် ကာကွယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

အာဆီယံ ကာကွယ်ရေးဝန်ကြီးများသည် ယခုနှစ် ဖေဖော်ဝါရီလက ဗီယက်နမ်နိုင်ငံမြို့တော် ဟန္နိုင်းမြို့တွင် တွေ့ဆုံခဲ့ကြပြီး ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**

## ကာဇက်စတန်နိုင်ငံရှိ ထိပ်တန်းရေနံမြေ၌ အလုပ်သမား ၄၀၀ ကျော် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရ

**နူ-စူလ်တန် မေ ၁၅**

ကာဇက်စတန်နိုင်ငံရှိ ထိပ်တန်းရေနံမြေတစ်ခုတွင် အလုပ်သမား ၄၀၀ ကျော် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရကြောင်း ကျန်းမာရေးတာဝန်ရှိသူများက ယနေ့တွင် ပြောကြားသည်။ အတီရောဒေသရှိ တာဝန်ရှိသူများ၏အဆိုအရ တန်ဂစ်ရေနံမြေ၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူဦးရေသည် မေ ၁၄ ရက်က ၁၇ ဦးရှိခဲ့ရာမှ ယနေ့တွင် ၄၀၁ ဦးအထိ မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

၎င်းအလုပ်သမားများကို ဆေးကုသပေးလျက်ရှိပြီး ၎င်းတို့နှင့် ထိတွေ့ခဲ့သူများကို ခြေရာခံရှာဖွေနေကြောင်း တာဝန်ရှိသူများက ပြောသည်။ သို့သော်လည်း ကျန်းမာရေးဝန်ကြီး ယယ်လ်ဇန် ဘီယာတာနော့က အဆိုပါရေနံမြေရှိ အသွားအလာကန့်သတ်စောင့်ကြည့်မှု အစီအမံများကို မေ ၁၄ ရက်က ဝေဖန်ပြောကြားခဲ့သည်။

အလုပ်သမားများ၏ အိပ်ဆောင်များနှင့် စားသောက်ဆိုင်များတွင် လူအများအသုံးပြုသည့် စကြံလမ်းများရှိပြီး သီးသန့်ထားရှိခြင်းမရှိကြောင်း ဝန်ကြီးက ဒေသန္တရမီဒီယာတစ်ခုကို ပြောကြားခဲ့သည်။ အလုပ်ခွင်အတွင်းနှင့် နားနေချိန်၌ပါ အလုပ်သမားများသည် တစ်ဦးနှင့်တစ်ဦး ဆက်ဆံပြောဆိုနေကြသဖြင့် ဗိုင်းရပ်စ်ကူးစက်မှုကို ရပ်တန့်အောင် လုပ်ဆောင်ဖို့ခက်ခဲကြောင်း ဝန်ကြီးက ပြောသည်။

ကိုရိုနာဗိုင်းရပ်စ် ကူးစက်မှုမြန်ဆန်သည်ကို စိုးရိမ်ကြောင့်ကြ၍ ပြီးခဲ့သည့်လက အလုပ်သမား ၅၀၀ သည် အလုပ်သို့သွားရန် ငြင်းဆန်ခဲ့ကြသည်။ ခန့်မှန်းခြေ အလုပ်သမား ၁၇၀၀၀ ကို ယခုအခါ ၎င်းရေနံမြေမှ ဘေးကင်းရာသို့ ပြောင်းရွှေ့ပေးခဲ့ပြီးဖြစ်သည်။ ၎င်းရေနံမြေကို ချပ်ဗရွန်ကော်ပိုရေးရှင်းက ၅၀ ရာခိုင်နှုန်း ပိုင်ဆိုင်သည်။

သို့သော် ၎င်းရေနံမြေတွင် ရေနံထုတ်လုပ်မှုအပါအဝင် အဓိကလုပ်ငန်းများကိုလည်း ဆက်လက်လုပ်ဆောင်လျက်ရှိသည်။ ၎င်းရေနံမြေမှ ၂၀၁၉ ခုနှစ်တွင် ရေနံတန်ချိန် ၂၉ ဒသမ ၈ သန်း ထုတ်လုပ်ခဲ့ရာ ကာဇက်စတန်နိုင်ငံ စုစုပေါင်း ရေနံထုတ်လုပ်မှု၏ သုံးပုံတစ်ပုံပမာဏရှိသည်။

ကာဇက်စတန်နိုင်ငံက နိုင်ငံတစ်ဝန်း ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၅၆၈၉ ဦးနှင့် သေဆုံးသူပေါင်း ၃၄ ဦးရှိကြောင်း ထုတ်ပြန်ထားသည်။

**ကိုးကား - အေအက်ဖ်ပီ၊ ဘာသာပြန်-အောင်ဇော်လင်း**



## အာဖရိကတိုက်မှ နိုင်ငံပေါင်း ၅၄ နိုင်ငံစလုံး၌ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့

**မာဆီရူ (လီဆိုသို) မေ ၁၅**

လီဆိုသိုနိုင်ငံတွင် ပထမဆုံး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားကြောင်း သတင်းများထွက်ပေါ်လာပြီးနောက်တွင် အာဖရိကတိုက်ရှိ နိုင်ငံပေါင်း ၅၄ နိုင်ငံစလုံး



တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပျံ့နှံ့မှုဖြစ်ပွားခဲ့ပြီဖြစ်ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

အာဖရိကတိုက်တွင် ပထမဆုံးသော ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ဖြစ်ပွားမှုမှာ အီဂျစ်နိုင်ငံတွင် ယခုနှစ်ဖေဖော်ဝါရီလအတွင်းက စတင်ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

### ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၃၁၇၆ ဦးရှိ

အာဖရိကသမဂ္ဂ(အေယူ)၏ ထုတ်ပြန်ချက်အရ လတ်တလောတွင် အာဖရိကတစ်တိုက်လုံး၌ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူ ၇၃၁၇၆ ဦးနှင့် သေဆုံးရသူ ၂၄၉၆ ဦးကြောင်း သိရသည်။

အိမ်နီးချင်း တောင်အာဖရိကနိုင်ငံမှ လီဆိုသိုနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသူများကို မေ ၁၃ ရက်တွင် စမ်းသပ် စစ်ဆေးခဲ့ရာ၌ လူတစ်ဦးတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရကြောင်း တွေ့ရှိခဲ့ရသည်။

လီဆိုသိုဘုရင့်နိုင်ငံသည် အာဖရိကတိုက်တောင်ပိုင်းတွင် တည်ရှိပြီး ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုအား နောက်ဆုံးအတည်ပြုနိုင်ခဲ့သည့် နိုင်ငံဖြစ်သည်။

အာဖရိကတိုက်မှ ဆာဟာရဒေသခွဲဒေသ၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်မှာ ခိုင်မာကောင်းမွန်မှုမရှိဘဲ ယင်းဒေသတွင်းနေထိုင်သူ အများအပြားတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုတိုက်ဖျက်ရေးအတွက် လုံလောက်ပြည့်စုံသော ရောဂါကာကွယ်ရေးဆိုင်ရာ အထောက်အကူပြုပစ္စည်းများ မရှိပေ။ ယင်းဒေသတွင်းရှိ အချို့ဒေသများတွင် ဗိုင်းရပ်စ်ပိုး တားဆီးကာကွယ်ရေး လက်များသန့်စင်ဆေးကြောရန် လုံလောက်သောရေပမာဏရရှိရေးအတွက်ကိုပင် အရေးကြီးသော ပြဿနာအဖြစ် ရင်ဆိုင်ကြုံတွေ့နေရသည်။

### လူ ၁၉၀၀၀၀ အထိ သေဆုံးဖွယ်ရှိ

ယခုနှစ် နှစ်ဦးပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ် ကာကွယ်ရေးလုပ်ငန်းများအား ပြည့်စုံလုံလောက်စွာ မလုပ်ဆောင်နိုင်ပါက အာဖရိကတိုက်တွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားမှုကြောင့် လူ ၁၉၀၀၀၀ အထိ သေဆုံးရဖွယ်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အာဖရိကဒေသညွှန်ကြားရေးမှူးက မေလအစောပိုင်းတွင် ပြောကြားခဲ့ပြီး အာဖရိကတိုက်အတွင်းရှိ နိုင်ငံအစိုးရများအနေဖြင့် ဗိုင်းရပ်စ် ကာကွယ်တားဆီးရေးလုပ်ငန်းများကို အလျင်အမြန် လုပ်ဆောင်သင့်ကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - ဇော်ဝင်း**

# ကိုရိုနာဗိုင်းရပ်စ်၏ ဒုတိယနှင့် တတိယလှိုင်းများအတွက် ပြင်ဆင်ထားကြရန် ရှင်ဇိုအာဘေး ပြောကြား



**တိုကျို မေ ၁၅**

ဂျပန်နိုင်ငံရှိ မြို့ ၃၉ မြို့တွင် ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အရေးပေါ်အခြေအနေ ကြေညာမှုရုပ်သိမ်းခဲ့ပြီးနောက် ပိုမိုတိကျသေချာသော နည်းလမ်းများဖြင့် ကိုရိုနာဗိုင်းရပ်စ် ပြန့်ပွားမှုကို ကာကွယ်ရန် ဝန်ကြီးချုပ် ရှင်ဇိုအာဘေးက ထပ်မံတိုက်တွန်းခဲ့သည်။

ထိုတိုက်တွန်းချက်ကို ဒိုင်ယက်လွှတ်တော် အစည်းအဝေးတွင် အာဘေးက ပြောကြားခဲ့ခြင်းဖြစ်သည်။ ဂျပန်နိုင်ငံအနေဖြင့် အချိန်ကြာမြင့်မည့် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရာတွင် အစွမ်းထက်သော ကုထုံးများနှင့် ဆေးဝါးများ ဖွံ့ဖြိုးပေါ်ပေါက်လာသည်အထိ ပြင်ဆင်ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ကိုရိုနာဗိုင်းရပ်စ်သည် ယခုအချိန်အထိ ပြည်သူများအား အနှောင့်အယှက်ပေးနေဆဲပင်ဖြစ်ကြောင်း ပြောကြားသည်။

ပြည်သူများအနေဖြင့် ကိုရိုနာဗိုင်းရပ်စ်၏ ဒုတိယနှင့် တတိယလှိုင်းများအတွက် ပြင်ဆင်ထားကြရန် အာဘေးက ပြောကြားခဲ့သည်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ ဆက်လက်မြင့်တက်မည်ဆိုပါက ထိုကဲ့သို့ မြင့်တက်လာမည့်ဒေသများတွင် အရေးပေါ်အခြေအနေကို ထပ်မံကြေညာရမည်ဟု အာဘေးက ပြောကြားသည်။

ပြည်သူများအနေဖြင့် ခပ်ခွာခွာနေထိုင်ခြင်းနှင့် စက်မှုလုပ်ငန်းများအတွက် သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာဆောင်ရွက်ရန်လိုအပ်ကြောင်း အာဘေးက ပြောကြားသည်။ နိုင်ငံ၏ ကိုရိုနာဗိုင်းရပ်စ်ရောဂါစမ်းသပ်စစ်ဆေးသော နည်းစနစ်များနှင့် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို မြှင့်တင်မည်ဟု အာဘေးကပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-စိုးသူရ**



# ဗိုင်းရပ်စ်ပိုးကင်းကာ ပြန်လည်ကျန်းမာခဲ့သည့် ရုရှားအဘွားအို အသက်(၁၀၀)ပြည့် မွေးနေ့တွင် ဆေးရုံမှ ဆင်းခွင့်ရ

**မော်စကို မေ ၁၅**

ကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသည့် ရုရှားလူမျိုး အဘွားအိုတစ်ဦးသည် ဗိုင်းရပ်စ်ပိုးကူးစက်မှုမှ အပြည့်အဝ ပြန်လည် ကျန်းမာလာခြင်းကြောင့် ၎င်း၏ အသက်(၁၀၀)ပြည့် မွေးနေ့တွင် ဆေးရုံမှ ပြန်လည်ဆင်းခွင့်ရရှိခဲ့သဖြင့် ရုရှားပြည်သူများက ကောင်းချီးသြဘာပေးခဲ့ကြောင်း အင်န်အိတ်ချ်ကေ သတင်းတွင် ဖော်ပြသည်။

ပြန်လည်ကျန်းမာလာ၍ မော်စကိုဆေးရုံမှ မေ ၁၃ ရက်တွင် ဆင်းခဲ့သည့် ရုရှားအဘွားအိုကို ကျန်းမာရေးဝန်ထမ်းများက အနီရောင် နှင်းဆီပန်းစည်းကိုပေးအပ်ခဲ့ပြီး ဂုဏ်ပြုနှုတ်ဆက်ခဲ့ကြသည်။ အဘွားအိုသည် လက်တွန်း လှည်းတစ်စီးတွင် ထိုင်လိုက်ကာ ဆေးရုံးမှ ထွက်ခွာသွားခဲ့သည်။ အဘွားအို၏ ကျန်းမာရေးအခြေအနေယိုယွင်းမှု မဆိုးရွားမီတွင် ဆေးရုံတက်ကုသမှု ခံယူခဲ့ခြင်းသည် ၎င်းအတွက် ကံကောင်းမှုဖြစ်ကြောင်း ဆရာဝန်တစ်ဦးက ပြောကြားခဲ့သည်။

ရုရှားနိုင်ငံတွင် ကိုရိုနာဗိုင်းရပ်စ် ကူးစက်ဖြစ်ပွားနေသူဦးရေ ၂၄၀၀၀၀ ကျော်အထိရှိနေစဉ် ၎င်းအဘွားအို ရောဂါပျောက်ကင်း၍ ဆေးရုံမှ ဆင်းသွားခြင်းသည် သစ်လွင်တောက်ပသော သတင်းတစ်ပုဒ်ဖြစ်ခဲ့သည်။ ရုရှားနိုင်ငံသည် အမေရိကန်ပြည်ထောင်စုပြီးလျှင် ကိုရိုနာဗိုင်းရပ်စ်ပိုး ကူးစက်ခံရသူဦးရေ ဒုတိယအများဆုံးဖြစ်သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-ဇော်ဝင်း**

# ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ တူရကီသမ္မတနှင့် နေတိုးအတွင်းရေးမှူးချုပ်တို့ ဖုန်းဖြင့်ဆွေးနွေး

**အစ္စတန်ဘူလ် မေ ၁၅**

တူရကီသမ္မတ ရီဆစ်တေယစ်ပ်အာဒိုဂန်နှင့် နေတိုးမဟာမိတ်အဖွဲ့၏ အတွင်းရေးမှူးချုပ် ဂျိန်းစတော်တင်ဘာ့ခ်တို့သည် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှု နောက်ဆုံးအခြေအနေနှင့်ပတ်သက်၍ တယ်လီဖုန်းဖြင့် ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အာဒိုဂန်နှင့် စတော်တင်ဘာ့ခ်တို့သည် ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးဆိုင်ရာ နစ်ဖက်အကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခဲ့ပြီးနောက်ပိုင်း ရှေ့ဆက်လုပ်ဆောင်ရမည့် ခြေလှမ်းများနှင့်စပ်လျဉ်း၍ အလေးထားဆွေးနွေးခဲ့ကြကြောင်း တူရကီသမ္မတရုံးတော်က ထုတ်ပြန်ချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ထို့ပြင် နှစ်ဖက်ခေါင်းဆောင်များသည် ဆီးရီးယားအရေးနှင့် လစ်ဗျားအရေးအပါအဝင် ဒေသဆိုင်ရာ ကိစ္စရပ်များနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တူရကီနိုင်ငံတွင် ယမန်နေ့ တစ်ရက်အတွက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၆၃၅ ဦး ထပ်မံ စမ်းသပ်တွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၁၄၄၇၄၉ ဦး ရှိလာပြီး ၎င်းတို့အနက် ၄၀၀၇ ဦးသည် အဆိုပါရောဂါကြောင့် သေဆုံးခဲ့ကြောင်း သိရသည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – ဂျေတီ**

# အာဖရိကနိုင်ငံများသို့ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီအဖြစ် ဥရောပသမဂ္ဂက အမေရိကန်ဒေါ်လာ ၁၁၃ သန်း ထောက်ပံ့

**နိုင်ရိုဘီ မေ ၁၅**

အာဖရိကနိုင်ငံများတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ လိုအပ်ချက်များကို အကူအညီပေးရန် ဥရောပသမဂ္ဂက ကင်ညာရှီလင် ၁၂ ဒသမ ၁၅ သန်း (အမေရိကန်ဒေါ်လာ ၁၁၃ ဒသမ ၇ သန်းခန့်) ထောက်ပံ့ပေးခဲ့ကြောင်း ဥရောပသမဂ္ဂက ယမန်နေ့တွင် ပြောကြားခဲ့သည်။

အဆိုပါ ထောက်ပံ့ရေးရန်ပုံငွေထဲမှ တစ်စိတ်တစ်ဒေသကို ဂျီဘူတီနိုင်ငံရှိလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ စီမံကိန်းအတွက် ပေးအပ်မည်ဖြစ်ပြီး အမေရိကန်ဒေါ်လာ ၅၃၉၀၀၀ ရရှိမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ထောက်ပံ့ငွေများထဲမှ ကင်ညာနိုင်ငံက အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၁၇ သန်း၊ ဆိုမာလီယာနိုင်ငံက ၅၁ ဒသမ ၇၈ သန်းရရှိမည်ဖြစ်ပြီး အီသီယိုးပီးယားနိုင်ငံက အမေရိကန်ဒေါ်လာ ၄၅ ဒသမ ၂၇ သန်းရရှိမည်ဖြစ်သည်။

ဥရောပသမဂ္ဂ၏ ထောက်ပံ့ရေးရန်ပုံငွေသည် လယ်သမားများ၏ ခြံမွေးတိရစ္ဆာန်များအတွက် အစာအစာများနှင့် မျိုးစေ့များရရှိရန် ထောက်ပံ့မှုကဲ့သို့သော လိုအပ်ချက်များရှိနေသူများအား စားနပ်ရိက္ခာ အထောက်အပံ့များကိုလည်း ဖြည့်စွမ်းပေးလိမ့်မည်ဖြစ်ကြောင်း ဥရောပသမဂ္ဂက ပြောကြားခဲ့သည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**

# ဖိလစ်ပိုင်၌ ဘွန်ဖောင်း တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်

**မနီလာ မေ ၁၅**

ဖိလစ်ပိုင်နိုင်ငံတွင် ယမန်နေ့က ဘွန်ဖောင်းအမည်ရှိ တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်မှုကြောင့် လူပေါင်းသောင်းနှင့်ချီကာ နေအိမ်များမှ စွန့်ခွာခဲ့ရပြီး ခိုလှုံရေးစခန်းများတွင် သွားရောက်ခိုလှုံခဲ့ရသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် ဆမာကျွန်းရှိ နေအိမ်များ၊ ကျောင်းများနှင့် ကိုရိုနာ ဗိုင်းရပ်စ်ဆိုင်ရာ သီးခြားစောင့်ကြည့်သောနေရာများကို ပျက်စီးခဲ့သည်။

မုန်တိုင်းတိုက်ခတ်ချိန်တွင် ပြည်သူများသည် မိမိတို့၏နေအိမ်များ၌ နေထိုင်ပြီး အန္တရာယ်ကင်းရှင်းအောင်ဆောင်ရွက်ခဲ့ကြကြောင်း၊ မုန်တိုင်းကြောင့် ဘယ်လိကော့စ်ဒေသတွင် လူပေါင်း ၁၄၀၀၀၀ ကျော်မှာ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းသွားခဲ့ကြောင်း သဘာဝဘေးဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။

ကျွန်တော်တို့အနေနဲ့ နှာခေါင်းစည်းတွေကို တပ်ဆင်ထားရပြီး ခပ်ခွာခွာနေထိုင်ရမည့် စည်းကမ်းတွေကို လိုက်နာရမှာဖြစ်ပေမယ့် လူတွေက မုန်တိုင်းတိုက်ချိန်မှာ ခပ်မြန်မြန်လှုပ်ရှားနေရတော့ ဒီစည်းမျဉ်းတွေကို ဆောင်ရွက်ဖို့ခဲယဉ်းပါတယ်။ ဒါပေမယ့် ကျွန်တော်တို့အနေနဲ့ အကောင်းဆုံးဆောင်ရွက်နိုင်ခဲ့ပါတယ်ဟု တာဝန်ရှိသူတစ်ဦးဖြစ်သူ ကာအီတိုအေရက်က အေအက်ဖ်ပီသတင်းဌာနသို့ ပြောကြားသည်။

ခိုလှုံရေးစခန်းတွေကို လုပ်ငန်းဆောင်ရွက်နိုင်မှုပမာဏတစ်ဝက်ခန့်နဲ့ ဆောင်ရွက်နေရပြီး နှာခေါင်းစည်းမရှိသူများကိုလည်း နှာခေါင်းစည်းများ ပေးထားသည်။ မြို့တော်မနီလာတွင် သဘာဝဘေးအတွက် ကြိုတင်အမိန့်များ မထုတ်ပြန်ထားသော်လည်း မုန်တိုင်းသတိပေးချက်များကို ထုတ်ပြန်ထားသည်။

အဆိုပါ တိုင်ဖွန်းမုန်တိုင်းသည် တစ်နာရီလျှင် ကီလိုမီတာ ၁၉၀ အထိ တိုက်ခတ်ပြီး မုန်တိုင်း၏အရှိန်ကြောင့် မိုးများလည်းရွာသွန်းခဲ့ကြောင်း သိရသည်။

အရှေ့ပိုင်း ကဖာမြို့၏ မြို့တော်ဝန် ဘန်အယ်ဗာဒုန်းက ၎င်း၏မြို့အတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြည့်စစ်ဆေးသောနေရာများ၊ ကျောင်းများနှင့် ဘာသာရေးအဆောက်အအုံတစ်ခုတို့ လေပြင်းတိုက်ခတ်မှု ခံခဲ့ရကြောင်း ပြောကြားသည်။

မေယွန်းဖီးတောင်အနီး နေထိုင်သော လူပေါင်း ၇၇၀၀၀ ခန့်ကိုလည်း ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်ရာလမ်းကြောင်းရှိ ဒေသများစွာသည် ကိုရိုနာဗိုင်းရပ်စ် တိုက်ဖျက်ရေးအတွက် သဘာဝဘေးဆိုင်ရာ ရန်ပုံငွေကို သုံးစွဲနေရသဖြင့် အစိုးရအား ငွေကြေးထပ်မံထောက်ပံ့ရန် တောင်းခံခဲ့သည်။



**ကိုးကား-အေအက်ဖ်ပီ၊ ဘာသာပြန်-စိုးသူရ**

# မြို့နယ်အချို့တွင် တရားမဝင်သစ်များ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၅**

သစ်တောဦးစီးဌာနမှ ဝန်ထမ်းများ၊ သစ်တောလုံခြုံရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မေ ၁၂ ရက်နှင့် ၁၃ ရက်တွင် ကလေးဝ မြို့နယ် မဟာမြိုင်ကြိုးဝိုင်းအတွင်း တရားမဝင်အင်သစ် ၇ ဒသမ ၈၃၀၀ တန်၊ မင်းကင်းမြို့နယ် တောင်ဖြူရွာ အနီး ချင်းတွင်းမြစ်အတွင်းမှ တရားမဝင် သစ်ယာ/အင်/ကညင်ခွဲသား ၃၆ ဒသမ ၈၆၇၀ တန်၊ သပိတ်ကျင်း မြို့နယ် ချောင်းကြီးကြိုးဝိုင်းအကွက် အမှတ်(၁၈)အတွင်း တရားမဝင် ပျဉ်းကတိုး/သစ်ယာ/အင်ကြင်း/ အင်/ မအူသစ် ၂၂ ဒသမ ၃၅၆၀ တန်ကို လည်းကောင်း။

ရေးမြို့နယ် သောင်ပြင်ကျေးရွာ သင်္ချိုင်းအနီး သစ်ခွဲသား ၂၁ ဒသမ ၀၈၆၀ တန်၊ ပဲခူးမြို့နယ် စက်စက်ယို ကျေးရွာနှင့် အောင်မြကျေးရွာကြား တွင် တရားမဝင်ကျွန်း/ပျဉ်းကတိုး ခွဲသား ၉ ဒသမ ၀၃၂၀ တန်၊ လက်ပံတန်းမြို့နယ် မြောက်ဇာမရိ ကြိုးဝိုင်းအကွက်(၅၅၊ ၆၁၊ ၆၂)နှင့် ကဒင်ဘီးလင်း ကြိုးဝိုင်းအကွက်(၇၆၊ ၇၇)အတွင်းမှ တရားမဝင် ကျွန်းသစ်/ ခွဲသား ၁၃ ဒသမ ၉၉၉၂ တန်ကို လည်းကောင်း သိမ်းဆည်းရမိခဲ့သည်။



ထို့ပြင် ရေတာရှည်မြို့နယ် (၁၈)မိုင် လမ်းပေါက်မှ လှည်းပွဲကြီးရွာသွားလမ်း တွင် ယာဉ်ပေါ်မှ တရားမဝင်ပျဉ်းကတိုး ခွဲသား ၃ ဒသမ ၈၆၇၂ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ နှစ်ဦး၊ ပြင်ဦးလွင် မြို့နယ် X-Ray စစ်ဆေးရေးဂိတ်တွင် ယာဉ်ပေါ်မှ တရားမဝင်ပိတောက် ခားရွေ ၈ ဒသမ ၅၂၉၀ တန်နှင့်အတူ ပြစ်မှုကျူးလွန်သူ သုံးဦးအား ဖမ်းဆီး ရမိခဲ့ပြီး ဥပဒေနှင့်အညီ အရေးယူ နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သစ်တောဦးစီးဌာနမှ သိရသည်။

**ညီညီသန်း(နေပြည်တော်)**

■



မစိုးစိုးခိုင်(ခ)မခိုင်၊ ကျော်စိုးမိုးနှင့် ဇင်ဟန်ကျော်(ခ)ကျော်ထူးတို့အား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့် အတူတွေ့ရစဉ်။

# နောင်ချိုနှင့် မိုင်းဆတ်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် မေ ၁၅**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့သည် မေ ၁၃ ရက် ည ၁၀ နာရီခွဲက နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီး မူဆယ်-မန္တလေးသွားကားလမ်းတွင် ဇင်ဟန်ကျော်(ခ)ကျော်ထူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ငွေကျပ် ၁၇၀၆ သိန်းတန်ဘိုးရှိ ဘိန်းဖြူ သုည ဒသမ ၂၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၇၂၀၀၀ တို့ကို သိမ်းဆည်းရမိ ခဲ့ပြီး ကွင်းဆက်အရ ကျော်စိုးမိုး မောင်းနှင်ပြီး ဇနီး မစိုးစိုးခိုင်(ခ)မခိုင် လိုက်ပါလာသည့် ယာဉ်ကို ပြင်ဦးလွင် မြို့နယ် အေးရှားဝေါ တိုးဂိတ်ဟောင်းအနီး၌ လက်ကိုင် ဖုန်းနှစ်လုံး၊ မြန်မာ ငွေကျပ် ၁၁၆၀၀၀ တို့နှင့်အတူ ထပ်မံ ဖမ်းဆီးရမိခဲ့သည်။

အလားတူ ယမန်နေ့ ညနေ ၆ နာရီက မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မိုင်းဆတ်မြို့နယ် (၁၄)မိုင်ကွေ့အနီး မိုင်းဆတ်-မိုင်းတုံသွားကားလမ်းတွင် ကျဟားဘို မောင်းနှင်ပြီး မနာဟယ် လိုက်ပါလာသည့် ဆိုင်ကယ်နှင့် ကျဖ မောင်းနှင် လာသည့် ဆိုင်ကယ်တို့ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွ ရူးသွပ်ဆေးပြား ၆၀၀၀၊ ဘိန်းဖြူ သုည ဒသမ ၀၅၂ ကီလို၊ ဘိန်းစိမ်း သုည ဒသမ ၀၈ ကီလို၊ လက်ကိုင်ဖုန်း နှစ်လုံး၊ မြန်မာငွေကျပ် ၁၂၇၀၀၀၀ နှင့် ထိုင်းဘတ်ငွေ ၅၀၀၀ တို့ကို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

# မတ္တရာမြို့နယ်တွင် ယာဉ်တိုက်မှုကြောင့် တစ်ဦးသေ၊ တစ်ဦးဒဏ်ရာရ

**မတ္တရာ မေ ၁၅**

ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ် ဈေးဟောင်းကျေးရွာ အနီးတွင် ယမန်နေ့က ယာဉ်တိုက်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့ ကြောင်း သိရသည်။

ယာဉ်တိုက်မှု ဖြစ်ပွားကြောင်း သတင်းအရ ဆည်တော်ကြီးနယ်မြေ ရဲစခန်းမှ တာဝန်ရှိသူများက သွားရောက်စစ်ဆေးရာ ဆည်တော် ကြီး-မတ္တရာ ကားလမ်းတွင် ဆည်တော်ကြီးမှ မတ္တရာသို့ ကိုမော်တင် မောင်းနှင်ပြီး ညီမင်းထွေးနှင့် ရဲမင်းအောင်တို့ လိုက်ပါလာသော ထော်လာဂျီယာဉ်အား သန့်ဇင်ဖြိုး မောင်းနှင်ပြီး မနီလာဝင်းလိုက်ပါလာ သော ဆိုင်ကယ်က အရှိန်မထိန်း နိုင်ဘဲ ဝင်တိုက်မိခဲ့သဖြင့် မနီလာဝင်း မှာ (မစိုးရိမ်ရ)ဒဏ်ရာများ ရရှိခဲ့ပြီး သန့်ဇင်ဖြိုးမှာ(စိုးရိမ်ရ) ဒဏ်ရာများ ရရှိခဲ့သဖြင့် မတ္တရာပြည်သူ့ဆေးရုံသို့ ပို့ဆောင်ကုသစဉ် ရရှိသောဒဏ်ရာ များဖြင့် သေဆုံးသွားခဲ့သည်။

အဆိုပါ ယာဉ်တိုက်မှုအား ဆည်တော်ကြီးနယ်မြေရဲစခန်းက အမှု ဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိ ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၁၅**

တရားမဝင်ကုန်စည်များ တားဆီး ထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့ များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက် တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၃၃၅ စီး၊ သွင်းကုန် ၃၈၅ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှု ယာဉ် သွင်းကုန် ၁၉၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။



အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်း များကိုစစ်ဆေးမှုများပြုလုပ်ဆောင်ရွက် လျက်ရှိရာ ယမန်နေ့တွင် ရေပူ အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၂၅ သန်း)၊ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေး စခန်းက တားဆီးမှုတစ်မှု (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂ ဒသမ ၄၀၀ သန်း) စုစုပေါင်းတားဆီးမှုနှစ်မှု (ခန့်မှန်း တန်ဖိုးငွေကျပ် ၅ ဒသမ ၁၂၅ သန်း) အား သိမ်းဆည်းရမိကြောင်း သိရ သည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့်ယမန်နေ့ တွင် ရေပူအမြဲတမ်းစစ်ဆေးရေး စခန်းက ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်စဉ် မိုင်တိုင်အမှတ် ၁၉၇/ ၄ နားဆော့ကျေးရွာအုပ်စု စံလောင်း ကျေးရွာနှင့် ရေပူရှောင်ကွင်းလမ်းအနီး ချုံပုတ်ပေါ်၌ စုပုံထားသော ပိတောက်ခွဲသား ၃၈ ချောင်း (သုည ဒသမ ၇၃ တန်)၊ တမလန်းခားရွေ လေးတုံး(သုည ဒသမ ၁၇၄၈ တန်) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂ ဒသမ ၇၂၅ သန်းအား သိမ်းဆည်း ရမိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရေနံချောင်းမြို့နယ် ဝါးရိုးကျေးရွာ၌ မီးကြွင်းမီးကျန်မှုတစ်ဆင့် နေအိမ် ၁၂ လုံးမီးလောင်

**ရေနံချောင်း မေ ၁၅**

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ် ရွှေတုတ်ကန်ကျေးရွာအုပ်စု ဝါးရိုး ကျေးရွာတွင် ယနေ့နံနက် ၁ နာရီခန့်က မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှု ဖြစ်ပွားရာ လူနေအိမ် ၁၂ လုံး၊ နွားနှစ်ကောင်နှင့် ဝက်တစ်ကောင် မီးလောင်ဆုံးရှုံး ခဲ့ကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

ဖြစ်စဉ်မှာ ယနေ့ နံနက် ၁ နာရီခန့်က ရွှေတုတ်ကန်ကျေးရွာနေ ဒေါ်ကုလားမ နေအိမ် မီးကြွင်းမီးကျန်မှုတစ်ဆင့် မီးလောင်မှုစတင်ဖြစ်ပွားခဲ့ရာ သွပ်မိုးထရံကာ လူနေအိမ် ရှစ်လုံး၊ ထန်းလက်မိုး ထန်းလက်ကာ လူနေအိမ် သုံးလုံး၊ သွပ်မိုး ပျဉ်ကာ လူနေအိမ် တစ်လုံး၊ နွားနှစ်ကောင်နှင့် ဝက်တစ်ကောင် မီးလောင်ကျွမ်း ခဲ့သည်။

မီးလောင်မှုဖြစ်ပွားရာသို့ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးသောင်းတင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ယာဉ်နှစ်စီးနှင့် ရေသယ်ယာဉ်သုံးစီးတို့ဖြင့် သွားရောက်ငြိမ်းသတ်ရာ နံနက် ၁ နာရီခွဲတွင် မီးလုံးဝ ငြိမ်းသွားသည်။

မီးလောင်မှုကြောင့် ကျေးရွာနေပြည်သူ ၆၀ မီးဘေးသင့်ခဲ့ပြီး ကျေးရွာ စာသင်ကျောင်းသို့ ယာယီပြောင်းရွှေ့ထားကြောင်းသိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ရွှေတုတ်ကန်ကျေးရွာနေ ဒေါ်ကုလားမအား ရေနံချောင်းမြို့နယ် လက်မှတ်ကုန်းနယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက် ရှိကြောင်း သိရသည်။

**ကိုစိုးကြီး**





# ကောလင်းမြို့နယ်၌ တရားမဝင်ရွှေတူးဖော်နေသူအား အမှုဖွင့်အရေးယူ

**ကောလင်း မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် ရွှေတွင်းအုပ်စု ငွေးချိုကျေးရွာအနီးရှိ ကျောက်ကြမ်း တောင်နေရာတွင် ယမန်နေ့က တရားမဝင်ရွှေတူးဖော်နေမှုအား ကောလင်းမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း ကောလင်း မြို့နယ်ရုံးမှ တာဝန်ရှိသူများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖမ်းဆီးရမိသည့်နေရာတွင် အလျား x အနံ ၆ ပေ ပတ်လည်ခန့်ရှိ ကျောက်အင်္ဂတေဖြင့် ပြုလုပ် ထားပြီး အနက်ပေ ၁၀၀ ခန့်တူးဖော်ထားသည့် သံလမ်းပါလိုဏ်ခေါင်းတစ်ခု၊ သတ္တုထုတ်လုပ်ရန် ပြင်ဆင်ထားသော အလျားပေ ၃၀၊ အနံပေ ၂၀ ခန့်ရှိ အုတ်ကန် ရှစ်ခု၊ အလျား x အနံ ၁၂ ပေ ပတ်လည်ရှိ အုတ်ကန် ရှစ်ခု၊ ရွှေသတ္တုတူးဖော်ရာတွင် အသုံးပြုသော စက်ပစ္စည်းများနှင့် လူနေတဲများကိုသိမ်းဆည်း ရမိခဲ့သည်။ တရားမဝင်ရွှေသတ္တုတူးဖော်ရေးလုပ်ငန်း လုပ်ကိုင်သူ အောင်စိုးမိုးအား ကောလင်းမြို့မ ရဲစခန်းတွင် အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုကိုမောင်(ကောလင်း)**

# COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

**(၁၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီ**

၁။ (၁၅-၅-၂၀၂၀) ရက်နေ့၌ အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ်နှင့် ဒုတိယအသုတ်စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၂၇၉) ခုနှင့် ဆေးသုတေသန ဦးစီးဌာန (DMR) မှ စစ်ဆေးပြီးစီးခဲ့သော ဓာတ်ခွဲနမူနာ (၁၄၈) ခု၊ စုစုပေါင်း (၄၂၇) ခုတွင် -

- COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် မတွေ့ရှိရပါ။

၂။ သို့ဖြစ်ရာ (၁၅-၅-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီအထိ မြန်မာနိုင်ငံတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ (၁၈၁) ဦးရှိပါသည်။

၃။ (၁၅-၅-၂၀၂၀) ရက်နေ့အထိ ဓာတ်ခွဲအတည်ပြုလူနာဟောင်း (old confirmed case) များ၏ ဓာတ်ခွဲနမူနာများတွင် (၂) ကြိမ်ဆက်တိုက် ပိုးမတွေ့ရှိသူ အသစ် (၅) ဦး (Case– 65, 67, 115, 116, 117) ရှိခဲ့သဖြင့် စုစုပေါင်း (၈၉) ဦးရှိပြီး ၎င်းတို့အနက် (၇၄) ဦးအား ဆေးရုံမှဆင်းခွင့် ပြုခဲ့ပြီးဖြစ်ကာ သတ်မှတ်နေရာများတွင် အသွားအလာကန့်သတ်၍ ဆက်လက်စောင့်ကြပ်ကြည့်ရှုလျက်ရှိပါသည်။

၄။ ဓာတ်ခွဲအတည်ပြုလူနာများအနက် သေဆုံးသူ (၆)ဦး ရှိပါသည်။

၅။ (၁၄-၅-၂၀၂၀) ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီမှ (၁၅-၅-၂၀၂၀)ရက်နေ့၊ နေ့လယ် (၁၂:၀၀) နာရီအတွင်း တွေ့ရှိရသော စောင့်ကြည့်လူနာအသစ် (၆၀) ဦး ရှိပါသည်။

COVID-19 **ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
(၁၅ – ၅ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | |
|---|---|
| (၁၅-၅-၂၀၂၀) ရက်နေ့တွင် အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန (ရန်ကုန်) မှ ပထမအသုတ်နှင့် ဒုတိယအသုတ်ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၂၇၉) ခု |
| (၁၅-၅-၂၀၂၀) ရက်နေ့တွင် ဆေးသုတေသနဦးစီးဌာန (DMR) မှ ဓာတ်ခွဲစစ်ဆေးပြီးစီးခဲ့သည့် ဓာတ်ခွဲနမူနာ | (၁၄၈) ခု |
| COVID-19 (SARS-CoV-2) တွေ့ရှိ (ဓာတ်ခွဲအတည်ပြုလူနာသစ်) (positive) | (၀) ဦး |

COVID-19 **ရောဂါအတွက် ဓာတ်ခွဲစစ်ဆေးခဲ့မှုအခြေအနေထုတ်ပြန်ချက်**
(၁၅ – ၅ – ၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

| | အသစ် | ယခုအထိ စုစုပေါင်း |
|---|---|---|
| COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (confirmed) | (၀) ဦး | (၁၈၁) ဦး |
| ကုသမှုခံယူပြီး ရောဂါပိုးကင်းစင်လာသူ (recovered) | (၅) ဦး | (၈၉) ဦး |
| သေဆုံးလူနာ (death) | (၀) ဦး | (၆) ဦး |

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## UWSA (ဝ)အဖွဲ့နှင့် NDAA (မိုင်းလား)အဖွဲ့ နယ်မြေများအတွင်း ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပိုးသတ်ဆေးဖျန်းခြင်းများ ဆောင်ရွက်

နေပြည်တော် မေ ၁၅

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယွန်းဒေသနှင့် မိုင်းလားဒေသများသို့ ရောက်ရှိနေသည့် တြိဂံဒေသ တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးတပ်ရင်းမှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော ဆေးအဖွဲ့များသည် ယမန်နေ့က ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပိုးသတ်ဆေးဖျန်းခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာတွင် တိုင်းစစ်ဌာနချုပ် ဆေးအဖွဲ့က မိုင်းယွန်းပြည်သူ့ဆေးရုံ၌ UWSA (ဝ) တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများအားလည်းကောင်း၊ အသွားအလာကန့်သတ်ထားရှိသည့် မိုင်းလားမြို့ ပါခါးကျေးရွာ တိုင်းရင်းသားကျောင်း၊ နမ့်ပန်းဒေသရှိ အခြေခံပညာမူလတန်းကျောင်း (နမ့်ပန်း – တရုတ် မြန်မာစာသင်ကျောင်း)နှင့် ပါမူးကျေးရွာတို့၌ တရုတ်နိုင်ငံ ယူနန်ပြည်နယ်မှ ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများ၊ ဒေသခံပြည်သူများအားလည်းကောင်း၊ NDAA (မိုင်းလား)အဖွဲ့တို့မှ တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအားလည်းကောင်း ကိုဗစ်–၁၉ ရောဂါနှင့်ပတ်သက်၍ ကိုယ်အပူချိန်တိုင်းတာခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း၊ Ultrasound စက်ဖြင့် ရောဂါရှာဖွေခြင်း၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ နေအိမ်အဆောက်အအုံများအား ပိုးသတ်ဆေးဖျန်းခြင်းနှင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးဆိုင်ရာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်



## သီပေါ ပေါ်ကြိုဘုရားကြီးဂေါပကအဖွဲ့သို့ အပူချိန်တိုင်းကိရိယာများ လှူဒါန်း

သီပေါ မေ ၁၅

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကိုဗစ်–၁၉ ရန်ပုံငွေကောက်ခံရေးနှင့် ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးကျော်သူဇော်က သီပေါမြို့နယ် ရှေးဟောင်းသမိုင်းဝင် ပေါ်ကြိုဘုရားကြီး ဂေါပကအဖွဲ့သို့ ကိုဗစ်–၁၉ ရောဂါအတွက် အပူချိန်တိုင်းကိရိယာနှစ်စုံကို မြို့နယ်အုပ်ချုပ်ရေးမှူးမှတစ်ဆင့် ပေးအပ်လှူဒါန်းပွဲကို မေ ၁၃ ရက် နံနက် ၁၀ နာရီက ပေါ်ကြိုဘုရားကြီး အရှေ့မုခ်ရင်ပြင်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးယဉ်ထွေးက အပူချိန်တိုင်းကိရိယာလှူဒါန်းမှုနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပေါ်ကြိုဘုရားကြီး ဂေါပကဥက္ကဋ္ဌ ဦးဆန်စိုင်းသာညွှန့်နှင့် ဂေါပကအဖွဲ့ဝင်များထံ ပေးအပ်လှူဒါန်းသည်။ ဆက်လက်၍ ဂေါပကအဖွဲ့ဥက္ကဋ္ဌက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန(ရန်ကုန်)သို့ နှာခေါင်းစည်းများ လှူဒါန်း




ရန်ကုန် မေ ၁၅

လတ်တလော ဖြစ်ပွားနေသော ကမ္ဘာ့ကပ်ရောဂါ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရာတွင် အလျင်အမြန်လိုအပ်နေသည့် နှာခေါင်းစည်းများကို မြန်မာနိုင်ငံရှိ ကားရောင်းချရေးကုမ္ပဏီနှစ်ခုက ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့ ကုန်သည်လမ်းရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့သို့ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းပွဲသို့ တရုတ်သံမှူး Mr.Tanshufu နှင့် သံရုံးတာဝန်ရှိသူများ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တာဝန်ရှိသူအရာရှိများ၊ မြန်မာထူးစံကုမ္ပဏီ General Manager ဦးမင်းမင်းလတ်၊ Manager ဦးဟန်လင်းနှင့် Forland မြန်မာပြည်စျေးကွက်တာဝန်ခံ Mr.Zho.Songshu တို့က ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ ယင်းလှူဒါန်းမှုကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် ဒေါ်မူတာကပေါနှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါလှူဒါန်းမှုသည် Forland အမှတ်တံဆိပ်ကားကုမ္ပဏီနှင့် မြန်မာထူးစံကားကုမ္ပဏီတို့ပူးပေါင်း၍စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (ရန်ကုန်) သို့ ငွေကျပ်သိန်း ၃၀၀ တန်ဖိုးရှိ နှာခေါင်းစည်း ၅၀၀၀၀ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြင့်မောင်




**COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့**

# အစိုးရကိုယ်စားလှယ်များနှင့် ချင်းအမျိုးသားတပ်ဦးတို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**ရန်ကုန် မေ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ ရွှေလီလမ်းရှိ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) တွင် ချင်းအမျိုးသားတပ်ဦး (CNF) နှင့် Online Video Conferencing စနစ်ဖြင့် ချိတ်ဆက်၍ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ကျင်းပသည်။

ယနေ့ ဆွေးနွေးပွဲသို့ အစိုးရကိုယ်စားလှယ်များအဖြစ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ဒုတိယဥက္ကဋ္ဌ ဒုတိယ ဗိုလ်ချုပ်ကြီး(ငြိမ်း)ခင်ဇော်ဦးနှင့် ကော်မတီဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြပြီး ချင်းအမျိုးသားတပ်ဦး (CNF) မှ လက်ထောက်အထွေထွေအတွင်းရေးမှူး(၂) ဆလိုင်းထက်နီ ဦးဆောင်သည့်ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးသည်။

ယနေ့ကျင်းပသည့် အစည်းအဝေးသည် မေ ၈ ရက်က NCA-S EAO ၁၀ ဖွဲ့နှင့် ဆွေးနွေးခဲ့သည့် သဘောတူညီချက်ခုနစ်ချက်ကို အခြေခံ၍ ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။

ဆွေးနွေးပွဲတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးကိစ္စနှင့်ပတ်သက်သည့် နည်းပညာကိစ္စရပ်များနှင့် လိုအပ်သည့် ပစ္စည်းများ ပံ့ပိုးရေးကိစ္စရပ်များ၊ ကိုဗစ်-၁၉ တားဆီးကာကွယ်ကုသရေးနှင့်ပတ်သက်၍ ချင်းပြည်နယ်၏ တည်နေရာအနေအထား၊ လမ်းပန်းဆက်သွယ်ရေးအခြေအနေကြောင့် ကိုဗစ်-၁၉ လူနာများတွေ့ရှိခဲ့ပါက ထားရှိမည့်နေရာနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် အခြေအနေများ၊ ကိုဗစ်-၁၉ ကာလအတွင်းနှင့် ကိုဗစ်-၁၉ အလွန်ကာလများတွင် ဒေသခံလူထု၏ လူမှုစီးပွားရေးဘဝ ထိခိုက်မှုများအတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်း လုပ်ဆောင်နိုင်မည့် အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေးကော်မတီသည် မေ ၂၀ ရက်တွင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP)နှင့် တွေ့ဆုံရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

ယနေ့ကျင်းပသည့် ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး အပြီးတွင် ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် ညှိနှိုင်းပူးပေါင်းရေး ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်ကြီး (အငြိမ်းစား) ခင်ဇော်ဦးနှင့်တွေ့ဆုံကာ ကော်မတီ၏ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့်ပတ်သက်၍ သိရှိနိုင်ရန် မြန်မာ့သတင်းစဉ်မှ တွေ့ဆုံမေးမြန်းခဲ့သည်။

**မေး။ ။ ဒီနေ့အစည်းအဝေးမှာ ချင်းအမျိုးသားတပ်ဦး (CNF) နဲ့ တွေ့ဆုံဆွေးနွေးခဲ့တဲ့ အကြောင်းအရာများနှင့်ပတ်သက်ပြီး ပြောပြပေးပါခင်ဗျာ။**

ဖြေ။ ။ ဒီနေ့ ၁၀ နာရီမှာ NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း တစ်ဖွဲ့ဖြစ်တဲ့ ချင်းအမျိုးသားတပ်ဦး (CNF) က ကိုယ်စားလှယ်တွေနဲ့ Online Video Conferencing နဲ့ ဆွေးနွေးခဲ့ပါတယ်။ ကျွန်တော်တို့ဘက်ကတော့ ညှိနှိုင်းပူးပေါင်းရေးကော်မတီ ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း ဦးဆောင်ပြီး ကော်မတီဝင်များနဲ့ ငြိမ်းချမ်းရေးကော်မရှင်က အကြံပေး ပုဂ္ဂိုလ်တွေ တက်ရောက်ပါတယ်။ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးလှမော်ဦးကတော့ နေပြည်တော်ကနေ တက်ရောက် ဆွေးနွေးပါတယ်။ CNF ဘက်က လက်ထောက်အထွေထွေအတွင်းရေးမှူး (၂) ဆလိုင်းထက်နီ ဦးဆောင်ပြီး ဆွေးနွေးကြပါတယ်။



CNF အနေနဲ့ သူတို့ဒေသတွေမှာ ကိုဗစ်-၁၉ ကာကွယ်တားဆီးထိန်းချုပ်ရေးနဲ့ ပတ်သက်ပြီး သူတို့ရဲ့အစီအစဉ်နဲ့ တစ်ပိုင်တစ်နိုင်ဆောင်ရွက်နေမှုတွေကို တင်ပြပါတယ်။ လိုအပ်ချက်တွေကိုလည်း တင်ပြပါတယ်။ ကျွန်တော်တို့ဘက်ကလည်း လိုအပ်ချက်တွေနဲ့ပတ်သက်ပြီး အဖွဲ့အစည်းအားလုံးနဲ့ ဆွေးနွေးချက်တွေအပေါ်မှာ ပံ့ပိုးကူညီမှုအစီအစဉ်တွေကို ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။ တစ်ဖွဲ့ချင်းစီ ဆွေးနွေးပြီးနောက်မှာ ဒီအရာတွေလည်း အကောင်အထည်ပေါ်လာမှာ ဖြစ်ပါတယ်။

**မေး။ ။ ကိုဗစ်-၁၉ နဲ့ ပတ်သက်ပြီး ချင်းအမျိုးသားတပ်ဦး (CNF) ရဲ့စိုးရိမ်မှုအပိုင်းနဲ့ လက်ရှိဆောင်ရွက်နေမှုအခြေအနေကို သိချင်ပါတယ်။**

ဖြေ။ ။ CNF အနေနဲ့ကတော့ မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ရောဂါစဖြစ်တာ ချင်းပြည်နယ် တီးတိန်မြို့က လူဖြစ်တဲ့အခါ သူတို့ဘက်မှာလည်း တော်တော်စိုးရိမ်မှုရှိပါတယ်။ သာမန်အားဖြင့် ချင်းပြည်နယ်ဟာ ဖွံ့ဖြိုးမှုနည်းနေတဲ့အထဲမှာပါတော့ အဓိကက လမ်းပန်းဆက်သွယ်ရေးပါ။ တစ်နေရာနဲ့ တစ်နေရာသွားလာဖို့ ပို့ဆောင်ဖို့ အခက်အခဲအချို့ရှိတာကြောင့် သူတို့အနေနဲ့လည်း စိုးရိမ်ပါတယ်။ ဒါကြောင့် သူတို့ဒေသ ထန်တလန်ဒေသတစ်ဝိုက်မှာ အခြေခံပြီးတော့ ဆောင်ရွက်နေပါတယ်။ တကယ်လို့ သူတို့ဒေသမှာ ကိုဗစ်-၁၉ ထိတွေ့လူနာ၊ ရောဂါပိုးရှိတဲ့လူနာတွေ တွေ့ခဲ့လို့ရှိရင် ဘယ်လိုပူးပေါင်းဆောင်ရွက်မလဲဆိုတဲ့ နည်းလမ်းတွေလည်း ကျွန်တော်တို့ ဆွေးနွေးကြပါတယ်။ ချင်းပြည်နယ်အစိုးရနဲ့ ကျွန်တော်တို့ ညှိနှိုင်းပေးပြီးတော့မှ ဟားခါးဆေးရုံလိုနေရာမျိုးကို တင်ပို့ကုသနိုင်မယ့် လမ်းကြောင်းတွေကို ချပြပါတယ်။ ဒါက ကာကွယ်တားဆီးကုသရေး အပိုင်းပါ။

**အချက်အလက်တွေရယူထား**

နောက်တစ်ခုကလည်း ကိုဗစ်-၁၉ ကာလနဲ့ အဲဒီအလွန်ကာလတွေမှာ ဒေသလူထုရဲ့ လူမှုစီးပွားရေးဘဝ ထိခိုက်မှုတွေနဲ့ ပတ်သက်ပြီး ပြန်လည်ထူထောင်မှု စီမံကိန်းတွေ ဆောင်ရွက်ဖို့အတွက် အချက်အလက်တွေ ရယူထားဖို့အတွက် ကျွန်တော်တို့ အကြံပြုပါတယ်။ သူတို့အနေနဲ့ကလည်း ဒီလိုကိစ္စတွေအတွက် လိုအပ်လာရင် အသုံးပြုနိုင်အောင်ဆိုပြီး အခုအချိန်မှာ Data Mapping လုပ်နေပြီဆိုတဲ့အကြောင်း တင်ပြဆွေးနွေးတာ တွေ့ရတဲ့အတွက် အလွန်ဝမ်းသာပါတယ်။ သူတို့တွေအနေနဲ့ သူတို့နိုင်သလောက် ဆောင်ရွက်နေတယ်ဆိုတာကို ကျွန်တော်တို့ တွေ့ရပါတယ်။

**မေး။ ။ ညှိနှိုင်းပူးပေါင်းရေးကော်မတီအနေနဲ့ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ် (Nationwide Ceasefire Agreement- NCA) လက်မှတ်ရေထိုးခြင်း မရှိသေးတဲ့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ ဆောင်ရွက်နေမှုအပိုင်းကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ ကချင်ပြည်နယ်မှာဆို လွန်ခဲ့တဲ့ နှစ်ရက်ကပဲ ပြည်နယ် လူမှုရေးဝန်ကြီး ဦးဆောင်ပြီးမှ ဌာနဆိုင်ရာ တာဝန်ရှိတဲ့ ပုဂ္ဂိုလ်တွေ၊ ငြိမ်းချမ်းရေးအကျိုးဆောင်အဖွဲ့ (PCG) က ဦးဆောင်တဲ့ မြို့လူထု ကိုဗစ်-၁၉ ကာကွယ်တားဆီးရေး အဖွဲ့တွေနဲ့ ကချင်ပြည်လွတ်မြောက်ရေးအဖွဲ့ (KIO) က ဖွဲ့စည်းထားတဲ့ ကိုဗစ်-၁၉ ကာကွယ် နှိမ်နင်းရေး အဖွဲ့တို့ တွေ့ဆုံနိုင်ဖို့ ကျွန်တော်တို့ ညှိနှိုင်းပူးပေါင်းရေး ကော်မတီက ကြားဝင်ဆောင်ရွက်ပေးခဲ့ပါတယ်။ မေ ၁၃ ရက်က ဝိုင်းမော်မြို့နယ် နန့်ဆန်ယန် ကျေးရွာအုပ်စု မိုင်းဆပ်ပါကျေးရွာမှာ တွေ့ကြပါတယ်။ အဲဒီမှာ ပြည်နယ်အစိုးရအဖွဲ့နဲ့ KIO အဖွဲ့တွေ ညှိနှိုင်းပြီး ကိုဗစ်-၁၉ ကာကွယ်တားဆီးရေးလုပ်ငန်းတွေကို အခုထက်ပိုပြီး ထိထိရောက်ရောက် ညှိနှိုင်းဆောင်ရွက်နိုင်တာလည်း တိုးတက်မှုတစ်ခုလို့ ပြောရမှာဖြစ်ပါတယ်။

**အဆက်အသွယ်ရပြီဖြစ်**

ဆက်သွယ်ဖို့ ကျန်ရှိနေတဲ့ အထဲမှာ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ဆိုရင်လည်း ကျွန်တော်တို့ကို ဆက်သွယ်လာပါတယ်။ အခုဆိုရင် NCA လက်မှတ်ရေးထိုးထားတဲ့ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၀ ဖွဲ့၊ လက်မှတ်မထိုးထားတဲ့ ရှစ်ဖွဲ့အနက် အဖွဲ့အစည်း ငါးဖွဲ့နဲ့ အဆက်အသွယ်ရပြီဖြစ်ပါတယ်။

နောက် လွန်ခဲ့တဲ့ရက်ကပဲ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရဲ့ ကျိုင်းတုံခရီးစဉ်မှာ အထူးဒေသ(၄) မိုင်းလားနဲ့၊ "ဝ" အထူးဒေသက ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဆွေးနွေးမှုတွေ တွေ့ရတာ အများကြီးဝမ်းသာပါတယ်။ မိုင်းလားဒေသမှာ ဆရာဝန်အခက်အခဲရှိတဲ့အတွက် တပ်မတော်ဆေးအဖွဲ့ စေလွှတ်ပေးမယ်ဆိုတဲ့ ကတိအတိုင်း အခုဆိုရင် တပ်မတော်ဆေးအဖွဲ့ဟာ မိုင်းလားကို ရောက်ရှိပြီးတော့မှ ကိုဗစ်-၁၉ ကာကွယ် တားဆီးရေး၊ ကုသရေး လုပ်ငန်းတွေ လုပ်ဆောင်နေတာ တွေ့ရပါတယ်။

**မေး။ ။ ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်ပတ်သက်ပြီး ညှိနှိုင်းပူးပေါင်းရေး ကော်မတီနဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေ တွေ့ဆုံမှုအခြေအနေက ဘယ်လိုရှိပါသလဲ။**

ဖြေ။ ။ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေနဲ့ ကျွန်တော်တို့ ပူးပေါင်းဆောင်ရွက်မှုတွေဟာ တဖြည်းဖြည်းနဲ့ ကောင်းမွန်လာတယ်။ တိုးတက်လာတယ်ဆိုတာကို တွေ့ရပါတယ်။ ကျွန်တော်တို့ ညှိနှိုင်းပူးပေါင်းရေး ကော်မတီအနေနဲ့ကလည်း သက်ဆိုင်ရာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေနဲ့ အချိန်မရွေး ဆက်သွယ်ဆောင်ရွက်နေပါတယ်။

လာမယ့် ဗုဒ္ဓဟူးနေ့ မေ ၂၀ ရက်ကျရင် ရခိုင်ပြည်လွတ်မြောက်ရေးပါတီ (ALP) နဲ့ တွေ့ဆုံဆွေးနွေးဖို့ ညှိနှိုင်းထားပါတယ်။ ကျန်တဲ့ အဖွဲ့တွေနဲ့လည်း ကျွန်တော်တို့ တစ်ဖွဲ့ချင်း ဆွေးနွေးပြီးရင် ဒုတိယအကြိမ် ပေါင်းပြီးတော့ ပြန်လည်ဆွေးနွေးမှုတွေ ဆောင်ရွက်ပါမယ်။

**မေး။ ။ ကော်မတီအနေနဲ့ ကိုဗစ်-၁၉ နဲ့ပတ်သက်ပြီး နိုင်ငံတကာအကူအညီရရှိရေး ဆောင်ရွက်နေမှုကိုလည်း သိချင်ပါတယ်။**

ဖြေ။ ။ နိုင်ငံတကာအကူအညီရရှိရေးကိစ္စနဲ့ ပတ်သက်လို့ နိုင်ငံတကာအဖွဲ့အစည်းအချို့နဲ့ ကျွန်တော်တို့ ညှိနှိုင်းပူးပေါင်းရေးကော်မတီက ဆွေးနွေးနေပါတယ်။ ဒါတွေဟာ မကြာခင်အချိန်မှာ အကောင်အထည်ပေါ်လာမယ်လို့ ယုံကြည်မျှော်လင့်ပါတယ်။

**ရဲခေါင်ညွန့်၊ ဓာတ်ပုံ - ဖိုးထောင်**

# ကန့်သတ်စောင့်ကြည့်ရေးစခန်းများနှင့် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လုပ်အားပေးဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်း ဖွင့်လှစ်



**ရန်ကုန် မေ ၁၅**

အမျိုးသားအဆင့် စေတနာ့ဝန်ထမ်းဦးဆောင်အဖွဲ့၏ အစီအစဉ်ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ကန့်သတ်စောင့်ကြည့်ရေးစခန်းများတွင် လုပ်အားပေး ဆောင်ရွက်နေသည့်စေတနာ့ဝန်ထမ်းများနှင့် မြို့နယ်များတွင် ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လုပ်အားပေးဆောင်ရွက်မည့် စေတနာ့ဝန်ထမ်းများအတွက် ဆင့်ပွားသင်တန်း ဖွင့်ပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လူမှုဝန်ထမ်းရုံး၌ ပြုလုပ်သည်။

ဆင့်ပွားသင်တန်း ဖွင့်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် -၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားပြီး သင်တန်းနည်းပြများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားသည်။

လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက " မေ ၁၆ ရက်နဲ့ ၁၇ ရက်တွေမှာ လှိုင်သာယာနဲ့ တာမွေမြို့နယ်တွေမှာ နှစ်ရက်ဆက်တိုက် ကျန်းမာရေးစစ်ဆေးမှုတွေ ဆောင်ရွက်သွားမယ်။ စစ်မယ့်အဖွဲ့တွေမှာ တစ်ဖွဲ့မှာ ကျန်းမာရေးဝန်ထမ်းနှစ်ယောက်၊ စေတနာ့ဝန်ထမ်း နှစ်ယောက်နဲ့ သက်ဆိုင်ရာ ရာအိမ်မှူး၊ ဆယ်အိမ်မှူးတွေ ပါမယ်။ ကျန်းမာရေးဝန်ထမ်းတွေဆိုရင်တော့ သင်တန်းပေးစရာ မလိုဘူး။ လုပ်အားပေး စေတနာ့ဝန်ထမ်းတွေ၊ ရာအိမ်မှူးတွေ၊ ဆယ်အိမ်မှူးတွေကတော့ သင်တန်းပေးဖို့လိုတယ်။ လိုတဲ့အခါကျတော့ ဒီလိုမျိုးသင်တန်းတွေပေးရတယ်။ ဒီနေ့ လူမှုဝန်ထမ်းရုံးမှာတော့ မနက်က လူဦးရေ ၃၀၊ နေ့လယ်မှာ လူဦးရေ ၃၀ ကို သင်တန်းပေးတာ ဖြစ်ပါတယ်။ ရန်ကုန်တိုင်းဒေသကြီးမှာဆိုရင် ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ လုပ်အားပေးဖို့ စာရင်းပေးထားတဲ့ စေတနာ့ဝန်ထမ်းဦးရေ ၅၀၀၀ ကျော်ရှိပါတယ်။ ကိုဗစ်-၁၉ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းတွေမှာ ပြည်သူလူထု ပူးပေါင်းဆောင်ရွက်တာ အတော်အားရပါတယ်။ ပိုပြီး ညီညီညွတ်ညွတ်နဲ့ လုပ်လာတာတွေရှိတယ်။ အားလုံးရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ ကျော်လွှားနိုင်မယ်လို့ ယုံကြည်ပါတယ်" ဟု ပြောသည်။

ဆင့်ပွားသင်တန်းတွင် Communication ဆက်သွယ်ပြောဆိုမှုဆိုင်ရာ၊ စိတ်လူမှုပိုင်းဆိုင်ရာပံ့ပိုးခြင်း၊ မိမိကိုယ်ကို ရောဂါကာကွယ်နည်းလမ်းများ၊ PPE လက်တွေ့ အသုံးပြုပုံနှင့် အမှိုက်စွန့်ပစ်ခြင်း၊ ပတ်ဝန်းကျင် သန့်ရှင်းရေးတို့ကို ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဒေါက်တာဝဏ္ဏထွန်းက " မြန်မာနိုင်ငံ ဆရာဝန် အသင်းအနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့ စေတနာ့ဝန်ထမ်းလုပ်အားပေး ဆရာဝန်တွေကနေ သင်တန်းတွေ ဖွင့်လှစ်ပြီး သင်ကြားပေးလျက်ရှိပါတယ်။ စေတနာ့ဝန်ထမ်းလုပ်အားပေးတွေကို သင်တန်းပို့ချတာပါ။ စေတနာ့ဝန်ထမ်း လုပ်အားပေးတွေကိုသင်တန်း ပို့ချပေးမယ့်ဆရာဝန်တွေကလည်း သင်တန်းတွေ တက်ထားပြီး ဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာရှိတဲ့ မြို့နယ်တွေမှာလည်း ဒီနေ့ကစပြီး သင်တန်းတွေ ပေးနေပါတယ်။ ဒီမှာတော့ အနောက်ပိုင်းခရိုင်အတွင်းမှာရှိတဲ့ စေတနာ့ဝန်ထမ်းတွေကို သင်တန်း လာရောက်ပို့ချတာဖြစ်ပါတယ်။ PPE ဝတ်စုံဝတ်နည်းတွေ သင်ကြားပေးပါတယ်။ ဒီအချိန်မှာ ပြည်သူလူထုက စိုးရိမ်ပူပန်မှုတွေရှိကြတယ်။ ကျန်းမာရေး သွားရောက်စစ်ဆေးတဲ့အခါ ပြည်သူတွေရဲ့ စိုးရိမ်ပူပန်မှုကို အနှောင့်အယှက်မဖြစ်အောင်၊ စိုးရိမ်ပူပန်မှု လျော့ကျအောင် စေတနာ့ဝန်ထမ်းတွေကို နားလည်အောင်အထိ သင်ကြားပေးမှာဖြစ်ပါတယ်။ နောက်ရက်တွေမှာလည်း ကန့်သတ်စောင့်ကြည့်ရေးစင်တာတွေမှာ လုပ်အားပေးနေတဲ့ စေတနာ့ဝန်ထမ်းတွေကိုလည်း ဆင့်ပွားသင်တန်းတွေ ပေးသွားမှာဖြစ်ပါတယ်" ဟု ပြောသည်။

ယနေ့ ဖွင့်လှစ်သည့် ဆင့်ပွားသင်တန်းကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ကပ်ရောဂါဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ပြုလုပ်ခဲ့ပြီး သင်တန်းတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ လှိုင်သာယာမြို့နယ်နှင့် တာမွေမြို့နယ်တို့မှ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်ရာတွင် လုပ်အားပေး ပါဝင်ဆောင်ရွက်ကြမည့် စေတနာ့ဝန်ထမ်း ၃၀အား မြန်မာနိုင်ငံဆရာဝန်အသင်းမှ ဆရာဝန်များ ကိုယ်တိုင် သင်တန်းပို့ချပေးခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- မင်းသစ်(MNA)**

# ကိုဗစ်-၁၉ ကပ်ရောဂါကာလ စိတ်ဖိစီးမှုနှင့် ကိုယ်ဝန်ဆောင်မိခင်များ

ဆရာထန်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့( World Health Organization–WHO )က ယခုနှစ် မတ်လ ၁၁ ရက်နေ့တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ကပ်ရောဂါ (Pandemic) အဖြစ် သတ်မှတ်လိုက်သော ကိုဗစ်–၁၉ ရောဂါသည် ယနေ့ထိတိုင် လူ့အသက်ပေါင်းများစွာ ဆုံးရှုံးစေသည့်အပြင် နိုင်ငံတကာ၌ စီးပွားရေးနှင့် ပညာရေးမှအစ လူမှုဆက်ဆံရေးအထိ တိုက်ရိုက်ထိခိုက်ကာ လွန်စွာကြီးမားသော နစ်နာဆုံးရှုံးမှုများကို ဖြစ်ပေါ်စေပါသည်။ ဤဆောင်းပါးရေးနေချိန်တွင် ကမ္ဘာတစ်ဝန်း၌ ကိုဗစ်–၁၉ ရောဂါရှိသူ လေးသန်းကျော်နှင့် ထိုရောဂါကြောင့် သေဆုံးသူ သုံးသိန်းခန့်ရှိနေပြီဖြစ်သည်။ ထိုတိုက်ရိုက်ဆုံးရှုံးမှုများနှင့် ဒွန်တွဲ၍ လူသားများကို ဒုက္ခပေးနေသော ကိုယ်ပျောက်ရန်သူတစ်ခုမှာ ကိုဗစ်– ၁၉ ရောဂါကာလ စိတ်ဖိစီးမှုပင် ဖြစ်သည်။

ဤဆောင်းပါး၏ အဓိကရည်ရွယ်ချက်မှာ ကိုဗစ်–၁၉ ရောဂါကာလအတွင်း ကိုယ်ဝန်ဆောင်အမျိုးသမီးများ၌ စိတ်ဖိစီးမှုကြောင့် မွေးဖွားလာမည့် ရင်သွေးငယ်များအပေါ် သက်ရောက်နိုင်သည့် ဆိုးကျိုးများကို ကြို၍အသိပေးရန်ဖြစ်သည်။ ကိုယ်ဝန်ဆောင်စိတ်ဖိစီးမှုခံစားရပါက မိခင်၌ ဆိုးကျိုးဖြစ်စေသည်သာမက လွယ်ထားသော ရင်သွေး၌လည်း ကိုယ်ဝန်ဆောင်စဉ်က ကြုံတွေ့ရသော စိတ်ဖိစီးမှု (Prenatal Maternal Stress–PNMS) ကြောင့် ကာလတာရှည်သည့် ဆိုးကျိုးများသက်ရောက်စေနိုင်ကြောင်း သုတေသနပြုလုပ်ချက်များက ဖော်ပြနေပါသည်။ မိခင်စိတ်ဖိစီးမှု(PNMS) ကြောင့် မွေးလာသော ရင်သွေးများတွင် ဉာဏ်ရည်မမီခြင်း၊ ဘာသာစကားပြောဆိုမှုနှင့် အပြုအမူပိုင်းဆိုင်ရာများ၌ ညှံ့ဖျင်းခြင်းများဖြစ်စေနိုင်ပါသည်။ ဖြစ်စဉ် (Mechanism) အတိအကျကို မသိရသေးသော်လည်း ယနေ့အထိရရှိသော အထောက်အထားများအရ PNMS သည် မိခင်တွင် စိတ်ဖိစီးမှုဟော်မုန်း (Cortisol) များထွက်ပေါ်စေသည်။ ထိုဟော်မုန်းများက သန္ဓေသား၏ ဦးနှောက်ဖွံ့ဖြိုးမှုကို အဆိပ် (neurotoxic) ဖြစ်စေသဖြင့် ထိုကလေးကြီးပြင်းလာသောအခါ လူစဉ်မီသော ဖွံ့ဖြိုးမှုမရရှိနိုင်ခြင်းဖြစ်မည်ဟု သုတေသီများက ယူဆကြပါ သည်။

**ကိုဗစ်–၁၉ ကာလ စိတ်ဖိစီးမှု၏ ဆိုးကျိုး**

လွန်ခဲ့သောကာလများ၌ ကပ်ရောဂါဆိုးများကြုံခဲ့ရသော်လည်း ထိုရောဂါများနှင့် ဆက်နွယ်သည့် စိတ်ဖိစီးမှုများကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် သူတို့၏ရင်သွေးများအပေါ်၌ မည်သို့အကျိုးသက်ရောက်မှုရှိသည်ကို သုတေသနပြုထားခြင်းများ မရှိခဲ့ပါ။ သို့ဖြစ်၍ ကိုဗစ်–၁၉ ရောဂါကာလ စိတ်ဖိစီးမှုများ၏ ဆိုးကျိုးကို အသေးစိတ်သိနိုင်ရန် ခက်ခဲမည်ဖြစ်သည်။ သို့သော် တိရစ္ဆာန်များကို အသုံးပြုသောစမ်းသပ်ချက် (animal studies)နှင့် ကိုယ်ဝန်ဆောင်ကာလအတွင်း သဘာဝဘေးအန္တရာယ် (ဥပမာ–လေမုန်တိုင်း၊ တောမီးနှင့် ရေကြီးခြင်း)နှင့် စိတ်ထိခိုက်ဖွယ်ရာအဖြစ်အပျက် (ဥပမာ–မိသားစုတစ်ဦးဆုံးပါးခြင်း၊ မရည်ရွယ်ဘဲ ကိုယ်ဝန်ဆောင်ရခြင်း) တစ်ခုခုကြုံခဲ့ရသောမိခင်များနှင့် ၎င်းတို့၏ရင်သွေးများကို သုတေသနပြုခြင်းမှ ရရှိလာသောအချက်များကိုကြည့်၍ သင့်လျော်သောခန့်မှန်းမှုများ ပြုလုပ်နိုင်မည် ဖြစ်သည်။

ပြင်သစ်နိုင်ငံ Lille တက္ကသိုလ်မှ သုတေသီများက ကြွက်များဖြင့် စမ်းသပ်မှုပြုလုပ်ခဲ့ရာ၌ သန္ဓေသားဘဝတွင် စိတ်ဖိစီးမှုခံခဲ့ရသော ကြွက်များ၌ Endocrine စနစ်၏ ဝင်ရိုးတစ်ခုဖြစ်သည့် Hypothalamic–Pituitary–Adrenal (HPA) axis ၏ ထိန်းချုပ်မှုပျက်ပြားနေပြီး အပြုအမူများ ပြောင်းလဲသွားခဲ့ကြောင်း ၂၀၀၈ ခုနှစ်တွင် ဖော်ပြခဲ့ပါသည်။ ထို့အပြင် ထိုကြွက်များ၌ စိုးရိမ်နေမှု (anxiety level) မြင့်မားပြီး စိတ်ကျခြင်းနှင့် ဆင်တူသော အပြုအမူ (depression like behaviors) များနှင့် ဉာဏ်ရည်နိမ့်ကျမှုများ တွေ့ခဲ့ရသည်ဟု ဆိုသည်။

ကိုယ်ဝန်ဆောင်နေစဉ် စိတ်ဖိစီးမှုခံရသော အမျိုးသမီးများကို သုတေသနပြုလုပ်ရာ၌ မီးဖွားခြင်းနှင့် ဆိုင်သော ပြဿနာများ ( ဥပမာ – အချိန်မစေ့မီ မွေးခြင်း၊ မွေးစကလေးငယ်၏ ကိုယ်အလေးချိန်လျော့နည်းခြင်း၊ မွေးဖွားရာ၌ ခက်ခဲခြင်း) ကြုံတွေ့ရသည့်အပြင် ကလေးငယ်တွင်လည်း ရေရှည်ထိခိုက်မှုများ (ဥပမာ– အပြုအမူဆိုင်ရာပြောင်းလဲမှုများ၊ လှုပ်ရှားမှုနှင့်ဆိုင်သော ဖွံ့ဖြိုးမှုများနှေးကွေးခြင်း) တွေ့ရှိခဲ့ကြသည်။

**ရေခဲမုန်တိုင်းကြီးမှရသော သင်ခန်းစာ**

၁၉၉၈ ခုနှစ် ဇန်နဝါရီလဆန်းပိုင်းတွင် ကနေဒါနိုင်ငံအရှေ့ပိုင်း၊ အထူးသဖြင့် အွန်တေရီယိုနှင့် ကွိဘက်ပြည်နယ်တို့၌ အလွန်ပြင်းထန်သော ရေခဲမုန်တိုင်း (Great Ice Storm of 1998) တိုက်ခတ်ခဲ့သည်။ ထိုမုန်တိုင်းကြောင့် လူ ၃၅ ဦးသေဆုံးခဲ့ပြီး ဆီးနှင်းနှင့်ရေခဲများက ဖုံးလွှမ်းမှုကြောင့် ဒေသတစ်ခုလုံး သွားလာမှုခက်ခဲကာ ပျက်စီးဆုံးရှုံးမှုတန်ဖိုး ဒေါ်လာခုနစ်ဘီလီယံခန့်ရှိခဲ့သည်။ ထရန်စဖော်မာများစွာနှင့် မီးတိုင် ထောင်နှင့်ချီကာ ကျိုးပဲ့ပျက်စီးခဲ့သဖြင့် ပြည်သူငါးသန်းသည် ကမ္ဘာ့အအေးဆုံးဒေသ၏ အချမ်းဆုံးလတွင် အပူနှင့် လျှပ်စစ်မီး (heat & power) မရှိဘဲ ကြံ့ကြံ့ခံ၍ နေထိုင်ခဲ့ကြသည်။ မြို့ကြီးအချို့တွင် တစ်ပတ်အတွင်း၌ လျှပ်စစ်မီးပြန်ရခဲ့သော်လည်း အခြားမြို့ငယ်များနှင့် အစွန်အဖျားဒေသများတွင် လနှင့်ပင်ချီ၍ လျှပ်စစ်မီးပြတ်တောက်ခဲ့သည်။ ပျက်စီးမှုများလွန်းသဖြင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ကူညီရန် စစ်သည် ၁၆၀၀၀ ကို ကနေဒါအစိုးရက စေလွှတ်ခဲ့ရသည်။

ဤမုန်တိုင်းဒဏ်ခံရသူများတွင် Montreal မြို့ရှိ McGill တက္ကသိုလ်၏ စိတ်ပညာဌာန ပါမောက္ခDr. Suzanne King နှင့် မိသားစုလည်း ပါဝင်ခဲ့သည်။ မုန်တိုင်းအပြီး တစ်ပတ်ခန့်အကြာတွင် ၎င်း၏အိမ်၌ လျှပ်စစ်မီးပြန်ရခဲ့သည်။ စိတ်ဖိစီးမှုများ၏ အကျိုးဆက်များကို သုတေသနပြုနေသူတစ်ဦးဖြစ်သည့်အားလျော်စွာ လျှပ်စစ်မီးပြန်ရသည်နှင့် တစ်ပြိုင်နက် သူ၏သွေးပေါင်ကို ချိန်ကြည့်ခဲ့ရာ လွန်စွာမြင့်မားနေသည်ကို တွေ့ရှိခဲ့သည်။ ဤသို့ဖြစ်ရခြင်းမှ လျှပ်စစ်မီးပြတ်တောက်ခဲ့ခြင်းကြောင့် စိတ်ဖိစီးမှုဖြစ်ခဲ့ရာမှ အကြွင်းအကျန်ဖိစီးမှု (residual stress) များကြောင့် ဖြစ်မည်ဟု Dr. King က ကောက်ချက်ချခဲ့သည်။ ထိုအတွေ့အကြုံနှင့်ဆက်စပ်ကာ လျှပ်စစ်မီးပြတ်တောက်မှုကြောင့်ဖြစ်ပေါ်လာသော စိတ်ဖိစီးမှုများက ကိုယ်ဝန်ဆောင်အမျိုးသမီးများ၌ မည်သို့အကျိုးသက်ရောက်မှုဖြစ်စေမည်ကို သိလိုစိတ်ပြင်းပြခဲ့သည်။ ထို့ကြောင့် Dr. King က ကွိဘက်ပြည်နယ်အတွင်းရှိ မုန်တိုင်းကျစဉ်က ကိုယ်ဝန်ရှိနေပြီးသော အမျိုးသမီးများကို ဆက်သွယ်၍ "Project Ice Storm"ဟု အမည်ရသော သုတေသနစီမံကိန်းကို အစပြုခဲ့သည်။

မွေးလာသော ရင်သွေးငယ်များ၏ ဖွံ့ဖြိုးမှုကို မွေးကင်းစအရွယ်မှစ၍ ကလေးဘဝနှင့် လူငယ်အရွယ်ရောက်သည်အထိ စစ်ဆေးစမ်းသပ်ပြီး မှတ်တမ်းတင်ခဲ့သည်။ မုန်တိုင်းကျစဉ်က ကိုယ်ဝန်ရှိသော မိခင်များမှ မွေးဖွားလာသော ကလေးငယ် ၁၀၀ ခန့်ကို အသက် ၁၉ နှစ်အရွယ်အထိ လေ့လာနိုင်ခဲ့သည်။

၂၀၂၀ ပြည့်နှစ် မေလ ၈ ရက်နေ့တွင် ကနေဒါအသံလွှင့်ကော်ပိုရေးရှင်း (Canadian Broadcasting Corporation–CBC ) နှင့် ရေဒီယိုအင်တာဗျူးပြုလုပ်ရာ၌ Dr.King က လျှပ်စစ်မီးပြတ်တောက်မှုကြောင့် မိခင်ခံစားခဲ့ရသည့် စိတ်ဖိစီးမှုအတိုင်းအတာသည် ကလေးတွင်တွေ့ရကြောင်း၊ ထိခိုက်မှုပမာဏနှင့် တိုက်ရိုက်အချိုးကျမှု (dose respond kind of effect) ရှိကြောင်းပြောကြားခဲ့သည်။ လျှပ်စစ်မီး ရက် ၂၀ ထက် ပို၍ကြာရှည်စွာ ပြတ်တောက်မှုခံခဲ့ရသော မိခင်များ၏ သားသမီးများတွင် လျှပ်စစ်မီး ၁၀ရက်အောက်အဖြတ်ခံခဲ့ရသော မိခင်များ၏ သားသမီးများထက် ဉာဏ်ရည် ( IQ ) ၁၀ မှတ်မှ ၁၂ မှတ်ခန့် လျော့နည်းသည်ကို တွေ့ရခြင်းကြောင့် သိသာခြားနားမှုကို ဖြစ်စေခဲ့သည်ဟု ဆိုပါသည်။ ထို့အပြင် Dr.King က ဆိုးကျိုးသက်ရောက်မှုသည် မိခင် ကိုယ်ဝန်ကာလနှင့် လိုက်ပြီး ကွဲပြားမှုရှိသည်ဟု ဆိုသည်။ မုန်တိုင်းကျစဉ်က ကိုယ်ဝန်အစပိုင်း(first trimester)နှင့် ကြုံခဲ့သော မိခင်များ၏သားသမီးများတွင် အထီးကျန်ဆန်ရသာ စိတ်ဝေဒနာလက္ခဏာများ(autistic like symptoms)တွေ့နိုင်ပြီး ကိုယ်ဝန်နှောင်းပိုင်း (third trimester)နှင့် ကြုံခဲ့ပါက သားသမီးများတွင် လှုပ်ရှားမှုဖွံ့ဖြိုးခြင်း (motor developement ) များ ထိခိုက်နေသည်ကို တွေ့ခဲ့ရသည်ဟု ဆိုသည်။ Dr.King က ထိုသို့ဖြစ်ရခြင်းမှာ ကိုယ်ဝန်ကာလအလိုက် သန္ဓေသား၏ ဦးနှောက်ဖွံ့ဖြိုးမှု ခြားနားခြင်းရှိသဖြင့် မိခင်စိတ်ဖိစီးမှု ခံစားရနေချိန်တွင် ဖွံ့ဖြိုးနေသော ဦးနှောက်အစိတ်အပိုင်းကိုသာ ထိခိုက်စေခြင်းကြောင့် ဖြစ်နိုင်သည်ဟု ဆိုပါသည်။

**ကိုဗစ်-၁၉ ကပ်ရောဂါကာလမှရရှိသော စိတ်ဖိစီးမှုများကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများနှင့် မွေးဖွားလာမည့် ရင်သွေးများတွင် မလိုလားအပ်သော ဆိုးကျိုးများစွာ သက်ရောက်လာနိုင်သည်မှာ ထင်ရှားလျက်ရှိ ဤဆိုးကျိုးများမှ လုံးဝလွတ်ကင်းရန် လွယ်ကူမည်မဟုတ်သော်လည်း ကိုဗစ်-၁၉ ၏ ခြိမ်းခြောက်မှုများကို ထိန်းချုပ်ခြင်း၊ အပြောင်းအလဲနည်းအောင် ကန့်သတ်ခြင်းနှင့် အကောင်းမြင်ဝါဒပို၍မွေးကာ သတိတရားကျင့်စဉ်များ ပြုလုပ်ခြင်းဖြင့် စိတ်ဖိစီးမှုများလျော့နည်းပြီး ကျန်းမာသန်စွမ်းသော ကိုယ်ဝန်ဆောင်မိခင်များနှင့် မျိုးဆက်သစ်ရင်သွေးများ ထွက်ပေါ်လာမည်။**

**ကိုဗစ်–၁၉ ကာလ စိတ်ဖိစီးမှုကို**
**မည်သို့လျှော့ချနိုင်မည်နည်း**

ယေဘုယျအားဖြင့် စိတ်ဖိစီးမှုပမာဏပြင်းထန်စေသည့် အချက်ကြီးလေးချက်ရှိပါသည်။ ၎င်းတို့မှာ (၁) ဖြစ်ပေါ်လာသော ဆုံးရှုံးမှုအတိုင်းအတာ (degree of loss)၊ (၂) သက်ရောက်မှုနယ်ပယ် (scope)၊ (၃) ခြိမ်းခြောက်မှု၏ ပြင်းထန်မှု ( intensity of the threat ) နှင့် (၄) ပြောင်းလဲခြင်း ဖြစ်ပေါ်စေမှုပမာဏ (degree of change) တို့ဖြစ်သည်။ ယနေ့ရင်ဆိုင်နေရသော ကိုဗစ်–၁၉ ကပ်ရောဂါသည် အထက်ပါ အချက်လေးချက်စလုံးနှင့် အပြည့်အဝ အကျုံးဝင်နေသဖြင့် ကြီးမားသောစိတ်ဖိစီးမှုကို ဖြစ်ပေါ်စေနိုင်ကြောင်း ထင်ရှားသည်။ ဆုံးရှုံးမှုအတိုင်းအတာကို ကြည့်ပါက လူ့အသက်များစွာ ဆုံးရှုံးခဲ့ရသည့်အပြင် ရောဂါမရှိသူများတွင်လည်း အလုပ်အကိုင်နှင့် စီးပွားရေးမှအစ လွတ်လပ်စွာသွားလာခွင့်မရတော့သည်အထိ ဆုံးရှုံးမှုမျိုးစုံဖြစ်စေခဲ့ကြောင်း တွေ့ရမည်။ သက်ရောက်မှုနယ်ပယ်ကို ကြည့်ပြန်လျှင်လည်း ကမ္ဘာတစ်ဝန်းကို အချိန်တိုတိုအတွင်း ရောဂါပြန့်ပွားစေခဲ့သောကြောင့် အမြင့်ဆုံးသော သက်ရောက်မှုပေးနိုင်ကြောင်း တွေ့နိုင်ပါသည်။ အလားတူ ထိရောက်သော ကာကွယ်ဆေးနှင့် ကုသဆေးများ မတွေ့ရှိသေးခြင်းကြောင့် ခြိမ်းခြောက်မှုအလွန်ပြင်းထန်ပြီး လူသားများ၏ နေ့စဉ်နေထိုင်သွားလာပုံကို ပြောင်းလဲစေခဲ့ခြင်း (ဥပမာ– အိမ်တွင် အမြဲနေရခြင်း၊ မျက်နှာဖုံးများတပ်ရခြင်း၊ လက်ကိုမကြာခဏဆေးရခြင်း) ကြောင့် သိသာထင်ရှားသောပြောင်းလဲမှုကို ဖြစ်ပေါ်စေခဲ့ကြောင်း ပေါ်လွင်နေပါသည်။

သို့ဖြစ်၍ ကိုဗစ်–၁၉ ကပ်ရောဂါကာလတွင် ကိုယ်ဝန်ဆောင်နေသော အမျိုးသမီးများသည် ပြင်းထန်သော စိတ်ဖိစီးမှုကို ရင်ဆိုင်နေရကြောင်း သတိချပ်သင့်သည်။ ထိုသို့ရင်ဆိုင်ရာတွင် အောက်ပါအချက်များကို ဆင်ခြင်လိုက်နာခြင်းဖြင့် စိတ်ဖိစီးမှုကို လျှော့ချနိုင်မည် ဖြစ်သည်။

(၁) **ခြိမ်းခြောက်မှုကို ထိန်းချုပ်ခြင်း။** ကိုယ်ဝန်ဆောင် အမျိုးသမီးများ အိမ်တွင်း၌သာနေပြီး (ဈေးဝယ်ရန်လိုအပ်ပါက တခြားသူများကို သွားစေခြင်း)၊ သက်ဆိုင်ရာမှ ညွှန်ကြားချက်များကိုလိုက်နာခြင်းနှင့် မကြာခဏ လက်ဆေးခြင်းများ ပြုလုပ်ခြင်းဖြင့် ဤကပ်ရောဂါ၏ ခြိမ်းခြောက်မှုကို ထိန်းချုပ်နိုင်ပါသည်။

(၂) **ပြောင်းလဲမှုနည်းအောင် နေထိုင်ခြင်း။** တစ်နေ့တာ လုပ်ရိုးလုပ်စဉ်များ (regular routines) ကို အတတ်နိုင်ဆုံး ပုံမှန်အတိုင်း ဆက်လုပ်ဖြစ်အောင် အားစိုက်ခြင်း (ဥပမာ–ပုံမှန်အချိန်အတိုင်း အိပ်ရာဝင်၊ အိပ်ရာထခြင်း၊ အလုပ်သွားစဉ်ကကဲ့သို့ အဝတ်လဲခြင်း)ဖြင့် အပြောင်းအလဲကြောင့် ဖြစ်ပေါ်လာမည့် စိတ်ဖိစီးမှုကို လျှော့ချစေနိုင်ပါသည်။

(၃) **အကောင်းမြင်ခြင်း။** အခက်အခဲတစ်ခုခုနှင့် ကြုံရသောအခါ ထိုအခက်အခဲကို ရင်ဆိုင်နေရသော လူတစ်ဦးချင်း၏အကဲဖြတ်မှု (cognitive appraisal ) သည် အလွန်အရေးပါပါသည်။ သုတေသနပြုချက်များအရ အခြေအနေဆိုးကြုံတွေ့နေရသည့်ကြားမှ အကောင်းမြင်နိုင်ခြင်း (positive appraisal) ဖြင့် စိတ်ဖိစီးမှု၏ ဆိုးကျိုးကို လျော့ကျစေနိုင်ကြောင်း တွေ့ရှိခဲ့ရသည်။ ဥပမာ ဆိုရသော် ကိုဗစ်–၁၉ ကြောင့် အိမ်၌နေရသည်ကို ဒဏ်ပေးခံရသကဲ့သို့ မတွေးဘဲ မိသားစုနှင့် အတူ အချိန်ပို၍သုံးနိုင်ရန် အခွင့်အရေးရသည်ဟု မြင်ခြင်းဖြင့် စိတ်၏ဖိစီးမှုကို လျော့နည်းစေနိုင်သည်။

(၄) **သတိတရားကျင့်စဉ်ပြုလုပ်ခြင်း (Mindful–ness)။** သုတေသီများက သတိတရားကျင့်စဉ် (ဥပမာ–ယောဂီကျင့်ခြင်း၊ မိမိကိုးကွယ်ရာ ဘာသာတရားအလိုက် တရားအားထုတ်ခြင်း) များကြောင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများ၌ စိတ်ဖိစီးမှုဒဏ်ခံစားရခြင်းမှ သက်သာနိုင်သည့် အလားအလာများ တွေ့ရသည်ဟု ဆိုပါသည်။ သို့သော် ယခုအချိန်တွင် အကျိုးသက်ရောက်မှုရှိကြောင်း အတည်ပြုနိုင်ရန်အတွက် ပို၍ကျယ်ပြန့်သော စမ်းသပ်မှု (randomized controlled study) များ ပြုလုပ်ရန် လိုအပ်နေသေးသည်။

အချုပ်ဆိုရသော် ကိုဗစ်–၁၉ ကပ်ရောဂါကာလမှ ရရှိသော စိတ်ဖိစီးမှုများကြောင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် မွေးဖွားလာမည့် ရင်သွေးများတွင် မလိုလားအပ်သော ဆိုးကျိုးများစွာ သက်ရောက်လာနိုင်သည်မှာ ထင်ရှားလျက်ရှိပါသည်။ ဤဆိုးကျိုးများမှ လုံးဝလွတ်ကင်းရန် လွယ်ကူမည်မဟုတ်သော်လည်း ကိုဗစ်–၁၉ ၏ ခြိမ်းခြောက်မှုများကို ထိန်းချုပ်ခြင်း၊ အပြောင်းအလဲနည်းအောင် ကန့်သတ်ခြင်းနှင့်အကောင်းမြင်ဝါဒပို၍မွေးကာ သတိတရားကျင့်စဉ်များပြုလုပ်ခြင်းဖြင့် စိတ်ဖိစီးမှုများ လျော့နည်းပြီး ကျန်းမာသန်စွမ်းသော ကိုယ်ဝန်ဆောင်မိခင်များနှင့် မျိုးဆက်သစ်ရင်သွေးများ ထွက်ပေါ်လာမည် ဖြစ်သည်။ ။

# ထိုင်းနိုင်ငံတွင် ပြစ်ဒဏ်ကျခံရပြီးသော မြန်မာနိုင်ငံသား ၁၂၀ အား မြဝတီတံတားအမှတ် (၂)မှတစ်ဆင့် လာရောက်လွှဲပြောင်းပို့ဆောင်

**မြဝတီ မေ ၁၅**

ထိုင်းနိုင်ငံ တွင် ပြစ်ဒဏ်ကျခံရပြီးသော မြန်မာနိုင်ငံသား ၁၂၀ အား ထိုင်းနိုင်ငံမှ တာဝန်ရှိသူများက မြဝတီအမှတ်(၂) ချစ်ကြည် ရေးတံတားမှတစ်ဆင့် တတိယအကြိမ်အဖြစ် ယနေ့ လာရောက်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ပြန်လည်ဝင်ရောက်လာသူများအား ကျန်းမာရေး စစ်ဆေးမှုနှင့် အခြားသော လိုအပ်ချက်များကို ဆောင်ရွက်နိုင်ရန်အတွက် ကရင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ မြဝတီခရိုင် ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်ချမ်းငြိမ်း၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး သက်လင်းဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဖြိုးဇော်ကိုကို၊ မြဝတီခရိုင်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးအောင်ခိုင်ဆွေနှင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကြီးကြပ်ဆောင်ရွက်လျက်ရှိသည်။

ယနေ့ ပြန်လည်ဝင်ရောက်လာသူများတွင် ကချင်ပြည်နယ်မှ သုံးဦး၊ ကရင်ပြည်နယ်မှ ၁၈ ဦး၊ မွန်ပြည်နယ်မှ ၂၈ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ငါးဦး၊ မန္တလေးတိုင်းဒေသကြီးမှ နှစ်ဦး၊ ရှမ်းပြည်နယ်မှ ၁၂ ဦး၊ တနင်္သာရီတိုင်းဒေသကြီးမှ ၂၃ ဦး၊ ရခိုင်ပြည်နယ်မှ တစ်ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ငါးဦး စုစုပေါင်း လူဦးရေ ၁၂၀ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါ အကြောင်း အသိပညာပေးလက်ကမ်းစာစောင်များကို မြဝတီခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီး ဌာနမှ ဝန်ထမ်းများက ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**





# လှိုင်သာယာမြို့နယ်၌ နှာခေါင်းစည်းဝတ်ဆင်ရေး အသိပေးနှိုးဆော်မှုများ ပြုလုပ်

## လိုက်နာမှုမရှိသူများအား တရားရုံးသို့ပို့ဆောင်ကာ ဥပဒေအရ အရေးယူ

**ရန်ကုန် မေ ၁၅**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်မှု အနေဖြင့် နှာခေါင်းစည်းဝတ်ဆင်ရေး အသိပေးနှိုးဆော်မှုများပြုလုပ်ပြီး လိုက်နာမှုမရှိသူများအား တရားရုံးသို့ ပို့ဆောင်ကာ ဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိကြောင်း မြို့နယ် တိုင်းဒေသကြီးလွှတ်တော် ကိုယ်စားလှယ် ဦးမြတ်မင်းသူထံမှ သိရသည်။

ယနေ့နံနက်ပိုင်းက လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး ကော်မတီနှင့် လွှတ်တော် ကိုယ်စားလှယ်များ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများက အဆိုပါမြို့နယ်အတွင်းရှိ ညောင်တုန်းလမ်းမကြီး၊ အနော်ရထာလမ်းမကြီး တစ်လျှောက်နှင့် ၂၀ ရပ်ကွက်ဈေး အရှေ့တွင်လည်းကောင်း၊ အလယ်ရွာ လမ်းဆုံနှင့် ရွှေလင်ပန်းစက်မှုဇုန်အတွင်းရှိ မူကြိုလမ်းဆုံတွင်လည်းကောင်း နှာခေါင်းစည်းဝတ်ဆင်ရေး အသိပေးနှိုးဆော်မှုများပြုလုပ်ပြီး လိုက်နာမှုမရှိသူများအား ဥပဒေအရ အရေးယူဆောင်ရွက်ခြင်းများ ပြုလုပ်ခြင်းဖြစ်သည်။

တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူက " ပြီးခဲ့တဲ့ ရက်ပိုင်းတွေမှာ နှာခေါင်းစည်း ဝတ်ဆင်ရေးလှုပ်ရှားမှုတွေကို ဆက်တိုက်လုပ်ခဲ့တယ်။ အခုအချိန်မှာတော့ နှာခေါင်းစည်းဝတ်ဆင်မှုမရှိဘဲ သွားလာတဲ့သူတွေကို အရေးယူမှုတွေ စတင်လုပ်ဆောင်နေတာပါ။ သူတို့ကိုတော့ လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီရဲ့အစီအစဉ်နဲ့ တရားရုံးပို့ပြီး ဥပဒေအရ အရေးယူဆောင်ရွက်တာဖြစ်ပါတယ်။ ပြည်သူတွေကို ထိခိုက်နစ်နာစေချင်လို့ အခုလိုလုပ်တာ မဟုတ်ပါဘူး။ စည်းကမ်းလိုက်နာမှုရှိလာအောင် ရည်ရွယ်ပြီး လုပ်ဆောင်တာဖြစ်ပါတယ်" ဟု ပြောသည်။

ထိုသို့ ဆောင်ရွက်မှုကို ယမန်နေ့ နံနက်ပိုင်းက စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ယင်းနေ့တွင် တရားရုံးသို့ ပို့ဆောင်ကာ ဥပဒေအရ အရေးယူခံရသူ ၁၀၂ ဦးရှိကြောင်း၊ ၎င်းတို့အား တရားရုံးက တစ်ဦးလျှင် ငွေဒဏ် ငါးထောင်ကျပ်စီ ချမှတ်ခဲ့ကြောင်း လွှတ်တော်ကိုယ်စားလှယ် ဦးမြတ်မင်းသူထံမှ သိရသည်။

ထို့အပြင် လှိုင်သာယာမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးကော်မတီနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများပူးပေါင်းကာ အဆိုပါမြို့နယ်အတွင်းရှိ ဈေးများနှင့် လူစည်ကားရာ နေရာများ၌ နှာခေါင်းစည်းဝတ်ဆင်ရေး အသိပညာပေးလှုပ်ရှားမှုများကို ကြိုတင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ၌ မေ ၁၃ ရက်မှစတင်ကာ နေအိမ်ပြင်ပသို့ထွက်၍ သွားလာမည့်သူများအနေဖြင့် နှာခေါင်းစည်းများဝတ်ဆင်ပြီး သွားလာကြရန်နှင့် လိုက်နာမှုမရှိသူများအား ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဒေသန္တရအမိန့်ကြေညာချက်ကို မေ ၁၂ ရက်တွင် သက်ဆိုင်ရာက လိုက်လံအသိပေးကြေညာမှုများ ပြုလုပ်ခဲ့သည်။

**သတင်း-ဇော်ကြီး**
**ဓာတ်ပုံ-ဖေဇော်**

# သာကေတမြို့နယ်၌ ဖျားနာကုဆေးခန်း ဖွင့်လှစ်မည်

**ရန်ကုန် မေ ၁၅**

ဖျားနာပါက လာရောက်ပြသနိုင်သည့် ဖျားနာကုဆေးခန်းကို ရန်ကုန်တိုင်းဒေသကြီး သာကေတ မြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ မေ ၁၇ ရက်တွင် ဖွင့်လှစ်မည်ဖြစ်ကြောင်း အဆိုပါဆေးခန်း တာဝန်ခံ ဒေါက်တာမြတ်မိုးလွင်က ပြောပြသည်။

**ကုသပေးသွားမည်**

ဖျားနာကုဆေးခန်းသည် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်တားဆီးထိန်းချုပ်နိုင်ရေး ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်ပြီး ကိုယ်အပူချိန်တက်နေသည့် လူနာများ၊ လည်ချောင်းနာ၊ နှာစေး၊ ချောင်းဆိုး ဖြစ်နေသည့် လူနာများ၊ အသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါဖြစ်နေသည့် လူနာများ၊ အနံ့၊ အရသာ ရုတ်တရက် ပျောက်သောသူများ၊ ဝမ်းပျက်၊ ဝမ်းလျှောလူနာများ၊ ရောဂါပိုးရှိသူနှင့်ထိတွေ့ခဲ့သူများ၊ ခရီးသွားရာဇဝင်ရှိသူများကိုသာ လက်ခံကုသပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ပြည်သူလူထုကြားထဲမှာ ကိုဗစ်ရောဂါပိုးရှိရင် စောစောစီးစီးသိရအောင် ကိုဗစ်မဟုတ်ရင်လည်း အခြားဖျားနာလူနာတွေ ဖျားတယ်၊ နာတယ်၊ နှာစေးတယ်၊ ချောင်းဆိုးတယ်၊ ဗိုက်အောင့်တယ်၊ ဝမ်းလျှောတယ် အဲဒီလူနာတွေကို ကျွန်တော်တို့က အဓိကကြည့်ပေးမှာပါ။ အရေးပေါ်ခွဲစိတ်ရမယ့် လူနာတွေကိုတော့ ကြည့်ပေးမှာ မဟုတ်ပါဘူး"ဟု ဒေါက်တာမြတ်မိုးလွင်က ပြောပြသည်။

**ဆောင်ရွက်ပေးမည်**

ယင်းဆေးခန်းကို အပါတ်စဉ် အင်္ဂါ၊ ကြာသပတေး၊ စနေ၊ တနင်္ဂနွေရက်များတွင် နံနက် ၉ နာရီမှ ၁၁ နာရီအထိ ဖွင့်လှစ်မည်ဖြစ်ပြီး လက်ရှိတွင် စေတနာ့ဝန်ထမ်း ဆရာဝန် ခုနစ်ဦး၊ သူနာပြု ငါးဦး၊ ကြက်ခြေနီ၊ လူမှုကူညီရေးအဖွဲ့ စသည့် စေတနာ့ဝန်ထမ်းများဖြင့် ကျန်းမာရေးဝန်ဆောင်မှုများ ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါဆေးခန်းကို လွှတ်တော်ကိုယ်စားလှယ်များ၊ စေတနာ့ဝန်ထမ်း ဆရာဝန်၊ ဆရာမများ၊ ကျောင်းဆရာများ အုပ်ချုပ်ရေးမှူးများ၊ ရပ်မိရပ်ဖများ အားလုံးပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**ဖွင့်လှစ်ထား**

လက်ရှိတွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း လှိုင်သာယာ၊ အင်းစိန်၊ မင်္ဂလာတောင်ညွန့်၊ တာမွေ၊ သဃ်ၤန်းကျွန်း၊ ဗိုလ်တထောင်၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ဒလ၊ လှိုင်၊ ရွှေပြည်သာ၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ မှော်ဘီ၊ တောင်ဥက္ကလာပ၊ ကြည့်မြင်တိုင်၊ တောင်ဒဂုံ၊ မြောက်ဥက္ကလာပ စသည့် မြို့နယ်များ၌ ဖျားနာကုဆေးခန်းများ ဖွင့်လှစ်ထားကြောင်း သိရသည်။

**အေးမင်းသူ**

**○ ကျောဖုံးမှ**

(Myanmar Airways International-MAI) ကယ်ဆယ်ရေးလေယာဉ်ဖြင့် ပြန်လည်ခေါ်ဆောင်ခဲ့ရာ ည ၈ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ အဆင်ပြေချောမွေ့စွာ ပြန်လည်ရောက်ရှိခဲ့ကြသည်။ သို့ပါ၍ ယနေ့အချိန်ထိ မြန်မာနိုင်ငံအစိုးရအနေဖြင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍ အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားဦးရေ စုစုပေါင်း ၁၈၄၇ ဦးအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ပေးခဲ့ပြီးဖြစ်သည်။

**တာဝန်ယူဆောင်ရွက်**

၎င်းတို့ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိချိန်တွင် လူဝင်မှုကြီးကြပ်ရေး၊ ကျန်းမာရေးစိစစ်ရေးနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ကြေညာထားသည့် သတ်မှတ်ချက်များနှင့်အညီ သီးခြားသတ်မှတ်ပေးထားသည့်နေရာ သို့မဟုတ် သတ်မှတ်ဟိုတယ်များ၌ ၂၁ ရက်တာ အသွားအလာကန့်သတ်နေထိုင်ရေးတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က သက်ဆိုင်ရာအခန်းကဏ္ဍအလိုက် တာဝန်ယူဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ Call Center ဖွင့်လှစ်ထားရှိ

**နေပြည်တော် မေ ၁၅**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးတွင် အရှိန်အဟုန်မြှင့် ဆောင်ရွက်နိုင်ရန်အတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ ဆေးသုတေသနဦးစီးဌာန၊ ဆက်သွယ်ရေးညွှန်ကြားမှုဦးစီးဌာနတို့ ညှိနှိုင်းမှုဖြင့် ဆက်သွယ်ရေးအော်ပရေတာ(၄)ခု၊ Blue ocean ကုမ္ပဏီတို့ပူးပေါင်း၍ COVID-19 Call Center အား နံနက် ၈ နာရီမှ ည ၈ နာရီအထိ ရန်ကုန်မြို့ ဆေးသုတေသနဦးစီးဌာနတွင် ဆေးသုတေသနဦးစီးဌာနမှ ဝန်ထမ်း(၄၃)ဦး၊ မြန်မာနိုင်ငံဆရာဝန်များအသင်းမှ စေတနာ့ဝန်ထမ်း ဆရာဝန်(၁၇)ဦး စုစုပေါင်း(၆၀)ဖြင့် ဧပြီ ၈ ရက်မှစတင်၍ ဖွင့်လှစ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရှေ့နေနှင့် ဒုတိယအရွယ်

ဦးဟန်ညွှန့် (ဥပဒေ)

**နိဒါန်း**

"ဆရာ"

"ဗျာ"

" ဒီတစ်ပတ်ဆောင်းပါးခေါင်းစဉ်ကဘာလဲဆရာ"

"ရှေ့နေနှင့် ဒုတိယအရွယ်ပါတဲ့"

"ဘယ်လိုအဓိပ္ပါယ်နဲ့ရေးတာလဲဆရာ"

"လူတစ်ယောက်ရဲ့ဘဝအတွက် အရေးကြီးတဲ့ ဖြတ်သန်းမှုတွေအကြောင်း သိစေချင်တဲ့စေတနာနဲ့ ရေးတာပါ"

"ဆရာ့စေတနာကို နားလည်ပါတယ်ဆရာ"

"ဒါဖြင့် ......ဖတ်ကြည့်ကြပါစို့ "

**ဒုတိယအရွယ်**

လူ့ဘဝဟူသည်အရွယ်ပေါ်တွင်မူတည်သည်။ ငယ်စဉ်ကာလမှစ၍ သေသည်အထိ ပထမအရွယ်၊ ဒုတိယအရွယ်၊ တတိယအရွယ်ဟူ၍ သတ်မှတ်တတ်ကြသည်။ ကျွန်တော်သည် မိမိ၏ဘဝကိုပြန်လည်သုံးသပ်ရင်း စာရေးဆရာကြီးမန်းတင်၏ ဒုတိယအရွယ်-၂ စာအုပ်ကို ပြန်လည်ဖတ်ရှုမိသည်။ ဒုတိယအရွယ်-၂ စာအုပ်မှာ ၁၉၉၀ ပြည့်နှစ် စက်တင်ဘာလက ဘဝတက္ကသိုလ်၊ နွယ်နီစာပေမှထုတ်ဝေခဲ့ခြင်းဖြစ်သည်။ သို့ဖြစ်၍ ဒုတိယအရွယ်-၂ ၏ စာအုပ်သက်တမ်းမှာ ယနေ့ဆိုလျှင် နှစ်ပေါင်း ၃၀ ခန့် ရှိပြီဖြစ်သည်။

**ရသအရေးအသား**

စာရေးဆရာကြီးမန်းတင်သည် ဒုတိယအရွယ်-၂ စာအုပ်ကို ရသဆန်ဆန် ပေါ့ပေါ့ပါးပါး ရေးသားခဲ့ခြင်းဖြစ်သည်။ ပထမအရွယ်၊ ဒုတိယအရွယ် ပိုင်းခြားရာတွင် အသက်အရွယ်အားဖြင့် ၄၅ နှစ်(ထိုစဉ်က) ရှိပြီဖြစ်သော ဆရာကြီးမန်းတင်၏ ပြည်သူ့ဝန်ထမ်းဘဝတွင် ဒုတိယအရွယ် ဘဝခရီးကို တာဝန်သိသိ သစ္စာရှိရှိဖြင့် လျှောက်လှမ်းခဲ့ပုံကို ရေးသားမှတ်တမ်းတင်ခဲ့ခြင်းလည်းဖြစ်ပေသည်။ (စာ-၆၁၈)

**မာတိကာ**


ဆရာကြီးမန်းတင်၏ ဒုတိယအရွယ်-၂ စာအုပ်တွင် အောက်ပါဆောင်းပါးများပါရှိပေသည်-

(၁) ဤစာအုပ်အကြောင်း
(၂) တို့ပြည်ထောင်စု
(၃) မုန်တိုင်းထန်ချိန်
(၄) ရှုပ်ရှုပ်ထွေးထွေးပြည်တွင်းရေး
(၅) တိုင်းရေးပြည်ရေးပေါက်နှင့်ကျေး
(၆) တောမီးလောင်ချိန်
(၇) ကရင်ရွာရောက် ဗမာတစ်ယောက်
(၈) မုန်းရာမှ လွတ်ရာသို့
(၉) အဝေးရောက် ဝန်ထမ်းများ
(၁၀) တစ်နှစ်အတွင်းငြိမ်းချမ်းရေးရရမည်
(၁၁) အယ်ဒီတာမှ နယ်ပိုင်ဝန်ထောက်
(၁၂) မတ္တရာ
(၁၃) တောင်ပြုန်းရွာ
(၁၄) တောင်ပြုန်းပွဲ
(၁၅) ရွှေတချောင်း
(၁၆) ခေးမတစ်ချောင်းနှင့် အသက်နှစ်ချောင်း
(၁၇) ရောက်ရာဒေသပျော်ပျော်နေရ
(၁၈) လယ်တွင်းကိုးခရိုင်
(၁၉) တရုတ်ပြည်သစ်သို့
(၂၀) ဆိုဗီယက်ပြည်ထောင်စု
(၂၁) ဥဇဘတ်ကစ္စတန်
(၂၂) လယ်လုပ်သူလယ်ပိုင်ရေး
(၂၃) နှစ်ခြမ်းကွဲချိန်
(၂၄) အိမ်စောင့်အစိုးရ
(၂၅) အရှေ့မှ အနောက်သို့
(၂၆) လေ့လာသူ
(၂၇) ပန်းမြို့တော်
(၂၈) နေရာအနှံ့ခရီးဆန့်ခြင်း
(၂၉) အမေရိကန်ပြည်ထောင်စု
(၃၀) အနောက်မှ အရှေ့သို့
(၃၁) အထွေထွေရွေးကောက်ပွဲ
(၃၂) သမိုင်းတစ်ကွေ့ မှတ်တိုင်တစ်ခုတို့ဖြစ်ပါသည်။

**ဤစာအုပ်အကြောင်း**

"ကျွန်တော်၏ ပထမအရွယ်နှင့် ဒုတိယအရွယ်စာအုပ်များကို ယခင်ကထုတ်ဝေခဲ့ပြီးဖြစ်ပါသည်။ ဤ ဒုတိယအရွယ်(၂)သည် ၁၉၈၆ ခုနှစ်တွင်ထုတ်ဝေခဲ့သောဒုတိယအရွယ်၏အဆက်ပင် ဖြစ်ပါသည်။

**ပထမအရွယ်၊ ဒုတိယအရွယ် ပိုင်းခြားရာတွင် အသက်အရွယ်အားဖြင့် ၄၅ နှစ်(ထိုစဉ်က) ရှိပြီဖြစ်သော ဆရာကြီးမန်းတင်၏ ပြည်သူ့ဝန်ထမ်းဘဝတွင် ဒုတိယအရွယ် ဘဝခရီးကို တာဝန်သိသိ သစ္စာရှိရှိဖြင့် လျှောက်လှမ်းခဲ့ပုံကို ရေးသားမှတ်တမ်းတင်ခဲ့.....**




ပထမစာအုပ်တွင် ကျွန်တော်တက္ကသိုလ်မှထွက်၍ ပြည်သူ့ဝန်ထမ်းအဖြစ် လောကအလယ် လျှောက်လှမ်းဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံများကို တင်ပြခဲ့ပါသည်။ ကျွန်တော်၏ အသက်နှစ်ဆယ်ကျော်မှ သုံးဆယ်ကျော်အရွယ်အထိ ကာလအပိုင်းအခြားအတွင်း ဘဝခရီးလမ်းကြောင်းတစ်လျှောက် တွေ့ကြုံခံစားချက်များကို ခြယ်မှုန်းခဲ့ခြင်းဖြစ်ပါသည်။

ဤစာအုပ်တွင်မူ ကျွန်တော်တို့နိုင်ငံသည် ၁၉၄၈ခုနှစ်တွင် တိုင်းတစ်ပါးသားလက်အောက်မှ လွတ်မြောက်၍ လွတ်လပ်သောပြည်ထောင်စုမြန်မာနိုင်ငံတည်ထောင်သည်မှစပြီး ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီက နိုင်ငံတော်၏အာဏာအရပ်ရပ်ကို ထိန်းသိမ်းလိုက်သည့် အချိန်အထိကာလကို ပိုင်းခြားဖော်ပြထားပါသည်။ ထိုဆယ့်လေးနှစ်ကာလ အပိုင်းအခြားအတွင်း ကျွန်တော်ဖြတ်သန်းခဲ့သည့်ခရီးတစ်လျှောက်တွင် ကြားမြင်ထိတွေ့ခဲ့သော မြင်ကွင်းများနှင့် လှုပ်ရှားခံစားခဲ့ရသည်များကို ရေးခြယ်တင်ပြထားခြင်းဖြစ်ပါသည်။ ထိုအချိန်ကာလအတွင်း ဌာနအများ၊ နေရာအနှံ့တွင် ပြည်သူ့ဝန်ထမ်းအဖြစ် တာဝန်အရပ်ရပ်ကိုထမ်းဆောင်ရင်း နိုင်ငံရေးလှိုင်းဂယက်တို့ကြားဝယ် တာဝန်သိသိ သစ္စာရှိရှိကူးခတ်လာခဲ့ရသည်များကို ရေးခြယ်တင်ပြထားပါသည်" .......... ဟု ဆရာကြီးမန်းတင်က ရေးသားခဲ့ပါသည်။

**ကောက်နုတ်ချက်**

ဆရာကြီး၏ ဆောင်းပါးစုစုပေါင်း (၃၂)ပုဒ်တွင် ကျွန်တော်နှစ်သက်သမျှ၊ မှတ်သားမိသမျှ ကောက်နုတ်တင်ပြရလျှင်-

မုန်တိုင်းထန်ချိန် (စာ-၁၅)၊ ရှုပ်ရှုပ်ထွေးထွေးပြည်တွင်းရေး(စာ၄၅)၊ တိုင်းရေးပြည်ရေးပေါက်နှင့်ကျေး(စာ-၆၇)၊ တောမီးလောင်ချိန်(စာ-၈၃) စသည့်ဆောင်းပါးများမှာ ထိုစဉ်က ခေတ်ကာလ၏ နိုင်ငံရေးအခြေအနေကို လိမ္မာပါးနပ်စွာဖြင့် ဆရာကြီးက ရေးသားခြယ်မှုန်းထားခြင်းဖြစ်ပါသည်။ အဝေးရောက် ဝန်ထမ်းများ (စာ-၁၃၉)၊ အယ်ဒီတာမှနယ်ပိုင်ဝန်ထောက်(စာ-၁၇၃)၊ ခေးမတစ်ချောင်းနှင့် အသက်နှစ်ချောင်း(စာ-၂၇၂)၊ ရောက်ရာဒေသပျော်ပျော်နေရ(စာ-၂၉၉)တို့မှာ ဝန်ထမ်းတစ်ဦး၏ လက်တွေ့ဘဝများကို ရုပ်ရှင်ဇာတ်ကားတစ်ကား ထိုင်ပြီးကြည့်နေရသကဲ့သို့ စာရှုသူ ခံစားရအောင် ရေးသားထားခြင်းဖြစ်ပါသည်။

ဒေသန္တရဗဟုသုတအဖြစ် မတ္တရာ (စာ-၁၈၉)၊ တောင်ပြုန်းရွာ (စာ-၂၀၅)၊ တောင်ပြုန်းပွဲ (စာ-၂၁၇)၊ ရွှေတချောင်း(စာ-၂၇၉)၊ လယ်တွင်းကိုးခရိုင် (စာ-၃၁၉) တို့တွင် ရေးသားဖော်ပြခဲ့သည်။

မီးရထားဖြင့်ခရီးသွားရင်း သူရဲဈေးဘူတာအလွန်ဖြတ်ကျော်ခဲ့သောချောင်းကလေးသည် မတ္တရာနှင့် မန္တလေးနယ်ခြားဖြစ်ကြောင်း၊ ရေမြောင်းဘေးရှိ လမ်းတစ်ဖက်တွင် ဥရင်ကောက်ပင်များ ပေါက်ရောက်လျက်ရှိသည်။ နောက်ကျိသောမြောင်းရေတို့သည် တသွင်သွင်စီးဆင်းနေသည်..... ဟု ပတ်ဝန်းကျင်ဒေသန္တရရှုခင်းကို ထင်လင်းစွာရေးသားဖော်ပြခဲ့လေသည်။

ပြည်သူ့ဝန်ထမ်းတစ်ဦးအနေနှင့် ပြည်ပခရီးများသွားခဲ့ရပုံအတွေ့အကြုံများကို တရုတ်ပြည်သစ်သို့ (စာ-၃၃၅)၊ ဆိုဗီယက်ပြည်ထောင်စု (စာ-၃၅၉)၊ အမေရိကန်ပြည်ထောင်စု(စာ-၅၄၇)၊ အရှေ့မှအနောက်သို့(စာ-၄၆၁)၊ အနောက်မှ အရှေ့သို့ (စာ-၅၇၁) ဆောင်းပါးများတွင် ထိုခေတ်ထိုအချိန်က ပြည်ပနိုင်ငံများအကြောင်း ရေးသားခဲ့ပေသည်။ စာအုပ်တစ်အုပ်လုံးပါ ရသစာပေအရေးအသားများကို လက်ကမချနိုင်အောင် စွဲလမ်းဖတ်ရှုရပေသည်။

**ငြိမ်းချမ်းရေးအကြောင်း**

ဆရာကြီးမန်းတင်က "တစ်နှစ်အတွင်းငြိမ်းချမ်းရေးရရမည်၊ (စာ-၁၅၃) ဆောင်းပါးတွင် ထိုခေတ်ကငြိမ်းချမ်းရေးဝန်ထမ်းမှူးကျောင်း၌ သင်တန်းတက်ခဲ့ရပုံကို အမှတ်တရရေးသားမှတ်တမ်းတင်ခဲ့ပေသည်။ သင်တန်းကျောင်းတွင်သင်ပြသည့် သင်ခန်းစာများမှာ - ပြည်ထောင်စုစိတ်ဓာတ်၊ ငြိမ်းချမ်းရေးစီမံကိန်းမူ၊ စည်းရုံးရေး၊ အုပ်ချုပ်မှုရေးရာ၊ စီးပွားရေးစီမံကိန်းများ၊ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်း၊ သူပုန်သမိုင်း၊ ပြည်သူ့တာဝန်ဝတ္တရား၊ နိုင်ငံရေးကိုယ်ကျင့်တရား၊ ဝါဒဖြန့်ချိဟောပြောမှုရေးရာ၊ ပြန်လည်ထူထောင်ရေးတာဝန်များနှင့် တပ်များနှင့် ပေါင်းသင်းဆက်ဆံရေးတို့ဖြစ်ပါသည်။ ယနေ့တိုင် ခေတ်မီနေဆဲပါကလားဟု ကျွန်တော်တွေးမိပါသည်။

**ပြည်သူ့ဝန်ထမ်း**

ပြည်သူ့ဝန်ထမ်းဆိုတာဘာလဲ။ ဆရာကြီးမန်းတင်က ဒုတိယအရွယ်-၂ စာအုပ်အဖွင့်တွင် "ပြည်သူ့ဝန်ထမ်း လမ်းကြမ်း လမ်းနု၊ အမှုမထား၊ စေရာသွားခဲ့။ ကြမ်းလည်းမရှောင်၊ သတိဆောင်၍ မှောင်လည်းမတွန့်၊ စွန့်လို့သာတိုး၊ ကိုယ့်လူမျိုးတို့၊ ကောင်းကျိုးထွေထွေ ပြည့်စုံစေ၏။ နုလည်းမထောင်၊ မာန်ကိုရှောင်၍ စွမ်းဆောင်သမျှ အတ္တပရ ညီအောင်မျှသည့် ဘဝတာဝန် နိုင်ငံ့ဝန်နှင့် ကိုယ့်ဝန်ကိုယ်ထမ်း ကိုယ်လျှောက်လှမ်း၏။ မန်းတင်၊ ၄၊ ၁၊ ၈၉"......ဟု မော်ကွန်းတင် ကဗျာရေးပြီး မှတ်တမ်းတင်ခဲ့ပေသည်။

**ယနေ့လူငယ်ဝန်ထမ်းများ**

ယနေ့လူငယ်ဝန်ထမ်းများသည် (ဆရာကြီးမန်းတင်၏ အသက် ၄၅နှစ်အရွယ်၊ ဒုတိယအရွယ်)ကကြိုးပမ်းဆောင်ရွက်ခဲ့ပုံများကို ပြည်သူ့ဝန်ထမ်းတစ်ဦး၏ အတွေ့အကြုံများအဖြစ် လေ့လာနိုင်ကြပါသည်။ ခံစားနိုင်ကြပါသည်။ နမူနာယူနိုင်ကြပါသည်။ သင်ခန်းစာယူနိုင်ကြပါသည်။ အတ္တပရ ညီအောင်မျှသည့်၊ ဘဝတာဝန်၊ နိုင်ငံ့ဝန်နှင့် ကိုယ့်ဝန်ကိုယ်ထမ်းနိုင်ကြမည်လည်း ဖြစ်ပေသည်။

**နိဂုံး**

ရှေ့နေတစ်ဦး၊ အငြိမ်းစားဝန်ထမ်းတစ်ဦးဖြစ်သူကျွန်တော့်အနေနှင့် ဆရာကြီးမန်းတင်၏ ဒုတိယအရွယ်အတွေ့အကြုံများကို ပြန်လည်ဖတ်ရှုလေးစားဂါရဝပြုအပ်ပါကြောင်း။ ။

## လေးမျက်နှာမြို့၌ ကိုဗစ်-၁၉ ရောဂါ အသိပညာပေးလက်ကမ်းစာစောင်များဖြန့်ဝေ



**လေးမျက်နှာ မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် လေးမျက်နှာမြို့ အောင်မင်္ဂလာဈေးနှင့် ဗိုလ်ချုပ်လမ်းဆုံ၌ ယနေ့ နံနက်ပိုင်းက ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန(ရုံးချုပ်)က ထုတ်ဝေသည့် ကိုဗစ်-၁၉ မပြန့်ပွားဖို့ မိမိကစ၍ကာကွယ်စို့ သတင်းစကား လက်ကမ်းစာစောင်ကို လေးမျက်နှာမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက အဆိုပါဈေးအတွင်းဈေးရောင်း၊ ဈေးဝယ်သူများနှင့် လမ်းသွား လမ်းလာများအား အခမဲ့ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

အဆိုပါ သတင်းစကား လက်ကမ်းစာစောင်တွင် အတူတကွ လက်တွဲရင်ဆိုင်(ကောက်နုတ်ချက်)၊ စနစ်တကျ လက်ဆေးနည်းများ၊ ကိုဗစ်-၁၉ ကူးစက်မှုကာကွယ်ရေး လိုက်နာဆောင်ရွက်ရမည့်အချက်များ၊ ရောဂါလက္ခဏာများ၊ ကူးစက်ပုံများ၊ သံသယဖြစ်ဖွယ် ရောဂါလက္ခဏာများ၊ အနုပညာရှင်များ၏ ရင်တွင်းစကားသံများ အစရှိသည့် ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်ရေး အကြောင်းအရာများ၊ သိရှိလိုက်နာဆောင်ရွက်ဖွယ် အကြောင်းအရာများကို ထည့်သွင်းဖော်ပြထားကြောင်း သိရသည်။

ရွှေမိုး

(ပြန်/ဆက်)



## မြေပြင်၊ ရေပြင်အသက်ကယ်ဆယ်ရေး မီးသတ်တပ်ဖွဲ့ ပြင်ဆင်လေ့ကျင့်

**ပုသိမ် မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် အမှတ်-၄ နယ်မြေရွှေစေတီလမ်းမြို့နယ်မီးသတ်ဦးစီးဌာနတွင် နယ်မြေခံမီးသတ်တပ်ဖွဲ့ဝင်များအား ရှာဖွေကယ် ဆယ်ရေး မြေပြင်၊ ရေပြင်နှင့် ရေတွင်းစသောနေရာများတွင် အသက်ကယ်နည်းစနစ်များဖြစ်သည့် ကြိုးချည်နည်း ၂၃ နည်းကို ယနေ့ သင်ကြားပြသ လေ့ကျင့်မှုများ ပြုလုပ်လျက်ရှိကြောင်း သိရသည်။

အသက်ကယ်ကြိုးချည်နည်း ၂၃ နည်းကို ပုသိမ်မြို့နယ် မီးသတ်စခန်းတာဝန်ခံ ဦးဇော်မိုးထိုက် ဦးဆောင်၍ လေ့ကျင့်သင်ကြားပေးလျက်ရှိရာ မီးလောင်ပြင်၌ဖြစ်စေ၊ သဘာဝဘေးကြောင့်ဖြစ်စေ၊ ဘေးအန္တရာယ်ကျရောက်ချိန်တွင် အရေးပေါ်အသက်ကယ်ကြိုးပမ်းရာတွင် အခြေခံသိရှိထားရမည့် ရေနစ်သူအား ကြိုးဖြင့် အသက်ကယ်နည်း၊ ရေတွင်းထဲမှလူကိုအသက်ကယ်နည်း၊ မီးလောင်ပြင်၌ အထပ်မြင့်အဆောက်အအုံမှလူအား အသက်ကယ်ရာတွင်အသုံးပြုသည့် ကြိုးချည်နည်းများကို လေ့ကျင့်မှုများဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**မြင့်ဟန်(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေ

**မြင်းခြံ မေ ၁၅**

မြင်းခြံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုဗစ်-၁၉ ရောဂါ မပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့ သတင်းစကား လက်ကမ်းစာစောင်များကို ယနေ့ နံနက် ၇ နာရီ က လူစည်ကားရာနေရာများတွင် ဖြန့်ဝေခဲ့သည်။

အသိပညာပေးလက်ကမ်းစာစောင်များကို လူအများသွားလာရာလမ်းဆုံများ၊ ဈေးရောင်း ဈေးဝယ်သူများထံ လက်ဝယ်အရောက် ဖြန့်ဝေပေးခဲ့ကြောင်း သိရှိရသည်။ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ကြက်ခြေနီ တပ်ဖွဲ့ဝင်များနှင့် ပရဟိတအဖွဲ့များက လိုက်လံနှိုးဆော်ခြင်း၊ ပညာပေးခြင်းများကိုဆောင်ရွက်လျက်ရှိရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနများကလည်း ပါဝင်ဆောင်ရွက်လျက်ရှိသည်။

**ကျော်စွာ(မြင်းခြံ)**

## ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာ၌ မီးဘေးသင့်ပြည်သူများအား ကယ်ဆယ်ရေးပစ္စည်းများထောက်ပံ့

**နေပြည်တော် မေ ၁၅**

ဒက္ခိဏသီရိမြို့နယ် ဒိုးနွယ်ကျေးရွာအုပ်စု ဒိုးနွယ်ကျေးရွာတွင် ယနေ့ နံနက် ၂ နာရီ ၂၅ မိနစ်က မီးလောင်မှု ဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုကြောင့် မီးဘေးသင့်ပြည်သူများအား ဒိုးနွယ်ကျေးရွာဘုန်းတော်ကြီးကျောင်းသို့ ပြောင်းရွှေ့နေရာချထားခဲ့ပြီး ကယ်ဆယ်ရေးပစ္စည်းများနှင့် ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် ဒိုးနွယ်ကျေးရွာဘုန်းတော်ကြီးကျောင်းဓမ္မာရုံ၌ ကျင်းပသည်။

ထောက်ပံ့ပေးအပ်ရာတွင် နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ကယ်ဆယ်ရေးပစ္စည်း၁၇မျိုးပါ ၁၄ ပုံး၊ အိမ် ၁၄ လုံးအတွက် အိမ်ဆောက်ပစ္စည်းတန်ဖိုး ကျပ် ၂၃၀၀၀၀၀၊ လူဦးရေ ၄၉ ဦးအတွက် ဆန်ရိက္ခာဖိုးငွေကျပ် ၁၀၂၉၀၀ တို့ကို နေပြည်တော် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ညွှန်ကြားရေးမှူး ဦးကျော်ကျော်ထွန်းနှင့် တာဝန်ရှိသူများက မီးဘေးသင့်ပြည်သူများအား ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ထွန်းထွန်းဝင်း**
**(ပြန်/ဆက်)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး ဆောင်ရွက်ထားရှိမှုများ ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)တွင် ကြည့်ရှုစစ်ဆေး

**မန္တလေး မေ ၁၅**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်ရုံနှင့် အလုပ်သမားဥပဒေစစ်ဆေးရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနတို့ ပူးပေါင်းပါဝင်သည့် ကျန်းမာရေး စံသတ်မှတ်ချက်အရ စက်ရုံ၊ အလုပ်ရုံများ စစ်ဆေးမှု ကြီးကြပ်ရေးနှင့် ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီခွဲက ကိုယ်ပွားသတင်းစာတိုက် (မန္တလေး) ရှိ ရုံးခန်းများနှင့် ပုံနှိပ် စက်ခန်းအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီး ထိန်းချုပ်ရေးအတွက် ကျန်းမာရေး စံသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှုအား လာရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ စစ်ဆေးရာတွင် လုပ်ငန်းခွင်အတွင်း ရောဂါကာကွယ်တားဆီးရေးအတွက် အသိပညာပေးစာတန်းပါဗီနိုင်းများ ချိတ်ဆွဲထားရှိမှု၊ နှာခေါင်းစည်းနှင့် မျက်နှာအကာအရံပစ္စည်းများ တပ်ဆင်မှု၊ လက်သန့်ဆေးရည်၊ လက်ဆေးဘေစင်များထားရှိမှု၊ လက်အိတ်စွပ်ခြင်း၊ အဖျားတိုင်းတာခြင်းရှိ၊ မရှိနှင့် တစ်ဦးနှင့်တစ်ဦး ခြောက်ပေခွာ၍ လုပ်ငန်းများ ဆောင်ရွက်ရန်ထားရှိမှုစသည့် အခြေအနေများအား လိုက်လံ ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က စက်ရုံ အလုပ်ရုံတွေကို လိုက်လံစစ်ဆေးတဲ့ အခါ မှာ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှု မရှိစေရေးအတွက် သတ်မှတ်ထားတဲ့ ကျန်းမာရေးဆိုင်ရာ စံသတ်မှတ်ချက် ကိုးချက်နဲ့ ကိုက်ညီစေဖို့အဓိကစစ်ဆေးပါတယ်။ စစ်ဆေးတွေ့ရှိချက်ပေါ် မူတည်ပြီး အေ၊ ဘီ၊ စီအဆင့်တွေ သတ်မှတ်ပြီး တိုင်းဒေသကြီးအဆင့်ကို တင်ပြပေးတာဖြစ်ပါတယ်" ဟု အောင်မြေသာစံမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဒုတိယမြို့နယ်ဦးစီးမှူး ဒေါက်တာအောင်ဇော်မြင့် (ရောဂါနှိမ်နင်းရေးဌာန)က ပြောကြားသည်။



အဆိုပါ အဖွဲ့မှ လာရောက်ကြည့်ရှုစစ်ဆေးရာတွင် ကိုယ်ပွားသတင်းစာတိုက်(မန္တလေး)မှ စာတည်းမှူး ဦးသန်းဦးနှင့် လက်ထောက်မန်နေဂျာ(ပုံနှိပ်) တို့က ပုံနှိပ်စက်ခန်းလုပ်ငန်းခွင်အတွင်း ဝန်ထမ်းများ ကိုဗစ်-၁၉ ရောဂါကာကွယ် တားဆီးရေးအတွက် ကျန်းမာရေးသတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ထားရှိမှု အခြေအနေများအား လိုက်လံရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

## တရုတ်နိုင်ငံမှ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ နှာခေါင်းစည်းများ လှူဒါန်း

**ရန်ကုန် မေ ၁၅**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရှန်ဟိုင်းမြူနီစပယ်အစိုးရက ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီသို့ ကိုဗစ်-၁၉ရောဂါကာကွယ်ရေးအတွက် ( N95နှင့်KN95) နှာခေါင်းစည်း ၅၀၀၀၀ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ-၄ ၌ ကျင်းပခဲ့ကြောင်း သိရသည်။




အခမ်းအနားတွင် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန် ဦးစိုးလွင်က ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ သန့်ရှင်းရေးဌာနမှ ဝန်ထမ်းများသည် ရန်ကုန်မြို့ရှိ ကိုဗစ်-၁၉ စောင့်ကြည့်စင်တာများမှ ထွက်ရှိလာသော အမှိုက်များကို သိမ်းဆည်းကြရသည့်အတွက် တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံများသည် သန့်ရှင်းရေးဝန်ထမ်းများအတွက် အမှန်ပင် လိုအပ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေး စင်တာများတွင် သီးခြားအမှိုက်သိမ်းရန် တာဝန်ပေးထားရကြောင်း၊ ရောဂါမကူးစက်စေရန် အထူးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် တရုတ်သံရုံးသံမှူးကြီး Ms. Li Xiaoyan က ဒုတိယမြို့တော်ဝန်အား နှာခေါင်းစည်းများ ပေးအပ်လှူဒါန်းပြီး ဒုတိယမြို့တော်ဝန်က တရုတ်သံမှူးထံ ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့သည်။

ယနေ့လှူဒါန်းမှုတွင် N5 နှာခေါင်းစည်း ၃၀၀၀၀၊ KN95 နှာခေါင်းစည်း ၂၀၀၀၀ နှင့် Medical Protective Clothing ၇၅၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **မြင့်မောင်စိုး**

## သထုံခရိုင်အတွင်း ရေရှားပါးကျေးရွာများသို့ ရေဖြန့်ဝေလှူဒါန်း

**သထုံ မေ ၁၅**

မွန်ပြည်နယ် သထုံခရိုင်အတွင်း မြို့နယ်များရှိ ကျေးရွာအချို့တွင် နွေရာသီအပူချိန်မြင့်မားမှုကြောင့် ရေတွင်း၊ ရေကန်များ ခန်းခြောက်လာပြီး သောက်သုံးရေ အခက်အခဲနှင့် ကြုံတွေ့ရသဖြင့် သထုံခရိုင်အတွင်းရှိ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနများမှ ကျေးရွာနေပြည်သူများ သောက်သုံးရေရရှိရေးအတွက် ကျေးရွာအရောက် ဖြန့်ဝေလှူဒါန်းလျက်ရှိရာ သထုံခရိုင်အတွင်း သောက်သုံးရေ ခက်ခဲသောကျေးရွာများသို့ မတ် ၂၂ ရက်မှ ၃၁ ရက်ထိ ရေဂါလန်ပေါင်း ၃၄၇၀၀၊ ဧပြီ ၁ ရက်မှ ၃၀ ရက်ထိ ရေဂါလန်ပေါင်း ၃၁၅၆၈၀၊ မေ ၁ ရက်မှ ၁၂ ရက်ထိ ရေဂါလန်ပေါင်း ၁၁၃၈၂၀ တို့ကို ဖြန့်ဖြူးပေးဝေနိုင်ခဲ့ကြောင်း သိရသည်။

**မိုးဝင်း**

## တချမ်းသာကျေးရွာသို့ ရေဂါလန် ၁၆၀၀ သွားရောက်လှူဒါန်း

**ဝက်လက် မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ် တချမ်းသာကျေးရွာ၌ သောက်သုံးရေရှားပါးမှု ဖြစ်ပေါ်နေသည့်အတွက် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာနတို့ပူးပေါင်း၍ ယနေ့ နံနက် ၇ နာရီက သောက်သုံးရေများ သွားရောက်လှူဒါန်းသည်။

မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်လွင်ဦးနှင့် ဝန်ထမ်းများ၊ မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမောင်းနိန်နှင့် တပ်ဖွဲ့ဝင်များက မီးသတ်ရေသယ်ယာဉ်ဖြင့် သောက်သုံးရေဂါလန် ၁၆၀၀ ကို တချမ်းသာကျေးရွာရှိ ရေလှောင်ကန်အတွင်းသို့ ထည့်ပေးခဲ့ကြောင်း သိရသည်။

**စိုးစိုးလှိုင် (ဝက်လက်)**

## ခန္တီးခရိုင်နှင့် ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနတို့က တောင်သူများအား မျိုးစေ့များထောက်ပံ့

**ဟုမ္မလင်း မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင်နှင့် ဟုမ္မလင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့က တောင်သူများသို့ စပါးမျိုးစေ့များပေးအပ်ခြင်းနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့များ ထောက်ပံ့ပေးအပ်ပွဲကို ယနေ့ နံနက် ၉ နာရီခွဲက ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနရုံးတွင် ကျင်းပခဲ့သည်။

အဆိုပါထောက်ပံ့ပေးအပ်ပွဲသို့ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထင်ကျော်တို့က အဖွင့်အမှာစကားပြောကြားပြီး ခန္တီးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းအမ်းတော်နှင့် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဒေါ်စုစုထွေးတို့က တောင်သူများအား မျိုးစေ့နှင့် ဟင်းသီးဟင်းရွက်မျိုးစေ့ ပေးအပ်ရခြင်းနှင့် ပတ်သက်၍ အသိပညာပေး ရှင်းလင်းပြောကြားခဲ့ကြသည်။

မိုးရာသီ မိုးစပါးအချိန်မီစိုက်ပျိုးနိုင်ရေးအတွက် ဟုမ္မလင်းမြို့နယ်အတွင်းရှိ တောင်သူ ၂၈ဦးအား ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ဆင်းကေရီ-၃ ခေါ် ဆင်း-၃ မျိုးသန့်မျိုးပွားစေ့ တစ်တင်းစီနှင့် ဟင်းသီးဟင်းရွက်မျိုးစေ့ ၅၀၀၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တောင်သူ ၂၅ ဦးတို့အား ဆင်း-၃ (RS) စပါးမျိုးစေ့ တစ်တင်းခွဲတို့ကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမျိုးညွန့်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ၊ ခရိုင်စိုက်ပျိုးရေးဦးစီးမှူး၊ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးနှင့် တာဝန်ရှိသူများက ထောက်ပံ့ပေးအပ်ခဲ့ကြကြောင်း သိရသည်။

**လင်းလင်း(ပြန်/ဆက်)**



## ကျေးရွာများအရောက် သောက်သုံးရေများလှူဒါန်း

**ကော့မှူး မေ ၁၅**

နွေရာသီတွင်သောက်သုံးရေအခက်အခဲမဖြစ်ပေါ်စေရေး ရန်ကုန်တောင်ပိုင်းခရိုင်၊ ကော့မှူးမြို့နယ် မီးသတ်စခန်းမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမင်းထက်နှင့် မီးသတ်တပ်ဖွဲ့ဝင်များသည် ယနေ့ မွန်းလွဲပိုင်းက ကော့မှူးမြို့နယ် ဝါးဘလောက်သောက်ကျေးရွာတွင် သောက်သုံး ရေဂါလန်၁၆၀၀ အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**မောင်အေးချမ်း(ပြန်/ဆက်)**

## ယင်းမာပင်ခရိုင်တွင် ပျိုးပင်ပေါင်း ၃၀၀၀၀ကျော် ပျိုးထောင်ထားရှိ

**ပုလဲ မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ပုလဲမြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် ဒေသစိမ်းလန်းစိုပြည်ရေးနှင့် သဘာဝပတ်ဝန်းကျင် တိုးတက်ကောင်းမွန်လာစေရေးအတွက် ပျိုးပင်ပေါင်း ၃၀၀၀၀ကျော်ကို ပုလဲ-ဂန့်ဂေါကားလမ်းဘေး ဝါးသုံးရုံပျိုးယျာဉ်တွင် ပျိုးထောင်ထားကြောင်း သိရသည်။



ပုလဲမြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသက်နိုင်ဦးက ဒေသစိမ်းလန်းစိုပြည်ရေးနှင့်သဘာဝပတ်ဝန်းကျင်တိုးတက်ကောင်းမွန်လာစေရေး အထောက်အကူပြုစေရန်၊ သဘာဝတောများမှ ထုတ်ယူသုံးစွဲမှုကိုလျှော့ချနိုင်ရန်၊ ပြုစုထိန်းသိမ်းရေးနှင့် စနစ်တကျ ထုတ်ယူသုံးစွဲရေးဆိုင်ရာ အသိအမြင်များ တိုးပွားလာစေရန်နှင့် ရာသီဥတုမျှတစေရန် ရည်ရွယ်ချက်များဖြင့် သစ်ပင်များစိုက်ပျိုးနိုင်ရေးအတွက် ပုလဲ-ဂန့်ဂေါကားလမ်းဘေးရှိ ဝါးသုံးရုံပျိုးဥယျာဉ်တွင် ကျွန်းပျိုးပင်၆၀၀၀၊ ပျဉ်းကတိုးပင် ၅၀၀၊ ပိတောက်ပင် ၂၃၉၀၊ တမလန်းပင် ၂၀၀၊ သင်းဝင်ပင် ၁၀၀၀၊ ယင်းမာပင်၁၅၀၀၊ မန်ကျည်းရှားပင် ၂၀၀၀၊ စစ်ပင်၅၀၀၊ လျှော်ဖြူပင် ၁၁၀၀၀၊ မဲဇလီပင် ၄၀၀၀၊ ခရေပင် ၁၀၀၀၊ ကုက္ကိုပင် ၁၀၀၀ နှင့် ဗာဒံပင် ၂၀၀ စုစုပေါင်း ပျိုးပင်၃၁၂၉၀ကို ပျိုးထောင် ထားရှိပြီး မိုးရာသီသစ်ပင်စိုက်ပျိုးပွဲတော်တွင် စိုက်ပျိုးခြင်း၊ ရပ်ကွက်နှင့် ကျေးရွာများရှိဒေသခံပြည်သူများ၊ ဌာနဆိုင်ရာရုံးများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် အခြေခံပညာကျောင်းများသို့လည်း ဖြန့်ဝေပေးရန် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေးစီမံကိန်းအရ ၂၀၁၉-၂၀၂၀ဘဏ္ဍာရေးမှာ ပုလဲမြို့နယ်အတွင်း စီးပွားဖြစ် ကျွန်းစိုက်ခင်း ဧက ၂၀၀၊ ရေဝေရေလဲစိုက်ခင်း ဧက ၁၀၀၊ သဘာဝတော တန်ဖိုးမြင့်စိုက်ခင်းဧက ၁၅၀၊ သီးနှံသစ်တောရောနှောစိုက်ခင်း ဧက ၄၀ နှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းတည်ထောင်ခြင်း ၁၈၆ ဒသမ ၃ဧကတို့ကို စိုက်ပျိုးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

**မြင့်သိန်းစိုး(ပြန်/ဆက်)**

## မိုးရာသီကာလသစ်ပင်စိုက်ပျိုးရန် ပျိုးပင်များ ပျိုးထောင်ထား

**ငပုတော မေ ၁၅**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်အတွင်း၌ သဘာဝပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးအတွက် သာမကရာသီဥတုဖောက်ပြန်နေမှုများကြောင့် ထိခိုက်ပျက်စီးမှုများကို လျှော့ချနိုင်ရန်အတွက် မိုးရာသီကာလအတွင်း သစ်ပင်စိုက်ပျိုးနိုင်ရန်နှင့် ပြည်သူများထံ ဖြန့်ဝေပေးနိုင်ရန် ပျိုးပင်ပေါင်း၂၇၅၀၀ အား ပျိုးထောင်ပေးထားကြောင်း မြို့နယ်သစ်တောဦးစီးဌာနထံမှ သိရသည်။

"မနှစ်ကလည်းပျိုးပင်ပေါင်း၂၇၅၀၀ကို ပျိုးထောင်ပြီး ပြည်သူလူထုကိုဖြန့်ဝေတာတွေလုပ်ခဲ့သလို ငပုတောမြို့ဆေးရုံဝင်းထဲမှာလည်း သစ်ပင်စိုက်ပျိုးပွဲအဖြစ် ကျွန်း၊ ပျဉ်းကတိုး၊ မဟော်ဂနီ၊ ခရေအစရှိတဲ့ ပျိုးပင်၅၀၀ကိုစိုက်ပျိုးခဲ့ပါတယ်၊ အဲ့လိုစိုက်ပျိုးပေးပြီးတဲ့နောက် အပင်တွေရှင်သန်အောင်လို့လည်း မိမိရုံးမှဝန်ထမ်း တွေက တစ်ပတ်တစ်ခါပေါင်းရှင်းတာတွေ၊ မြေဩဇာကျွေးတာတွေကို စုပေါင်းလုပ်ဆောင်ခဲ့တယ်၊ ဒီနှစ်မှာလည်းပျိုးပင်၂၇၅၀၀ ကို ထပ်ပြီးပျိုးထောင်ထားပါတယ်"ဟု မြို့နယ်ဦးစီးမှူး ဦးပြည့်ဖြိုးအောင်က ပြောကြားသည်။

သစ်ပင်စိုက်ပျိုးရန်နှင့်ပြည်သူများထံ ဖြန့်ဝေနိုင်ရန်အတွက် ငပုတောမြို့နယ်အတွင်း ပျိုးစင်လေးစင်ခွဲ၍ပျိုးထောင်ထားရှိပြီး ငပုတောမြို့မပျိုးဥယျာဉ်တွင် အပင် ၅၀၀၀၊ ဟိုင်းကြီးကျွန်းမြို့ ဘိနယ်ပျိုးဥယျာဉ်တွင် အပင် ၅၀၀၀၊ ပိုးလောင်းဘိနယ်မီးလောင်ပြင်ပျိုးဥယျာဉ်တွင် အပင် ၅၀၀၀၊ ဝက်ကော်ဘိနယ်ပျိုးဥယျာဉ်တွင် ၁၂၅၀၀ စုစုပေါင်း၂၇၅၀၀အားပျိုးထောင်ထားရှိပြီးပျိုးပင်များမှာကျွန်း၊ ပျဉ်းကတိုးနှင့် မန်ကျည်းရှားအမျိုးအစားများဖြစ်ကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

## မက်မန်းမြို့နယ် ဒေသခံပြည်သူများ ဝဥများ စီးပွားဖြစ် စနစ်တကျစိုက်ပျိုးလျက်ရှိ

**မက်မန်း မေ ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မက်မန်းခရိုင် မက်မန်းမြို့နယ်အတွင်းရှိ ဒေသခံပြည်သူများအနေဖြင့် မိမိတို့ကျေးရွာရှိ ယာခင်းများနှင့်တောင်ကုန်းတောင်တန်းပေါ်တွင် စီးပွားဖြစ် ဝဥများ စနစ်တကျ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

"ကျွန်တော် တို့ မက်မန်းမြို့နယ်မှာဆိုရင် ဝဥကို ယခင်နှစ်ကတည်းက စတင်စိုက်ပျိုးတာဖြစ်ပါတယ်၊ ယာခင်းတစ်ဧကဆိုရင် ဝဥပင်ပေါင်း ၄၅၀၀ စိုက်ပျိုးလို့ရပါတယ်၊ ဝဥပင်တစ်ပင်ဆိုရင် သုံးနှစ်အတွင်း ထားရှိပြီး ပြန်လည်တူးဖော်တဲ့အခါ သုံးပိဿာထွက်ရှိနိုင်ပါတယ်။ ထွက်ရှိလာတဲ့ ဝဥများကို ပန်ဆန်း(သို့) မိုင်းပျဉ်းမြို့နယ်သို့ သွားရောက်ရောင်းချတဲ့အခါ တစ်ပိဿာကို ကျပ် ၉၀၀၀၊ ၁၀၀၀၀ နီးပါး ဈေးနှုန်းရရှိပါတယ်။ ဒါကြောင့် ဒီနှစ်စိုက်ပျိုးရာသီမှာ မက်မန်းမြို့နယ် ဝမ်စလောင်းကျေးရွာမှာ နှစ်ဧက၊ ရောင်အူကြီးကျေးရွာမှာ သုံးဧက၊ ငှက်ယောင်းကျေးရွာမှာ နှစ်ဧက၊ ရပ်ကွက်(၁)မှာဆိုရင် နှစ်ဧကကျော်၊ အေးကျန့်ကျေးရွာ ရှစ်ဧကနဲ့ ဆွတ်ဝိုးကျေးရွာမှာ သုံးဧကကျော် စုစုပေါင်းဧကပေါင်း ၂၀ကျော် စိုက်ပျိုးထားပါတယ်။ ဝဥစိုက်ပျိုးထားတဲ့ ယာခင်း(သို့) တောင်တန်းတွေပေါ်မှာ နှစ်ရှည်ပင်တွေဖြစ်တဲ့ သရက်ပင်၊ ထောပတ်ပင်၊ မက္ကာဒေးမီးယားပင်၊ သစ်မွှေးပင်၊ ပိန္နဲပင်၊ သံပရာပင်၊ လိမ္မော်ပင်၊ လက်ဖက်ပင်နဲ့ ငှက်ပျောပင်တွေကိုလည်း ထည့်သွင်းစိုက်ပျိုးကြပါတယ်"ဟု ဝဥစိုက်ပျိုး တောင်သူ ဦးညီဆန်းဝင်းက ပြောကြားသည်။

မက်မန်းမြို့နယ် ဝဥစိုက်ပျိုးမှုနှင့်ပတ်သက်၍ ဒေသခံတောင်သူများအနေဖြင့် အကျိုးစီးပွားဖြစ်ထွန်းသည့်အပြင် တစ်ဖက်တစ်လမ်းကလည်း ဘိန်းစိုက်ပျိုးမှု လျှော့နည်းသွားစေနိုင်ကြောင်း၊ ဘိန်းအစားထိုးစိုက်ပျိုးသီးနှံအနေဖြင့် ဒေသခံတောင်သူများ ဝဥများများစိုက်ပျိုးနိုင်ရန် သက်ဆိုင်ရာတာဝန်ရှိသူများက နည်းပညာပိုင်းဆိုင်ရာ ရှင်းလင်းဆွေးနွေးပို့ချပြီး စည်းရုံးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မက်မန်း(ပြန်/ဆက်)**



## မြို့နယ်ခန်းမတွင် မသန်စွမ်းသူများအသုံးပြုနိုင်ရန် ဝှီးချဲလ်ဖြင့် တက်ရောက်နိုင်သည့်နေရာများ စီစဉ်

**မယ်စဲ့ မေ ၁၅**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ် မြို့နယ်ခန်းမတွင် မသန်စွမ်းသူများ အဆင်ပြေချောမွေ့စွာ အသုံးပြုနိုင်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဝှီးချဲလ်ဖြင့် တက်ရောက်နိုင်သည့်နေရာဆောင်ရွက်ပေးခြင်းနှင့် လမ်းညွှန်သင်္ကေတဆိုင်းဘုတ်များ စိုက်ထူခြင်းလုပ်ငန်းများ ဆောင်ရွက်ထားရှိရာ မေ ၁၄ ရက် မွန်းလွဲ ပိုင်းတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းပွန်းနှင့် အင်ဂျင်နီယာ ဒေါ်သိမ့်တွယ်တာတို့က ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မသန်စွမ်းသူများအနေဖြင့် အစည်းအဝေးတက်ရောက်ခြင်း၊ လူထုတွေ့ဆုံပွဲ၊ ထောက်ပံ့ကြေးပေးအပ်ခြင်းအခမ်းအနားများ တက်ရောက်ရန်အတွက် မြို့နယ်ခန်းမ (အများပြည်သူနှင့် သက်ဆိုင်သည့်အခမ်းအနားများ) သို့ လာရောက်ရသည့်အခါ အများနည်းတူ အလွယ်တကူ ဝင်/ထွက်သွားလာနိုင်ရန် ရည်ရွယ်၍ ပြည်နယ်အစိုးရအဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ ဝှီးချဲလ် အတက်/အဆင်းလမ်းကို ဆောင်ရွက်ရခြင်းဖြစ်ကြောင်းနှင့် အများပြည်သူ ထင်သာမြင်သာအောင် လမ်းညွှန်သင်္ကေတ ဆိုင်းဘုတ်စိုက်ထူရခြင်းဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးစိုင်းပွန်းက ပြောကြားသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## လှည်းကူးမြို့နယ် ငါးထပ်ကြီးဘုရားတွင် ကိုဗစ်-၁၉ရောဂါ ကာကွယ်ရေး ပိုးသတ်ဆေးဖျန်း

**ရန်ကုန် မေ ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်း အထင်ကရနေရာဖြစ်သော ငါးထပ်ကြီးဘုရားတွင် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးအတွက် ပိုးသတ်ဆေးဖျန်းခြင်းကို ယနေ့ နံနက် ၁၀ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါကူးစက်ပျံ့နှံ့မှုများ မရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းစဉ်တစ်ခုဖြစ်သည့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လှည်းကူးမြို့မရဲစခန်းမှူး ဒုရဲမှူးမောင်မောင်ဦးနှင့် တပ်ဖွဲ့ဝင်များက ငါးထပ်ကြီးဘုရားဝင်းအတွင်း ပြည်သူများ သွားလာနေထိုင်မှုများပြားသည့် နေရာများဖြစ်သော အဆောက်အအုံများ၊ ဘုရားရင်ပြင်တော်နှင့် ဘုရားစောင်းတန်းများတွင် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး ပိုးသတ်ဆေးများ လိုက်လံဖျန်းပေးခဲ့ကြောင်း သိရသည်။

**နိုင်လင်း(လှည်းကူး)**



## ကော့ကရိတ်မြို့တွင် လေဘေးသင့်အိမ်ထောင်စု ၁၁ စုအား ထောက်ပံ့ငွေများပေးအပ်

**ကော့ကရိတ် မေ ၁၅**
ကရင်ပြည်နယ် ကော့ကရိတ်မြို့တွင် မေ ၁၁ ရက် ညနေ ၄ နာရီက လေပြင်းတိုက်ခတ်ခြင်း၊ သစ်ပင်များပြိုလဲခြင်းကြောင့် ပျက်စီးသွားသည့်နေအိမ် ၁၁ လုံး၊ သေဆုံးသူ တစ်ဦးနှင့် ဒဏ်ရာရရှိသူ တစ်ဦးတို့၏ မိသားစုဝင်များအား ထောက်ပံ့ငွေများပေးအပ်ခြင်းကို ယမန်နေ့ ညနေ ၃ နာရီက ကော့ကရိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီး ဌာနရုံး၌ ကျင်းပသည်။

ရှေးဦးစွာ ကော့ကရိတ်မြို့ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်နွှာဝင်းက သဘာဝဘေးအန္တရာယ်ကျရောက်မှုနှင့်ပတ်သက်၍ ဌာနမှထောက်ပံ့ပေးမှုအခြေအနေကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ထောက်ပံ့ငွေများပေးအပ်ရာ လေဘေးသင့်ခဲ့သည့် ကညင်ကတိုက်ကျေးရွာ၊ လန်ခိုဘိုင်ကျေးရွာ၊ ကော့ကလောင်ကျေးရွာ၊ ကော့မှန်ကျေးရွာ၊ ကော့စံဖွန်ကျေးရွာ၊ ကွင်းကလောင်ကျေးရွာ၊ ရေကျော်ကျေးရွာ၊ ရွာတန်းရှည်ကျေးရွာတို့ရှိ နေအိမ် ၁၁ လုံးတို့အား ဆုံးရှုံးမှုတန်ဖိုးအလိုက် အိမ်ဆောက်ပစ္စည်းဖိုး ငွေကျပ် ၉၈၅၀၀၀၊ အိမ်ထောင်စု ၁၁ စုမှ လူဦးရေ ၆၈ ဦးအတွက် ဆန်ရိက္ခာခုနစ်ရက်စာအတွက် ငွေကျပ် ၁၄၂၈၀၀ စုစုပေါင်း ငွေကျပ် ၁၄၇၇၈၀၀ နှင့် တန်ဖိုးငွေ ၃၄၇၅၃ ကျပ်ရှိ ကယ်ဆယ်ရေးပစ္စည်းများကိုလည်းကောင်း၊ သေဆုံးသူ တစ်ဦးအတွက် ကျပ်သုံးသိန်း၊ ဒဏ်ရာရရှိသူ တစ်ဦးအတွက် ငွေကျပ် ၅၀၀၀၀ တို့ကိုလည်းကောင်း အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးနေထွန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆန်းနု၊ ဘေးအန္တရာယ်စီမံခန့်ခွဲမှု ဦးစီးဌာန ဦးစီးအရာရှိဒေါ်နွှာဝင်းတို့က လေဘေးသင့်ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခင်မျိုးဝင်း(ပြန်/ဆက်)**




## အထပ်မြင့်အဆောက်အအုံများ မီးဘေးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး လေ့ကျင့်

**မန္တလေး မေ ၁၅**
မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သည် ပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ၊ နိုင်ငံပိုင် စက်ရုံ၊ အလုပ်ရုံများ၊ ဈေးများ မီးဘေးကာကွယ်ရေး၊ သဘာဝဘေးအန္တရာယ်များ ကျရောက်ပါက ပြည်သူများအား ကူညီဆောင်ရွက်ပေးရန်အတွက် မီးသတ်ဦးစီးဌာန၏ မိုးမှာ လေ့ကျင့်၊ ဆောင်းမှာစစ်ဆေး၊ နွေမှာအသင့်ဆောင်ပုဒ်နှင့်အညီ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသည်သန္တေနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များအား လေ့ကျင့်သင်ကြားပေးခဲ့ပြီး ဇာတ်တိုက်လေ့ကျင့်မှုများ ဆောင်ရွက်လျက်ရှိသည်။

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မန္တလေးခရိုင် မီးသတ်ဦးစီးမှူး ဦးထက်အောင်နှင့် မြို့နယ်မီးသတ်ဦးစီးမှူးများ၊ ဒေသအရန် မီးသတ်ကြီးကြပ်မှုကော်မတီဝင်များ၊ သန္တေနှင့် ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက် ၈ နာရီက မန္တလေးခရိုင် ချမ်းမြသာစည်မြို့နယ်မန္တလာသီရိအားကစားကွင်းတွင် အထပ်မြင့်အဆောက်အအုံများ မီးဘေးကာကွယ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ကြသည်။

ဇာတ်တိုက်လေ့ကျင့်ရာတွင် မီးသတ်တပ်ဖွဲ့ဝင်များက ပိုလန်နိုင်ငံမှ ဝယ်ယူထားသော အဆင့်မြင့်မီးသတ်ယာဉ်ကြီးများအား ဟိုက်ဒရောလစ်စက်လှေကားကြီးများအသုံးပြု၍ အထပ်မြင့်အဆောက်အအုံကြီးများအား ရေပက်ခြင်း၊ အထပ်မြင့်အဆောက်အအုံရှိလူများအား ရှာဖွေကယ်ဆယ်ခြင်းများကို ဇာတ်တိုက်လေ့ကျင့်ခဲ့ကြကြောင်း သိရသည်။



**မောင်ပြည်သူ(မန္တလေး)**

## ဝက်လက်မြို့ ယာယီဈေး၌ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ

**ဝက်လက် မေ ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့တွင် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်းကို ယမန်နေ့ နံနက် ၇ နာရီက ယာယီဈေးအဖြစ်ဖွင့်လှစ်ထားရှိသော ရွှေလုံ့ဗိုလ်အားကစားကွင်းအတွင်း နှာခေါင်းစည်း ၈၀၀ ကို အခမဲ့ဖြန့်ဝေပေးခြင်းနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါ နှာခေါင်းစည်းများကို အမှတ် (၂)တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိုးဝင်းထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလှိုင်မောင်နှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဝန်ထမ်းများ ပူးပေါင်းပါဝင်၍ နှာခေါင်းစည်းများကို အခမဲ့ဖြန့်ဝေခြင်းနှင့် အသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးစိုးလှိုင်(ဝက်လက်)**

## ဂန့်ဂေါမြို့နယ် ပျားကျေးရွာဂိတ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်



**ဂန့်ဂေါ မေ ၁၅**
ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေးနှင့်ပတ်သက်၍ ဂန့်ဂေါမြို့နှင့် နှစ်မိုင်ခန့်ဝေးကွာသည့် ပျားကျေးရွာတွင် ယမန်နေ့ နံနက် ၉ နာရီခန့်က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ရီရီသန်းနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်အေးအေးတို့နှင့် အဖွဲ့တို့ ပူးပေါင်းကာ ပျားကျေးရွာစစ်ဆေးရေးဂိတ်တွင် ဌာနဆိုင်ရာများနှင့်အတူ ကျန်းမာရေးစစ်ဆေးပေးလျက်ရှိသည်။

"ကိုဗစ်-၁၉ရောဂါ ကြိုတင်ကာကွယ်ကုသရေး အသိပညာပေးလုပ်ငန်းများနဲ့ ရောဂါကာကွယ်ကုသရေးကိစ္စတွေကို အချိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိပါတယ်။ ဒေသခံ ပရဟိတအဖွဲ့ဝင်တွေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်တွေနဲ့ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးတွေ ပူးပေါင်းဆောင်ရွက်နေတာတွေ့ရလို့ အားရကျေနပ်မိပါတယ်။ နှာခေါင်းစည်းတွေဝယ်ယူစေဖို့ အလှူငွေကျပ်တစ်သောင်းကိုလည်း လှူဒါန်းခဲ့ပါတယ်"ဟု မြို့နယ်အမျိုးသမီးရေးရာကော်မတီဥက္ကဋ္ဌက ပြောသည်။

မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဘဏ္ဍာရေးမှူး ဒေါ်အေးအေးတို့အဖွဲ့ကလည်း ရပ်ကွက်နှင့် ကျေးရွာများသို့ ကွင်းဆင်း၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးခြင်း ဆောင်ရွက်မှုများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**ထင်အောင်နိုင်**
**(ဂန့်ဂေါ)**

## တွံတေးမြို့နယ်တွင် သတင်းစကား လက်ကမ်းစာစောင်များ ဖြန့်ဝေ

**ရန်ကုန် မေ ၁၅**
ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကထုတ်ဝေသော ကိုဗစ်-၁၉ မပြန့်ပွားဖို့ မိမိကစ၍ ကာကွယ်စို့ သတင်းစကား လက်ကမ်းစာစောင်များကို ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက မေ ၁၄ ရက် နံနက်ပိုင်းက ယာယီဈေး၊ အိုးဖိုဈေးလေး၊ ကူးတို့ဆိပ်နှင့် လမ်းသွားလမ်းလာပြည်သူများအား ဖြန့်ဝေပေးခဲ့သည်။

အဆိုပါလက်ကမ်းစာစောင်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ ခံနိုင်ရည်မွေးရမှာပါ၊ စနစ်တကျလက်ဆေးနည်း၊ အဓိကသတင်းစကား(၁၀)ချက်၊ ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့နိုင်ခြေ၊လိုက်နာရန်အချက်များ၊ကိုယ်ချင်းစာနေပေမယ့် နှလုံးသားချင်းနီးကာရယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်မယ်၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ အခမဲ့မေးမြန်းနိုင်သောCall Centerနံပါတ် 2019၊ အနုပညာရှင်များ၏ ကိုဗစ်-၁၉ရောဂါနှင့် ပတ်သက်သည့် စကားသံများနှင့် ကိုဗစ်-၁၉ ရောဂါအကြောင်းတို့ကို ဖော်ပြပါရှိကြောင်း သိရသည်။ **မျိုးလှိုင်(တွံတေး)**

# ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ကူညီပံ့ပိုးပေးလျက်ရှိ

**ပွင့်ဖြူ မေ ၁၅**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံတောင်သူများ ရာသီအလိုက်သီးနှံများ အချိန်မီ စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ လယ်ယာသုံးစက်ကိရိယာများဖြင့် လယ်ယာမြေများ ထွန်ယက်ပြုပြင်ခြင်း၊ သီးနှံစိုက်ပျိုးပေးခြင်းနှင့် ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်းများကို တောင်သူအကျိုးပြု ကူညီပံ့ပိုးပေးလျက်ရှိကြောင်း သိရသည်။

ယခု ၂၀၁၉ – ၂၀၂၀ ဘဏ္ဍာနှစ်တွင် ပွင့်ဖြူမြို့နယ်စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများအနေဖြင့် သီးနှံများစိုက်ပျိုးရာတွင် သီးနှံအထွက်နှုန်းတိုးတက်ကောင်းမွန်စေရန်နှင့် စိုက်ပျိုးရေးလုပ်ငန်းတွင်တွေ့ကြုံရသည့် လယ်ယာလုပ်သား ရှားပါးမှုပြဿနာများ ပြေလျော့သက်သာစေရေးအတွက် လက်မှုလယ်ယာစနစ်မှ စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းနိုင်ရန် ရည်ရွယ်ပြီး ဌာနအစီအစဉ်ဖြင့် မြို့နယ်အတွင်းရှိ တောင်သူများအား လယ်ထွန်စက်ကြီး ၁၃ စီး၊ ဒေါင်ဖန်းလက်တွန်းထွန်စက် ၃၁ စီးနှင့် စပါးရိတ်သိမ်းခြွေလှေ့စက်တစ်စီးတို့ကို လက်ငင်းစနစ်ဖြင့်သော်လည်းကောင်း၊ အရစ်ကျစနစ်ဖြင့်သော်လည်းကောင်း ရောင်းချပေးနိုင်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ပွင့်ဖြူမြို့နယ်စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ မြို့နယ်အတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လယ်ယာသုံးစက်ကိရိယာများ ပြင်ဆင်ထိန်းသိမ်းခြင်း၊ စိုက်ပျိုးခြင်း၊ ရိတ်သိမ်းခြင်းနှင့် အခြားလယ်ယာမြေအဆင့်မြှင့်တင် ထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းများကို တောင်သူအကျိုးပြု ကူညီပံ့ပိုးဆောင်ရွက်ပေးလျက်ရှိပါတယ်။ ထို့ပြင် တောင်သူများ၏ လိုအပ်ချက်အရ လယ်ယာမြေ စနစ်တကျဖော်ဆောင်ပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးပါတယ်။ ယခုနှစ်မှာဆိုရင် တောင်သူအကျိုးပြု လယ်ယာမြေအဆင့်မြှင့်တင်ထွန်ယက်ပြုပြင်ခြင်းလုပ်ငန်းအနေနဲ့ ဧက ၉၀၀၀ ကျော်ကို ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။ ဆက်လက်ပြီးတော့လည်း ယခုလာမယ့် နွေစပါးရိတ်သိမ်းချိန်ကာလမှာ အချိန်မီရိတ်သိမ်းခြွေလှေ့ပေးနိုင်ရေးအတွက် အရေးပေါ်တုံ့ပြန်မှု(IRM) အစီအစဉ်နဲ့ စီစဉ်ထားရှိတဲ့ ရိတ်သိမ်းခြွေလှေ့စက် ငါးစီး၊ ဌာနပိုင် ရိတ်သိမ်းခြွေလှေ့စက် ခုနစ်စီး စုစုပေါင်း ရိတ်သိမ်း ခြွေလှေ့စက် ၁၂ စီးကိုလည်း ကြိုတင်စီမံဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် မြို့နယ်အတွင်းရှိ စပါးစိုက်တောင်သူများနဲ့ ဆန်စပါးကုန်သည်လုပ်ငန်းရှင်များကို စပါးအခြောက်ခံခြင်းလုပ်ငန်း ဝန်ဆောင်မှုပေးနိုင်ရေးအတွက် တစ်ကြိမ်လျှင် စပါးတင်းရေ ၃၀၀ မှ ၄၀၀အထိ အခြောက်ခံနိုင်တဲ့ စပါးအခြောက်ခံစက်ကိုလည်း ယခုနှစ်မှာ တည်ဆောက်ထားပြီးဖြစ်ပါတယ်။ ကျွန်တော်တို့မြို့နယ်စက်မှုလယ်ယာဦးစီးဌာနအနေနဲ့ ဒေသခံတောင်သူများ လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ပေးသွားမှာဖြစ်ပါတယ်" ဟု ပွင့်ဖြူမြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးအောင်ကျော်စန်းက ပြောသည်။



**ရဲဝင်းနိုင်(ညောင်ဦး)**

# ရွှေဘိုမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် ပျိုးပင်ပေါင်း ၃၀၀၀၀ ပျိုးထောင်ထားရှိ

**ရွှေဘို မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့နယ်တွင် မိုးရာသီသစ်ပင်စိုက်ပျိုးနိုင်ရန် မင်းကုန်းပျိုးဥယျာဉ်နှင့် ကျောက်မြောင်းပျိုးဥယျာဉ်တို့တွင် ပျိုးပင်ပေါင်း ၃၀၀၀၀ ပျိုးထောင်ထားရှိကြောင်း၊ ရွှေဘိုမြို့နယ်သစ်တောဦးစီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ်တွင် ရွှေဘိုမြို့နယ်သစ်တောဦးစီးဌာနရှိ မင်းကုန်းပျိုးဥယျာဉ်နှင့် ကျောက်မြောင်းပျိုးဥယျာဉ်တို့တွင် ပျိုးပင်ပေါင်း ၃၀၀၀၀ ကျော်ကို မိုးရာသီသစ်ပင်စိုက်ပျိုးကာလတွင်



လမ်းဘေးဝဲ/ယာများ၌ ကျွမ်းပင်များကိုလည်းကောင်း၊ ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့များ၊ ကျေးရွာရပ်ကွက်များ၊ စာသင်ကျောင်းများ၊ သစ်ပင်စိုက်ပွဲတော်များတွင် သစ်ပင်မျိုးစုံကိုလည်းကောင်း၊ မိမိနေအိမ်ခြံဝင်းများ၌ စိုက်ပျိုးလိုသူများကိုလည်း ပျိုးပင်များကို အခမဲ့ဖြန့်ဝေသွားမည်ဖြစ်သည်။ ထိုသို့ သစ်ပင်များစိုက်ပျိုးခြင်းဖြင့် မြေဆီမြေလွှာကောင်းမွန်စေခြင်း၊ ရာသီဥတုညီညွတ်မျှတစေခြင်း၊ စိမ်းလန်းစိုပြည်ပြီး အေးမြသောအရိပ်များရရှိစေခြင်း၊ သဘာဝပတ်ဝန်းကျင်နှင့် နေရာစနစ်ထိန်းညှိခြင်း စသည့် အကျိုးကျေးဇူးများရရှိစေရန်အတွက် စိုက်ပျိုးခြင်းဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဗန်လာအဲငါက ပြောသည်။

ပျိုးပင်များအဖြစ် ကျွန်း၊ မန်ကျည်းရှား၊ တမာ၊ ကုက္ကို၊ စိန်ပန်း၊ ခရေ၊ မည်စည်၊ စွယ်တော်၊ ဗာဒံ၊ မန်ကျည်း၊ စိန်ပန်းကလေး၊ ရေတမာ စသည့် ပျိုးပင်ပေါင်း ၃၀၀၀၀ ကို ပျိုးထောင်ထားကြောင်း သိရသည်။

**ထွန်းမြင့်အောင်(ရွှေဘို)**

# ရေခက်ခဲသည့် ဖာလိုင်(နောက်)ကျေးရွာသို့ သောက်သုံးရေ ဂါလန် ၁၆၀၀ သွားရောက်လှူဒါန်း

**ဆီဆိုင် မေ ၁၅**

နှစ်စဉ်နှစ်တိုင်း နွေရာသီကာလတွင် သောက်သုံးရေအခက်အခဲကြုံတွေ့နေရသည့် ရှမ်းပြည်နယ်(တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဆီဆိုင်မြို့နယ် နောင်ကျောကျေးရွာအုပ်စုအတွင်းရှိ ဖာလိုင်(နောက်)ကျေးရွာသို့ သောက်သုံးရေပြတ်လပ်မှုမရှိစေရေးနှင့် သောက်ရေဖူလုံစွာသုံးစွဲနိုင်ရေးအတွက် ကျေးရွာအရောက် သောက်သုံးရေများ သွားရောက်လှူဒါန်းခြင်းကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သောက်သုံးရေ ဂါလန် ၁၆၀၀ သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

သောက်သုံးရေသွားရောက်လှူဒါန်းရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကြီးတန်းစာရေး ဦးအောင်နိုင်က ဖာလိုင်(နောက်)ကျေးရွာရှိ အိမ်ခြေ ၅၂ အိမ်၊ လူဦးရေ ၂၄၉ ဦးအတွက် သောက်သုံးရေ အဆင်ပြေစေရန် ရေဂါလန် ၁၆၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် စနစ်တကျဖြန့်ဝေလှူဒါန်းခဲ့ကြောင်း သိရသည်။

**ခွန်ရဲထွေး(ဆီဆိုင်)**

# မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်ရှိ ဂုတ်တွင်းကားလမ်းတိုးချဲ့ခြင်းလုပ်ငန်းများဆောင်ရွက်

**ဂုတ်တွင်း မေ ၁၅**

မြန်မာ–တရုတ် နှစ်နိုင်ငံကုန်သွယ်မှုနှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)ဆက်သွယ်မှု အဓိကလမ်းကြောင်းကြီးဖြစ်သော မန္တလေး–လားရှိုး–မူဆယ် ပြည်ထောင်စုလမ်းမကြီးပေါ်မှ ဂုတ်တွင်းကားလမ်း၏ ကျောက်မဲဘက်ခြမ်း မိုင်တိုင် ၈၄ နှင့် ၈၈ ကြားရှိ မြေနံရံများကို အိုရီယာမ်တယ်ဟိုင်းဝေးကုမ္ပဏီ(OHC)က စက်ယန္တရားကြီးများဖြင့်ဖြိုချခြင်း၊ ကျောက်ဆောင်များကိုမိုင်းခွဲ၍ ရှင်းလင်းကာ လမ်းတိုးချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့လမ်းများတိုးချဲ့ပေးသည့်အတွက် ကုန်တင်ကားကြီးများအနေဖြင့် တစ်စီးနှင့် တစ်စီး ရှောင်တိမ်းရာတွင် ယာဉ်မတော်တဆမှုများလျော့နည်းစေနိုင်မည်ဖြစ်သလို ယာဉ်ကြောပိတ်ဆို့ခြင်း၊ ယာဉ်ကြောကျပ်တည်းခြင်းနှင့် မြင်ကွင်းပိတ်ဆို့ခြင်းတို့ကို လျှော့ချနိုင်မည်ဖြစ်ရာ အတက်၊ အဆင်း ယာဉ်ကြီး၊ ယာဉ်ငယ်များ အဆင်ပြေစွာသွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

"ဒီရက်ပိုင်းမှာ ကျောက်မဲဘက်ခြမ်းက ချဲ့လို့ရနိုင်သမျှချဲ့ပေးနေပါတယ်။ နောင်ချိုဘက်ခြမ်းကိုလည်း ချဲ့ပေးလို့ရမယ့်နေရာတွေကို လေ့လာနေပါတယ်။ ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနအဖွဲ့တွေနဲ့တိုင်ပင်ပြီး အတတ်နိုင်ဆုံးဆောင်ရွက်သွားပါမယ်" ဟု (OHC)ရုံး ကျောက်မဲမြို့နယ် စီမံကိန်းမန်နေဂျာ



ဦးသက်ဆွေက ပြောသည်။

ထိုကဲ့သို့ လုပ်ငန်းများဆောင်ရွက်နေစဉ် ဖြတ်သန်းသွားလာကြသည့် ကုန်တင်ယာဉ်ကြီးများနှင့် ယာဉ်ငယ်များအနေဖြင့် လုပ်ငန်းခွင်အနီး အရှိန်လျှော့မောင်းနှင်ပေးကြပါရန်(OHC)က အသိပေးမေတ္တာရပ်ခံထားကြောင်း သိရသည်။

**သီပေါကိုလတ်**

# ဟုမ္မလင်းမြို့နယ်၌ ရော်ဘာပင်အောက်စိုက်ပျိုးသည့် ကော်ဖီပင်များ အောင်မြင်ဖြစ်ထွန်း

**ဟုမ္မလင်း မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်တွင် ရော်ဘာပင်အောက်စိုက်ပျိုးသည့် ကော်ဖီပင် ၇၅၀၀၀ စိုက်ပျိုးထားရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ဟုမ္မလင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရော်ဘာအပင်အောက်တွင် ကော်ဖီပင်စိုက်ပျိုးမှုပုံစံမှာ တန်းကြား ရှစ်ပေ၊ အပင်ကြား ငါးပေဖြင့် တစ်ဧကလျှင် ကော်ဖီပင် ၇၅၀ ကို စိုက်ပျိုးလျက်ရှိရာ ဧက ၁၀၀ ခန့်ကို ကော်ဖီပင် စုစုပေါင်း ၇၅၀၀၀ စိုက်ပျိုးပြီးစီးပြီဖြစ်သည်။ အလားတူ သီးနှံသစ်တော ရောနှောစိုက်ခြင်းပြုလုပ်ရန် ယခုနှစ် မိုးရာသီတွင် သဘာဝသစ်တောအောက်၌ ကော်ဖီပင်များ စမ်းသပ်စိုက်ပျိုးမှုကို ဟုမ္မလင်းမြို့နယ် ကောယားကျေးရွာ၌ ဇွန်လတွင် စတင်စိုက်ပျိုးမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ဦးမင်းမင်းဇော်က ပြောသည်။

ဟုမ္မလင်းမြို့နယ် ကျေးရွာအုပ်စု ၇၈ အုပ်စုရှိသည့်အတွက် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဟုမ္မလင်းမြို့နယ် ကော်ဖီစိုက်တောင်သူများကို မျိုးစေ့ရွေးချယ်သည့်အခါ မှန်ကန်မှုရှိစေရန် နည်းလမ်း၊ ကော်ဖီစိုက်နည်းစနစ်၊ ကော်ဖီပင်စောင့်ရှောက်နည်းစနစ်များကို တောင်သူများသိရှိနားလည်စေရန် အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မွေးကြူဇင်**



## မန္တလေးသရက်ဈေးကွက် စိန်တလုံးအရောင်းသွက်

**မန္တလေး မေ ၁၅**

မြန်မာ့သရက်မျိုးများအနက် စိန်တလုံးသရက်သီးသည် အနံ့အရသာကောင်းမွန်၍ ဈေးကွက်အတွင်း လူကြိုက်များပြီး ရောင်းအားကောင်းလျက်ရှိကြောင်း မန္တလေးမြို့ ၂၉လမ်း၊ ၈၄ x ၈၅လမ်းကြား ဈေးချိုဝါးတန်းရပ်ရှိ သစ်သီးပွဲရုံများမှ သိရသည်။

"သရက်အမျိုးပေါင်းက ၁၃၀ ကျော်လောက်ရှိတယ်။ စိန်တလုံးကတော့ အရသာကောင်းပြီး လူကြိုက်များတော့ အစိုက်များတာပေါ့။ သူ့ဒေသနဲ့စိုက်တဲ့အချိန်ပေါ်မူတည်ပြီး သီးတဲ့အချိန်က ကွာခြားသွားတော့ ဈေးရတာချင်းမတူတော့ဘူး။ မန္တလေးဈေးကွက်မှာတော့ စိန်တလုံးသရက် အရောင်းသွက်တယ်" ဟု နေခြည်သစ်သီးပွဲရုံပိုင်ရှင် ဦးတင်မောင်ထွန်းက ပြောသည်။

"အရွက်မှာလက်ဖက်၊ အသီးမှာသရက်" ဆိုသကဲ့သို့ မြန်မာလူမျိုးများသာမက အိမ်နီးချင်း နိုင်ငံများကပါ ကြိုက်နှစ်သက်ကြပြီး အနံ့အရသာနှင့်ပြည့်စုံသည့် မြန်မာ့သရက်မျိုးစိန်တလုံးကို နည်းစနစ်ကျနစွာဖြင့် သဘာဝအတိုင်း အော်ဂဲနစ်အဖြစ် ယခုထက် ပိုမိုတွင်ကျယ်စွာ စိုက်ပျိုးထုတ်လုပ်၍ နိုင်ငံတကာဈေးကွက်သို့ ထိုးဖောက်တင်ပို့နိုင်ခြင်းဖြင့် တိုင်းပြည်၏ထုတ်ကုန်အမှတ်တံဆိပ်တစ်ခုကို အခိုင်အမာရရှိကာ နိုင်ငံခြားဝင်ငွေတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်သည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

## မင်းဘူး(စကု)မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာလ သီးနှံစိုက်ပျိုးထုတ်လုပ်မှုမကျဆင်းရေး အလေးထား

**မင်းဘူး မေ ၁၅**

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါကာလ သီးနှံစိုက်ပျိုးထုတ်လုပ်မှု မကျဆင်းစေရေး အလေးထားဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍ သီးနှံစိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားစေရေးအတွက် မျိုးကောင်းမျိုးသန့်များ ရရှိစိုက်ပျိုးနိုင်ရေး၊ သုတေသနနှင့် သိပ္ပံနည်းကျခေတ်မီစိုက်ပျိုးနည်းစနစ်များ လိုက်နာဆောင်ရွက်ရေး၊ စိုက်ပျိုးရေးသုံး ဓာတုဆေးဝါးပစ္စည်းများ သုံးစွဲမှု လျှော့ချရေး၊ သဘာဝမြေဆွေး၊ သဘာဝပိုးသတ်ဆေးနှင့် ရွက်ဖျန်းအားဆေးများကိုသာ သုံးစွဲနိုင်ရေး၊ စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများကို တောင်သူများ လိုက်နာဆောင်ရွက်နိုင်စေရေးများကို အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



ထို့အတူ ကိုဗစ်-၁၉ ရောဂါ ကာလအတွင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန လမ်းညွှန်ချက်နှင့်အညီ Social Distancing စနစ်ဖြင့် ၂၀၁၉-၂၀၂၀ ခုနှစ် နွေစပါးနှင့် နွေနှမ်းသီးနှံများ လျာထားချက်ဧက ပြည့်မီစွာစိုက်ပျိုးနိုင်ရေးအတွက် ဆည်မြောင်းနှင့်ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာနတို့ ပူးပေါင်းပြီး ရေအလှည့်ကျစနစ်ဖြင့် စနစ်တကျ ရေပေးဝေရေးလုပ်ငန်းများ ဆောင်ရွက်နိုင်မှုကြောင့် နွေစပါး ၁၃၁၁ ဧကနှင့် နွေနှမ်း ၂၈၂၁၁ ဧကတို့ စိုက်ပျိုးနိုင်ခဲ့သည်။ ထို့နောက် နွေနှမ်းသီးနှံကို GAP စနစ်ဖြင့်စိုက်ပျိုးနိုင်ရေး Online GAP စနစ်ဖြင့် လျှောက်လွှာခေါ်ယူခဲ့ရာ တောင်သူပေါင်း ၁၁၀၂ ဦးနှင့် စိုက်ဧက ၄၀၆၂ ဒသမ ၅၂ ဧက၊ အစုအဖွဲ့ပေါင်း ၆၉ ဖွဲ့တို့က အွန်လိုင်းစနစ်ဖြင့် လျှောက်ထားကြသည့်အတွက် မှတ်တမ်းစာအုပ်များကိုလည်း ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ GAP စနစ်ဖြင့် စိုက်ပျိုးရာတွင် မြေဆီလွှာအတွင်း Heavy Metals ပါဝင်မှု စစ်ဆေးပေးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီး မင်းဘူး(စကု)မြို့နယ်အတွင်း တောင်သူပေါင်း ၃၇၉ ဦးဖြင့် စိုက်ဧက ၁၅၁၇ ဒသမ ၄၁ ဧကကို GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ခဲ့ကြသည်။

ထို့နောက် တောင်သူများအနေဖြင့် မိမိတို့ကျေးရွာနေအိမ်ခြံဝင်းအတွင်း Home Gardening စနစ်ဖြင့် စိုက်ပျိုးနိုင်စေရန် မျိုးစေ့ပေါင်း ၁၂မျိုးတို့ကို ကျေးရွာများမှ တောင်သူများထံ မျိုးစေ့များ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသိန်းနိုင်ဝင်းထံမှ သိရသည်။

မင်းဘူး(စကု)မြို့နယ်အတွင်း ယခုနှစ် မိုးသီးနှံ လျာထားဧက စုစုပေါင်း ၁၈၇၆၇၈ ဧကအနက်မှ မိုးစပါး ၃၈၁၁၉ ဧက၊ ဆီထွက်သီးနှံ ၇၀၇၇၅ ဧက၊ ပဲမျိုးစုံ ၅၁၇၉၇ ဧက၊ ဝါ ၅၀၂၅ ဧကနှင့် အခြားသီးနှံ ၂၁၉၆၂ ဧကတို့ကို စိုက်ပျိုးသွားရန် လျာထားကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

## ဆိပ်ဖြူမြို့နယ်၌ မြေအောက်ရေဖြင့် နွေနှမ်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်း



**ဆိပ်ဖြူ မေ ၁၅**

ဆိပ်ဖြူမြို့နယ်တွင် မြေအောက်ရေဖြင့် တစ်မြို့နယ်လုံး နွေနှမ်းစိုက်ဧက စုစုပေါင်း ၂၉၄ ဧက စိုက်ပျိုးပြီးဖြစ်ပါကြောင်း စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဇော်မင်းနိုင် ထံမှ သိရသည်။

မြေအောက်ရေဖြင့် ဆိပ်ဖြူမြို့နယ်တွင် နွေနှမ်းအများဆုံးစိုက်ပျိုးပြီးသည့် ချင်တောင်ကျေးရွာ၌ စိုက်ဧက ၆၇ ဧကကို ကိုယ်ပိုင်ရေတွင်းများဖြင့် မြေအောက်ရေကို ရေစုပ်စက်များ အသုံးပြုပြီး ရေသွင်းစိုက်ပျိုးကြရာတွင် ယခင်နှစ်က တစ်ဧကလျှင် ၁၈ တင်းမှ ၂၅ တင်းအထိ ထွက်ရှိခဲ့ပြီး ယခုနှစ်တွင် ရိတ်သိမ်းမှုမရှိသေးသော်လည်း အထွက်နှုန်းကောင်းနိုင်ကြောင်းနှင့် နွေနှမ်းစိုက်ပျိုးရာတွင် စမုံနက်နှမ်းကို စိုက်ပျိုးပြီး GAP နည်းစနစ်ဖြင့် တောင်သူများအား အသိပညာပေးခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း ဆောင်ရွက်ခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက အနီးကပ် ကြီးကြပ်ဆောင်ရွက်လျက်ရှိကာ မြေအောက်ရေဖြင့် နွေနှမ်းစိုက်ပျိုးခဲ့ရာ လက်ရှိအချိန်တွင် အောင်မြင် ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

**ကိုမျိုး (ယောရော)**



## Chinese 8 Ball ပြိုင်ပွဲတွင် ဘုန်းမြင့်ကျော် ငါးပွဲဆက်အနိုင်ရ

**ရန်ကုန် မေ ၁၅**

Chinese 8 Ball ပြိုင်ပွဲ ပထမအဆင့်အုပ်စုပွဲများကို ယနေ့ညနေပိုင်းက တရုတ်နိုင်ငံ၌ ဆက်လက်ကျင်းပရာ မြန်မာ Pool ကစားသမား ဘုန်းမြင့်ကျော် (ခ) မောင်မောင် ငါးပွဲဆက်အနိုင်ရခဲ့သည်။

ဘုန်းမြင့်ကျော်သည် ပဉ္စမပွဲအဖြစ် ကမ္ဘာ့ချန်ပီယံဟောင်းဖြစ်သူ တရုတ်ကစားသမား ရန်ဖန်နှင့် တွေ့ဆုံခဲ့ပြီး ၂၁ ပွဲ-၁၈ ပွဲဖြင့် အနိုင်ရခဲ့သည်။

ယင်းပြိုင်ပွဲတွင် ပွဲတိုင်းအနိုင်ရထားသည့် ဘုန်းမြင့်ကျော်အတွက် နောက်ထပ်နိုင်ပွဲတစ်ပွဲ ထပ်တိုးခဲ့သော်လည်း ခက်ခက်ခဲခဲကစားခဲ့ရသလို နောက်မှလိုက်ကစားရကာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ဘုန်းမြင့်ကျော်သည် ပထမပိုင်းတွင် ခွဲဘောများမကောင်းသောကြောင့် အနိုင်ရသင့်သည့် ပွဲငယ်များ လွဲချော်ခဲ့ပြီး နောက်မှလိုက်ကစားခဲ့ရကာ ၁၁ ပွဲ- ၉ ပွဲဖြင့် ရှုံးနိမ့်ခဲ့သည်။ ဒုတိယပိုင်းတွင်မူ ဘုန်းမြင့်ကျော်သည် အမှားနည်းလာသလို ခွဲဘောများလည်း ကောင်းလာသောကြောင့် ရန်ဖန်ကို ပြန်လိုက်လာနိုင်ပြီး ၁၃ ပွဲစီ တူညီသွားသလို နောက်ပိုင်းတွင် ဆက်တိုက်ဦးဆောင်နိုင်ခဲ့သည်။ ဘုန်းမြင့်ကျော် သည် ပွဲပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ပွဲငယ် ၂၀ အထိ အနိုင်ရပြီးမှ ပြိုင်ဘက်ကို အခွင့်အရေးပြန်ပေးခဲ့ရကာ ၂၀-၁၈ ပွဲအထိ ဖြစ်သွားခဲ့ရသည်။ သို့သော် ဘုန်းမြင့်ကျော်က ၂၁ ပွဲမြောက် နိုင်ပွဲရယူကာ ငါးပွဲဆက်အနိုင်ရလဒ် ရယူနိုင်ခဲ့ခြင်းဖြစ်သည်။

ဘုန်းမြင့်ကျော်သည် ငါးပွဲစလုံးအနိုင်ရထားသောကြောင့် ရမှတ် ၃၁၀၀၀ မှတ်ဖြင့် ထိပ်ဆုံးတွင် ဆက်လက်ဦးဆောင်နေပြီး ဒုတိယအဆင့်သို့ တက်ရောက်ခွင့်ရရန် အခြေအနေအလွန်ကောင်းသွားပြီဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-Ko Ar Ti Facebook**

## တောင်သူများအား မြေယာပြုပြင်ရေးအသိပညာပေး

**ကန့်ဘလူ မေ ၁၅**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်တွင် တောင်သူများအား မြေဆီလွှာဖွံ့ဖြိုးရေးနှင့် မြေယာပြုပြင်ရေးအသိပညာပေးခြင်းကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဘက်စုံအဆင့်မြင့်နည်းပညာသုံးစံပြကျေးရွာများ ဆောင်ရွက်ထားကြောင်း၊ မိုးစပါးမစိုက်ပျိုးခင် အချိန်မီမြေယာပြုပြင်ခြင်း၊ သဘာဝမြေသြဇာသုံးစွဲခြင်း၊ ဓာတ်မြေသြဇာအချိုးကျသုံးစွဲခြင်းတို့ကို တောင်သူများ၊ ဝန်ထမ်းများအားအသိပညာပေးခြင်းဖြစ်ကြောင်း၊ ပဲမျိုးစုံနှင့်အခြားသီးနှံများတွင် ရွက်ဖျန်းမြေသြဇာသုံးစွဲကြစေလိုကြောင်း၊ မြို့နယ်အတွင်း မြေ၊ ရေ နမူနာယူပြီး ဓာတ်ခွဲကိရိယာဖြင့် ချဉ်ငန်ကိန်းစစ်ဆေးပေးကြောင်း တိုင်းဒေသကြီး မြေအသုံးချရေးတာဝန်ခံ ဒေါ်စန်းစန်းမြင့်က ပြောကြားသည်။

ကန့်ဘလူမြို့နယ်တွင် နည်းပညာပေးစင်တာကိုးခု ဖွင့်လှစ်ပြီး ကိုဗစ်-၁၉ ကာလတွင် စိုက်ပျိုးရေးနည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တောင်သူများလိုအပ်ချက်များရှိပါက ကွင်းဆင်းဆောင်ရွက်ပေးကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူးဦးစံအောင်က ပြောကြားသည်။

**မျိုးဝင်းညို**
**(ကျွန်းလှ)**



ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေး သတင်းစကားလက်ကမ်းစာစောင်များအား မေ ၁၄ ရက်က နန္ဒဝန်ဈေး၌ ပြည်သူများအား ဖြန့်ဝေပေးစဉ်။

နေထက်အောင်

# အမျိုးသမီးလိဂ်ပြိုင်ပွဲကို နှစ်ကုန်ပိုင်းတွင် ကျင်းပနိုင်ရန် ကြိုးပမ်း

ရန်ကုန် မေ ၁၅

မြန်မာနေရှင်နယ်လိဂ်ကော်မတီက တာဝန်ယူကျင်းပမည့် အမျိုးသမီးလိဂ်ပြိုင်ပွဲကို နှစ်ကုန်ပိုင်းတွင် ကျင်းပနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲကို ၂၀၁၆ နှစ်ကုန်ပိုင်းတွင် စတင်ကျင်းပခဲ့ပြီး သုံးရာသီသာ ကျင်းပခဲ့ကာ လေးရာသီမြောက်ကို ၂၀၁၉ နှစ်ကုန်ပိုင်းတွင် ကျင်းပရမည်ဖြစ်သော်လည်း ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန်ရှိသည့်အပြင် ပြိုင်ပွဲကို တာဝန်ယူကျင်းပမည့် အဖွဲ့အစည်းပြောင်းလဲခဲ့သောကြောင့် နောက်ဆုတ်ခဲ့ရသလို နောက်ပိုင်းတွင် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားခဲ့သောကြောင့် ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။ အမျိုးသမီးလိဂ်ပြိုင်ပွဲကို ယခင်က မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်က တာဝန်ယူကျင်းပခဲ့သော်လည်း ၂၀၁၈-၂၀၁၉ ရာသီအပြီးတွင် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ပြောင်းလဲတာဝန်ယူကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် မြဝတီအသင်းက နှစ်ကြိမ်၊ အား/ကာသိပ္ပံအသင်းက တစ်ကြိမ် ဗိုလ်စွဲထားသည်။ ပြီးခဲ့သည့်ရာသီအပြီးတွင် အသင်းအချို့နုတ်ထွက်မည်ဟု သတင်းများထွက်ပေါ်ခဲ့သော်လည်း အသင်းသစ်များလည်း ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်လျက်ရှိသည်။ မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် အမျိုးသမီးလိဂ်ပြိုင်ပွဲကို တာဝန်ယူကျင်းပရမည်ဖြစ်သောကြောင့် ပြိုင်ပွဲစည်းမျဉ်းအပါအဝင် ပြိုင်ပွဲကျင်းပနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပြီး ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ကြန့်ကြာနေခြင်းဖြစ်သည်။ ယခုရာသီ အမျိုးသမီးလိဂ်ပြိုင်ပွဲကို နှစ်ကုန်ပိုင်းတွင် ကျင်းပနိုင်ရန်လျာထားသည်။ ပြိုင်ပွဲစည်းမျဉ်းများ အတည်ပြုပြီးပါက ပြီးခဲ့သည့်ရာသီက ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့်အသင်းများ ဆက်လက်ယှဉ်ပြိုင်ခြင်း ရှိ၊ မရှိ အတည်ပြုမည်ဖြစ်ပြီး အသင်းသစ်များကိုလည်း ထပ်မံအတည်ပြုမည်ဖြစ်သည်။

လက်ရှိတွင် အသင်းသစ်နှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ရန် စီစဉ်ထားပြီး မြန်မာနေရှင်နယ်လိဂ်ကော်မတီက ပြိုင်ပွဲဝင်အသင်းများ ဖိတ်ခေါ်မှသာ အတည်ပြုနိုင်မည်ဖြစ်သည်။

နောက်ဆုံးကျင်းပခဲ့သည့် အမျိုးသမီးလိဂ်ပြိုင်ပွဲတွင် အား/ကာသိပ္ပံအသင်း၊ မြဝတီအသင်း၊ သစ္စာအားမာန်အသင်း၊ အားကစားနှင့် ကာယပညာဦးစီးဌာနအသင်း၊ YREO အသင်း၊ ဂန္ဓမာအသင်း၊ တက္ကသိုလ်အသင်းနှင့် ဖွဲ့ကပင်အသင်းတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။

ရှိုင်းထက်ဇော်

# ဟာလန်းအား ဒေါ့မွန်အသင်းတွင် ဆက်ကစားရန် တိုက်စစ်မှူး လီဝန်ဒိုစကီး အကြံပေး

ဒေါ့မွန်အသင်းတိုက်စစ်မှူး ဟာလန်းကို ပရီမီယာလိဂ်ကလပ် မန်ယူအသင်းနဲ့ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းတို့က ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်နေတာကြောင့် ဟာလန်းအနေနဲ့ အခြားကလပ်အသင်းတွေဆီ မပြောင်းရွှေ့ဘဲ လက်ရှိကလပ် ဒေါ့မွန်အသင်းမှာသာ ဆက်ကစားစေလိုကြောင်း တိုက်စစ်မှူး လီဝန်ဒိုစကီးက အကြံပြုပြောကြားခဲ့ပါတယ်။



နော်ဝေကြယ်ပွင့် ဟာလန်းဟာ ပြီးခဲ့တဲ့ ဇန်နဝါရီအပြောင်းအရွှေ့ကာလကတည်းက မန်ယူအသင်းဆီ ပြောင်းရွှေ့ကစားဖို့နီးစပ်ခဲ့သူဖြစ်ပြီး ဘွန်ဒက်လီဂါကလပ် ဒေါ့မွန်အသင်းနဲ့အတူ ၁၁ ပွဲ ပါဝင်ကစားပေးခဲ့ရာမှာ သွင်းဂိုး ၁၂ ဂိုး သွင်းယူနိုင်ခဲ့တာကြောင့် ဥရောပကလပ်အသင်းတွေရဲ့ စိတ်ဝင်စားမှုကို ခံခဲ့ရသူလည်းဖြစ်ပါတယ်။

လက်ရှိမှာ မန်ယူအသင်းအနေနဲ့ အသက် ၁၉ နှစ်အရွယ် ဟာလန်းကို ခေါ်ယူဖို့ ရီးယဲလ်မက်ဒရစ်အသင်းနဲ့ အပြိုင်ကြိုးပမ်းနေရတာဖြစ်ပါတယ်။ ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ဘွန်ဒက်လီဂါပြိုင်ပွဲကို နှစ်လကြာ ရပ်နားထားခဲ့ရပြီး မေ ၁၆ ရက်မှာ ပြိုင်ပွဲပြန်လည်စတင်တော့မှာဖြစ်လို့ လီဝန်ဒိုစကီးနဲ့ ဟာလန်းတို့ကို ဒေါ့မွန်အသင်းရဲ့ တိုက်စစ်ပိုင်းမှာ မြင်တွေ့ရတော့မှာဖြစ်ပြီး လီဝန်ဒိုစကီးဟာ အခုနှစ်ဘောလုံးရာသီမှာ ဘွန်ဒက်လီဂါ ၂၃ ပွဲ ကစားပေးခဲ့ကာ သွင်းဂိုး ၂၅ ဂိုးအထိ သွင်းယူပေးနိုင်ခဲ့တာလည်း ဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

# ဘာစီလိုနာအသင်းက စပါးနောက်ခံလူ ဂျူအန်ဖွိုက်ကို ခေါ်ယူရန် ပစ်မှတ်ထားနေ

စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းဟာ အခုနှစ် နွေရာသီဈေးကွက်အတွင်းမှာ စပါးနောက်တန်းကစားသမား ဂျူအန်ဖွိုက်ကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

အသက် ၂၂ နှစ်အရွယ်ရှိ အာဂျင်တီးနားကြယ်ပွင့် ဂျူအန်ဖွိုက်ဟာ ကိုရိုနာဗိုင်းရပ်စ်ကြောင့် ပြိုင်ပွဲတွေမရပ်နားမီအထိ နည်းပြမော်ရင်ဟိုရဲ့ စပါးအသင်းအတွက် အခုနှစ်ဘောလုံးရာသီမှာ ရှစ်ပွဲပါဝင်ကစားပေးခဲ့တာဖြစ်ပြီး စပါးအသင်းအနေနဲ့ နောက်ခံလူ ဂျူအန်ဖွိုက်ကို ပရီမီယာလိဂ်နဲ့ ချန်ပီယံလိဂ်ပြိုင်ပွဲတို့မှာ ပါဝင်ကစားခွင့်ပေးခဲ့ခြင်းတော့ မရှိပါဘူး။

**ပုံမှန်ပွဲထွက်ကစားခွင့်ရရှိဖို့ ဆန္ဒရှိနေ**

ဒါကြောင့် ဂျူအန်ဖွိုက်အနေနဲ့ လာမယ့်ဘောလုံးရာသီမှာ ပထမအသင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။ ဘာစီလိုနာအသင်းအနေနဲ့ နောက်တန်းကစားသမား အမ်တီတီ ဒါမှမဟုတ် တိုဒီဘိုကို ရောင်းချဖို့ အသင့်ရှိနေတာကြောင့် ဂျူအန်ဖွိုက်ကို ခေါ်ယူဖို့ ပြင်ဆင်နေတာဖြစ်ပါတယ်။

ဂျူအန်ဖွိုက်ဟာ ဗဟိုခံစစ်ကစားသမားနေရာရော ညာနောက်ခံကစားသမားနေရာမှာပါ အကောင်းဆုံးကစားနိုင်သူလည်း ဖြစ်ပါတယ်။

# လိုင်ယွန်တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီကို ပေါင် ၆၁ သန်းနဲ့ ခေါ်ယူရေး မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်း အပြိုင်ကြိုးပမ်း

မန်ယူအသင်းနဲ့ ချယ်လ်ဆီးအသင်းတို့ဟာ လိုင်ယွန်အသင်းမှ ပြင်သစ်တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီကို ခေါ်ယူဖို့အတွက် အပြိုင်ကြိုးပမ်းလျက်ရှိပြီး မန်ယူအသင်းက ပြောင်းရွှေ့ကြေးပေါင် ၆၁ ဒသမ ၈ သန်းနဲ့ ခေါ်ယူဖို့အတွက် သဘောတူညီထားတယ်လို့ ဆိုပါတယ်။


နည်းပြဆိုးရှားအနေနဲ့ အင်တာမီလန်အသင်းဆီ ပြောင်းရွှေ့သွားတဲ့ တိုက်စစ်မှူး လူကာကူရဲ့နေရာမှာ အစားထိုးဖို့အတွက် အခုနှစ် နွေရာသီအပြောင်းအရွှေ့ဈေးကွက်အတွင်းမှာ တိုက်စစ်မှူးသစ်တစ်ဦးကို ခေါ်ယူဖို့ စီစဉ်ထားတာဖြစ်ပြီး လက်ရှိမှာ တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီကိုခေါ်ယူဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

တိုက်စစ်မှူး မောက်ဆာဒမ်ဘီလီဟာ ၂၀၁၈ ခုနှစ်က ဆဲလ်တစ်အသင်းကနေ လိုင်ယွန်အသင်းဆီ ပြောင်းရွှေ့ခဲ့တာဖြစ်ပြီး အဲဒီအချိန်ကစလို့ လက်ရှိအချိန်အထိ လိုင်ယွန်အသင်းအတွက် ၈၈ ပွဲ ပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၄၂ ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။

လိုင်ယွန်အသင်းသည် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုကြောင့် ၂၀၁၉-၂၀၂၀ ဘောလုံးရာသီ ပြင်သစ်ပထမတန်းပြိုင်ပွဲကို ဖျက်သိမ်းခဲ့တာကြောင့် လာမယ့်ဘောလုံးရာသီမှာ ဥရောပဝင်ခွင့်ဆုံးရှုံးရဖို့ရှိနေတာ ဖြစ်ပါတယ်။ အဲဒါကြောင့် တိုက်စစ်မှူး ဒမ်ဘီလီအနေနဲ့ လိုင်ယွန်အသင်းကနေ ထွက်ခွာဖို့ရှိနေပြီး ၂၀၁၆ ခုနှစ်က ဆဲလ်တစ်အသင်းကို မရောက်ရှိမီ ဖူလ်ဟမ်အသင်းအတွက် ပွဲပေါင်း ၆၄ ပွဲပါဝင်ကစားပေးခဲ့ကာ သွင်းဂိုး ၁၉ ဂိုး သွင်းယူပေးခဲ့တာ ဖြစ်ပါတယ်။




## အနုပညာ



# ပါ့ခ်ဂျီဟွန်း ကင်ဆာရောဂါဖြင့် ကွယ်လွန်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ပါ့ခ်ဂျီဟွန်းဟာ လတ်တလောမှာ ကွယ်လွန်ခဲ့ပြီဖြစ်ပါတယ်။ ကွယ်လွန်ချိန်မှာ အသက် ၃၁ နှစ်အရွယ်သာရှိသေးပြီး အစာအိမ်ကင်ဆာရောဂါကြောင့် ကွယ်လွန်ခဲ့တာဖြစ်ကြောင်း အေးရှားဝမ်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

၂၀၁၇ ခုနှစ်အတွင်း ထုတ်လွှင့်ခဲ့ပြီး အောင်မြင်တဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်တဲ့ Chicago Typewriter မှာ အဓိကဇာတ်ဆောင်အဖြစ်ပါဝင်ခဲ့တဲ့ ပါ့ခ်ဂျီဟွန်းဟာ မေ ၁၁ ရက်က ကွယ်လွန်ခဲ့ကြောင်း မိသားစုက မေ ၁၅ ရက်မှာ မင်းသားရဲ့ လူမှုကွန်ရက်စာမျက်နှာပေါ်ကနေတစ်ဆင့် ရေးသားဖော်ပြခဲ့တာ ဖြစ်ပါတယ်။

# လက်ထပ်တော့မယ့် လီယွန်ဟီး

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသမီးတစ်ဦးဖြစ်သူ လီယွန်ဟီးဟာ လက်ထပ်တော့မှာဖြစ်ကြောင်း လတ်တလောမှာ တရားဝင်ထုတ်ဖော်ပြောကြားခဲ့ပြီး အဆိုပါ သတင်းအပေါ် သူ့ရဲ့အေဂျင်စီကလည်း အတည်ပြုခဲ့ကြောင်း စွန်ပီဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လီယွန်ဟီးက လက်ထပ်တော့မယ့်အကြောင်း မေ ၁၅ ရက်မှာ ပရိသတ်တွေကို ထုတ်ဖော်ပြောကြားခဲ့တာပါ။ မင်းသမီးက ကိုရိုနာဗိုင်းရပ်စ်ကူးစက်ဖြစ်ပွားမှုတွေကြောင့် ခက်ခဲနေတဲ့ကာလအတွင်း မင်္ဂလာသတင်းထုတ်ဖော်ပြောကြားဖို့အတွက် အတော်လေးစဉ်းစားခဲ့ရကြောင်း၊ သူ့ကို အားပေးခဲ့ကြသူတွေနဲ့ ဒီသတင်းကို မျှဝေလိုတာကြောင့် ထုတ်ဖော်ပြောကြားခြင်းဖြစ်ကြောင်းနဲ့ လက်ထပ်ပြီးပါကလည်း အနုပညာလှုပ်ရှားမှုတွေကို ဆက်လက်လုပ်ဆောင်သွားမှာဖြစ်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့ပါတယ်။

လီယွန်ဟီးရဲ့ ဖျော်ဖြေရေးအေဂျင်စီဖြစ်တဲ့ အက်စ်အမ်အင်တာတိန်းမန့်ကလည်း အဆိုပါသတင်းဟာ မှန်ကန်ကြောင်း၊ လီယွန်ဟီးဟာ ဇွန် ၂ ရက်မှာ လက်ထပ်ပွဲပြုလုပ်မှာဖြစ်ပြီး မင်္ဂလာအခမ်းအနားကိုတော့ မိသားစုတွေနဲ့ ရင်းနှီးတဲ့သူငယ်ချင်းတွေနဲ့သာ အကျဉ်းချုံးပြုလုပ်သွားမှာဖြစ်ကြောင်းလည်း ပြောကြားခဲ့ပါတယ်။

အေဂျင်စီရဲ့ ပြောကြားချက်အရ လီယွန်ဟီးရဲ့ သတို့သားလောင်းဟာ အနုပညာအသိုင်းအဝိုင်းမှ မဟုတ်ပါဘူး။ လီယွန်းဟီးထက် အသက်အရွယ်အားဖြင့်ကြီးသူဖြစ်ပြီး အနုပညာရှင်မဟုတ်တာကြောင့် မင်္ဂလာပွဲကျင်းပမယ့်နေရာနဲ့ အချိန်အသေးစိတ်ကို အေဂျင်စီအနေနဲ့ ထုတ်ပြန်ပေးသွားမှာမဟုတ်ကြောင်းလည်း သိရပါတယ်။ လီယွန်ဟီးကတော့ လက်ထပ်ပြီးပါကလည်း အနုပညာလုပ်ငန်းတွေကို အကောင်းဆုံးဆက်လက်လုပ်ဆောင်ကာ ပျော်ရွှင်တဲ့သူတစ်ဦးအဖြစ် နေထိုင်သွားမှာဖြစ်ကြောင်းလည်း ပရိသတ်တွေကို ကတိစကားဆိုခဲ့ပါတယ်။



အေးပြည့် - စုစည်းသည်

သစ်
တော
နဲ့
သစ်ပင်
ချစ်
ခင်
တဲ့
လူမျိုး
သစ်
ပင်
ကို
နှစ်စဉ်
စိုက်
ရွှေတိုက်
ကိုစိုး

## ဝမ်းနည်းကြေကွဲခြင်း

စစ်တွေမြို့ မောလိပ်ရပ်ကွက် (လမ/ ၁၂၈)နေ ဒေါ်လှလှစံ၏ ချစ်လှစွာသော ခင်ပွန်း ဦးဝင်းမောင် အသက် (၆၀)နှစ်သည် ၁၅-၅-၂၀၂၀ ရက်နေ့တွင် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးဖြိုးမြတ်ဟန် (ပြန်ကြားရေးဝန်ကြီးဌာန)+ ဒေါ်ခင်ခင်ဦး**

## ဝမ်းနည်းကြေကွဲခြင်း
## ဒေါ်ခင်လှ(ခ)အန်းမကြီး
## အသက်(၁၀၀)

၁၉၆၅-၁၉၈၅ ခုနှစ် စင်ထရယ် အထက(၁)လသာ ကျောင်းသားဟောင်းအဖွဲ့မှ အမှုဆောင် ဦးစိုးလွင်၏ မိခင်ကြီး ဒေါ်ခင်လှ(ခ)အန်းမကြီးသည် ၁၃-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်သွားကြောင်းသိရပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**၁၉၆၅-၈၅ စင်ထရယ် အထက(၁)လသာ**
**ကန်တော့ခံ ဆရာ/ဆရာမများနှင့်ကျောင်းသားဟောင်းများ**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးကိုကိုကြီး
**ဒု-အရာခံဗိုလ်(ငြိမ်း)၊ (ကပ-ဘီ/၂၆၃၀၁)**
**တပ်မတော်မှတ်တမ်းရုံး၊ ရန်ကုန်**
## အသက်(၉၁)နှစ်

ရန်ကုန်တက္ကသိုလ် မြန်မာစာကျောင်းသားဟောင်းများ အသင်း၏ ဆော်ဩသူ(၂)ဒေါက်တာညိမ်းညိမ်း(ပါမောက္ခမြန်မာစာဌာန-ရန်ကုန်တက္ကသိုလ်)၏ ဖခင်ကြီး ဦးကိုကိုကြီးသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) ညနေ ၆:၄၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပါကြောင်း သိရသည့်အတွက် မိသားစုနှင့် ထပ်တူ အထူးကြေကွဲဝမ်းနည်းရပါသည်။

**ရန်ကုန်တက္ကသိုလ် မြန်မာစာကျောင်းသားဟောင်းများအသင်း**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးစောလူစိန်
**(စိန်ပန်းအမှုန့်ကြိတ်စက်)**
## အသက်(၈၂)နှစ်

အစ်ကိုကြီးတမျှ ချစ်ခင်ရပါသော ဦးစောလူစိန် ၁၂-၅-၂၀၂၀ ရက်နေ့တွင် ကွယ်လွန်ခြင်းအတွက် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်းနှင့် ကိုလူစိန် ကောင်းရာဘုံဘဝသို့ ရောက်ရှိပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။

**ဒေါက်တာဝင်းမြင့်နှင့် ဒေါက်တာခင်သိန်းဦး**
**မိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
## ကိုသန့်လွင်မောင်
## အသက် (၄၀)

ဗိုလ်မှူးခင်မောင်ရီ (ငြိမ်း)-(ဒေါ်နုနုယဉ်)တို့၏သား ကိုသန့်လွင်မောင်သည် ၁၄-၅-၂၀၂၀ ရက် မွန်းလွဲ ၂:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူ မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း သိစေအပ်ပါသည်။

**ဦးကျင်ဦး**
**ဥက္ကဋ္ဌ**
**POPULAR GROUP**

**သုဝဏ္ဏဘူမိ-သထုံအသင်း (ရန်ကုန်)**
## ဦးငွေသိန်း (သထုံ) အသက် (၈၀)
**ကျုံပျော်မြို့နယ်၊ လုပ်ငန်းစစ်ဆေးရေးဥက္ကဋ္ဌ-ငြိမ်း**
**အသင်းဝင်အမှတ်-၁၁၇၆**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃) ရပ်ကွက်၊ အနော်မာ(၁)လမ်း၊ အမှတ်(၁၂၀)နေ ဒေါ်မြန့်ရီ၏ ချစ်လှစွာသောခင်ပွန်း ဦးငွေသိန်း (သထုံ)သည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) နံနက် ၁၀:၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း သထုံအသင်းသူ/သားများအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့
သုဝဏ္ဏဘူမိ (သထုံအသင်း) ရန်ကုန်

## ဝမ်းနည်းကြေကွဲခြင်း
## ဦးခင်အောင် (မန္တလေး)
## အသက်(၈၃)နှစ်

မြန်မာတံဆိပ်ခေါင်း စုဆောင်းသူဝါသနာရှင်များအဖွဲ့ဝင် ဦးခင်အောင်သည် ၅-၅-၂၀၂၀ ရက်နေ့တွင် အလ္လာဟ်အသျှင်မြတ်၏ အမိန့်တော်ခံယူသွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာတံဆိပ်ခေါင်းစုဆောင်းသူဝါသနာရှင်များအဖွဲ့(MPS)**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးအောင်ကျော်ဦး (ငြိမ်း) လေ-၁၃၀၇
**လေယာဉ်မှူး (ငြိမ်း)၊ မြန်မာ့လေကြောင်း**
**အထွေထွေမန်နေဂျာ (ငြိမ်း)၊ ကုန်းလမ်းပို့ဆောင်ရေး**
## အသက် (၈၂) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ ရာဇသင်္ကြန် (၆) လမ်း၊ အမှတ်(၂၆၈-A)နေ ဒေါ်ခင်သိန်းသိန်း၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးအောင်ကျော်ဦး (ငြိမ်း)သည် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) ည ၁၀:၄၈ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်းကြားသိရသည့်အတွက် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဦးတင်ငွေနှင့် ၂၂ ဝီ**
**ကျောင်းဆင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးခင်အောင်ဗိုလ်
## အသက်(၈၁)နှစ်
**နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်ကျင့်စဉ်စောင့်ရှောက်ရေးအဖွဲ့**
**(နာယကအဖွဲ့ဝင်)**
**မြန်မာနိုင်ငံဝေဒသုတေသနအဖွဲ့(ဥက္ကဋ္ဌ)**
**မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ (အရန်အဖွဲ့ဝင်)**

နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်ကျင့်စဉ်စောင့်ရှောက်ရေးအဖွဲ့၏ နာယကအဖွဲ့ဝင် ဆရာကြီးဦးခင်အောင်ဗိုလ်သည် ၁၃-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**နှစ်ကျိပ်ရှစ်ဆူဗုဒ္ဓဝင်ကျင့်စဉ်စောင့်ရှောက်ရေးအဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးခင်မောင် (ငြိမ်း)
**ကြည်း-၁၁၄၅၆၊ OTS (38) စည်သူတပ်ခွဲ**
## အသက် (၇၆) နှစ်

OTS (38) စည်သူတပ်ခွဲမှ ဗိုလ်မှူးခင်မောင် (ငြိမ်း)သည် ၁၃-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**OTS (38) စည်သူတပ်ခွဲသူငယ်ချင်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်ကျော်ဝင်း
## အသက်(၇၄)နှစ်
**ဒု-ညွှန်မှူး(ငြိမ်း)၊ ဆည်မြောင်းဦးစီးဌာန**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ (၃၃)ရပ်ကွက်၊ ရွှေဝါထွန်း(၁)လမ်း၊ အမှတ်(၁၇၂)နေ ဦးအောင်ကျော်ဝင်း(ဒု-ညွှန်မှူး-ငြိမ်း၊ ဆ/မ)သည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ညနေ ၆:၂၂ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းမိသားစုများ**
**ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်ခင်ခင်(ခ)IVY လှဖေ
## အသက်(၉၄)နှစ်
**စက်မှုလက်မှုဘဏ်-မန်နေဂျာ(အငြိမ်းစား)**

ရန်ကုန်မြို့နေ (ဒေါက်တာဦးလှဖေ-ဒေါ်ကြူကြူ)တို့၏ သမီးကြီး၊ (ဦးမောင်မောင်-ဒေါ်ခင်ပြုံး)၊ [ဦးဝေလွင်(ခ)ဦးဆန်နီ]-ဒေါ်ခင်သန်းညွန့်၊ (ဦးမြင့်သန်း-ဒေါ်လှလှ)တို့၏ အစ်မကြီးသည် ၁၂-၅-၂၀၂၀ (အင်္ဂါနေ့) ည ၈:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ ရက် နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးအောင်သန်း (ရေနံချောင်း)
**ပါမောက္ခ၊ ဌာနမှူး(ငြိမ်း) ရူပဗေဒဌာန**
## အသက်(၇၅)နှစ်

ရေနံချောင်းမြို့၊ ညောင်လှရပ်နေ (ဦးနွဲ့-ဒေါ်သန်း)တို့၏ သား၊ (ဝဏ္ဏကျော်ထင်ဦးလှမောင်-ဒေါ်ခင်ဖူး)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်လမ်း၊ အမှတ်(၄၁၁/က)နေ ဒေါ်လှဥမ္မာ၏ချစ်လှစွာသောခင်ပွန်း၊ ဦးလှထူးအောင်-ဒေါ်နှင်းနုစိုး(ဆင်မင်းပွဲရုံ၊ ဘုရင့်နောင်)၊ ဦးသန်းထွဋ်ဇော်-ဒေါ်ခက်ခက်အောင်တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မအိမ့်မှူးခင်၏အဘိုးသည် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၄:၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်လမ်း၊ အမှတ်(၄၁၁/က)နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး**
## ဦးမြင့်ဝင်း (ပ-၃၄၁၂)
## အသက်(၇၀)
**မြို့နယ်အုပ်ချုပ်ရေးမှူး(ငြိမ်း)၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နေ (ဦးတင်မြင့်-ဒေါ်သန်းကြည်၊ ဒေါ်ကွီရင်)တို့၏ သား၊ ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ရွှေပုန်းညက်လမ်း၊ ရွှေပုန်းညက်ရိပ်မွန်၊ တိုက်(I)၊ အခန်း(၆)နေ ဒေါ်မြင့်မြင့်သိန်း(အလယ်တန်းပြ-ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါက်တာကျော်ကျော်နိုင်-ဒေါ်မေသူအောင်၊ ဒုတိယဗိုလ်မှူးကြီးအောင်ကိုလတ်-ဒေါ်အေးငြိမ်းသူ၊ ဦးအောင်ခိုင်မင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန)-ဒေါ်နန်းထိုက်လင်း တို့၏ ချစ်လှစွာသောဖခင်၊ နန်းဆုရွှေရည်မြတ်၊ မောင်သတိုးလကျာ၊ မယုယမြင့်မိုရ်တို့၏ အဘိုးသည် ၁၅-၅-၂၀၂၀ (သောကြာနေ့) နံနက် ၄:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဦးမြင့်ဝင်း (ပ-၃၄၁၂)
**မြို့နယ်အုပ်ချုပ်ရေးမှူး (ငြိမ်း)၊**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
## အသက် (၇၀)

ချစ်ခင်လေးစားရပါသော ဦးမြင့်ဝင်းသည် ၁၅-၅-၂၀၂၀ (သောကြာနေ့)တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲမိပါသည်။

**အမှတ်(၂) ဂိတ်ထိုင်အဖွဲ့သားများ**
**ရွှေပုန်းညက်လမ်း၊ ရွှေပုန်းညက်ရိပ်မွန်**

## ဝမ်းနည်းကြေကွဲခြင်း
## ကိုသန့်လွင်မောင်
## အသက် (၄၀)

သူငယ်ချင်း ဗိုလ်မှူးခင်မောင်ရီ (ငြိမ်း)-(ဒေါ်နုနုယဉ်)တို့၏သား ကိုသန့်လွင်မောင်သည် ၁၄-၅-၂၀၂၀ ရက် မွန်းလွဲ ၂:၃၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း သိစေအပ်ပါသည်။

**OTS 45**
**ကျောင်းဆင်းဖက်သူငယ်ချင်းများနှင့်**
**မိသားစုများ**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ နတ်ရေကန်(၁)လမ်း၊ မြေကွက်အမှတ် (၈၂၁)၊ မြေအကျယ်အဝန်း (၄၀'×၆၀')၊ဧရိယာ(၀.၀၅၅) ဧကရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြေယာဌာနရှိ မြို့မြေစာရင်းတွင် **ဒေါ်သူဇာမြင့် (၁၂/မရက(နိုင်) ၀၆၂၃၈၃)** အမည်ဖြင့် မှတ်သားတည်ရှိပြီး၊ အမည်ပေါက်ထံမှ အထူးကိုယ်စားလှယ်လွှဲစာရရှိထားပြီး ရောင်းချပိုင်ခွင့်ရှိသူ **ဒေါ်နီနီမွန် (၁၀/မဒန(နိုင်)၀၆၆၃၄၄)**မှ မိမိတစ်ဦးတည်းပိုင်ဆိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြု၍ ကျွန်ုပ်၏မိတ်ဆွေထံသို့ အပြီးအပိုင်လွှဲပြောင်းရောင်းချရန် စကားကမ်းလှမ်းလာရာ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ပိုင်ဆိုင်မှု အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင် သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -

**ဒေါ်ယဉ်ယဉ်ကြည် (LL.B) ၊ (စဉ်-၁၁၄၀၆)**
**တရားလွှတ်တော်ရှေ့နေ**
အမှတ် (၅၄၄/ခ) သဒ္ဒါလမ်း(၂၀) ၊ (၄) ရပ်ကွက် ၊ တောင်ဥက္ကလာပမြို့နယ် ၊ ရန်ကုန်တိုင်းဒေသကြီး။
၀၉-၄၃၁၁၄၆၅၄၊ ၀၉ ၇၉၅၆၀၁၈၆၃၊ ၀၉ ၇၉၆၃၀၈၀၂၁

## အများသိစေရန် သတိပေးကြေညာချက်

ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်နန်းနှင်းပွင့်[၁၃/လရန(နိုင်)၀၂၈၀၄၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်မှာ-

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့နယ်၊ မယ်ဇလီကုန်းကျေးရွာ၊ မြေတိုင်းအမှတ်-၉၆၃(ရွာမြေအမျိုးအစား)မြေကွက်ကြီးထဲမှ ဦးသန်းဝင်း [၁၂/မဂဒ(နိုင်)၁၂၅၅၅၄]ပိုင်ဆိုင်သော (၆.၈)ဧကအကျယ်ရှိ မြေကွက်နှင့် ဦးလှရွှေ [၁၄/အဂပ(နိုင်)၁၉၃၂၄၉]ပိုင်ဆိုင်သော (ဦးဝင်းကျော်ဦး မြေကွက်၏ အနောက်ဘက်ခြမ်းနှင့် ကပ်လျက်ရှိသော မြေကွက်)တို့အား ကျွန်ုပ်မိတ်ဆွေသည် ၂၀၁၅ ခုနှစ်ကတည်းကပင် ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် အသိသက်သေများ ရှေ့မှောက်၌ အရောင်းအဝယ်စာချုပ်ချုပ်ဆိုဝယ်ယူခဲ့ပြီး ယနေ့အချိန်ထိ ကျွန်ုပ်မိတ်ဆွေ ဒေါ်နန်းနှင်းပွင့်မှသာ စီမံခန့်ခွဲလက်ရောက်ပိုင်ဆိုင်ထားသော မြေများဖြစ်ကြပါသည်။

ထို့ကြောင့် အထက်ဖော်ပြပါ ကျွန်ုပ်မိတ်ဆွေပိုင်ဆိုင်သော ရွာမြေများနှင့် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်မိတ်ဆွေ၏ အတိအလင်း သဘောတူခွင့်ပြုချက်များမပါရှိဘဲ မည်သူတစ်ဦးတစ်ယောက်ကမျှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ တစ်နည်းနည်းဖြင့်လွှဲပြောင်းခြင်းများ လုံးဝမပြုလုပ်ကြရန်နှင့်ပြုလုပ်ပါက တည်ဆဲဥပဒေများနှင့် အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းအများသိစေရန် သတိပေးကြေညာအပ်ပါသည်။

**ဒေါ်နန်းနှင်းပွင့်၏ လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ခင်ကြည်မွန်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၀၅၂)**
**ဖုန်း-၀၉-၄၃၁၁၄၁၄၁၊ ၀၉-၄၀၀၁၀၁၄၁၄**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ဗိုလ်ချုပ်ရေနံစက်ကွင်း၊ ဦးပိုင်နံပါတ်-၁၆၊ ဧရိယာ (၉.၈၀) ဧကရှိ အစိုးရလုပ်မြေအတွင်းမှ မြေပုံတွင် (က) အမှတ်ပြနေရာ ဒသမ (၀.၀၅၅) ဧကရှိ ဦးဘိုနီ အမည်ပေါက်ဖြင့် မှတ်သားထားသော မြေကွက်အမှတ် (၂၀၁/ခ) မြေနှင့် မြေပေါ်တွင် ဆောက်လုပ်ထားသောနေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်အရ ဦးမြင့်အောင် [၁၂/သလန(နိုင်)၀၁၃၅၁၃] နှင့် ဒေါ်တင်ရီ [၁၂/သလန(နိုင်)၀၁၃၃၁၄]မှ အရှုပ်အရှင်းကင်းစွာ ဝယ်ယူပိုင်ဆိုင်လက်ရှိထား စီမံခန့်ခွဲ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံလျက်ရောင်းချလိုကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးအနက် တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းအထောက်အထားမူရင်းများနှင့်အတူ ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ တရားဝင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်မျိုးမမခင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၄၀၂၄) (၂၉-၁၂-၂၀၁၇)**
**အမှတ် (၄၄)၊ အောင်သီရိလမ်း၊ (၁၄၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။**
**Ph: 09-975643348**

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဝဏ္ဏကျော်ထင် ဦးတင်လှိုင်

B.A, B.L , B.C.S

ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)

အဖွဲ့ဝင်(ငြိမ်း) ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့

### အသက်(၉၈)နှစ်

အမှတ်(၂၃၃)၊ (၂၃)ရပ်ကွက်၊ စရည်းပင်လမ်းသွယ်၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးမောင်ကြီး-ဒေါ်ခင်ခင်)တို့၏ သား၊ (ဦးကိုကို-ဒေါ်ခင်ညွန့်)၊ (ဒေါ်ခင်သန်း)တို့၏ ညီ/မောင်၊ ဒေါ်တင်မေသိန်း၏ ခင်ပွန်း၊ ဒေါ်ဝါဝါမေတင်လှိုင်(လက်ထောက်ညွှန်ကြားရေးမှူး-ငြိမ်း၊ အမှတ်-၁၊ စက်မှုဝန်ကြီးဌာန)၊ ဒေါ်သူဇာမေတင်လှိုင်-ဦးကျော်စိုးသိန်း (ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)၊ ဒေါက်တာဥမ္မာမေတင်လှိုင်-ဦးမျိုးမြင့်ဦး (ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း)တို့၏ ချစ်လှစွာသောဖခင်ကြီး၊ မြေးသုံးယောက်တို့၏ ချစ်လှစွာသော အဘိုး သည် ၁၅-၅-၂၀၂၀ (သောကြာနေ့) ညနေ ၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## အနိစ္စ

### ဦးစံညွန့် (ပုလောမြို့)

### အသက်(၈၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁)ရပ်ကွက်၊ ဗထူးလမ်းနေ (ဦးမြလှိုင်-ဒေါ်ကြင်စီ)တို့၏ သား၊ (ဦးဘစိုး-ဒေါ်ကြင်ဟုန်)တို့၏ သားသမက်၊ ဒေါ်စန်းစန်းနွယ်၏ ခင်ပွန်းသည် ၁၅-၅-၂၀၂၀ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (တာမွေမြို့နယ်၊ ဗျိုင်းရေအိုးစင်လမ်း၊ အမှတ်(၂၇၇)နေအိမ်မှ ကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဗိုလ်မှူးအောင်ကျော်ဦး (ငြိမ်း) လေ-၁၃၀၇

လေယာဉ်မှူး (ငြိမ်း)၊ မြန်မာ့လေကြောင်း

အထွေထွေမန်နေဂျာ (ငြိမ်း)၊ ကုန်းလမ်းပို့ဆောင်ရေး

### အသက် (၈၂) နှစ်

ရေနံချောင်းမြို့နေ (ဦးဘသက်-ဒေါ်မြသင်)တို့၏သား၊ အောင်ပန်းမြို့နေ (ပွဲစားလှ-ဒေါ်မြင့်)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁) ရပ်ကွက်၊ ရာဇသင်္ကြန် (၆)လမ်း၊ အမှတ်(၂၆၈-A)နေ ဒေါ်ခင်သိန်းသိန်း၏ချစ်လှစွာသောခင်ပွန်း၊ ဒုတိယဗိုလ်မှူးကြီးအောင်မော်(ငြိမ်း)-ဒေါ်နှင်းသီတာဦး၊ ဦးခိုင်ထွန်းဦး (ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထဲရေးဝန်ကြီးဌာန)-ဒေါ်နှင်းသန္တာဦး၊ ဒေါ်နှင်းစန္ဒာဦး(Thaicom Public Company Limited)၊ ဗိုလ်မှူးကြီးသိန်းထိုက်ဦး-ဒေါ်ယဉ်ယဉ်အောင်တို့၏ ချစ်လှစွာသော ကျေးဇူးရှင်ဖခင်ကြီး၊ မသက်နှင်းဆု၊ မယဉ်မေနှင်း၊ မမေသက်နှင်း၊ မရှင်းသန့်နှင်း၊ မအေးသန့်နှင်း၊ မောင်ခန့်လင်းသူ၊ မောင်လင်းသန့်မင်း၊ မဆုယဉ်နှင်းတို့၏ချစ်လှစွာသောအဘိုးသည် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) ည ၁၀:၄၈ နာရီတွင် ဝိတိုရိယဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၉ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား စိတ်နှလုံးညှိုးနွမ်းစွာဖြင့် အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်မြကြည်

### အသက်(၈၉)နှစ်

(ဓေယျာထွန်း ပွဲရုံ-ဘုရင့်နောင်)

ပြည်ခရိုင်၊ ပန်းတောင်းမြို့နေ (ဦးမောင်ကေ-ဒေါ်ကျင်အေး)တို့၏ သမီး၊ ပြည်မြို့နေ (ဦးယုံစိန်-ဒေါ်ပွေကျွမ်း)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မင်္ဂလာလမ်း၊ အမှတ်(၂၇)နေ (ဦးကျင်လန်း)၏ ဇနီး၊ ဦးမောင်စိန်-ဒေါ်ခင်မာဝင်း(ထိုင်ဝမ်)၊ ဦးအောင်ဝင်း-ဒေါ်နုနုရီ(စင်ကာပူ)၊ ဒေါ်ခင်ခင်ရီ(ခ) ဝတုတ် (ဓေယျာထွန်းပွဲရုံ)၊ ဒေါက်တာမင်းစိန်-ဒေါ်လှလှသိန်း(ထိုင်ဝမ်)တို့၏ ချစ်လှစွာသော မိခင်၊ မြေးခုနစ်ယောက်၊ မြစ်လေးယောက်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၁၅-၅-၂၀၂၀ ရက် နံနက် ၇:၅၅ နာရီတွင် အာရှတော်ဝင်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးတရုတ်သုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၁-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်တင်ဝင်း

### အသက်(၈၈)နှစ်

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၂)ရပ်ကွက်၊ မြို့ပတ်လမ်း၊ အမှတ် (၂၉/၂၉၄)နေ (ဦးတင်ရွှေ)၏ ချစ်လှစွာသောဇနီး၊ (ဦးချစ်လွင်)-ဒေါ်ခင်သိန်းဦး၊ ဦးမျိုးလွင်-ဒေါ်ခင်စောသိန်း၊ ဒေါ်ချိုချိုလွင်၊ ဒေါ်ဘေဘီလွင်-ဒေါက်တာရွှေမြကျော်၊ ဦးလှမင်းလွင်-ဒေါ်တင်တင်ယုတို့၏ ကျေးဇူးရှင် မွေးသမိခင်ကြီး၊ မြေးကိုးယောက်၊ မြစ်သုံးယောက်တို့၏ ဘွားဘွားကြီးသည် ၁၅-၅-၂၀၂၀ (သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၁၀:၃၀ နာရီတွင် ရွှေပြည်သာကျူချောင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေအပေါင်းအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ကျိုင်းတုံအသင်း (ရန်ကုန်)

### ဒေါ်နန်းအောင်

### အသက် (၈၈) နှစ်

ကျိုင်းတုံမြို့အသင်းဝင်မှ (Best Top Myanmar Travel And Tour Company) စိုင်းယီရှဲန်-ဒေါ်နန်းဟွမ်ခမ်းဆိုင်တို့၏မိခင်ကြီးသည် ၁၃-၅-၂၀၂၀ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၅-၂၀၂၀ ရက်တွင် ကျိုင်းတုံမြို့ ရှမ်းတိုင်းရင်းသားများ သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းဝင်များအားလုံး သိရှိရန် အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ကျိုင်းတုံအသင်း (ရန်ကုန်)

---

သုဝဏ္ဏဘူမိ-သထုံအသင်း (ရန်ကုန်)

### ဦးလှသိန်း အသက် (၈၃) နှစ်

သထုံ-တောင်စွန်း (အသင်းဝင်အမှတ်-၁၅၅၆)

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ၄က်ပျောတောလမ်း၊ အမှတ်(၄၂)၊ ခြောက်လွှာ/ Bနေ ဒေါ်အမာ၏ချစ်လှစွာသော ခင်ပွန်း ဦးလှသိန်းသည် ၁၃-၅-၂၀၂၀ ရက် မွန်းလွဲ ၂:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ ရက် နံနက် ၉:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း သထုံအသင်းသူ/သားများအား အသိပေးအပ်ပါသည်။

အမှုဆောင်အဖွဲ့

သုဝဏ္ဏဘူမိ (သထုံအသင်း) ရန်ကုန်

---

### ဦးသန့်လွင်မောင်

### အသက်(၄၀)

CDC:50038

CHIEF OFFICER

MARINE FUTURE SERVICE Co.,LTD

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဒေါနလမ်း၊ အမှတ်(၁၁)နေ ဗိုလ်မှူးခင်မောင်ရီ(ငြိမ်း)-(ဒေါ်နုနုယဉ်)တို့၏ သားကြီး၊ (ဦးပြုံးချို-ဒေါ်တိုးတိုးမာ)တို့၏ သားသမက်၊ ဦးမျိုးမောင်မောင် (AYA Bank)-ဒေါ်လွင်မာလာဦး (တော်ဝင်မိသားစုကုမ္ပဏီ)နှင့် ဦးမျိုးထိုက်အောင်(ကထိက၊ ဥပဒေပညာဌာန၊ ဒဂုံတက္ကသိုလ်)၊ ဒေါ်သဥ္ဇာဦး (ဦးစီးအရာရှိပြည်ထောင်စုရှေ့နေချုပ်ရုံး)တို့၏ အစ်ကိုကြီး၊ ဒေါ်မေမြတ်သူ၏ ချစ်လှစွာသောခင်ပွန်း၊ မအိမ့်သဒ္ဒါလွင်မောင် (Grade 9 တန်းခွဲ E၊ TTC)၊ မောင်ဟန်ထက်အောင် [Grade KG တနိုင်းခွဲ (ချယ်ရီ)]တို့၏ မွေးသဖခင်သည် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) မွန်းလွဲ ၂:၃၅ နာရီတွင် နှလုံးရောဂါဖြင့်ကွယ်လွန်သွားပါသဖြင့် ၁၈-၅-၂၀၂၀ရက် နံနက် ၁၁ နာရီတွင်ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။[ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

### ဦးမြရွှေ

B.Sc (Chem, Eng), DMA I, II

Bio Chem Eng (University of New South Wales)

ထုတ်လုပ်ရေးမန်နေဂျာ (ငြိမ်း)၊ လူသုံးကုန်ပစ္စည်းစက်ရုံ

စက်ရုံမှူး (ငြိမ်း)၊ ဆပ်ပြာကုန်ကြမ်းဆီစက်ရုံ

အချိန်ပိုင်းကထိက (ငြိမ်း)၊ ကုန်ထုတ်ဓာတု

### အသက် (၈၇) နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ မကြီးကြီးလမ်း၊ အမှတ် (၇) နေ (ဦးအင်ချောင်-ဒေါ်ကြူဘင်)တို့၏သား၊ (ဦးသန်းတင်-ဒေါ်ခင်ဆွေအေး)တို့၏သားသမက်၊ ဒေါ်ခင်ဆွေလှိုင်၏ချစ်လှစွာသောခင်ပွန်း၊ ဒေါ်ခင်ဆွေကြီး၊ ဦးမျိုးမင်းတို့၏ချစ်လှစွာသောဖခင် ဦးမြရွှေသည် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) နံနက် ၉:၁၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

### ဦးမြင့်ဆွေ

### အသက်(၇၆)နှစ်

ဘူမိဗေဒအရာရှိ(ငြိမ်း)

အမှတ်(၅၄)၊ ပထမထပ်၊ သံတံတားလမ်း၊ သံတံတားရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးကျော်စိုး-ဒေါ်အေး)တို့၏ သား၊ ဒေါ်ခင်ခင်၏ ခင်ပွန်း၊ ဦးချစ်ရအောင်-ဒေါ်စောနန္ဒာဆွေ၊ ဦးဝေလင်းဦး-ဒေါက်တာခင်လဲ့လဲ့ဆွေ တို့၏ ဖခင်၊ မချစ်သက်လျှာဆွေ၊ နေခြည်လင်းထက် (သဝမ်)၊ သော်တာလင်းထက် (ဒီရမ်း)တို့၏ အဘိုး၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီးဦးမြင့်ဆွေ အသက်(၇၆)နှစ် [ဘူမိဗေဒအရာရှိ(ငြိမ်း)၊ ဘ-ဓ-ရ၊ သတ္တုတွင်းဝန်ကြီးဌာန] သည် ၁၅-၅-၂၀၂၀ ရက် နံနက် ၇:၅၀ နာရီတွင် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေသင်္ဂဟ အပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ခရစ်တော်၌ အိပ်ပျော်ခြင်း

### ဒေါ်စန်းစန်းခို (Ginny Kho)

### အသက် (၇၄) နှစ်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့နေ (ဦးဂျေမောင်ခို-ဒေါ်သန်းအေး)တို့၏ တတိယမြောက်သမီး၊ ရန်ကုန်မြို့၊ အမှတ်(၃၄-က)၊ ကမ္ဘာအေးဘုရားလမ်းနေ (ဝဏ္ဏကျော်ထင် ဦးဘအုန်း-ဒေါ်တင်အေး)တို့၏သမီးချွေးမ၊ ဦးလှမြင့်(မန်နေဂျာ-ငြိမ်း၊ မြန်မာ့သစ်လုပ်ငန်း)၏ချစ်လှစွာသောဇနီး၊ ဒေါ်ဖြူဖြူခို၊ ဒေါ်ညီညီခို၊ ဒေါ်မိမိလှိုင်၊ ဦးကျော်မြင့်ခို၊ (ဒေါ်မေခို)၊ ဒေါ်စီစီခို၊ ဒေါ်မော်မော်ခို၊ (ဦးမျိုးမြင့်ခို)၊ (ဦးမျိုးအောင်)၊ ဒေါ်ဝင်းမင်းသန်းတို့၏ညီမ/အစ်မ၊ (ဦးဘိုဘိုမြင့်)၊ ဒေါ်ခင်ကြေးမှုံမြင့်-ဦးမင်းဇော်၊ ဦးကျော်စွာမြင့်-ဒေါ်ထိုက်သူဇာ(အမေရိကန်နိုင်ငံ)၊ ဒေါ်ခင်ဝတ်မှုံမြင့်တို့၏ မွေးသမိခင်ကျေးဇူးရှင်၊ မြေး လေးယောက်တို့၏ ဘွားဘွားကြီး၊ တိုက် (၈/၄)၊ အခန်း(၀၃)၊ ရန်အေးအိမ်ရာ၊ ရန်အေးလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့နေ ဒေါ်စန်းစန်းခို(Ginny Kho)သည် ၁၅-၅-၂၀၂၀ (သောကြာနေ့) နံနက် ၆:၄၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ယင်းနေ့ ညနေ ၄ နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသင်္ဂြိုဟ်ပြီးစီးပြီဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေသင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

### T.GOMALU(ခ)ဒေါ်စန်းစန်းအေး

### အသက်(၆၅)နှစ်

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်းအောက်ဘလောက်၊ အမှတ်(၁၀၇/B)နေ (စိန်ကုန်သည် ဦးသစ်သီး)၏ ချစ်လှစွာသော ဇနီး၊ အိန္ဒိယနိုင်ငံနေ Challaya-Su Sheela, Pathanei Rao-Neela, ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်နေ ကိုမောင်မောင်လွင်(ခ)ဘာဘူလေး-ဒေါ်နန်းခင်အေးဆွေ၊ ပန်းဘဲတန်းမြို့နယ်နေ ကိုကျော်ကျော်(ခ)မော်လမြိုင်ဖတ်တီး-Priya, Surej(ခ)ကိုမင်းသစ်ဟန်တို့၏ ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏ အဘွားသည် ၁၃-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) ည ၁၁:၁၂ နာရီတွင် အိန္ဒိယနိုင်ငံ၌ ကွယ်လွန်သွားပါသဖြင့် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့)တွင် အိန္ဒိယနိုင်ငံ၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

### ဦးအောင်ကိုကိုဦး

Second Mate (CDC-22665)

(Uniteam Marine)

### အသက် (၅၁) နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ (၅) ရပ်ကွက်၊ (၃၇)လမ်း(အလယ်လမ်း)၊ အမှတ်(၁၄၆)၊ မြေညီထပ်(ယာ)နေ (ဦးကိုကိုကြီး)-ဒေါ်လှကြည်တို့၏သားကြီး၊ ရန်ကုန်မြို့နေ (ဗိုလ်မှူးချုပ်လွန်းမောင်)-ဒေါ်ရွှေသက်တို့၏ သားသမက်၊ ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်-ဒေါ်နီလာစိန်၊ ဦးမျိုးလွင်-ဒေါ်ခင်မိုးမိုးထွဋ်၊ ဦးဆန်းလွင်-ဒေါ်ခင်မာအေး၊ ဦးဥာဏ်မြင့်စိုး-ဒေါ်ဆွေမျိုးချစ်၊ ဦးဖုန်းကျော်စိုး-ဒေါ်ပပသင်းတို့၏ ညီ/မောင်၊ ဒေါ်နိုင်နိုင်ဦး-(ဦးဇော်ဝင်း)၊ ဒေါ်တိုးတိုးခိုင်-ဦးထွန်းထွန်းဦး၊ ဒေါ်မိုးမိုးလှိုင်-ဦးအောင်ကျော်ဦး(စင်ကာပူနိုင်ငံ) တို့၏ညီ/မောင်၊ ဦးအောင်ကိုကိုမျိုး၏အစ်ကိုကြီး၊ ဒေါ်ခင်သက်နွယ်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်ဝေဖြိုးထက်၊ မောင်ကျော်ဇင်ထက်တို့၏ ချစ်လှစွာသောဖခင်သည် ၁၅-၅-၂၀၂၀ (သောကြာနေ့) ၇:၃၀ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ (၉၆) ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်အား ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ညှိုးငယ်သောစိတ်ထားဖြင့် အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ပုလောမြို့နယ်အသင်း (ရန်ကုန်)

### ဦးစံညွန့် (ပုလောမြို့)

အသင်းဝင်အမှတ်(၅၉၁၁)

### အသက် (၈၅) နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ပုလောမြို့၊ (၁) ရပ်ကွက်၊ ဗထူးလမ်းနေ ဒေါ်စန်းစန်းနွယ်၏ ခင်ပွန်းသည် ၁၅-၅-၂၀၂၀ (သောကြာနေ့) နံနက် ၁၁:၄၅ နာရီတွင် ရန်ကုန်မြို့၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၅-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ အမှုဆောင်အဖွဲ့

---

ရတနာ

သစ်တော

ပြည့်သွေး

ကြော

သစ်တော

ရတနာ

ထိန်းသိမ်း

ပါ

---

### အရာခံဗိုလ် ဦးခင်ဝင်း (ငြိမ်း) က-ပ-စ(၄)

### အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ရိုးကြီးကျေးရွာနေ (ဦးမောင်သွင်-ဒေါ်သက်ရှည်)တို့၏ သား၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်းကျေးရွာနေ (ဦးအုန်းမောင်-ဒေါ်အေး)တို့၏ သားသမက်၊ (ဦးစံအေး-ဒေါ်သန်းကြည်)၊ (ဦးပွ)-ဒေါ်ဖြူ၊ ဦးသာမြ-ဒေါ်ထားကြည်၊ ဒေါ်ငွေးရွှေတို့၏မောင်၊ အမှတ်(၉၂၅)၊ သခင်ခင်ဇော်(၃)လမ်း၊ (၁)ရပ်ကွက်၊ အရှေ့ဒဂုံမြို့နယ်နေ ဒေါ်ထွေးကြည်၏ ခင်ပွန်း၊ ဦးသစ္စာ-ဒေါ်မိုးမိုးဝင်း၊ ဒေါ်စောဥမ္မာဝင်း၊ ဦးမြင့်ဇော်ဝင်းတို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးခုနစ်ယောက်တို့၏ အဘိုး ဦးခင်ဝင်းသည် ၁၄-၅-၂၀၂၀ ရက် နံနက် ၁၁:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါ၍ ဆွေမျိုးမိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ခင်စောဦး (ကုန်သွယ်လယ်ယာ-ငြိမ်း)

### အသက် (၇၅) နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဝါးခယ်မမြို့နေ (ဦးတင်ဦး-ဒေါ်လှတင့်)တို့၏ သမီးငယ်၊ ပဲခူးတိုင်းဒေသကြီး၊ အင်းတကော်မြို့နေ (ဦးမြတ်ထွန်း-ဒေါ်မြညိမ်း)တို့၏သမီးချွေးမ၊ (ဦးညိုဝင်း)-ဒေါ်ခင်ခင်ဦးတို့၏ညီမ၊ ရန်ကုန်မြို့၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ (၄၁) ရပ်ကွက်၊ စံပယ်လမ်း၊ အမှတ်(၁၃၀၆)နေ [ဦးကျော်မြိုင်(ကုန်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန-ငြိမ်း)] ၏ ဇနီး၊ ဦးအောင်ကျော်စိုး (ဆည်/ရေ)-ဒေါ်မိုးသဥ္ဇာမော်(ဆည်/ရေ)၊ ဦးစိုးရွှေ(I & H ENGINEERING Co.,Ltd)-ဒေါ်တင်တင်စိုး(Shwe FM)တို့၏မွေးသမိခင်၊ ဒေါ်မျိုးမျိုးဝင်း (သုတေသနနှင့် တီထွင်ဆန်းသစ်မှုဦးစီးဌာန)၊ ဦးကျော်စိုးဝင်း-ဒေါ်တင်နီလာလွင်တို့၏ အဒေါ်၊ မောင်နိုင်မင်းခန့် (TTC)၊ မောင်ပိုင်မင်းသန့်၊ မောင်လင်းထွဋ်ခေါင်တို့၏ အဘွားသည် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၅-၂၀၂၀ (စနေနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၅-၂၀၂၀ (ဗုဒ္ဓဟူးနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။ ] ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

### ဒေါ်ရှုကြည်

ကျောင်းအုပ်ကြီး (ငြိမ်း)၊ အထက(၇) မော်လမြိုင်

### အသက် (၇၁) နှစ်

မော်လမြိုင်မြို့၊ သီရိမြိုင်ရပ်ကွက်၊ (၁၄) လမ်း၊ အမှတ်(၂၂)နေ (ဦးကျင်လျှောင်ရွှေ-ဒေါ်အေးရီ)တို့၏သမီး၊ (ဦးစိန်အောင်)၏ဇနီး၊ ဒေါ်ဝင်းကြည်၊ (ဦးဖေကြည်)၊ (ဒေါ်မေမေသိန်း)တို့၏ညီမ၊ ဒေါ်လှလှကြည်၊ ဒေါ်တင်တင်ကြည်၊ ဦးဝင်းကိုကို၊ ဒေါ်သင့်သင့်လှိုင်၊ (ဦးသူကိုကို)၊ ဒေါ်သူသူလှိုင်တို့၏အစ်မ၊ မခိုင်မာလာအောင်၊ မောင်လင်းသိန်းထက်၊ (မောင်ဟိန်းမြတ်မင်း)၊ မဖြိုးသူဇာတို့၏မိခင်၊ မြေးလေးယောက်တို့၏ဘွားဘွား ဒေါ်ရှုကြည်သည် ၁၄-၅-၂၀၂၀ (ကြာသပတေးနေ့) ညနေ ၃:၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ်ကို ၁၅-၅-၂၀၂၀ (သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ပိန္နဲကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၈-၅-၂၀၂၀(တနင်္လာနေ့) နံနက် ၆ နာရီတွင် ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အမျိုးသားလွှတ်တော်ရုံး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အလိုအလျောက်ဆေးဖျန်းစက်များ ပေးအပ်လှူဒါန်းပွဲ တက်ရောက်



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း စိုးလျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကျော်မင်းထွန်းအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်စဉ်။

နေပြည်တော် မေ ၁၅

အမျိုးသားလွှတ်တော်ရုံးတွင် အသုံးပြုရန်အတွက် Coronavirus Disease 2019 (COVID-19) ကာကွယ်ရေးအထောက်အကူပြုပစ္စည်း Auto Disinfection Passage System ဖြင့် အလိုအလျောက် ဆေးဖျန်းပေးသည့်စက်များ ပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ ကျင်းပသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်**

အခမ်းအနားတွင် စိုးလျှပ်စစ်ဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးကျော်မင်းထွန်းက ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် Auto Disinfection Passage System ဖြင့် အလိုအလျောက် ဆေးဖျန်းပေးသည့်စက်များ ပေးအပ်လှူဒါန်းရာ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဒုတိယညွှန်ကြားရေးမှူးချုပ်များ တက်ရောက်ကြသည်။

သတင်းစဉ်

## ကြေးမုံ ယနေ့ ဖတ်စရာ

### နယ်စပ်ရေးရာဝန်ကြီးဌာနက ခေါင်လန်ဖူးမြို့နယ်အတွင်းရှိ ပြည်သူများအတွက် စားနပ်ရိက္ခာ ထောက်ပံ့ပေး

စာမျက်နှာ » ၉

### ကိုဗစ်-၁၉ ရောဂါ ကိုင်တွယ်ဖြေရှင်းရေးအတွက် ကာကွယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရန် အာဆီယံဆွေးနွေး

စာမျက်နှာ » ၁၂

### အစိုးရကိုယ်စားလှယ်များနှင့် ချင်းအမျိုးသားတပ်ဦးတို့၏ ကိုဗစ်-၁၉ ဆိုင်ရာ လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

စာမျက်နှာ » ၁၆

## စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့်ပတ်သက်၍ ဆက်လက်စစ်ဆေးမည့်ညွှန်ကြားချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန**
**စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများနှင့်ပတ်သက်၍**
**ဆက်လက်စစ်ဆေးမည့်ညွှန်ကြားချက်**
**၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၅ ရက်)**

၁။ ကမ္ဘာလုံးဆိုင်ရာကပ်ရောဂါအဖြစ် ထုတ်ပြန်ထားသောCoronavirus Disease 2019 (COVID-19)ရောဂါအား ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြန်မာတစ်နိုင်ငံလုံးရှိ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီ လိုက်နာဆောင်ရွက်ခြင်း ရှိ၊ မရှိကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းအဖွဲ့များသည် သက်ဆိုင်ရာစက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို ၂၀-၄-၂၀၂၀ ရက်နေ့မှ ၃၀-၄-၂၀၂၀ ရက်နေ့အတွင်း စစ်ဆေးမှုများ ပြုလုပ်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီမှသာ ပြန်လည်ဖွင့်လှစ်ခွင့်ပြုမည်ဖြစ်ကြောင်းနှင့် သက်ဆိုင်ရာ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများကို စစ်ဆေးမှုပြုလုပ်မည့်ကာလအား ၁၅-၅-၂၀၂၀ ရက်နေ့အထိ တိုးမြှင့်သတ်မှတ်ပါကြောင်းတို့အား အသိပေးအကြောင်းကြားခဲ့ပြီး ဖြစ်ပါသည်။

၂။ စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ သတ်မှတ်ချက်၊ အကြံပြုချက်များနှင့်အညီစစ်ဆေးခဲ့ရာ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး / ပြည်နယ်များ၏ စက်မှုဇုန်များရှိ စက်ရုံ၊ အလုပ်ရုံများအား ရာခိုင်နှုန်း ပြည့်နီးပါးစစ်ဆေးပြီးဖြစ်ကြောင်း တွေ့ရှိရပါသည်။ စစ်ဆေးရန် ကျန်ရှိသည့် အလုပ်ဌာနများအနေဖြင့်လည်း လုပ်သားလူအင်အားနည်းပါးသည့် ကိုယ်ပိုင်လုပ်ငန်းများ၊ အသေးစားတစ်ပိုင်တစ်နိုင်လုပ်ငန်းများနှင့် အိမ်တွင်းမှုလုပ်ငန်းများ ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ကျန်ရှိသည့် စက်ရုံ၊ အလုပ်ရုံ၊ အလုပ်ဌာနများအား နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အဆင့် ဖွဲ့စည်းထားသော Coronavirus Disease 2019 (COVID-19) ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ လက်အောက်ခံဌာနများမှ ဝန်ထမ်းများပါဝင်သည့် စစ်ဆေးရေးအဖွဲ့ငယ်များဖြင့် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ၁၆-၅-၂၀၂၀ ရက်နေ့မှစ၍ ဆက်လက်စစ်ဆေးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန

# ကိုရီးယား၊ အမေရိကန်၊ ဗြိတိန်၊ အီတလီ၊ ကာတာ၊ အင်ဒိုနီးရှားနှင့် ဗီယက်နမ်နိုင်ငံတို့၌ အခက်အခဲကြုံတွေ့နေရသည့် မြန်မာနိုင်ငံသားများအား မြန်မာနိုင်ငံသို့ ပြန်လည်ခေါ်ဆောင်ခဲ့



ရန်ကုန် မေ ၁၅

နိုင်ငံတကာခရီးသည်တင် လေယာဉ်များပျံသန်းမှု ယာယီရပ်ဆိုင်းထားခြင်းကြောင့် ပြည်ပနိုင်ငံအသီးသီးတွင် ပိတ်မိ၍အခက်အခဲကြုံတွေ့နေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်နိုင်ရေးအတွက် COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာမြန်မာသံရုံးများနှင့် မြန်မာနိုင်ငံရှိ သက်ဆိုင်ရာဝန်ကြီးဌာနတို့နှင့်ပူးပေါင်းညှိနှိုင်း၍ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း ကိုရီးယားသမ္မတနိုင်ငံတွင် ရောက်ရှိနေသည့် မြန်မာနိုင်ငံသား ၆၈ ဦးနှင့် အမေရိကန်ပြည်ထောင်စု၊ ဗြိတိန်နိုင်ငံ၊ အီတလီနိုင်ငံ၊ ကာတာနိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့၌ အခက်အခဲဖြစ်နေကြသည့် မြန်မာနိုင်ငံသား ၆၃ ဦး စုစုပေါင်း ၁၃၁ ဦးတို့အား အင်ချွန်းအပြည်ပြည်ဆိုင်ရာလေဆိပ်မှတစ်ဆင့်

စာမျက်နှာ ၁၈ ကော်လံ ၃ သို့ ❍


ကြေးမုံ
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

**ပြည်သူ့အတွက်**
**စတုတ္ထ(၁)နှစ်တာ အချပ်ပိုပါရှိ**

ယနေ့ထုတ် ကြေးမုံသတင်းစာတွင် ကရင်ပြည်နယ်အစိုးရအဖွဲ့၏ စတုတ္ထ(၁)နှစ်တာ ကာလအတွင်း ဆောင်ရွက်ချက်များကို အချပ်ပိုလေးမျက်နှာဖြင့် ဖော်ပြထားပါသည်။

ကြေးမုံ
အထူးကဏ္ဍ
မေ ၁၆၊ ၂၀၂၀ (စနေနေ့)
နိုင်ငံတော်အစိုးရ၏
ပြည်သူ့အတွက် စတုတ္ထ (၁) နှစ်တာ

# ကရင်ပြည်နယ်အစိုးရ၏ စတုတ္ထ (၁) နှစ်တာကာလအတွင်း ပြုပြင်ပြောင်းလဲတိုးတက်မှုများ

**ဆောင်းပါး – နန္ဒဝင်း၊ ဓာတ်ပုံ – တာရာ**

ဘားအံမြို့၏ တောင်ဘက် ၇ မိုင်ခန့်အကွာတွင် တည်ရှိသည့် ဇွဲကပင်တောင်သည် နိုင်ငံတကာခရီးသွားများ စိတ်ဝင်တစားလာရောက်လေ့လာ လည်ပတ်ရာနေရာတစ်ခုဖြစ်သည်။ ဇွဲကပင်တောင်သည် ပင်လယ်ရေမျက်နှာပြင်အထက် ၂၃၇၂ ပေမြင့်ပြီး ကရင်ပြည်နယ်၏ အမှတ်အသားတစ်ခုဖြစ်သည်။ ဇွဲကပင်တောင်သို့ တက်ရန်နှင့် ဆင်းရန်အတွက် ခလောက်နို့ကျေးရွာဝင်ပေါက်နှင့် လုမ္ဗိနီဥယျာဉ်ဝင်ပေါက်ဟူ၍ရှိပြီး လုမ္ဗိနီဥယျာဉ်ဝင်ပေါက်သည် သံလွင်တံတားနှင့် နီးသောကြောင့် ခရီးသွားအများဆုံးဝင်ရောက်လေ့ရှိသည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ်
ဒေါ်နန်းခင်ထွေးမြင့်

ဇွဲကပင်တောင်တည်ရှိရာ ကရင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ အရှေ့တောင်အရပ်တွင် တည်ရှိပြီး အရှေ့မှအနောက် မိုင် ၇၀၊ မြောက်မှတောင် ၃၂၆ မိုင် ရှည်လျားသည်။ နယ်နိမိတ်ထိစပ်မှုအနေဖြင့် မြောက်ဘက်တွင် ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်၊ အရှေ့ဘက်တွင် ထိုင်းနိုင်ငံနှင့် မိုင်ပေါင်း ၃၁၂ မိုင် ထိစပ်လျက်ရှိသည်။ တောင်ဘက်တွင် မွန်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၊ အနောက်ဘက်တွင် ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်တို့နှင့် နယ်နိမိတ်ချင်းထိစပ်လျက်ရှိသည်။

ကရင်ပြည်နယ်အတွင်း ခရိုင် ၄ ခရိုင်၊ မြို့နယ် ၇ မြို့နယ်၊ မြို့ ၁၁ မြို့၊ ရပ်ကွက်ပေါင်း ၈၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၇၆ အုပ်စု၊ ကျေးရွာပေါင်း ၂၀၉၇ ရွာနှင့် လူဦးရေ ၁၆ သိန်းကျော်ဖြင့် ဖွဲ့စည်းထားရှိပြီး ကရင်၊ မွန်၊ ဗမာ၊ ပအိုဝ်းစသည့် တိုင်းရင်းသားလူမျိုးများ မှီတင်းနေထိုင်လျက်ရှိသည်။

**စိုက်ပျိုးရေးကဏ္ဍ**

ကရင်ပြည်နယ်တွင် စပါးနှင့် ပဲ၊ ပြောင်းစသည့် သီးနှံများကို အဓိကစိုက်ပျိုးလေ့ရှိသည်။ ထို့ပြင် ပိုးချည်ထည်ထုတ်လုပ်ရန် ရည်ရွယ်၍ ဘားအံ – ကမော့ကပို(မျိုးသန့်ခြံ)တွင် ပိုးမွေးမြူရေးလုပ်ငန်းကို ၂၀၁၈ ခုနှစ် မတ်လမှ စတင်ဆောင်ရွက်ခဲ့သည်။ ထို့ပြင် ပိုးစာပင် စိုက်ပျိုးခြင်းနှင့် ပိုးမွေးမြူခြင်းလုပ်ငန်းကို ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် JICA တို့ လက်မှတ်ရေးထိုးပြီး ပိုးစာပင် စိုက်ပျိုးခြင်းလုပ်ငန်းကို စတင်ဆောင်ရွက်ခဲ့သည်။

၂၀၁၈ ခုနှစ် ဇွန်လတွင် ကရင်ပြည်နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဂျပန်နိုင်ငံရှိ နည်းပညာရှင်များ ပူးပေါင်း၍ ပိုးမွေးမြူခြင်းဆိုင်ရာ လုပ်ငန်းများကို စမ်းသပ်ကာလအဖြစ် မွေးမြူခဲ့ရာ ၂၀၁၉ ခုနှစ် ဇွန်လ ၂၅ ရက်မှစတင်၍ ပိုးဥပေါင်း ၁၀၆၀၀၀ ကို ၄ ကြိမ် မွေးမြူနိုင်ခဲ့သည်။ ပိုးအိမ်အစို ၁၄၁ ဒသမ ၅ ကီလိုနှင့် ပိုးအိမ်အခြောက် ၅၇ ဒသမ ၈၃၂ ကီလို ထွက်ရှိခဲ့ပြီး ထွက်ရှိလာသော ပိုးအိမ်အစို တစ်ကီလိုလျှင် ငွေကျပ် ၆၅၀၀ နှင့် ပိုးအိမ်အခြောက် တစ်ကီလိုလျှင် ငွေကျပ် ၁၆၂၅၀ နှုန်းဖြင့် ရောင်းချနိုင်ခဲ့သည်။

**လမ်းပန်းဆက်သွယ်ရေးကဏ္ဍ**

ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအဆောက်အအုံတစ်ခုဖြစ်သည့် လမ်းပန်းဆက်သွယ်ရေးသည် အဓိက အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်သည်။ ကရင်ပြည်နယ်သည် ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်း ဆက်စပ်လျက်ရှိပြီး အရှေ့–အနောက် စီးပွားရေးစင်္ကြံအာဆီယံလမ်းမကြီး (East–West Economic Corridor ASEAN Road)ပေါ်တွင် တည်ရှိသည်။

လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ မြို့ပြ/ကျေးလက်ဒေသမကျန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ကရင်ပြည်နယ်၏ အဓိက စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ပြည်နယ်အစိုးရအဖွဲ့က ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ မြဝတီမြို့ နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်စည်စီးဆင်းမှုပမာဏမှာ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်စည်ဖလှယ်ရေးဌာန တစ်ခုအဖြစ် ရပ်တည်လျက်ရှိသည်။

မြဝတီမြို့နယ်ရှိ သောင်ရင်းမြစ်ကိုဖြတ်၍ ဖောက်လုပ်ထားသည့် အကျယ် ၁၇ ဒသမ ၂ မီတာနှင့် အရှည်မီတာ ၇၆၀ ရှိ မြန်မာ–ထိုင်း ချစ်ကြည်ရေးတံတားအမှတ်(၂)ကို ထိုင်းဘတ်သန်း ၃၉၀၀ ဖြင့် ၂၀၁၅ ခုနှစ် ဩဂုတ်လ

အထူးကဏ္ဍ [ ခ ] သို့ »»»

“ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်မှ မြို့ပြ/ကျေးလက်ဒေသမကျန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ရာ ကရင်ပြည်နယ်၏ အဓိကစီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ကုန်သွယ်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသော လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန် ပြည်နယ်အစိုးရအဖွဲ့က ဦးစားပေးဆောင်ရွက်လျက်ရှိသည်။ မြဝတီမြို့ နယ်စပ်ကုန်သွယ်ရေးစခန်း၏ ကုန်စည်စီးဆင်းမှုပမာဏမှာ မြန်မာနိုင်ငံ၏ ဒုတိယအကြီးဆုံး ကုန်စည်ဖလှယ်ရေးဌာနတစ်ခုအဖြစ် ရပ်တည်လျက်ရှိ ”



၂၃၀/၆၆/၁၁ ကေဗွီ ၁၀၀ အမ်ဗွီအေ မြဝတီပင်မဓာတ်အားခွဲရုံကို တွေ့ရစဉ်။

»»» အထူးကဏ္ဍ [ က ] မှ



သထုံ–ဘားအံ–ကော့ကရိတ်–မြဝတီလမ်း(အာရှလမ်း)နိုင်လွန်ကတ္တရာထပ်ပိုးလွှာခင်းနေမှုကို တွေ့ရစဉ်။

၃၀ ရက်တွင် စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ်တို့က ဖွင့်လှစ်ပေးခဲ့သည်။

ထို့ပြင် အိန္ဒူ–ကော့ကရိတ်လမ်းကို အာဆီယံ၊ မဟာမဲခေါင်ဒေသခွဲ၏ စံချိန်စံညွှန်းနှင့်အညီ ယာဉ်အမျိုးမျိုးအတွက် သင့်လျော်သည့် ကတ္တရာကွန်ကရစ်လမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းကို စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနနှင့် ADB တို့မှ ချေးငွေစာချုပ်ချုပ်ဆိုပြီး ဆောက်လုပ်ရေးဝန်ကြီးဌာန လမ်းဦးစီးဌာနမှ တာဝန်ယူ၍ အရှည် ၆၆ ဒသမ ၄ ကီလိုမီတာ၊ အကျယ် ၁၀ မီတာကို ၂၀၁၇ ခုနှစ် ဇွန်လ ၂၉ ရက်မှစတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့သည်။

ကတ္တရာကွန်ကရစ်အခြေခံလွှာလောင်းခြင်းလုပ်ငန်းများ၊ လမ်းထိန်းသိမ်းရေးလုပ်ငန်းများ၊ Road Safety လုပ်ငန်းများကိုသာ ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ကျန်ရှိသည့် ၂၉ ဒသမ ၈၂ ကီလိုမီတာ ကတ္တရာကွန်ကရစ်အခြေခံလွှာခင်းခြင်းလုပ်ငန်း၊ တံတား ၁၀ စင်းနှင့် ရေပြွန် ၃၈ စင်း တည်ဆောက်ခြင်းလုပ်ငန်းတို့ကို ၂၀၂၁ ခုနှစ် မေလအတွင်း ပြီးစီးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဟု ပြည်နယ်ဝန်ကြီးချုပ်ထံမှ သိရသည်။

ထို့ပြင် ဂျိုင်း(ကော့ကရိတ်) တံတားသစ်တည်ဆောက်ခြင်းလုပ်ငန်းကို JICA (ODA) Loan ဂျပန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီချေးငွေဖြင့် ဂျပန်ယန်းသန်း ၄၇၀၀ ကျော်နှင့် မြန်မာငွေကျပ်သန်း ၂၆၀၀၀ ကျော် တန်ဖိုးရှိ ယာဉ်တစ်စီးချင်းခွင့်ပြုတန် ၆၀ ခံနိုင်ဝန်ဆံ့ လှိုင်းတွန့်ပုံစံရှိသော သံမဏိကွန်ရက်ပြားများဖြင့် တည်ဆောက်ထားသော (၃)ခန်းတွဲ ကြိုးတင်အားဖြည့်သံကူကွန်ကရစ် ကြိုးဆိုင်းတံတားကို ၂၀၁၉ ခုနှစ် မေလ ၃ ရက်မှ စတင်ဆောင်ရွက်နိုင်ခဲ့ရာ ၁၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

လေးနှစ်တာကာလအတွင်း ဇာသပြင်–အိန္ဒူလမ်း၊ မုဒုံ–မြဝတီ (မဲသရော–လှိုင်ကွယ်အပိုင်း)လမ်း၊ ကြာအင်းဆိပ်ကြီး–တဂေး–ခုတ်ခွား–ကျိုက်ဒုံလမ်း၊ ကြာအင်းဆိပ်ကြီး–ချောင်းဆုံ(ဘုရားသုံးဆူ)လမ်း၊ တံတားအနေဖြင့် မုဒုံ – မြဝတီလမ်းပေါ်ရှိ လှိုင်ကွယ်ချောင်းကူးတံတား၊ သံဖြူဇရပ်–ဘုရားသုံးဆူလမ်းပေါ်ရှိ ဇမိချောင်းတံတား၊ အနန်းကွင်းတံတား၊ ဆင်ပြေးချောင်းတံတား၊ မက္ကသာချောင်းတံတားနှင့် ဖာပွန် – ကမမောင်း–ဝါးဘိုးတောလမ်းပေါ်ရှိ ချောင်းညီနောင်တံတားတို့ကို ဆောင်ရွက်နိုင်ခဲ့သည်။

**မွေးမြူရေးကဏ္ဍ**

ကရင်ပြည်နယ်သည် နိုင်ငံတော်မှ ချမှတ်လျက်ရှိသည့် မူဝါဒများကို အခြေခံ၍ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိရာ မွေးမြူရေးကဏ္ဍတွင် နိုင်ငံတော်အနေဖြင့် မွေးမြူသူများ ထိုက်သင့်သည့် အကျိုးအမြတ်ရရှိစေရန် ရည်ရွယ်ပြီး ကျွဲ/နွားများကို ပြည်ပနိုင်ငံများသို့ တရားဝင်တင်ပို့ရောင်းချနိုင်ရန်အတွက် ၂၀၁၇ ခုနှစ် အောက်တိုဘာလ ၉ ရက်တွင် ခွင့်ပြုပေးခဲ့သည်။

ထို့အတူ တစ်နိုင်ငံမှတစ်နိုင်ငံသို့ တိရစ္ဆာန်များကုန်သွယ်မှုပြုရာတွင် နိုင်ငံတကာစံနှုန်းများနှင့်အညီ လိုအပ်သည့် စစ်ဆေးမှုများကို ပြုလုပ်ပြီး ထိန်းသိမ်းစောင့်ကြည့်ခြင်းဖြင့် နယ်စပ်ဖြတ်ကျော် တိရစ္ဆာန်ကူးစက်ရောဂါများကို ထိန်းချုပ်ရန်ရည်ရွယ်၍ ကော့ကရိတ်မြို့ တိရစ္ဆာန်ရောဂါထိန်းချုပ်စောင့်ကြည့်ရေးစခန်းကို တည်ဆောက်ခဲ့သည်။

အဆိုပါစခန်းကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ဘတ်ဂျက်ရန်ပုံငွေကျပ် ၅၅၄ ဒသမ ၇၁၆ သန်းဖြင့် တည်ဆောက်ခဲ့ပြီး တိရစ္ဆာန်ကူးစက်ရောဂါ ကာကွယ်ဆေးထိုးခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်း၊ စစ်ဆေးပြီးကြောင်း ထောက်ခံချက်လက်မှတ်ထုတ်ပေးခြင်းနှင့် Animal Quarantine Certificate ထုတ်ပေးခြင်းလုပ်ငန်းများကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။ စခန်းတည်ဆောက်ရေး လုပ်ငန်းများပြီးစီးပါက ကုန်သွယ်ဖက်နိုင်ငံနှင့် တရားဝင်ကုန်သွယ်မှုဖြစ်စေရန်အတွက် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့(OIE)မှ ချမှတ်ထားသော လုပ်ထုံးလုပ်နည်းများနှင့်အညီ ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်သည်။

**ဆည်မြောင်းကဏ္ဍ**

ကရင်ပြည်နယ်သည် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အဓိကထားဆောင်ရွက်နေရသည့် ပြည်နယ်ဖြစ်သည့်အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ပတ်သက်သည့် စိုက်ပျိုးမြေဖော်ထုတ်ခြင်း၊ စိုက်ပျိုးရေနှင့် သောက်သုံးရေများ လုံလောက်စွာပေးဝေခြင်း၊ ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးခြင်း၊ ရေတံခါးပြုပြင် တည်ဆောက်ခြင်း၊ လျှိုပိတ်ဆည်များနှင့် တိမ်ကောနေသော အင်းများ ပြန်လည်တူးဖော်ခြင်းလုပ်ငန်းများကို ကရင်ပြည်နယ်အစိုးရအဖွဲ့က ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနှင့် ဇီဝမျိုးကွဲများ ထိန်းသိမ်းစောင့်ရှောက်ရေးကို အကျိုးဖြစ်ထွန်းနိုင်စေရန်၊ ဒေသခံပြည်သူများ၏ စားဝတ်နေရေး ဖွံ့ဖြိုးတိုးတက်လာစေပြီး လူမှုစီးပွားဘဝ မြှင့်တင်လာနိုင်စေရန်ရည်မှန်း၍ ဆည်မြောင်းတည်ဆောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၄)နှစ်တာကာလအတွင်း လုပ်ငန်း ၄၀၆ ခုတွင် အကျိုးပြုဧက ၇၈၄၂၅ ဧကကို ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးကဏ္ဍ**

ကရင်ပြည်နယ်အတွင်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း တိုးတက်ရေးအတွက် အမျိုးသားဓာတ်အားစနစ်၊ ဆိုလာစနစ်နှင့် ဒီဇယ်စနစ်တို့ဖြင့် ဆောင်ရွက်လျက်ရှိရာ ယခုအခါ လျှပ်စစ်ဓာတ်အားသုံးစွဲမှုတိုးတက်မြင့်မားလာသည်နှင့်အမျှ ကျေးရွာပေါင်း ၂၀၉၇ ရွာတွင် (၄)နှစ်တာကာလအတွင်း ကျေးရွာပေါင်း ၁၀၇၁ ရွာနှင့် အိမ်ထောင်စု ၃၀၈၀၄၁ စုကို ဖြန့်ဖြူးပေးနိုင်ခဲ့သဖြင့် ၅၁ ဒသမ ၀၇ ရာခိုင်နှုန်း တိုးချဲ့ဓာတ်အားပေးနိုင်ခဲ့သည်။ ပြည်နယ်အတွင်း ဗို့အားပြည့်မီစွာဖြင့် ဖြန့်ဖြူးနိုင်ရေးအတွက် (၆၆/၁၁)ကေဗွီ ဓာတ်အားလိုင်း ၁၀၇ ဒသမ ၁၈၇ မိုင်၊ (၃၃/၁၁)ကေဗွီ ၁၃၉ ဒသမ ၆ မိုင်၊ (၁၁)ကေဗွီ ၅၈၂ ဒသမ ၁၂၉ မိုင်နှင့် ၀ ဒသမ ၄ ကေဗွီ ၇၄၀ ဒသမ ၂၈ မိုင် တို့ကို ဖြန့်ဖြူးပေးနိုင်ခဲ့သည်။



ဖာပွန်–ကမမောင်း–ဝါးဘိုးတောလမ်းပေါ်ရှိ အရှည်ပေ ၃၀၀ ရှိသည့် ချောင်းညီနောင်တံတားအား တွေ့ရစဉ်။

ထို့ပြင် ကရင်ပြည်နယ် မြဝတီခရိုင်နှင့် ကော့ကရိတ်ခရိုင်တို့ကို ဓာတ်အားစနစ်ဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၂၃၀ ကေဗွီ မော်လမြိုင် – မြဝတီဓာတ်အားလိုင်းနှင့် မြဝတီ(သဃ်န်းညီနောင်)ဓာတ်အားခွဲရုံကို ၂၀၁၉ ခုနှစ် မတ်လ ၁၉ ရက်တွင် စတင်ဓာတ်အား လက်ခံရရှိခဲ့ပြီး ကော့ကရိတ်မြို့တွင် ၆၆ ကေဗွီ ဓာတ်အားလိုင်း ၁၇ ဒသမ ၅ မိုင်နှင့် ၆၆/ ၁၁ ကေဗွီအေ ၁၀ အမ်ဗွီအေ ကော့ကရိတ်ဓာတ်အားခွဲရုံမှ ကော့ကရိတ်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ မြဝတီ(သဃ်န်းညီနောင်) – မြဝတီ ၆၆ ကေဗွီ ဓာတ်အားလိုင်း ၈ ဒသမ ၇၉၇ မိုင် နှင့် ၆၆/ ၁၁ ကေဗွီအေ / ၁၀ အမ်ဗွီအေ မြဝတီဓာတ်အားခွဲရုံမှ မြဝတီမြို့ပေါ်ရပ်ကွက်အချို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ကော့ကရိတ်–ကြာအင်းဆိပ်ကြီး ၆၆ ကေဗွီ ဓာတ်အားလိုင်း ၄၁ ဒသမ ၄၈ မိုင်နှင့် ၆၆/ ၁၁ ကေဗွီအေ/ ၁၀ အမ်ဗွီအေ ကြာအင်းဆိပ်ကြီး ဓာတ်အားခွဲရုံမှ ကြာအင်းဆိပ်ကြီးမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ထို့အတူ ကရင်ပြည်နယ် ဘားအံမြို့နယ် အိန္ဒူကျေးရွာအနီးတွင် သထုံ–မော်လမြိုင် ၂၃၀ ကေဗွီ ဓာတ်အားလိုင်းမှ ၈ ဒသမ ၄၁ မိုင်နှင့် ၂၃၀/၆၆/၁၁ ကေဗွီ (၂ x ၅၀) အမ်ဗွီအေ ဆဒ္ဒန်(ဘားအံ)ပင်မဓာတ်အားခွဲရုံကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ရန်ပုံငွေဖြင့် Control Building နှင့် ခွဲရုံအဝင်လမ်းများကို ၂၀၁၉ ခုနှစ် ဩဂုတ်လမှစတင်၍ တည်ဆောက်လျက်ရှိသည်။ ကျန်ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံကို ၂၀၂၀ – ၂၀၂၁ ဘဏ္ဍာနှစ် ပြည်ထောင်စုအစိုးရရန်ပုံငွေဖြင့် အပြီးတည်ဆောက်သွားမည်ဖြစ်သည်။

ကရင်ပြည်နယ် ပိုင်ကျုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် လှိုင်းဘွဲ့(ချမ်းသာ)–ပိုင်ကျုံ ၃၃ ကေဗွီဓာတ်အားလိုင်း ၁၉ မိုင်နှင့် ၃၃ ကေဗွီ Outgoing Switch (2)Set၊ Incoming Switch Bay (1)Set နှင့် ပိုင်ကျုံတွင် ၃၃/၁၁ ကေဗွီ/ ၅ အမ်ဗွီအေ ဓာတ်အားခွဲရုံတစ်ရုံကို ၂၀၁၉–၂၀၂၀

အထူးကဏ္ဍ [ ဂ ] သို့ »»»

»»» အထူးကဏ္ဍ [ ခ ] မှ

ဘဏ္ဍာနှစ် JICA – II အစီအစဉ်ဖြင့် ဓာတ်အားလိုင်းဆွဲခြင်းလုပ်ငန်းများ စတင်ဆောင်ရွက်လျက် ရှိသည့်အပြင် ကရင်ပြည်နယ် မဲလန်ကျေးရွာနှင့် ပတ်ဝန်းကျင်ဒေသကို ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် ၃၃ ကေဗွီ ဓာတ်အားလိုင်း ၇ ဒသမ ၅ မိုင်နှင့် ၃၃/၁၁ ကေဗွီ/ ၅ အမ်ဗွီအေ မဲလန်ဓာတ်အားခွဲရုံကို ၂၀၁၉–၂၀၂၀ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ဓာတ်အားလိုင်းနှင့် ဓာတ်အား ခွဲရုံတို့ကို စတင်တည်ဆောက်လျက်ရှိသည်။

ဘောဂလိဓာတ်အားခွဲရုံကို တည်ဆောက်ခဲ့ပြီး ဘောဂလိမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဘားအံ(စက်မှုဇုန်)–လှိုင်းဘွဲ့ (ချမ်းသာ) ၆၆ ကေဗွီဓာတ်အားလိုင်း ၁၃ ဒသမ ၆၄ မိုင်နှင့် လှိုင်းဘွဲ့(ချမ်းသာ) ၆၆/၃၃/၁၁ ကေဗွီ၊ (၁၀+၁၀) အမ်ဗွီအေဓာတ်အားခွဲရုံကို လှိုင်းဘွဲ့မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာ၊ ပိုင်ကျုံမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ လှိုင်းဘွဲ့(ချမ်းသာ)–မြိုင်ကြီးငူ ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၅ ဒသမ ၂၄ မိုင်နှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ မြိုင်ကြီးငူဓာတ်အားခွဲရုံ တည်ဆောက်ခဲ့ပြီး မြိုင်ကြီးငူနှင့် ပတ်ဝန်းကျင်ကျေးရွာများကို ဓာတ်အားစတင် ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

လှိုင်းဘွဲ့(ချမ်းသာ)–ကမ်းနီ ၃၃ ကေဗွီ ဓာတ်အားလိုင်းကို ၁ ဒသမ ၂၅ မိုင်နှင့် ၃၃/၁၁ ကေဗွီ/၅အမ်ဗွီအေ ကမ်းနီဓာတ်အားခွဲရုံ တည်ဆောက်ခဲ့ပြီး လှိုင်းဘွဲ့မြို့နယ် ကမ်းနီကျေးရွာ အပါအဝင် ပတ်ဝန်းကျင်ကျေးရွာများ၊ လှိုင်းဘွဲ့ (ကမ်းနီ)–ကမမောင်း ၃၃ ကေဗွီ ဓာတ်အားလိုင်း ၁၆ မိုင်၊ သံလွင်မြစ်ကျော် တာဝါတိုင်လေးတိုင်နှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ ကမမောင်းဓာတ်အားခွဲရုံတို့ကို တည်ဆောက်ခဲ့ပြီး ကမမောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ လိပ်သို ၃၃ ကေဗွီ ဓာတ်အားလိုင်း ၂၄ ဒသမ ၀၅ မိုင်နှင့် ၃၃/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေ လိပ်သိုဓာတ်အားခွဲရုံတို့ကို တည်ဆောက်ခဲ့ပြီး လိပ်သိုမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများကို ဓာတ်အားစတင်ဖြန့်ဖြူးပေးနိုင်ခဲ့သည်။

ထို့ပြင် ကရင်ပြည်နယ်အတွင်း ပုဂ္ဂလိက အစီအစဉ်ဖြင့် ကြာအင်းဆိပ်ကြီးမြို့နယ် အနန်းကွင်းကျေးရွာ၌ ဆိုလာ (၂၈၀ ကေဗွီအေ) နှင့် ဒီဇယ် (၄၀၀ ကေဗွီအေ) Hybrid ဓာတ်အားပေးစနစ်ဖြင့် မီးအသုံးပြုသူ ၁၅၀ ခန့်၊ တံခွန်တိုင်ကျေးရွာ အပါအဝင် ကျေးရွာပေါင်း ၁၇ ရွာတွင် နေထိုင်သော မီးအသုံးပြုသူ ၂၅၀၀ ကို ၇၅၀ ကေဗွီအေ၊ Diesel Generator လေးလုံးဖြင့် ဓာတ်အားဖြန့်ဖြူးပေးထားလျက်ရှိသည်။

**မြို့ပြသာယာလှပရေးလုပ်ငန်းများ**

ကရင်ပြည်နယ်အတွင်း မြို့ပြသာယာလှပရေးလုပ်ငန်းများအနေဖြင့် လေးနှစ်တာကာလအတွင်း ဒေသခံပြည်သူများ အပန်းဖြေနိုင်စေရန် ရည်ရွယ်၍ ဘားအံမြို့ ကမ်းနားလမ်း ညစျေးတည်ဆောက်ခြင်းလုပ်ငန်းများနှင့် မြို့ပြအင်္ဂါရပ်နှင့်အညီ ဖြစ်စေရေးအတွက် လှိုင်းဘွဲ့မြို့နယ်ရှိ အောင်ဆန်းခန်းမ၊ ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ဇမိခန်းမနှင့် သံတောင်ကြီးမြို့နယ်ရှိ ပသိခန်းမတို့ကို အကြီးစားပြုပြင်တည်ဆောက်ပေးနိုင်ခဲ့သည်။

**လူထုဗဟိုပြုလုပ်ငန်းများ ဆောင်ရွက်**

ကရင်ပြည်နယ်သည် (၄)နှစ်တာကာလအတွင်း လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တိုးတက်ပြောင်းလဲလာသည်နှင့်အမျှ ပြည်သူတို့၏ အကျိုးစီးပွား ဖွံ့ဖြိုးတိုးတက်လာမှုအပေါ် သက်ရောက်မှုရှိသည့် လူထုဗဟိုပြုစီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့နယ်ရှိ ကျေးရွာ ၅၀ တွင် စီမံကိန်းထောက်ပံ့ငွေကျပ် ၁၀၁၅၉ သန်းဖြင့် လမ်း/တံတားလုပ်ငန်း ၄၂၂ ခု၊ ရေရရှိရေးလုပ်ငန်း ၁၇၁ ခု၊ စာသင်ကျောင်း တိုးချဲ့/ပြင်ဆင်ခြင်းလုပ်ငန်း ၂၂၆ ခု၊ မီးလင်းရေးလုပ်ငန်း ၁၃ ခု၊ ကျန်းမာရေးအဆောက်အအုံလုပ်ငန်း ငါးခု၊ ကျေးရွာအစည်းအဝေးခန်းမ ၃၂ ခုနှင့် အခြားလုပ်ငန်း သုံးခုကို ပြည်နယ်အစိုးရအဖွဲ့က အကောင်အထည်ဖော်တည်ဆောက်ခဲ့သည်။



ဘားအံမြို့နယ် နောင်လုံ–နတ်ကျွန်းမြောင်းမကြီး ဆဒ္ဒန်ဂူအနီး မြောင်းကူးတံတားနှင့် ရေထိန်းတံခါးတည်ဆောက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို တွေ့ရစဉ်။

ထို့အတူ လှိုင်းဘွဲ့မြို့နယ်ရှိ ကျေးရွာ ၇၁ ရွာတွင် စီမံကိန်းထောက်ပံ့ငွေကျပ်သန်း ၇၃၇၀ ဖြင့် လမ်း/တံတားလုပ်ငန်း ၂၈၃ ခု၊ ရေရရှိရေးလုပ်ငန်း ၂၉ ခု၊ စာသင်ကျောင်း တိုးချဲ့/ပြင်ဆင်ခြင်းလုပ်ငန်း ၉၀၊ မီးလင်းရေးလုပ်ငန်း ၂၉ ခု၊ ကျန်းမာရေးအဆောက်အအုံလုပ်ငန်း ၃ ခု၊ ကျေးရွာအစည်းအဝေးခန်းမ ၁၀ ခုနှင့် အခြားလုပ်ငန်း ခြောက်ခု၊ ကော့ကရိတ်မြို့နယ်ရှိ ကျေးရွာ ၅၃ ရွာတွင် စီမံကိန်းထောက်ပံ့ငွေကျပ် ၅၈၀၁ သန်းဖြင့် လမ်း/တံတားလုပ်ငန်း ၂၈၆ ခု၊ ရေရှိရေးလုပ်ငန်း ငါးခု၊ စာသင်ကျောင်းတိုးချဲ့/ပြင်ဆင်ခြင်းလုပ်ငန်း ၅၈ ခု၊ မီးလင်းရေးလုပ်ငန်း သုံးခုနှင့် ကျေးရွာအစည်းအဝေးခန်းမ ၁၁ ခုကို အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့သည်။

**အိမ်ရာတည်ဆောက်ရေးလုပ်ငန်းများ**

ကရင်ပြည်နယ်အတွင်း တာဝန်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများ သင့်လျော်ကောင်းမွန်သော အိမ်ရာများတွင် နေထိုင်နိုင်ရေးအတွက် မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေး ဦးစီးဌာနမှ ဝန်ထမ်းအိမ်ရာ စီမံကိန်းများကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိရာ (၄) နှစ်တာကာလအတွင်း ဝန်ထမ်းအိမ်ရာ ၇၁ လုံးတွင် အခန်းပေါင်း ၄၃၂ ခန်း၊ အငှားအိမ်ရာ ၇၆ လုံးတွင် အခန်းပေါင်း ၁၄၂ ခန်းနှင့် အငြိမ်းစားဝန်ထမ်းအရောင်းအိမ်ရာ သုံးလုံးတွင် အခန်းပေါင်း ၄၈ ခန်းတို့ကိုအကောင်အထည်ဖော် ဆောင်ရွက်ပေးနိုင်ခဲ့သည်။

**စက်မှုဇုန်ဆောင်ရွက်မှု**

ကရင်ပြည်နယ်အတွင်း ဒေသခံတိုင်းရင်းသားများနှင့် တစ်ဖက်နိုင်ငံမှ ပြန်လည်ဝင်ရောက်လာသူများ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေချောမွေ့ရေးအတွက် ဘားအံစက်မှုဇုန်အတွင်း ပြည်တွင်း/ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများ ဖိတ်ခေါ်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ တရုတ်နိုင်ငံမှ လာရောက်ရင်းနှီးမြှုပ်နှံသည့် Fllu Tex Co.,Ltd တွင် ဝန်ထမ်း ၂၁၇၇ ဦးကို ခန့်ထားပြီး ၎င်းကုမ္ပဏီမှ ထွက်ရှိသည့် အထည်များကို ဟောင်ကောင်၊ တရုတ်၊ စပိန်နှင့် ဥရောပနိုင်ငံများသို့ တင်ပို့လျက်ရှိရာ ၂၀၁၉ ခုနှစ်အတွင်း ဝင်ငွေအမေရိကန်ဒေါ်လာ ၁၅၀၈၇၇၀ ဒသမ ၉၉ ရရှိခဲ့သည်။

ထို့ပြင် ပြည်တွင်း၌ အသုံးပြုနိုင်ရန်အတွက် SKK ကာလာအမိုးပြားထုတ်လုပ်မှုစက်ရုံမှ ၂၀၁၉ ခုနှစ်အတွင်း ဝင်ငွေကျပ် ၂ သန်းကျော်နှင့် Kyaw 3 ကော်ပစ္စည်းမျိုးစုံ ထုတ်လုပ်ရေး လုပ်ငန်းမှ ၂၀၁၉ ခုနှစ်အတွင်း ဝင်ငွေကျပ် ၃၂၇ သန်း ရရှိခဲ့သည်။

**ငြိမ်းချမ်းရေးအဖွဲ့အစည်းများသို့ ထောက်ပံ့**

ကရင်ပြည်နယ်အတွင်းရှိ ငြိမ်းချမ်းရေးရယူထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များဖြစ်သည့် KNU, DKBA, KNU/KNLA (PC) အဖွဲ့များကို ငြိမ်းချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အကူပြုစေရန်၊ ငြိမ်းချမ်းရေးအရ ပြန်လည်ဝင်ရောက်လာသော မိသားစုများကို ထောက်ပံ့ပေးနိုင်ရန်နှင့် တပ်ဖွဲ့ဝင်မိသားစုများ ဝင်ငွေပိုမိုတိုးတက်စေရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရန်နှင့် ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးအတွက် တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်အတွက် ရည်ရွယ်ပြီး ငြိမ်းချမ်းရေးအဖွဲ့အစည်းများ၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကရင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် မွေးမြူရေးနှင့် ကုသရေး ဦးစီး ဌာနမှ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ငြိမ်းချမ်းရေးအဖွဲ့ ၁၉ ဖွဲ့ကို နွား ၇၀၇ ကောင်၊ ဆိတ် ၂၃၉၁ ကောင်၊ ဝက် ၁၅၃၄ ကောင်၊ ဘဲအကောင် ၃၀၀ ၊ ကျွဲ ၁၁၅ ကောင်၊ ဒေသကြက် ၁၀၈၆၀ ကောင်နှင့် ဥ/အသားစားကြက်ကောင်ရေ ၂ သောင်းတို့အတွက် ငွေကျပ် ၁၉၇၂၆ သိန်းတို့ကို ထောက်ပံ့ပေးနိုင်ခဲ့သည်။

ထို့အပြင် စိုက်ပျိုးရေးလုပ်ငန်းများဖြင့် တစ်နိုင်တစ်ပိုင် အသက်မွေးဝမ်းကျောင်း ဆောင်ရွက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့အနေဖြင့် ၂၀၁၉ ခုနှစ်အတွင်း ဝဥ၊ ဖာလာ၊ ကော်ဖီ၊ နဂါးမောက်၊ ကျွဲကော၊ နနွင်း၊ မိုးစပါး၊ အစေ့ထုတ်ပြောင်း၊ ကြက်မောက်၊ ပိန်းဥနှင့် ပဲတီစိမ်း စသည့် စိုက်ပျိုးသီးနှံများအတွက် ထောက်ပံ့ငွေကျပ်သိန်း ၆၆၀ ကို ထောက်ပံ့ပေးခဲ့သည်။

၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ မြဝတီမြို့နယ် ထီးဝါးပလောကျေးရွာရှိ မွေးမြူရေးစခန်းနှင့် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့ ထိခိုင်ကျေးရွာတို့ကို စပါး၊ အစေ့ထုတ်ပြောင်းနှင့် ပဲတီစိမ်း ဧက ၅၀ စီနှင့် ကျွဲကော သုံးဧကအတွက် ထောက်ပံ့ငွေကျပ် ၂၇၀ ဒသမ ၈၂၅၉ သိန်းစီ၊ ကော့ကရိတ်မြို့နယ် ထို့ကော်ကိုး နော်တယာမြိုင်ဒေသရှိ စပါးဧက ၁၀၀၊ ကျွဲကော ၁၀ ဧက၊ ရော်ဘာ ၂ ဒသမ ၅ ဧကနှင့် ပိုးစာပင် ၇ ဒသမ ၅ ဧကအတွက် ငွေကျပ် ၁၅၅ ဒသမ ၀၇၈၂ သိန်း အသီးသီး ထောက်ပံ့ပေးနိုင်ခဲ့သည်။

**ခရီးသွားလုပ်ငန်းကဏ္ဍ**

ကရင်ပြည်နယ်သည် သဘာဝတောတောင်အလှအပများ၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံများ ပေါကြွယ်ဝပြီး ခရီးသွားဧည့်သည်များအတွက် လေ့လာကြည့်ရှုအပန်းဖြေစရာ နေရာများဖြင့် ပြည့်စုံသော ဒေသတစ်ခုဖြစ်သည့်အလျောက် ပြည်တွင်း/ပြည်ပ ခရီးသွားဧည့်သည်များ တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားစွာ လာရောက်လည်ပတ်လျက်ရှိသည်။

ခရီးသွားလုပ်ငန်းများ ပိုမိုတိုးတက်လာသည့်အတွက် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းများ၊ စီးပွားရေးလုပ်ငန်းများနှင့် တစ်နိုင်တစ်ပိုင်လုပ်ငန်းများ ပိုမိုတိုးတက်မြင့်မားလာကာ ပြည်နယ်၏ အသက်မွေးဝမ်းကျောင်းကဏ္ဍတွင် အဓိကကျသော လုပ်ငန်းတစ်ခုအဖြစ် ခိုင်မာစွာရပ်တည်လျက်ရှိသည်။

**ဟိုတယ်နှင့် ခရီးသွားလုပ်ငန်း**

ကရင်ပြည်နယ်တွင် ၂၀၁၆ ခုနှစ်၌ လိုင်စင်ရဟိုတယ် ၁၆ လုံးရှိခဲ့ရာမှ ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် လိုင်စင်ရဟိုတယ် ၄၃ လုံးဖြင့် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။ ခရီးသွားလုပ်ငန်းတွင် ၂၀၁၆ ခုနှစ်၌ ပြည်တွင်းခရီးသွား ၇၇၅၉၄၆ ဦးနှင့် ပြည်ပခရီးသွားဧည့်သည် ၁၅၉၇၄၉ ဦး လာရောက်လည်ပတ်ခဲ့ပြီး ၂၀၁၉ ခုနှစ်အထိ ပြည်တွင်းခရီးသွား ၁၀၃၉၄၂၆ ဦးနှင့် ပြည်ပခရီးသွား ၂၆၅၆၅၈ ဦး လာရောက်လည်ပတ်ခဲ့သဖြင့် ကရင်ပြည်နယ်၏ ဟိုတယ်လုပ်ငန်းကဏ္ဍတွင် ၁၆၉ ရာခိုင်နှုန်း၊ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ပြည်တွင်းခရီးသွား ၃၄ ရာခိုင်နှုန်းနှင့် ပြည်ပခရီးသွား ၆၆ ရာခိုင်နှုန်းအထိ တိုးတက်လာခဲ့သည်။

တိုးတက်လာသော ခရီးသွားလုပ်ငန်းကဏ္ဍနှင့်အညီ ဝန်ဆောင်မှုကောင်းများကို ပံ့ပိုးနိုင်ရန်ရည်ရွယ်၍ ဟိုတယ်ဝန်ဆောင်မှု၊




ဘားအံတက္ကသိုလ် ဘွဲ့နှင်းသဘင် တည်ဆောက်ခြင်းလုပ်ငန်းအား ၂၂–၂–၂၀၂၀ ရက်နေ့က တွေ့ရစဉ်။

အထူးကဏ္ဍ [ ဃ ] သို့ »»»

»»» အထူးကဏ္ဍ [ ၈ ] မှ

ဒေသဆိုင်ရာဧည့်လမ်းညွှန်အခြေခံ၊ အင်္ဂလိပ်စာအခြေခံနှင့် Guest List Information Management System အစရှိသည့် သင်တန်းများကို ဖွင့်လှစ်သင်ကြားခဲ့ရာ ၂၀၁၆ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ သင်တန်း (၂၃)ကြိမ်နှင့် သင်တန်းသား ၂၀၀၀ ကျော်ကို သင်ကြားပို့ချပေးနိုင်ခဲ့သည်။

အလားတူ လူထုအခြေပြုခရီးသွားလုပ်ငန်း(CBT)တစ်ခုကို သံတောင်ကြီးမြို့၌ ၂၀၁၅ ခုနှစ်မှစတင်၍ လုပ်ကိုင်ဆောင်ရွက်လျက်ရှိပြီး ဘားအံမြို့အနီးရှိ မွန်စရီးကျေးရွာကို (CBT)အဖြစ်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးကို တင်ပြထားကြောင်း သိရသည်။

ကရင်ပြည်နယ်တွင် ခရီးသွားလာရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ အပန်းဖြေစေ နိုင်ရန်နှင့် မြို့၏ သဘာဝရှုခင်းများ ကြည့်ရှုခံစားနိုင်ရန်ရည်ရွယ်၍ မိုးပျံပူဖောင်းစီးခရီးစဉ်ကို ၂၀၁၉ ခုနှစ်အတွင်း စမ်းသပ်ပျံသန်းခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ပွင့်လင်းရာသီမှစတင်ကာ ပျံသန်းသွားမည်ဖြစ်သည်။

**ပညာရေးကဏ္ဍ**

ကရင်ပြည်နယ်အတွင်း ကဏ္ဍအလိုက် ဖွံ့ဖြိုးတိုးတက်လာမှုနှင့်အညီ ပညာရေးကဏ္ဍတွင် ဖွံ့ဖြိုးတိုးတက်မှသာလျှင် ပြည်နယ်အတွင်း ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဟု ဆိုနိုင်မည်ဖြစ်သည်။ ထို့ကြောင့် တက္ကသိုလ်၊ ကောလိပ်များ၌ လုံလောက်သော စာသင်ဆောင်များ၊ သင်ကြားမှုအထောက်အကူပြုအဆောက်အအုံများ၊ ပုံမှန် မဟုတ်သည့် စာသင်ချိန်များရှိလာစေရန် ရည်ရွယ်၍ ပြည်နယ်အစိုးရအနေဖြင့် ဘားအံတက္ကသိုလ်တွင် လူဦးရေ ၁၂၀၀ ဆံ့ ဘွဲ့နှင်းသဘင်ခန်းမကို ၂၀၁၈ ခုနှစ်မှ စတင်တည်ဆောက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလအထိ ၈၀ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်သည်။

ထို့ပြင် ဘားအံကွန်ပျူတာတက္ကသိုလ်တွင် ဆရာ/ဆရာမများနှင့် ကျောင်းသား ကျောင်းသူများနေထိုင်နိုင်ရန်အတွက် လေးခန်းတွဲ လေးထပ်ဆောင် အရာထမ်းအိမ်ရာ၊ လေးခန်းတွဲ လေးထပ်ဆောင် အမှုထမ်းအိမ်ရာနှင့် ကျောင်းသူကျောင်းသား ၁၀၀ ဆံ့ အိပ်ဆောင် အဆောက်အအုံ၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (ဘားအံ)တွင် RC နှစ်ထပ်စာသင်ဆောင်၊ (၁၅၂ x ၃၄)ပေ Student Dormitory R.C.C. Building ၊ (၁၉၂ x ၃၈) ပေရှိ RC သုံးထပ်စာသင်ဆောင်၊ (၁၀၀ x ၄၀)ပေရှိ သံကူကွန်ကရစ် လေးထပ်ကျောင်းသား ကျောင်းသူအဆောင်နှင့်(၁၂၀ x ၄၀)ပေရှိ သံကူကွန်ကရစ် ခြောက်ခန်းတွဲ ဆရာ ဆရာမအဆောင်၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (သံတောင်ကြီး)တွင် (၁၉၂ x ၃၈) ပေရှိ RC သုံးထပ်စာသင်ဆောင်၊ (၁၅၀ x ၇၅)ပေရှိ Steel Structure တစ်ထပ်ဆောင် အလုပ်ရုံ နှစ်ဆောင်နှင့် (၇၈x၉၄)ပေရှိ သံကူကွန်ကရစ် လေးခန်းတွဲ လေးထပ် ဆရာ ဆရာမအဆောင်၊ အစိုးရစက်မှု လက်မှုသိပ္ပံ (ဘားအံ)တွင် (၁၉၂ x ၃၈) ပေရှိ RC သုံးထပ်စာသင်ဆောင်၊ (၁၂၅ x ၈၂)ပေရှိ Steel Structure တစ်ထပ်ဆောင် အလုပ်ရုံနှင့် (၇၈x ၉၄)ပေရှိသံကူကွန်ကရစ် လေးခန်းတွဲ လေးထပ် ဆရာ ဆရာမအဆောင်တို့ကို ဆောက်လုပ်ပေးလျက်ရှိသည်။



ပြည်တွင်း ပြည်ပ ခရီးသွားဧည့်သည်များအား ဆွဲဆောင်လျက်ရှိသည့် ဘားအံမြို့မှ သမိုင်းဝင် ကျောက်ကလပ်စေတီတော်။
ဓာတ်ပုံ-ဇေယျာ(မိုင်ရာ)

**အခြေခံပညာကဏ္ဍ**

အခြေခံပညာကဏ္ဍတွင် ကျောင်းဆောင်များ ဥပမိရပ်ကောင်းမွန်ရေးအတွက် အသစ်တည်ဆောက်ခြင်းနှင့် ကျောင်းသားဦးရေအရ တိုးချဲ့ကျောင်းဆောင်သစ်များ ဆောက်လုပ်နိုင်ရေးအတွက် ငွေလုံးငွေရင်းခေါင်းစဉ်ဖြင့် ကျောင်းပေါင်း ၅၆၃ ကျောင်းအတွက် ခွင့်ပြုငွေကျပ် ၃၄၂၇၀ ဒသမ ၀၃၂၈ သန်း၊ သာမန်ခေါင်းစဉ်အောက်မှ ကျောင်းပေါင်း ၅၁၆ ကျောင်းအတွက် ခွင့်ပြုငွေကျပ် ၄၃၄၀ ဒသမ ၅၀၂၉သန်း၊ စာရေးခုံပြည့် စုံစေရေး ဖြည့်ဆည်းခြင်းအတွက် ခွင့်ပြုငွေကျပ် ၁၄၄၁ ဒသမ ၆၃ သန်း၊ သင်ကြားရေးအထောက်အကူပြုအတွက် ကွန်ပျူတာ ၄၁၄ လုံးကို ခွင့်ပြုငွေကျပ် ၄၄၂ ဒသမ ၉၈ သန်း၊ ကျောင်းစာကြည့်တိုက် အသုံးပြုမှုဖွံ့ဖြိုးစေရေးအတွက် ဗီရို ၅၆၃ လုံးနှင့် Book Trolley ၁၁၉၉ လုံးအတွက် ခွင့်ပြုငွေကျပ် ၂၈၆ ဒသမ ၄၅၅ သန်း ခွင့်ပြုခဲ့သည်။

**ကျန်းမာရေးကဏ္ဍ**

ကျန်းမာရေးကဏ္ဍအနေဖြင့် ကုသရေးဦးစီးဌာန၌ ခုတင် ၂၀၀ ဆံ့ ဆေးရုံတစ်ရုံ၊ ခုတင် (၁၀၀) ဆံ့ ဆေးရုံ သုံးရုံ၊ ခုတင် ၅၀ ဆံ့ ဆေးရုံ နှစ်ရုံ၊ ၂၅ ခုတင်ဆံ့ဆေးရုံ ခုနစ်ရုံနှင့် ၁၆ ခုတင်ဆံ့ ဆေးရုံ ၂၄ ရုံတို့တွင် အထူးကုဆရာဝန်ကြီး ၁၆ ဦး၊ အထူးကုဆရာဝန် ၁၈ ဦးနှင့် ဆရာဝန် ၁၈၇ ဦးတို့ဖြင့် ပြည်သူများ၏ ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ကရင်ပြည်နယ် ကုသရေးဦးစီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ် (၄)နှစ်တာကာလအတွင်း အရာထမ်း ၃၇၄ ဦး တိုးမြှင့်ခန့်ထားနိုင်ခဲ့သည့်အပြင် ကျန်းမာရေးအညွှန်းကိန်းများ နှစ်စဉ်တိုးတက်များပြားလာခဲ့သည်။ ပြည်နယ် ကုသရေးဦးစီးဌာနအနေဖြင့် (၄)နှစ်တာကာလအတွင်း ဘတ်ဂျက်ငွေကျပ်သန်းပေါင်း ၁၄၆၅၈ ဒသမ ၄၇ သန်းအထိ ခွဲဝေသုံးစွဲခွင့် ရရှိခဲ့သဖြင့် ၎င်းဘတ်ဂျက်ငွေများမှ ဆေးနှင့်ဆေးပစ္စည်း ဝယ်ယူရန်အတွက် ငွေကျပ်သန်းပေါင်း ၂၉၇၆ သန်း ဝယ်ယူသုံးစွဲခဲ့သည်။

(၄)နှစ်တာကာလအတွင်း ကုသရေးဆိုင်ရာ အဆောက်အအုံ တိုးတက်မှုအနေဖြင့် မြဝတီခရိုင်တွင် ပြည်သူ့ဆေးရုံ လေးထပ်ဆောင်တစ်ဆောင်နှင့် ကျောက်ကပ်ရောဂါကုသရေးအတွက် ကျောက်ကပ်ဆေးကြောသန့်စင်စက် သုံးလုံးကို ဘားအံပြည်သူ့ဆေးရုံကြီးတွင် တပ်ဆင်ပြီးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် စံကိုက်တိုက်နယ်ဆေးရုံ သုံးရုံ၊ တိုးချဲ့လူနာ နှစ်ထပ်ဆောင် နှစ်ဆောင်၊ ဝန်ထမ်းအိမ်ရာများအဖြစ် ရှစ်ခန်းတွဲလေးထပ်တစ်ဆောင်၊ လေးခန်းတွဲ သုံးထပ်တစ်ဆောင်၊ သူနာပြုနေအိမ်လေးခန်းတွဲ တစ်ထပ် ခုနစ်လုံးနှင့် ဆရာဝန်အိမ်ရာ ခြောက်လုံးတို့ကို အသစ်ဆောက်လုပ်ပေးနိုင်ခဲ့သည့်အပြင် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် စံကိုက်တိုက်နယ်ဆေးရုံတစ်ရုံနှင့် ဝန်ထမ်းအိမ်ရာ ၁၁ ခုတို့ကို ဆက်လက်ဆောက်လုပ်နေသည်။

ကရင်ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ ဒေသန္တရကျန်းမာရေးဌာန တစ်ခု၊ မိခင်နှင့် ကလေးကျန်းမာရေးဌာန ခုနစ်ခု၊ ကျောင်းကျန်းမာရေးဌာန တစ်ခု၊ ကျေးလက်ကျန်းမာရေးဌာန ၆၄ ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ ၂၇၃ ခုတို့တွင် အရာထမ်း ၄၁ ဦးနှင့် အမှုထမ်း ၉၈၇ ဦး စုစုပေါင်း ၁၀၂၈ ဦးတို့ဖြင့် ကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး ကျန်းမာရေးဝန်ထမ်းများကို နှစ်စဉ်တိုးချဲ့ခန့်ထားလျက်ရှိရာ ၂၀၁၆ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ (၄)နှစ်တာကာလအတွင်း ကျန်းမာရေးဝန်ထမ်း ၆၅၅ ဦး တိုးချဲ့ခန့်ထားနိုင်ခဲ့သည်။

ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနအနေဖြင့် (၄)နှစ်တာကာလအတွင်း ကျန်းမာရေးဘတ်ဂျက်ငွေကျပ်သန်းပေါင်း ၆၇၃၂ ဒသမ၇၄၅ သန်းဖြင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန လေးထပ်ဝန်ထမ်းအိမ်ရာ တစ်လုံး၊ ဘားအံ၊ ကော့ကရိတ်နှင့် မြဝတီမြို့နယ်များတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး သုံးခု၊ ဘားအံ၊ လှိုင်းဘွဲ၊ ကြာအင်းဆိပ်ကြီးနှင့် မြဝတီမြို့နယ်များတွင် မိခင်နှင့် ကလေးကျန်းမာရေးဌာန လေးခု၊ ဘားအံမြို့နယ်တွင် ဇာသပြင် တိုက်နယ်ကျန်းမာရေးဌာန၊ လှိုင်းဘွဲမြို့နယ်တွင် ရွှေဂွန်းတိုက်နယ် ကျန်းမာရေးဌာန၊ ဖာပွန်မြို့နယ်တွင် ကမမောင်းတိုက်နယ်ကျန်းမာရေးဌာနတို့တွင် အဆောက်အဦ ၆၆ လုံး ဆောက်လုပ်ပေးနိုင်ခဲ့သည့်အပြင် မြို့နယ် ၇ မြို့နယ်အတွင်း ကျေးလက်ကျန်းမာရေးဌာန (၁၂)ခုနှင့် ကျေးလက်ကျန်းမာရေးဌာနခွဲ(၄၃)ခု၊ ပြည်နယ်အစိုးရအဖွဲ့ ဘတ်ဂျက်ဖြင့် သံတောင်ကြီးနှင့် ဖာပွန် မြို့နယ်တို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ နှစ်ခုစီ စုစုပေါင်းအဆောက်အဦ လေးလုံးအတွက် ငွေကျပ်သန်းပေါင်း ၂၄၀ ဖြင့် ဆောက်လုပ်ပေးနိုင်ခဲ့သည်။

(၄)နှစ်တာကာလအတွင်း ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေကျပ်သန်းပေါင်း ၁၀၇၂ ဒသမ ၁၇၇ သန်းဖြင့် ပြည်သူ့ကျန်းမာရေးဌာနအောက်ရှိ အဆောက်အအုံ၃၅၅ လုံးကို ပြင်ဆင်ထိန်းသိမ်းပေးနိုင်ခဲ့ပြီး ဆေးနှင့် ဆက်စပ်ပစ္စည်းများကို ရန်ပုံငွေကျပ်သန်းပေါင်း ၂၃၆၅ ဒသမ ၃၀၃ သန်းဖြင့် ဝယ်ယူနိုင်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင်ဆောင်ရွက်ဆဲ ကျန်းမာရေးအဆောက်အအုံတစ်ခုနှင့် ကျန်းမာရေးအဆောက်အအုံအသစ် ၂၂ ခုအတွက် ငွေကျပ်သန်းပေါင်း ၁၇၆၀ ဒသမ ၁ သန်းဖြင့် လုပ်ငန်းများ ဆောင်ရွက်နေသည်။

ထို့ပြင် ကရင်ပြည်နယ်အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ အရည်အသွေးပြည့်ဝ၍ ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်၊ ဆေးဝါး၊ အလှကုန်၊ လူသုံးကုန်နှင့် ဆေးပစ္စည်းကိရိယာများကို ပြည်သူများရရှိသုံးစွဲနိုင်ရေးအတွက် သက်ဆိုင်ရာဌာနမှ ပြဋ္ဌာန်းထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်နှင့် ညွှန်ကြားချက်၊ လုပ်ထုံးလုပ်နည်းများ၊ နိုင်ငံတကာစံနှုန်းများနှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အတွက် မြဝတီမြို့နယ်တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး နိုင်ငံတကာအဆင့်မီ ဓာတ်ခွဲခန်းနှင့် ဝန်ထမ်းအိမ်ရာတို့ကို တည်ဆောက်ခဲ့သည်။

ကရင်ပြည်နယ်အစိုးရအနေဖြင့် (၄) နှစ်တာကာလအတွင်း ပြည်သူများအတွက် အချိန်တိုအတွင်း ထိရောက်သည့်လုပ်ငန်းများကို ဖော်ဆောင်ပေးခဲ့သည့်အပြင် ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများကို ချမှတ်အကောင်အထည်ဖော်လျက်ရှိရာ မကြာမီကာလအတွင်း ဒေသခံတိုင်းရင်းသားပြည်သူများ၏ မျှော်လင့်ချက်များကို ဖော်ဆောင်ပေးနိုင်တော့မည်ဖြစ်ကြောင်း ရေးသားတင်ပြလိုက်ပါသည်။



ဘားအံမြို့ ကမ်းနားလမ်း ညဈေးတန်းအား တွေ့ရစဉ်။



Kyaw 3 ကော်ပစ္စည်းမျိုးစုံ ထုတ်လုပ်ရေးလုပ်ငန်း အဆောက်အအုံကို တွေ့ရစဉ်။

# သာစွဉာနေ၊ ကယားမြေမှ ဌာနေတိုင်းရင်းသား ဂေခို(ကဲ့ခို)သွေးချင်းများ

**မောင်မောင်ကျော့(ပလက်ဝ)**



ကယန်း(ကဒွေ့)လူမျိုးစု ရိုးရာဝတ်စုံ

**ကယားတိုင်းရင်းသားအားလုံး လိုလိုပင် အာရှတိုက်အလယ်ပိုင်း မွန်ဂိုကုန်းမြေမြင့်မှ တောင်တန်းများနှင့် တာရင့်မြစ်ဝှမ်းတွင်နေထိုင်ရာမှ တောင်ဘက်သို့ တရွေ့ရွေ့ဆင်းသက်လာသူများ ဖြစ်သည်။ သူတို့သည် မွန်ဂိုလွိုက်အနွယ် (Mongoloid stock)မှ ဆင်းသက်လာသော အသားဝါလူမျိုးများဖြစ်သည်။ ကယားမျိုးနွယ်စုထဲတွင် ကယန်းတိုင်းရင်းသားလည်း ပါဝင်ပေသည်။ ကယန်းလေးမျိုးရှိလေရာ ဂေခိုတို့မှာ ကယန်းအုပ်စုဝင်တစ်မျိုးဖြစ်သည့် ကယန်းကဒွေ့ပင်ဖြစ်သည်ဟု ဆို၏။**

ကယားပြည်နယ်သည် မြန်မာနိုင်ငံအရှေ့တောင်ပိုင်းတွင်တည်ရှိသည်။ ပြည်နယ်နှင့် တိုင်းဒေသကြီးထဲတွင် ဧရိယာအငယ်ဆုံးဖြစ်သည်။ ၄၅၂၉ ဒသမ ၅၆ စတုရန်းမိုင်သာ ကျယ်ဝန်းသည်။ ကယား၊ ကယော(ဗရဲ)၊ ယင်းတလဲ၊ ဂေဘား၊ မနုမနော(ကော်ယော်)၊ ကယန်း(ပဒေါင်)၊ ဂေခို(ကဲ့ခို)၊ ယင်းဘော်၊ ဇယိမ်း စသည့် ကယားအနွယ်ဝင်တို့နှင့် ပအိုဝ်း၊ ရှမ်း၊ ပကူးကရင်၊ ဗမာ၊ အင်းသား၊ လီဆူးတို့ အတူယှဉ်တွဲနေထိုင်ကြသည်။ ကယားပြည်နယ်ကို လွိုင်ကော်ခရိုင်၊ ဘောလခဲခရိုင်နှစ်ခုဖြင့် ဖွဲ့စည်းထားသည်။ လွိုင်ကော်ခရိုင်တွင် လွိုင်ကော်မြို့နယ်၊ ဒီးမော့ဆိုမြို့နယ်၊ ဖရူဆိုမြို့နယ်နှင့် မယ်နယ်ခုံမြို့၊ လွိုင်လင်လေးမြို့တို့ ပါဝင်သည်။ ဘောလခဲခရိုင်တွင် ဘောလခဲမြို့နယ်၊ ဖားဆောင်းမြို့နယ်၊ မယ်စဲ့မြို့နယ်နှင့် ရွာသစ်မြို့တို့ပါဝင်ကြသည်။ ဂေခိုတို့မှာ လွိုင်ကော်မြို့နယ်နှင့် ဒီးမော့ဆိုမြို့နယ်တို့တွင် နေထိုင်ကြသည်။

**ဂေခို(ကဲ့ခို)လူမျိုး**

ဂေခို(ကဲ့ခို)တို့ကို အချို့က ကေခို၊ ဂဲခိုဟူ၍အသံပြောင်း အမျိုးမျိုးခေါ်ကြသည်။ သူတို့နှစ်သက်သောအမည်မှာ ဂေခို(ကဲ့ခို)ဖြစ်သည်။ ဂေခို(ကဲ့ခို)စကားပြောဆိုကြသည်။ သီးခြားစာပေမရှိ။ ရောမအက္ခရာဖြင့် တီထွင်ထားသော ဂေဘားစာပေကိုသာ အသုံးပြုကြသည်။ အချို့က ဂေခို(ကဲ့ခို)နှင့် ဂေဘားကို လူမျိုးတစ်မျိုးတည်းဟု ထင်မှတ်ကြသည်။ ဂေခို(ကဲ့ခို)တို့မှာ ကယန်းလေးမျိုးတွင် ပါဝင်သည့် ကယန်းနွယ်ဝင်မှ သီးခြားအမည်ဖြင့် ပွားစီးလာသော လူမျိုးတစ်မျိုးဖြစ်သည်။ တိုင်းရင်းသားလူမျိုး ၁၃၅ မျိုးတွင် ကယားအစုဝင် လူမျိုးတစ်မျိုးအဖြစ် ဖော်ပြရပ်တည်လာသော လူမျိုးလည်းဖြစ်သည်။ ကယန်းတို့သည် တောင်ပေါ်တွင်သာနေထိုင်မှု သဘာဝရှိကြသူတို့အား ကယန်းကဒွေ့ဟု ခေါ်သည်။ ကယန်းကဒွေ့မှသည် နေထိုင်ရာဒေသအစွဲပြု၍ ဂေခို(ကဲ့ခို)လူမျိုးဟု ပွားစီးခဲ့ခြင်းဖြစ်သည်။ ယခုအခါ သူတို့ကိုယ်သူတို့ ဂေခို(ကဲ့ခို)ဟုသာ သုံးနှုန်းကြသည်။ အချို့က ကယန်းဂေခိုဟုလည်းခေါ်ကြသည်။ ၁၉၆၅ ခုနှစ် (၁၈)ကြိမ်မြောက် ပြည်ထောင်စုနေ့တွင် တိုင်းကြီးကြပ်ရေးကော်မတီ တိုင်းခွဲ(၉)မှ တင်ပြသောစာရင်းတွင် ဂေခိုတိုင်းရင်းသား ၃၀၀ ခန့်သာရှိသည်ဟု ဖော်ပြထားသည်။ ယခုအခါ ကယားပြည်နယ်တွင် ဂေခိုတိုင်းရင်းသား ၁၀၀၀၀ ကျော်ခန့်ရှိနေပေပြီ။

**ဆင်းသက်ပေါက်ဖွားဂေခိုတိုင်းရင်းသား**

ကယားတိုင်းရင်းသားအားလုံးလိုလိုပင် အာရှတိုက်အလယ်ပိုင်းမွန်ဂိုကုန်းမြေမြင့်မှ တောင်တန်းများနှင့် တာရင့်မြစ်ဝှမ်းတွင်နေထိုင်ရာမှ တောင်ဘက်သို့ တရွေ့ရွေ့ဆင်းသက်လာသူများဖြစ်သည်။ သူတို့သည် မွန်ဂိုလွိုက်အနွယ် (Mongoloid stock)မှဆင်းသက်လာသော အသားဝါလူမျိုးများဖြစ်သည်။ ကယားမျိုးနွယ်စုထဲတွင် ကယန်းတိုင်းရင်းသားလည်း ပါဝင်ပေသည်။ ကယန်းလေးမျိုးရှိလေရာ ဂေခိုတို့မှာ ကယန်းအုပ်စုဝင်တစ်မျိုးဖြစ်သည့် ကယန်းကဒွေ့ပင်ဖြစ်သည်ဟု ဆို၏။

ကယန်းတို့မူလအမည်မှာ(ကန်ယန်)ဖြစ်သည်။ "ကန်"မှာ ပိုင်နက်နယ်မြေ၊ "ယန်"မှာ စွဲစွဲမြဲမြဲနေထိုင်ခြင်းဟု အဓိပ္ပာယ်မည်၏။ အတည်တကျရှိခြင်းဟုလည်း အဓိပ္ပာယ်ရ၏။ သို့အတွက် ကန်ယန်ဟူသည် နယ်မြေဒေသတစ်ခုအတွင်း အတည်တကျနေသူဟုလည်း ဆိုလိုပေသည်။ ဦးစွာ"ကန်ယန်"ဟု ကြာမြင့်စွာ ခေါ်ဝေါ်ခဲ့ကြပြီး နောင်တွင်ကန်ယန်ဖြစ်ခဲ့ကြောင်း တိုင်းရင်းသားသုတေသီ ဦးမင်းနိုင်က ရေးသားခဲ့ဖူးပါသည်။ ကယန်းလေးမျိုးမှာ (၁)လည်ပင်းနှင့် ခြေထောက်တွင် ကြေးခွေများဝတ်ဆင်ထားသည့် ကယန်းပဒေါင်(ခေါ်) ကယန်းများ၊ (၂)တောင်ပေါ်တွင်သာအနေများသော ဂေခို(ခေါ်)ကယန်းကဒွေ့များ၊ (၃)လည်ပင်း၌ ငွေပြားများချိတ်ဆွဲဝတ်ဆင်လေ့ရှိသည့် ယင်းဘော်(ခေါ်)ကယန်းကငန်များ၊ (၄)ကျောက်တုံးကျောက်ဆောင်များအကြား အိမ်ငယ်လေးများ ဆောက်လုပ်နေထိုင်တတ်သည့် ဇယိမ်း(ခေါ်)ကယန်းလဲထများ ဖြစ်ကြသည်။

ကယန်းတို့၏ မူလအစနေရာမှာ အာရှမိုင်းနား (မောအိုက်ရှဒေသ) ဖြစ်သည်ဟု သုတေသီတို့၏ အဆိုအမိန့်များရှိသည်။ အာရှမိုင်းနားမှတစ်ဆင့် မွန်ဂိုလီးယား၊ ထိုမှတစ်ဆင့် သံလွင်မြစ်ကြောင်းအတိုင်းဆင်းလာပြီး မြန်မာပြည်အတွင်းသို့ ဝင်ရောက်လာသူများဖြစ်သည်ဟု ရေးသားထားသည်။ ဂေခိုတို့မှာလည်း ကယန်းနွယ်ဝင်များဟုဆိုထားလေရာ ကယန်းတို့နှင့်အတူ မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခဲ့ကြသူများပင်ဖြစ်ပေသည်။

**ဂေခိုတို့၏အုပ်ချုပ်ရေးစနစ်**

ဂေခိုတို့၏အုပ်ချုပ်ရေးစနစ်မှာ စောဖျာ(Sao Pya) ခေါ် နယ်စားပယ်စားအကြီးအကဲများအုပ်ချုပ်သော စနစ်ဖြစ်သည်။ မြန်မာသက္ကရာဇ် ၆၈၄ ခုနှစ်မတိုင်မီက တောင်စား တောင်ပိုင်များက အုပ်ချုပ်ခဲ့သည်။ ကချင်တို့ဘွမ်ဒူဝါ(ခေါ်) တောင်ပိုင်ကြီးများအုပ်ချုပ်မှုနှင့်တူသည်။ စစ်ကိုင်းမင်းလက်ထက်က "စဝ်စာကျော်"ဆိုသူသည် တောင်စား တောင်ပိုင်ရာထူးကိုရဖူးကြောင်း ဂေခိုဘိုးဘွားများ လက်ဆင့်ကမ်း ပြောကြားခဲ့ကြသည်။

စဝ်စာကျော်၏သားမှာ "သန်းဖားအေလော" ဖြစ်၍ မြေးနှင့် မြစ်တို့မှာ (စလိုဖားအေတာနှင့် တာလာဖာလီတို)တို့ဖြစ်ကြသည်။ စဝ်စာကျော်၏ (၃၆)ဆက်မြောက်အကြီးအကဲမှာ "လတက်"ဆိုသူဖြစ်သည်။ ၎င်းသည် မြန်မာဘုရင်ကုန်းဘောင်မင်း၌ တောင်ပိုင်စားတောင်ပိုင်ဘွဲ့ကိုရခဲ့သည်။ ၄၆ ဆက်မြောက်တွင်သိုင်းကာလ(ခေါ်)မောင်ကျော်အား အင်္ဂလိပ်တို့က လက်ထောက်မြို့ပိုင်ကဲ့သို့ ရာထူးမျိုးပေးပြီး လုံခြုံရေးအတွက် ဂတ်တဲဌာနတစ်ခုကိုပါ ဖွင့်ခဲ့ဖူးကြောင်း၊ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာ ဓလေ့ထုံးစံများ(ကယား) စာအုပ်စာမျက်နှာ ၁၇၁ တွင် ဖော်ပြထားသည်။ ထိုမောင်ကျော်၏သားမှာ "ညီလိုးရား" ဖြစ်သည်။ ညီလိုးရားခေတ်တွင် တောင်ပိုင်ဟုမခေါ်တော့ဘဲ "စော်ကဲ"ဟုခေါ်လာကြသည်။ ထိုစော်ဖျာစနစ်သည် ညီလိုးရား လက်ထက်မှာပင် ကုန်ဆုံးသွားခဲ့သည်။ ထိုအချိန်မှစ၍ စောဖျာစဝ်စာကျော်၏ တောင်စားတောင်ပိုင်စနစ်ပျက်သုဉ်းသွားတော့သည်။ ထိုစနစ်ပျက်သုဉ်းသည့်အခါ အင်္ဂလိပ်တို့က ရပ်ရွာအကြီးအကဲတင်မြှောက်အုပ်ချုပ်စေခဲ့သည်။

**စာပေ၊ ဘာသာစကား**

ဂေခိုတို့၏ဆက်သွယ်ရေးကိရိယာသည် ဂေခိုဘာသာစကားပင်ဖြစ်သည်။ လူမျိုးတစ်မျိုးတွင် မိမိတို့ဘာသာစကားကို အခြေခံ၍ မိမိတို့စာပေကို တီထွင်ဖန်တီးကာ စာပေဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြသည်။ ဂေခိုတို့တွင် ကိုယ်ပိုင်စာပေမရှိသေးချေ။ ဂေခိုဘာသာစကားကိုပြောဆိုကြ၍ ဂေဘားစာပေကို အသုံးပြုကြသည်။ ဂေခိုရွာတိုင်းလိုလို ဂေခိုစကားကို ရှေးမူမပျက်ပြောဆိုနေကြသေးသော်လည်း စာပေရိုးရာယဉ်ကျေးမှုဓလေ့ထုံးစံကိုကား အားနည်းခဲ့သည်။ နောင်တွင် ရိုးရာဘာသာစကားပင် ပျောက်ကွယ်နိုင်သည်။ ထို့ကြောင့် ဂေခိုတို့သည် မိမိတို့ရိုးရာဘာသာစကားကို အခြေခံ၍ ကိုယ်ပိုင်စာပေ၊ ကိုယ်ပိုင်ရိုးရာယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရပါမည်။

ယခုအခါ နိုင်ငံတော်အနေဖြင့် တိုင်းရင်းသားအားလုံး၏ စာပေနှင့်ယဉ်ကျေးမှုများ ခေတ်မီဖွံ့ဖြိုးစေရန်နှင့် နေ့ထူးနေ့မြတ်များ ကျင်းပခြင်းကို လွတ်လပ်စွာ တီထွင်ကြံဆဖော်ထုတ်နိုင်ရန် တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးဌာနတစ်ခုဖွဲ့စည်းပြီး တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှစ်ခုဖြင့် လုပ်ငန်းစဉ်များကိုဆောင်ရွက်နိုင်ရန် ပြည်နယ်နှင့် တိုင်းဦးစီးဌာနတို့ကိုပါ ဖွဲ့စည်းထားရှိပါသည်။ ဤသို့သော အချိန်အခါမျိုးတွင် ဂေခိုတိုင်းရင်းသားတို့အနေဖြင့်လည်း ဒေသတွင်းအတူနေ ဂေဘားတိုင်းရင်းသားတို့ကဲ့သို့ မိမိတို့၏ စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့ဖွဲ့စည်း၍ မိမိတို့စာပေယဉ်ကျေးမှုအခန်းကဏ္ဍကို မိမိတို့ပြည်နယ်အတွင်းရှိ စာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနတို့နှင့် ချိတ်ဆက်၍ ယခုထက်ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ကြရပေမည်။

**လူမှုစီးပွားဘဝ**

ဂေခိုတို့သည် အခြားကယားဌာနေတိုင်းရင်းသားများကဲ့သို့ တောင်ယာလုပ်ငန်း၊ လယ်ယာလုပ်ငန်းများ လုပ်ကိုင်ကြသည်။ လှေကားထစ်စိုက်ပျိုးရေးစနစ်လည်း အသုံးပြုကြသည်။ စပါး၊ ဂျုံ၊ ပြောင်း၊ နှမ်း၊ ဝါများစိုက်ကြသည်။ တောင်ယာမလုပ်မီ ကြက်တစ်ကောင်ကို လည်လှီးသတ်ဖြတ်ပြီး သွေးကိုယူကာ ယာခင်းအလယ်တွင် ပက်ဖျန်းလေ့ရှိသည်။ တောင်ယာခုတ်မည့်နေ့ရက်ကို သိနိုင်ရန် ကြက်ရိုးထိုးဗေဒင်ကိုကြည့်ကြသည်။ ဗေဒင်အရ တောင်ယာခုတ်ခြင်း၊ တောင်ယာမီးရှို့ခြင်း၊ စိုက်ပျိုးခြင်းများပြုလုပ်တတ်ကြသည်။ ဥယျာဉ်ခြံမြေများတွင် ကွမ်းသီး၊ ကော်ဖီ၊ လက်ဖက်၊ လိမ္မော်၊ သစ်တော်၊ တညင်းများလည်း စိုက်ကြသည်။

တောင်ယာလုပ်ငန်းအားလပ်ချိန်တွင် ငါးရှာ၊ ဖားရှာကြသည်။ ငါးများကို ပိုက်ကွန်၊ မြှုံးတို့ဖြင့် ဖမ်းလေ့မရှိ။ ဟုန်းနွယ်ပင်များရှာဖွေထုထောင်းကာ ရေထဲပစ်ချကြသည်။ ဟုန်းအဆိပ်ရည်ကြောင့် ငါးများမူးမေ့နေချိန်တွင် ဇံ(ခေါ်)ယက်သဲ့များ၊ ငါးမျှားတံများ၊ နှစ်ခွမိုန်းများဖြင့် ဖမ်းယူကြသည်။ ဂေခိုအမျိုးသားတိုင်း အမဲလိုက်ရန် ဝါသနာပါသည်။ တောကောင်များကို ကျင်းထောင်ချောက်ပြုလုပ်ဖမ်းကြသည်။ ကျင်းထောင်ချောက်လုပ်ပုံမှာ မြေကြီးကို မတိမ်မနက်တူး၍ ကျင်းထဲတွင် ဝါးချွန်များ၊ သွောင့်များစိုက်ကာ အပေါ်မှ အမိုက်အုပ်ထားသည်။ သားကောင်များကျင်းထဲကျပြီးသေနေမှ ကောက်ယူစားသောက်သည်။ တူမီး၊ ဝါးချွန်၊ လေးမြားကိုသုံး၍ တောလိုက်ခြင်းလည်း လုပ်တတ်ကြပေသည်။

ဂေခိုအမျိုးသမီးများမှာ ပျင်းရိသူများမဟုတ်ကြ။ အချက်အပြုတ်။ အဖွပ်အလျှော်အားလပ်သည်နှင့် ဂျပ်ခုတ်ရက်ကန်းရက်ခြင်း၊ ဖျာကြမ်း၊ ဖျာချောနှင့် တောင်းပလုံးများရက်ခြင်းကို အမြဲတစေလုပ်နေတတ်ကြသည်။ ဂေခိုတို့သည် ဝါးပြွေ၊ မောရိ၊ ဆိတ်ချိုနှင့် သံဒရုံးခေါ် တူရိယာနှင့် အမျိုးသမီးများအတွက် ဘယက်၊ နားတောင်း၊ လက်ကောက်စသည့်တို့ကို လက်မှုပညာမြောက်စွာ လုပ်တတ်ကြသည်။

**ရိုးရာဝတ်စားဆင်ယင်မှု**

ရှေးခေတ်ဂေဘားအမျိုးသားများသည် အဖြူသက်သက်(သို့) အစိမ်း၊ အနီအစင်းများပါသော ဘောင်းဘီတိုကိုဝတ်ကြသည်။ ကော်လံမပါသော ရင်ကွဲအင်္ကျီကိုဝတ်၍ သျှောင်ကိုထုံးကာ ခေါင်းပေါင်းပေါင်းသည်။ ယနေ့ခေတ်ဂေခိုတို့မှာ အနက်ရောင်ရှမ်းဘောင်းဘီအရှည်နှင့် ရှပ်အင်္ကျီအဖြူလက်ရှည်ကို ဝတ်သည်။ ခါးတွင် ခါးပတ်ဝတ်ကာငွေဓားမြောင်တစ်လက်ကို ထိုးထားတတ်သည်။

အမျိုးသမီးများအနေဖြင့် အနက်ရောင်ရင်စေ့အင်္ကျီလက်ရှည်ကိုဝတ်၍ အပေါ်မှ အဖြူရောင်ပဝါငယ်ကို တင်ထားကြသည်။ အောက်ပိုင်းတွင် အရုပ်မျိုးစုံပါသော သင်တိုင်းကိုလည်းကောင်း၊ ပတ်လည်ကန့်လန့်စင်းများပါသော ထဘီကိုလည်းကောင်း ဝတ်ဆင်ကြသည်။ ဆံပင်ရှည်ကိုနောက်တွဲထုံး၍ ခေါင်းစည်းပဝါများ ပတ်ထားလေ့ရှိသည်။ အထူးကဏ္ဍစာမျက်နှာ (ခ) သို့ »»

»»» အထူးကဏ္ဍစာမျက်နှာ (က)မှ

### လူမှုရေးဓလေ့များ

ဂေခိုတိုင်းရင်းသားများထုံးစံတွင် လက်ထပ်ခြင်း မပြုမီစေ့စပ်ကြောင်းလမ်းခြင်းကို အရင်လုပ်ရသည်။ စေ့စပ်ပြီးတစ်လ(သို့) တစ်နှစ်ကြာမှ လက်ထပ်ပွဲ လုပ်ကြသည်။ လက်ထပ်ပွဲကို သတိုးသမီးအိမ်တွင် ပြုလုပ်လေ့ရှိသည်။ ကုန်ကျစရိတ်သုံးပုံနှစ်ပုံကို သတိုးသားဘက်က ကျခံ၍ ကျန်တစ်ပုံကိုသာ မိန်းကလေးဘက်က ပေးရသည်။ လက်ထပ်ပွဲတွင် "ခေါင်းမော့" ခေါ် မင်္ဂလာစကားများကို လက်ထပ်ပွဲအကြီးအကဲတို့က ပြောကြရသည်။ ထိုလက်ထပ်ပွဲ၌ သတိုးသမီး၏ မိခင်အတွက် နို့ဖိုးကို သတိုးသားဘက်ကတစ်ခါတည်းပေးရသည်။ တစ်နေ့လုံး ဖုံ၊ မောင်း၊ ပြွေများဖြင့် ကခုန်ကာ ညဦးပိုင်းတွင် သတိုးသား အိမ်သွားကာ သတိုးသမီးအား အခန်းအပ်ရသည်။တစ်လင်တစ်မယားစနစ်ကိုသာ ကျင့်သုံးသည်။ ယောကျ်ားလုပ်သူ မိန်းမထပ်ယူလျှင် လက်ရှိဇနီးအား လျော်ကြေးပေးရသည်။ ကွာရှင်းမှုဆောင်ရွက်ရာတွင် နတ်စားများရော ဗုဒ္ဓဘာသာဝင်များပါ တူညီကြသည်။ ယောကျ်ားက ကွာရှင်းလိုလျှင် အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့် အိမ်ပေါ်မှ ဆင်းသွားပါသည်။ မိန်းကလေးကကွာလိုလျှင် မင်္ဂလာဆောင်စဉ် ကုန်ကျစရိတ်အားလုံး ပြန်ပေးရသည့်အပြင် ကျက်သရေပျက်စေမှုနှင့် လင်သားအား လျော်ကြေးပေးရသည်။ မွေးထားသည့်ကလေးများမှာ မိခင်ဖခင်ဘက် ကြိုက်ရာလိုက်သွားနိုင်သည်။ ကွာရှင်းပြတ်စဲမှုကို ရပ်ရွာ လူကြီးများက လက်ခံလေ့မရှိ။ ဖျောင်းဖျနားချပေးသည်က များသည်။

ဂေခိုတို့၏ မီးဖွားခြင်းကို ဓလေ့ထုံးစံအတိုင်းသာ လုပ်ကြသည်။ ကလေးချက်ကြွေလျှင် မီးထွက်ဖို့လုပ်သည်။ ပရိသတ်များ ခေါ်ယူကျွေးမွေးကာ အချင်းကိုမြေမြှုပ်(သို့) ဝါးဘူးတွင်ထည့်ကာ အိမ်တိုင်တွင် ချိတ်ဆွဲမှုများ ပြုလုပ်ကြသည်။ မြေမြှုပ်မှုမှာ မွေးဖွားသည့် ကလေးငယ်ကို မြေကြီးကဲ့သို့ မာကြောစေရန် ရည်ရွယ်ခြင်းဖြစ်သည်။ ချက်ကို အမြင့်တွင် ချိတ်ဆွဲထားခြင်းဖြင့် ကလေးငယ်၏ဘဝ မြင့်မားပါစေ၊ ကျမ်းမာချမ်းသာ၍ ကြီးပွားပါစေဟူသော အဓိပ္ပာယ်ကိုဆောင်သည်ဟု ပြောကြသည်။

### ယုံကြည်ကိုးကွယ်မှု

ဂေဘားတို့သည် ဗုဒ္ဓ၊ ခရစ်ယာန်၊ နတ် အယူသုံးမျိုး ကိုးကွယ်ကြသည်။ အများစုမှာ ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသည်။ ရွာတိုင်းတွင် ခရစ်ယာန်ဘုရားကျောင်းများ ဆောက်ကာယေရှုပုံကို ချိတ်ဆွဲကိုးကွယ်ကြသည်။ ကောင်းကင်ဘုံ၌ ဘုရားတစ်ဆူတည်းသာရှိသည်ဟု စွဲမြဲယုံကြည်ကြသည်။ သခင်ယေရှုရုပ်ပုံမှတစ်ပါး အခြားမည်သည့်ရုပ်တုကိုမျှ ကိုးကွယ်မှုမပြု။ စုန်းပြုစားခြင်း၊ နတ်ကိုင်ခြင်းများကို အယုံအကြည်မရှိကြ။ သို့တစေ အတိတ်နမိတ်ကောက်ခြင်းများကိုမူ ယုံကြည်ကြသည်။ နေနှင့်လကို အိမ်မက်မြင်လျှင် ဘုန်းတန်ခိုးတက်မည်။ အစားအစာရသည်ဟုမက်လျှင် နိမိတ်မကောင်း။ လျှော်လှုပ်က ရပ်ရွာ၌ ထူးဆန်းကိစ္စများပေါ်လိမ့်မည် စသည်ဖြင့် ယုံကြည်ကြသည်။

မိုးခေါင်လျှင် ဖားစည်တီး၍ မိုးခေါ်ကြသည်။ ငှက်ပျောပင်ကို ဓားကတ်ထိုးစိုက်၍လည်းကောင်း၊ "လုံကဆူးသာ" ခေါ် ဥစားနွယ်တစ်မျိုးကို အပေါ်မှအောက်သို့ ဆွဲချ၍လည်းကောင်း၊ အမျိုးသား အမျိုးသမီး လွန်ဆွဲပွဲ (မြန်မာတို့နှင့်တူသည်)တို့ကို ပြုလုပ်၍ မိုးခေါ်လေ့ရှိကြသည်။ ကောင်းကင်၌ ဥက္ကာပျံခြင်းကိုတွေ့လျှင် တန်ခိုးရှင်များ ခရီးသွားခြင်းဟု ယုံသည်။ ကြက်ဦးခေါင်းမှတစ်ပါး အခြား ဦးခေါင်းများ လုံးဝမစား။ အသားပေါ်လျှင် ဦးခေါင်းကို ရွာလူကြီးများအား ပေးကြရသည်။ ဂေခိုတို့မှာ ဂျုံ၊ ခရမ်းသီး၊ ချင်းစိမ်း၊ စိမ်းစားဥစားလေ့စားထမရှိ စားလျှင် ရှူးတတ်သည်ဟု ယုံကြည်ခဲ့ကြသည်။ ယခု ထိုသို့ မဟုတ်တော့ပါ။ အားလုံးစားလေ့စားထရှိလာခဲ့ပေပြီ။ သို့ရာတွင် မှုမက်တောလိုက်သွားချိန်တွင် မက်ကာသီး၊ ခရမ်းသီး လုံးဝမစားတောကောင်မရမည်စိုး၍ ဖြစ်သည်။ ကောက်ရိတ်သိမ်းချိန်တွင် လူစိမ်းဖြတ်သန်းခွင့်မပြု။ စပါးလိပ်ပြာလွင့်တတ်သည်ဟု ယုံကြည်ကြသည်။

### တေးဂီတအကတူရိယာနှင့်ပွဲတော်များ

`ဂေခိုတို့၏ရိုးရာဓလေ့တွင်တောင်ယာလုပ်ငန်းပွဲများရှိသည်။ ပျိုးကြဲပွဲစူးထိုးပွဲများ၌ တပျော်တပါး ဝိုင်းဝန်းစားသောက်၍ သီချင်းဆို ကခုန်ကြသည်။ နှစ်ကုန်ချိန် ဒီဇင်ဘာလအတွင်းတွင် စပါးရိတ်သိမ်းပွဲ၊ စပါးနယ်ပွဲ၊ စပါးပုတ်ပွဲများ လုပ်ကြသည်။ တူရိယာများမှာ မောရိတ်ဆိတ် (ခေါ်) ဝါးလုံးတပ်ပြွေ၊ မောင်းပရိုင်(ခေါ်)အသံ ၁၂ မျိုးထွက် ဝါးရှည်ပြွေတို့ကို မှုတ်ကြသည်။ ကျွဲချိုကိုလည်း မှုတ်သည်။ ဖုံရှည်နှင့်၊ ဖားစည်များတီးကာ ရှေးခေတ်သုံး၊ ယခုခေတ်သုံး ပြွေမျိုးစုံကို အသံသာယာစွာ မှုတ်လေ့ရှိသည်။ ယနေ့အချိန်အခါတွင် စန္ဒယားနှင့် ဘင်ဂျိုများကိုပင် တီးနေသည်ကို တွေ့ရသည်။

ပွဲတော်များတွင်ဝါးဖြင့် ပြုလုပ်သော မောရိတ်ဆိပ် (ခေါ်)ဘာဂျာပြွေကိုမှုတ်၍ ကိုယ်ကို ဘယ်ညာယိမ်းကာ ကခုန်ကြသည်။ စပါးပေါ်သောအခါ ကယ်ဒီခူး(ခေါ်)စပါးဦးစားပွဲများ ပြုလုပ်၍ မိအိုဖအိုများအား ဖိတ်ခေါ်ကျွေးမွေးလေ့ရှိသည်။ ဂေခိုတို့တွင် ရိုးရာပွဲမျိုးစုံရှိသည် အိမ်သစ်တက်ပွဲတွင် ဆွေမျိုးမိတ်သင်္ဂဟများကို ဖိတ်ခေါ်ကျွေးမွေးကာ ဝါးညှပ်အက၊ တေလဒူးအက၊ ဒိုင်းအကများကို တပျော်တပါး ကကြသည်။ သီချင်းများတွင် အပျော်သီချင်း၊ အလွမ်းသီချင်းဟူ၍ ခွဲထားသည်။ အသုဘပို့ရာတွင် ကခုန်သီဆိုခြင်းသည် သေသူ၏ ဆွေမျိုးများ စိတ်သက်သာရာရစေရန် ပြုလုပ်ခြင်းဟုဆိုသည်။ ဒိုင်းအကတွင် မိန်းကလေးများ မပါရ။ ယောကျ်ားများသာ ကရသည်။ ယနေ့ခေတ်တွင် အသုဘ၌ ကခုန်ခြင်းမလုပ်ကြတော့ကြပေ။ သီချင်းကိုသာ အုပ်စုလိုက် တစ်ညလုံးသီဆိုကြတော့သည်။ ရှေးဟောင်းသီချင်း၊ ခေတ်ပေါ်သီချင်းအားလုံးကို စုပေါင်းသီဆိုကြသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ အပြိုင်ဆိုရာတွင် ရှုံးသည့်အဖွဲ့ကို နိုင်သည့်အဖွဲ့က "ဝေး၊ဝေး၊ဝေး၊"ဟု ညာသံပေးပြီး လှောင်ပြောင်ကြသည်။ မကျေမနပ် ဖြစ်နေသည့် အခြားအဖွဲ့ကလည်း "အို့၊အို့၊အို့၊"ဟု ခွေးအော်သလိုအော်ကာ ပြန်လည်ချေပမှုပြုတတ်ကြသည်။

ဤသို့သော သမိုင်းကြောင်း၊ စာပေဘာသာစကား၊ ဘဝဓလေ့၊ ရိုးရာယဉ်ကျေးမှုဖြင့် ကယားဌာနေအတွင်း ဌာနေတိုင်းရင်းသားလူမျိုးတစ်မျိုးအနေဖြင့် ရပ်တည်နေထိုင်လာကြသော ဂေခိုတိုင်းရင်းသားတို့သည် ယနေ့ကဲ့သို့ တိုင်းရင်းသားတို့၏ သမိုင်းကြောင်း၊ စာပေယဉ်ကျေးမှု အခန်းကဏ္ဍများကို လွတ်လပ်စွာ ဖော်ထုတ်ဖန်တီးဆန်းသစ်တီထွင်ခွင့် အခွင့်အရေးများ လမ်းစဖွင့်ပေးသည့် အချိန်အခါမျိုးတွင် မိမိတို့၏ စာပေယဉ်ကျေးမှုတို့ကို ခေတ်နှင့်ဆီလျော်အောင် ဆန်းသစ်တီထွင်မှုတို့ကို ကြိုးဆိုကြရပေမည်။

*ကိုးကား။ ။၁။ တိုင်းရင်းသားရိုးရာဓလေ့ထုံးစံများ (ကယား)။ ၂။ ဒို့တိုင်းရင်းဘွားပြည်ထောင်စုသား(ဦးမင်းနိုင်)။ ၃။ ကယားပြည်နယ်၊ ခုနစ်စင်ကြယ်(ပြည် နယ်ယဉ်ကျေးမှု)။ ၄။ ပြည်ထောင်စုသားတို့၏ ရိုးရာထိမ်းမြားမင်္ဂလာဓလေ့ (တက္ကသိုလ်သျှင်သီရိ)။ ၅။ ကယားပြည်နယ်မှ ရိုးသားကြိုးစားသော ဂေခိုတိုင်းရင်းသားများ (နီငြိမ်း-အညာတက္ကသိုလ်)၊ နိုင်ငံဂုဏ်ရည်မဂ္ဂဇင်း၊ ၁၀၆/ ၂၀၀၈။*

စာရေးဆရာ မြင့်စိုးလှိုင် ဘာသာပြန်ဆိုရေးသားထားသည့် ရာဘင်ဒြာနသ်တဂိုး၏ ဆန်းစသော်တာကဗျာစုစာအုပ်တွင် ကလေးများ၏ စိတ်နေစိတ်ထား၊ အတွေးအခေါ်၊ ဘဝနေထိုင်နည်းများအပြင် သားသမီးနှင့် မိဘကြားနှောင်ဖွဲ့ထားသည့် သံယောဇဉ်များကို ဖော်ကျူးရေးဖွဲ့ထားရာ ယခုတစ်ပတ်တွင် "ကစားစရာ"ကဗျာကို အထူးအစီအစဉ်တစ်ရပ် ကလေးသူငယ်များ ဗဟုသုတတိုးပွားစေရန် ရည်ရွယ်၍ တိုင်းရင်းသားရေးရာကဏ္ဍမှ ဖော်ပြလိုက်ရပါသည်-

## PLAYTHINGS

Child, how happy you are
sitting in the dust,
playing with a broken twig
all the morning!
I smile at your play
with that little bit of a broken twig.
I am busy with accounts,
adding up figures by the hour.
Perhaps you glance at me and think,
" What a stupid game to spoil your morning
with!"
Child, I have forgotten
the art of being absorbed
in sticks and mud- pies.
I seek out costly playings,
and gather lumps of gold and silver.
With whatever you find
you create your glad games.
I spend both my time
and my strength over things
I can never obtain.
In my frail canoe
I struggle to cross the sea of desire,
and forget that
I too am playing a game.

## ကစားစရာ

ကလေး-
တစ်မနက်လုံးဖုတ်ထဲထိုင်ပြီး
သစ်ကိုင်းကျိုးကလေးနဲ့ ကစားနေလိုက်တာ
မင်း အတော်ပျော်နေတယ်ပေါ့။
ဒီသစ်ကိုင်းကျိုးသေးသေးလေးနဲ့
မင်းကစားနေတာကို ငါက ပြုံးမိတယ်။
ငါ့မှာတော့
စာရင်းဇယားတွေနဲ့ အလုပ်များနေတယ်။
အချိန်နဲ့အမျှ ကိန်းဂဏာန်းတွေ ထပ်ဖြည့်နေရတယ်။
မင်းကလည်း ငါ့ကိုလှမ်းကြည့်ပြီး
"တစ်မနက်လုံး အလကားဖြစ်အောင်
မဟုတ်ကဟုတ်က ကစားနည်းနဲ့
သူမို့ကစားတယ်" လို့ တွေးကောင်းတွေးမယ်။
ကလေးရယ်
ငါ့မှာ သစ်ခက်တွေ အိုးပုတ်၊ ချိုးရုပ်တွေနဲ့
မွေ့ပျော်နေတက်တဲ့ အတက်ကို မေ့ပျောက်ခဲ့ပြီကွယ်။
ငါက
တန်ဖိုးကြီးတဲ့ ကစားစရာတွေကို ရှာဖွေထုတ်ပြီး
ရွှေတွေ၊ ငွေတွေ အပုံလိုက်ဖြစ်အောင်လုပ်တယ်။
မင်းက တွေ့တဲ့ဟာနဲ့
ပျော်အောင်ကစားတတ်တယ်။
ငါ့မှာတော့ ငါမပိုင်ဆိုင်နိုင်တာတွေအတွက်
အချိန်ရောခွန်အားပါ ကုန်ဆုံးခဲ့ရတယ်။
ခနော်ခနဲ့ လှေကလေးနဲ့
လိုချင်လောဘပင်လယ်ကို
ငါကအပန်းတကြီးဖြတ်ကူးနေရတော့၊
ငါကိုယ်တိုင်လည်း ကစားနေတာပဲဆိုတာ
အမေ့မေ့ အလျော့လျော့။ ။

မြင့်စိုးလှိုင် (မြန်မာပြန်)

# ချင်းတိုင်းရင်းသားတို့၏ ရိုးရာအစားအသောက်များအကြောင်း

မင်းလပြည့်(ဟားခါး)

လူသားဖြစ်လာသည်နှင့် စား၊ ဝတ်၊ နေရေးသည် အဓိကအရေးကြီးလှသည်။ လူတစ်ဦး အသက်ရှည်ရပ်တည်ရန် ကံ၊ စိတ်၊ ဥတု၊ အာဟာရရှိရန် လိုသည်။ အထူးသဖြင့် အာဟာရသည် အသက်ရှင်ရပ်တည်ရေးတွင် ထိပ်ဆုံးမှ အရေးပါသည်။ လူသားတိုင်း အစာမစားဘဲ အသက်ရှင်သန်နိုင်မည် မဟုတ်ပါ။ ထို့ကြောင့် လူတိုင်း ဆာလောင်မှုကို ဖြေရှင်းရန်၊ အာဟာရပြည့်ဝသော အစားအစာစားရန် လိုသည်။ ကမ္ဘာပေါ်တွင် လူမျိုးတိုင်း နှစ်ခြိုက်ကြသော အဓိကအစားအစာများ ရှိကြသည်။ သာဓကအားဖြင့် မြန်မာလူမျိုးတို့သည် မုန့်ဟင်းခါးကို အလွန်နှစ်သက်ကြသကဲ့သို့ ဂျပန်လူမျိုးတို့တွင် ဆူရှီအစားအစာ၊ တောင်ကိုးရီးယားတွင် ဂင်ချီ၊ အင်ဒိုနီးရှားတွင် အုန်းနို့ဖြင့်ပြုလုပ်သော အစားအစာများ၊ အီတလီလူမျိုးများတွင် စပါကတီ၊ အမေရိကန်နှင့် အခြားဥရောပနိုင်ငံများတွင် စည်သွပ်အသား၊ ဟမ်ဘာဂါတို့ကို နှစ်ခြိုက်ကြကြောင်း သိရှိရသည်။ မြန်မာနိုင်ငံရှိ တိုင်းရင်းသားတို့တွင် ရှမ်းလူမျိုးများတွင် တို့ဟူး၊ ရှမ်းခေါက်ဆွဲ၊ ရခိုင်လူမျိုးများတွင် ရခိုင်မုန့်ဟင်းခါးများကို လွန်စွာနှစ်သက်ပြီး လူကြိုက်များကြသည်။ ပြောင်းဖူးနှင့် အသားပြုတ်ထားသော ဆာဘူးသီး ရိုးရာအစားအစာကို ချင်းတိုင်းရင်းသားတို့က နှစ်သက်စားသုံးကြသည်။

အစားအသောက်မှ ချင်းတိုင်းရင်းသားတို့သည် တစ်နေ့တွင် ထမင်းသုံးနပ် စားသော အကျင့်ရှိလေသည်။ နံနက်စာကို ၈ နာရီမှ ၉ နာရီအတွင်း၊ နေ့လယ်စာကို ၁၂ နာရီမှ ၂ နာရီအတွင်း၊ ညစာကိုမူ ၆ နာရီမှ ၈ နာရီအတွင်း စားသောက်လေ့ရှိသည်။ နံနက်စာကို နံနက်စောစောတောင်ယာသို့ အလုပ်မဆင်းမီ စားသောက်ခြင်းဖြစ်၍ နေ့လယ်စာကို တောင်ယာလုပ်ငန်း ခေတ္တနားချိန်တွင် စားသောက်ခြင်းဖြစ်သည်။ ထမင်းအနေဖြင့် ဆပ်ဆန်၊ ပြောင်းဖူး၊ တောင်ယာစပါးနှင့် အောင်းလောက် (ခေါ်) ပဲသီးစေ့များကို ချက်ပြုတ်စားသောက်ကြသည်။ ဆပ်ဆန်နှင့် တောင်ယာစပါးများကို ချက်ပြုတ်ချိန်နီးသောအခါ လက်ထောင်းဆုံများဖြင့် ထောင်း၍ စားသောက်ကြသည်။ ပြောင်းဖူးများကို အိမ်မိုးအောက်နှင့် မီးဖိုဆောင် အမိုးအောက်တွင် တင်ထားပြီးမှ စားသောက်ချိန်တွင် ယူငင်စားသုံးကြသည်။ အောင်းလောက်ပဲကို ရေတွင် တစ်ပတ်ခန့်စိမ်ပြီးမှ ပြုတ်၍ စားသောက်ကြသည်။ ဟင်းလျာအဖြစ် ဟင်းသီး၊ ဟင်းရွက်များ၊ တစ်ခါတရံတွင် အိမ်တွင် မွေးထားသော ကြက်၊ ဝက်များကို ချက်၍စားတတ်သည်။ အမဲလိုက်၍ရသောအခါတွင် ချေသား၊ ဆတ်သား၊ သမင်သားများကို ချက်ပြုတ်စားသောက်၍၊ မြစ်၊ ချောင်း၊ အင်းအိုင်များနှင့်နီးသော ချင်းရွာများတွင်မူ ငါးကို စားကြသည်။

အချို့သော ချင်းရွာများတွင် မြောက်ဥ၊ ပိန်းဥ၊ ကစွန်းဥ၊ အာလူး စသည်တို့ကို ထမင်းဟင်းအဖြစ် ချက်ပြုတ်၍ စားသောက်လေ့ရှိသည်။ တောရွာများနေ ချင်းလူမျိုးတို့သည် မီးဖိုဆောင်များကို သီးသန့်မထားဘဲ၊ အိမ်အတွင်းမှာပင် မီးဖိုထားလေ့ရှိသည်။ မီးခိုးများ အမိုးအကာကိုစွဲသော် အမိုးအကာများသည် ပို၍ပင်ခိုင်သည်ဟု ချင်းလူမျိုးတို့ အယူရှိကြသည်။ အများအားဖြင့် ချက်ပြုတ်ဖွယ်အိုးများကို ရပ်ရွာများတွင် ဝယ်၍ရသော မြေအိုး၊ မြေခွက်များကို သုံး၍ အချို့သည် ဒန်အိုး၊ ဒန်ခွက်များကို အသုံးပြုကြသည်။ ချင်းအမျိုးသားတို့သည် ဇွန်းကို သစ်သားဖြင့် ပြုလုပ်ကြ၍ ပန်းကန်ပြားကိုမူ နီးဖြင့်ဖြစ်စေ၊ သစ်သားဖြင့်ဖြစ်စေ ပြုလုပ်သည်။ ဟင်းဇွန်းကြီးများအဖြစ် ဘူးသီးခြောက်များကိုပင် အသုံးပြုသည်။ တောင်ယာသွားရာတွင် ထမင်းဟင်းသယ်ရန် ထမင်းချိုင့်များကိုလည်း သစ်သားဖြင့်ပင် ပြုလုပ်ကြသည်။

ပလက်ဝနယ်တွင် ကံမွေး၊ ငှက်ပျောနွယ်၊ ရက်တလံ၊ ပုစွန်နီ၊ အန်ကာနှင့် လင်းကြေ(ဆန်နီ) နှင့် ယောင်ရှားစပါးတို့သည် များစွာထင်ရှားသော ဆပ်ဆန်အမျိုးအစားများ ဖြစ်ကြသည်။ ကံမွေးနှင့် အန်ကာစပါးသည် များစွာအဆင့်အတန်းမြင့်၍ ဥသလင်းချောင်းဒေသတစ်ဝိုက်တွင် စိုက်ပျိုးသော ယောင်ရှားစပါးမှာ အကောင်းဆုံးဖြစ်ပြီး သလေးစပါးကဲ့သို့ ဖြစ်သည်ဟု ပြောကြသည်။ မီးချောင်းဒေသတစ်ဝိုက်တွင် ထင်ရှားသောဆန်များမှာ လိုက်ဗား၊ ရိုက်ခန်း၊ စယောင်၊ အမလိန်တို့ဖြစ်၍ လိုက်ဗားသည် အကောင်းဆုံးဖြစ်သည်။ ပနမ်း (ချော်) အမျိုးသမီးများမှာ ထမင်းဟင်းချက်ရာတွင် များစွာနာမည်ကြီးကြသည်။ သူတို့သည် ရေအနေအထား၊ မီးအနေအထားနှင့် ဆန် (ထမင်း)အနေအထားကို ကောင်းစွာ အကဲခတ်တတ်ကြသည်။ ဆားသည် မြေပြန်ဒေသများမှ တင်ပို့ရလေသည်။ ဆီကိုအသုံးနည်း၍ သုံးသည့်အခါတွင်လည်း ဝက်ဆီကိုသာ အသုံးပြုကြသည်။

(ဆက်လက်ဖော်ပြပါမည်)

# ရှေးခေတ် မြေအိုးမြေခွက်များရှိ အမှတ်တံဆိပ်များ

မာန်သစ်ငြိမ်း(ရှေးဟောင်းသုတေသန)

ကမ္ဘာပေါ်တွင် လူသားများ စတင်ပေါက်ဖွားလာသည့်အချိန်မှစတင်၍ နေထိုင်စားသောက်မှုပုံစံသည်လည်း ပြောင်းလဲလာခဲ့ပေသည်။ စားသောက်ရန်အတွက်လည်း အိုးအင်ခွက်ယောက်များ လိုအပ်လာခဲ့သည်။ သို့သော်လည်း ဦးစွာပထမ ဝါးမှရရှိသော ဝါးကျည်တောက်၊ ဝါးခွက်များကိုသာ အသုံးပြုနေကြပေသည်။ သစ်ဥသစ်ဖုများကိုသာ စားသောက်နေကြရာမှ ရာသီဥတုကြောင့် တောမီးလောင်ကျွမ်းရာမှ သားရဲတိရစ္ဆာန်တို့ မီးလောင်ကျွမ်းပြီး အသားများမှာ မွေးကြိုင်သင်းပျံ့သော ရနံ့ရရှိကာ မီးဖြင့် ချက်ပြုတ်စားသောက်လျှင်ရနိုင်ကြောင်း သိရှိလာပြီး နောက်ပိုင်းကာလတွင် အိုးအင်ခွက်ယောက်များ လိုအပ်လာခဲ့ပေသည်။ ထို့ကြောင့် အိုးခွက်ပန်းကန်များ လိုအပ်လာသည့်အတွက် အိုးအင်ခွက်ယောက်များကို စတင်လုပ်ဆောင်လာခဲ့ကြတော့သည်။

ရှေးဟောင်းသုတေသန တူးဖော်မှုလုပ်ငန်းများစွာတွင် ယဉ်ကျေးမှုအမွေအနှစ် အထောက်အထားများဖြစ်သည့် မြေအိုးမြေခွက်နှင့်အိုးခြမ်းကွဲများကို အများဆုံးတူးဖော်ရရှိပေသည်။ ထိုအထောက်အထားများအရ အစားအသောက်များကို ချက်ပြုတ်စားသောက် သိုလှောင်လေ့ရှိသည့် လူမှုအဖွဲ့အစည်း၏ အလေ့အထဖြစ်သည်သာမက အိုးခွက်ပန်းကန်၊ မြေအိုးမြေခွက်စသည့် အမျိုးအစားများကို တီထွင်သုံးစွဲလေ့ရှိသည့် ယဉ်ကျေးမှုအဆင့်အတန်းလက္ခဏာရပ်များဖြစ်ကြပေသည်။ ထိုအထောက်အထားများကို ကြည့်ရှုလေ့လာခြင်းဖြင့် ခေတ်ကာလအပိုင်းအခြားကို လေ့လာသိရှိနိုင်ပေသည်။ တူးဖော်တွေ့ရှိရသော အိုးခြမ်းကွဲများသည် မူလသွင်ပြင်လက္ခဏာများ ထင်ဟပ်နေသော မြေထည်အမျိုးအစားပုံသဏ္ဌာန်၊ ပြုလုပ်မှုနည်းစနစ်၊ အဆင်တန်ဆာတို့သည် ယဉ်ကျေးမှုအသီးသီးအား နှိုင်းယှဉ်လေ့လာဆက်စပ်ခြင်းတို့ဖြင့် တန်ဖိုးဖြတ်နိုင်ပေသည်။



လူတို့စတင်အသိအမှတ်ပြုခဲ့ကြသော ကျောက်ခေတ်ကာလမှ နှောင်းပိုင်း ကျောက်ခေတ်သစ်ကာလ လွန်ခဲ့သော နှစ်ပေါင်း ၁၅၀၀၀ လောက်၌ မြေအိုးမြေထည် ထုတ်လုပ်ခြင်းအတတ်ကို စတင်ခဲ့သည်။ နှစ်ပေါင်း ၅၀၀၀ ခန့်လောက်မှ စတင်၍ အိုးထိန်းစက်ကို အသုံးပြုခဲ့ကြပြီဟု ပညာရှင်များက လက်ခံခဲ့ကြသည်။ မြန်မာနိုင်ငံ၏ အစောဆုံး မြေထည်ပစ္စည်းအထောက်အထားများကို ရှမ်းပြည်နယ်(တောင်ပိုင်း) ရွာငံမြို့နယ် ပြဒါးလင်းဂူတူးဖော်မှုမှ စတင်တွေ့ရှိခဲ့ရပေသည်။ ပြဒါးလင်းဂူနံရံပေါ်တွင် ရေးဆွဲထားခဲ့သော ရှေးဦးလူတို့၏ ပန်းချီပုံများနှင့် သက်တမ်းအပြိုင် အစောဆုံး မြေထည်များသည် လွန်ခဲ့သော နှစ်ပေါင်း ၁၁၀၀၀ မှ ၁၀၀၀၀ ကာလအထိ ကြာရှည်ခဲ့ပြီဖြစ်သည်။ မြေထည်များကိုလေ့လာကြည့်ပါကလည်း လက်ရာကြမ်းသော လက်ထွင်းအိုး(ခေါ်)လက်လုပ်အိုး(Hand-made Pottery) များဖြစ်သည်။

လူသားတို့သည် ယခင်က သစ်ပင်နေလူသား(Tree dweller)ဘဝမှ မြေပြန့်သို့ဆင်းသက်နေထိုင်သော ကာလသို့ ရောက်ရှိလာခဲ့သည့်အခါမှစတင်၍ စားသောက်နေထိုင်မှုပုံစံပါ ပြောင်းလဲလာခဲ့ပေသည်။ ကျောက်ခေတ်သစ်ကာလအတွင်း ကျောက်ဂူအောင်းလူနေမှုဘဝမှ မြေပြန့်သို့ ဆင်းသက်အခြေချနေထိုင်လာချိန်မှစ၍ အိုးလုပ်ငန်းမှာလည်း တစ်စတစ်စ တိုးတက်လာခဲ့သည်။ စိုက်ပျိုးရေးလုပ်ငန်းနှင့်အတူ အစားအသောက်ချက်ပြုတ်ရန်နှင့် သိုလှောင်သိမ်းဆည်းရန်အတွက် သိုလှောင်အိုး၊ ချက်ပြုတ်အိုးတို့ကို ပြုလုပ်လာခဲ့ကြသည်။ မြစ်ဝှမ်းဒေသတွင် နေထိုင်ကြသည့် လူတို့သည် ရွှံ့စေးအလွယ်တကူရရှိကြသဖြင့် အိုးလုပ်ငန်းသည် ကျောက်ခေတ်သစ်ကာလအဦးပိုင်းတွင် ဆန်းသစ်လာခဲ့သည်။ မြန်မာနိုင်ငံတွင် ကျောက်ခေတ်သစ်နေရာဒေသများစွာရှိသည့်အနက်ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ တူးဖော်ထားသည့်နေရာ အနည်းငယ်သာ ရှိသေးသည်။ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် လက်ပံခြေပေါ်ရွာအနီးရှိ ရှင်ရဲတစ်ထောင်ကုန်း၊ အမရပူရမြို့နယ် တောင်သမန်အင်းဒေသ၊ ပုသိမ်ကြီးမြို့နယ် ရွှေစာရံဒေသ၊ စစ်ကိုင်းတိုင်းဒေသကြီး ဆားလင်းကြီးမြို့နယ် ပိုင်းထောင်ကြီးရွာ ထောက်မကုန်းဒေသ၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် ပုခန်းကြီး ကြေးရိုးကုန်းဒေသ စသည်တို့ကို တူးဖော်ခဲ့ကြရာ ကျောက်ခေတ်သစ်ကာလ လက်နက်များ၊ အရိုးစူးသွား၊ ကျောက်ကွင်း၊ အရိုးစု၊ ပုတီးစေ့ စသည်တို့နှင့်အတူ မြေထည်အိုးခွက်၊ အိုးခြမ်းကွဲတို့ကို တွေ့ရှိခဲ့ရသည်။

ယေဘုယျအားဖြင့် မြန်မာ့ကျောက်ခေတ်သစ်ကာလ၏ မြေထည်အိုးခြမ်းကွဲများမှာ မြေထည်အမျိုးအစားအနေဖြင့် မီးခိုးရောင်ရွှံ့နှစ်ဖြင့်ပြုလုပ်သော မြေထည်နှင့် အနီရောင်သဲစပ်ရွှံ့စေးမြေထည်တို့ဖြစ်သည်။ အိုးပုံသဏ္ဌာန်များမှာ နှုတ်ခမ်းကျယ် ရေတည်အိုး၊ စောက်နက်အင်တုံ၊ မြေကလပ်၊ ငရုတ်ဆုံဖင်ပြား၊ သပိတ်ပုံအိုး၊ နှုတ်ခမ်းရှည်စောက်နက်အိုးငယ်၊ ဆီမီးခွက်ပုံ ပန်းကန်ပြားတို့ဖြစ်သည်။ အဆင်တန်ဆာများအဖြစ် ဘီးသွားအစင်းခြစ်ရာ၊ အဆင်းအတက်နှင့် လှိုင်းတွန့်များ၊ ဂျီသြမေတြီပုံများ၊ ရာဇမတ်ကွက်ပုံများပါဝင်သည်။ မြေထည်အိုးခွက်တို့ကို အိုးထိန်းစက်ဖြင့် ပြုလုပ်သည်။

ကျောက်ခေတ်မှတစ်ဆင့် တိုးတက်ထွန်းကားလာသော ကြေးခေတ်ကာလ(ဘီစီ ၃၀၀၀ မှ ၁၀၀၀)၏ ယဉ်ကျေးမှုအထောက်အထားများကိုလည်း မကြာသေးမီကာလအတွင်းက ရှေးဟောင်းသုတေသနဦးစီးဌာနမှ ရှာဖွေဖော်ထုတ်နိုင်ခဲ့ကြသည်။ ဘုတလင်မြို့နယ် ညောင်ကန်ဒေသ၊ မုန်ထူးဒေသ၊ တောင်သာမြို့နယ် နှောကန်ဒေသနှင့် ရမည်းသင်းမြို့နယ် မြို့လှဒေသတို့အား တူးဖော်သုတေသနပြုရာတွင် ကြေးခေတ်ဦး (Chalocolithic Period) မှသည် သံခေတ်ဦး(Dawn of Iron Age)နှင့် သက်ဆိုင်သော မြေအိုးမြေခွက် အမြောက်အမြားကို လူနေထိုင်ရာဒေသ(Inhabited Area)တွင်သာမက လူသေမြှုပ်နှံသင်္ဂြိုဟ်ရာသင်္ချိုင်းနေရာ(Burial Site)တို့မှလည်း တွေ့ရှိရသည်။ အဓိကမြေထည်အမျိုးအစားများမှာ အနီရောင်မြေထည်များဖြစ်ပြီး အိုးမျက်နှာပြင် အချောကိုင်အရောင်တင်ခြင်း မရှိသေးချေ။ မြေအိုးမြေခွက်ပုံသဏ္ဌာန်မျိုးစုံတွေ့ရှိရပြီး ထင်ရှားသည်များမှာ အောက်ခြေခုံတွင် လက်ကိုင်ရိုးရှည်နှင့် အပေါ်ပိုင်းပန်းကန်ပါရှိသော မြေကလပ်များ၊ အချို့မှာ အောက်ခြေဝိုင်းတစ်ခုတည်းပေါ်တွင် လက်ကိုင်ရိုးပန်းကန် နှစ်ခု၊ သုံးခုပါရှိသော မြေကလပ်များ(Dish on Stand) ဆင်ရုပ်၊ နွားရုပ်၊ ဝက်ရုပ်စသည်နှင့် လက်ကိုင်အဖုံးပါသော ဖင်လုံးကိုယ်ထည်ကားအိုးများ၊ ဆလင်ဒါပုံစိမ်ရည်အိုးများ၊ နှုတ်ခမ်းလန်ဖင်လုံးနှင့် ချက်ပြုတ်အိုး၊ နှုတ်ခမ်းလန်စောက်နက်ခွက်၊ မြေပန်းကန်၊ အောက်ခြေပြားခွက်၊ အောက်ခြေလုံးခွက်၊ လည်ပင်းရှည်အိုးစသည်တို့ ဖြစ်သည်။



မြန်မာနိုင်ငံ၏ သမိုင်းကြောင်းတစ်လျှောက်၌ အစဉ်အဆက်ရှိခဲ့သော ပျူခေတ်ကာလတွင်လည်း မြေအိုးမြေခွက်များသည်လည်း ထင်ရှားခဲ့ပေသည်။ ပျူတို့၏မြို့တော်များဖြစ်သော သရေခေတ္တရာ၊ ဗိဿနိုး၊ ဟန်လင်း၊ ပင်လယ်၊ ဝတီးနှင့် တကောင်းစသည်တို့ကို တူးဖော်သုတေသနပြုရာ



တွင် ထူးခြားသော မြေထည်ပစ္စည်းများစွာထဲမှ အရိုးအိုးများသည် ပျူခေတ်ကာလ၏ လက္ခဏာတစ်ရပ်အဖြစ် တွေ့မြင်ကြရသည်။ ဤနေရာတွင် အရိုးအိုးဆိုသည်မှာ သေသူအား မီးသင်္ဂြိုဟ်ပြီးနောက် ရရှိလာသောအရိုးပြာကို အိုးတွင်ထည့်၍ မြှုပ်နှံလေ့ရှိသည်ပင်ဖြစ်သည်။ အရိုးအိုးများကို လည်ရစ်၊ ဖောင်းရစ်၊ အရေးအကြောင်းနှင့် ဖောင်းတွန့်များ ခြယ်လှယ်ထားသည်။ တစ်ခါတစ်ရံ အိုးပတ်လည်မျက်နှာပြင်ကို သီရိဝစ္ဆပုံ၊ ငှက်ရုပ်ပုံများစသည်ဖြင့် ဝိုင်းရံအလှဆင်ထားလေ့ရှိသည်။ အိုးဖင်အောက်ခြေကို ခပ်လုံးလုံး ပြုလုပ်ထားကာ အိုးနှုတ်ခမ်းတွင် အဖုံးအုပ်နိုင်ရန် နှုတ်ခမ်းရစ်အံများပါရှိသည်။ အိုးအဖုံးမှာလည်း ခွေးသွားစိတ်ပုံသဏ္ဌာန်အချွန်အတက်အရစ်များဖြင့် ကော့လန်နေအောင် ပြုလုပ်ထားကာ အလယ်လက်ကိုင်ဖုပါရှိသည်။ အရိုးအိုးအများစုမှာ ကွဲအက်နေသည်ကများပြီး အနည်းငယ်မျှသာ အကောင်းအတိုင်းရရှိသည်။

ပျူခေတ်၏ ထင်ရှားသော မြေထည်အိုးခွက်များမှာ အရိုးအိုး၊ သိုလှောင်အိုး၊ ချက်ပြုတ်အိုး၊ မြေပန်းကန်လုံး၊ မြေခွက်တို့ဖြစ်ပြီး သပိတ်လုံးပုံသဏ္ဌာန်အိုး၊ ဆီမီးခွက်၊ ရေဖျန်းအိုး၊ ကွမ်းအစ်ပုံအိုးများ ဖြစ်သည်။ အချို့အိုးများသည် မီးမဖုတ်ခင် မြေနီရောင်တစ်ထပ် သုတ်လိမ်းလေ့ရှိသော သာဓကများကိုလည်း တွေ့ရသည်။ အဆင်တန်ဆာအနေဖြင့် တံဆိပ်ရိုက်နှိပ်ထားသော အိုးခြမ်းကွဲများတွင် သီရိဝစ္ဆပုံ၊ ကာလသာအိုးပုံ၊ ငါးကြင်းနှစ်ကောင်ပုံ၊ လူပုံ၊ မြင်းပုံ၊ ငှက်ပုံ၊ ခရုသင်းပုံစသည်တို့ကို တွေ့ရှိရာ ဘာသာရေးအထိမ်းအမှတ်လက္ခဏာများနှင့် ဆက်စပ်လျက်ရှိသည်။ ပျူခေတ်အက္ခရာပါ အိုးခြမ်းကွဲအချို့ကိုလည်း ဟန်လင်းမြို့ဟောင်းတူးဖော်မှုမှ တွေ့ရှိထားသည်။

ဟန်လင်းမြို့ဟောင်းမှတွေ့ရှိရသော အိုးများအနက် နှုတ်ခမ်းပက်၍ အဝကျယ်ကာ အောက်ခြေသို့ ရှူးသွားသည့် ပြည်တောင်းသဏ္ဌာန်အိုးမှာ ထူးခြားလှသည်။ အိုးသားမှာလည်းထူသည်။ အိုးပတ်ပတ်လည်တွင် ခေါင်းဖြီးသည့်ဘီးနှင့် အစင်းခြစ်၍ အလှဖော်ထားသည်။ ထိုကဲ့သို့အိုးမျိုးကို ကိုရီးယားနိုင်ငံ ကျောက်ခေတ်သစ်ဒေသဖြစ်သော တောင်ဆမ်ဒေါင်းဒေသနှင့် အမ်ဆဒေါင်း ဒေသများမှ တူးဖော်တွေ့ရှိရသော အစင်းအရာပါသော အိုးများနှင့် ပုံသဏ္ဌာန်ချင်းတူညီနေကြောင်း တွေ့ရှိရပါသည်။ ထိုအစင်းအရာပါသော အိုးများမှာ ရေဒီယိုကာဗွန်နည်းဖြင့် သက်တမ်းတွက်ချက်မှုအရ နှစ်ပေါင်း ၂၀၀၀ ကျော်မှ ၅၀၀၀ ကျော်သက်တမ်းရှိကြောင်း လေ့လာသိရှိရပါသည်။

ရခိုင်ပြည်နယ်ရှိ ယဉ်ကျေးမှုဒေသများဖြစ်ကြသော ဓညဝတီ၊ ဝေသာလီ၊ မြောက်ဦးစသည့် ရှေးမြို့ဟောင်းများတွင်လည်းကောင်း၊ မွန်ပြည်နယ်ရှိ ယဉ်ကျေးမှုဒေသများဖြစ်သော ကျိုက္ကသာ၊ ဝင်းက၊ အရက်သမစသည့် ရှေးမြို့ဟောင်းများအား တူးဖော်ရာမှလည်း အိုးခွက်များနှင့်အိုးခြမ်းကွဲများကို တွေ့ရှိခဲ့ရသည်။ အခြယ်အလှယ်ပါသော အိုးခြမ်းကွဲများတွင် တံဆိပ်ပုံနှိပ်များပါသည်ကို တွေ့ရှိရသည်။ ပုဂံခေတ်အိုးလုပ်ငန်း၏ ထူးခြားမှုမှာလည်း အနီရောင်ဆေးသားတင်ထားသော မြေထည်များကို တွေ့ရှိရပြီး ရေမစိမ့်အောင်၊ ချောမွတ်တောက်ပြောင်အောင် ပွတ်တိုက်ခြင်းဖြင့် စီမံထားရာ အရည်အသွေးမြင့်မားသော အိုးလက်ရာများအဖြစ် တွေ့မြင်ရပါသည်။ အစောပိုင်း ပုဂံယဉ်ကျေးမှုနှင့်ဆက်စပ်နေသော ပုဂံနန်းတော်ရာ၊ လယ်ကိုင်းမြို့ဟောင်းနှင့် နွားထိန်းရွာပတ်ဝန်းကျင်တူးဖော်မှုများ၌ အနီရောင်တင်မြေထည်ပေါ်တွင် အဖြူရောင်ဆေးရေးအိုးများကို တွေ့ရှိရသည်။ အနော်ရထာနန်းတော်ရာနှင့် ကျန်စစ်သားနန်းတော်ရာတို့မှ မြေကျင်းခွေများတွေ့ရှိရခြင်းမှာလည်း ပုဂံခေတ်အိုးလုပ်ငန်း၏ ထူးခြားသော လက္ခဏာဟု ဆိုရမည်ဖြစ်သည်။ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်စသည့် သမိုင်းမတင်မီခေတ်ကာလများမှ အစဉ်သဖြင့် ရှည်လျားတည်ရှိခဲ့သော မြန်မာ့အိုးလုပ်ငန်းသည် ပျူခေတ်မှသည် ကုန်းဘောင်ခေတ်များတိုင်အောင်ထိလည်းကောင်း၊ ယနေ့ခေတ်ကာလတိုင်အောင်အထိလည်းကောင်း ဆက်လက်လုပ်ဆောင်နေသော လုပ်ငန်းတစ်ရပ်လည်းဖြစ်သည်။ အထူးသဖြင့် ပျူယဉ်ကျေးမှုထွန်းကားခဲ့ရာ မြန်မာနိုင်ငံအလယ်ပိုင်း မြေပြန့်လွင်ပြင်နှင့် မြစ်ဝှမ်းဒေသများ၊ အရှေ့ပိုင်း၊ အနောက်ပိုင်းနှင့် မြောက်ပိုင်း၊ တောင်ပိုင်းစသည့် ဒေသများတွင်လည်း ရိုးရာအစဉ်အလာအလိုက် အိုးလုပ်ငန်းများလည်း တည်ရှိဆဲပင်ဖြစ်သည်။ ထို့ပြင် အိုးများတွင် ရိုက်နှိပ်သော အမှတ်တံဆိပ်များသည်လည်း မတူကွဲပြားစွာရှိနေကြသည်။ သို့သော်လည်း ရှေးခေတ်ကာလများမှ အိုးများကဲ့သို့ပုံများ၊ တံဆိပ်များမဟုတ်ဘဲ ပန်းခက်ပန်းနွယ်များ၊ ဂျီသြမေတြီဆိုင်ရာ သင်္ကေတအမှတ်အသားများသာ ဖြစ်ကြသည်။ မည်သို့ပင်ဆိုစေကာမူ ရှေးခေတ်ကာလ မြေအိုးမြေခွက်များမှ တံဆိပ်အမှတ်အသားလက္ခဏာများသည် ယင်းခေတ်ကာလမှ သုံးစွဲသောလူများ၏ ယဉ်ကျေးမှုတန်ဖိုးကို ဖော်ပြနေသော တန်ဖိုးမဖြတ်နိုင်သည့် သက်သေအထောက်အထားများပင်ဖြစ်သည့်အတွက် မြေအိုးမြေခွက်မှသည် အိုးခြမ်းပဲ့များဆီထိ မြန်မာနိုင်ငံ၏ သမိုင်းသက်သေများကို ဖော်ပြနေသည့်အတွက် ပြည်တွင်းမှ ယဉ်ကျေးမှုတန်ဖိုးသည် ပြည်ပသို့မရောက်ရှိနိုင်စေရန် ထိန်းသိမ်းကာကွယ်ကြရမည် ဖြစ်ပါတော့သည်။

**ကိုးကား-**
**ယဉ်ကျေးမှုဝန်ကြီးဌာန၊**
**ယဉ်ကျေးမှုစာစောင်၊ ၂၀၀၅**

# ကချင်ရိုးရာ ဂီတအနုပညာနှင့် အက

ကိုကျော်စွာ(ကျိုက်ပိ)

ဂီတအနုပညာဟူသည် လူမှုပတ်ဝန်းကျင်တွင် အလွန်အရေးပါသော အခန်းကဏ္ဍက ပါဝင်ပေသည်။ လူမျိုးတစ်မျိုး သို့မဟုတ် နိုင်ငံတစ်နိုင်ငံ၏ ယဉ်ကျေးမှု၊ မျိုးချစ်စိတ်ဓာတ်၊ ဘာသာတရား၊ ယုံကြည်ကိုးကွယ်မှုနှင့် ဓလေ့သဘာဝတွေကို ထိုလူမျိုး သို့မဟုတ် ထိုနိုင်ငံ၏ အနုပညာများတွင် တွေ့မြင်နိုင်ပါသည်။ ကျွန်တော်တို့နိုင်ငံ၏ "နိုင်ငံတော်သီချင်း"သည် မြန်မာနိုင်ငံသူ နိုင်ငံသားတို့၏ မျိုးချစ်စိတ်ကို ဖော်ပြနေပေသည်။ ဒို့အပြင် ပုဂံရှိအနုပညာလက်ရာများသည် ထိုခေတ်ပုဂံပြည်၏ ခမ်းနားပုံ၊ ယဉ်ကျေးမှုအနုပညာနှင့် ပုဂံသူ ပုဂံသားတို့၏စိတ်ကို ဖော်ပြနေပေသည်။

အနုပညာဆိုတာဘာလဲ။ ဘယ်လိုအရာကို အနုပညာဟုခေါ်ပါသလဲ။ အနုပညာဟူသည် "အနုစိတ်သောပညာ"ဟူ၍ ကျွန်တော်ယူဆပါသည်။ မည်သည့်အနုပညာမဆို နက်နဲသည့် အနုစိတ်သည်ကို တွေ့ဖူးကြပေလိမ့်မည်။ ထိုအရာမျိုးကို ဖန်တီးနိုင်ခြင်းကို ပညာဟု ကျွန်တော်ဆိုလိုချင်ပါသည်။ ဒါကြောင့် အနုစိတ်သောပညာဟု ကျွန်တော်ဆိုလိုခြင်းဖြစ်ပါသည်။ ထိုအနုပညာထဲတွင် "ပန်းဆယ်မျိုး" အပါအဝင် "ဂီတ၊ အကနှင့် ကဗျာ"လည်း ပါဝင်ပါသည်။ ယခုဆောင်းပါးတွင် ကျွန်တော်ဖော်ပြလိုသည်က ကချင်တိုင်းရင်းသားလူမျိုးများ၏ ရိုးရာဂီတနှင့် အကကို တင်ပြသွားမည်ဖြစ်ပါသည်။

**ကချင်လူမျိုးတို့၏ရိုးရာဂီတနှင့်အက**

ကချင်လူမျိုးတို့၏ တေးသီချင်းနှင့်အကသည် ကချင်တိုင်းရင်းသားတို့၏ လူမှုရေးတွင် အရေးကြီးသော အခန်းမှပါဝင်သည်။ ရပ်ထဲရွာထဲရှိ လူပျိုများနှင့် အပျိုများ တွေ့ဆုံကြရာတွင် လည်းကောင်း၊ မင်္ဂလာပွဲများတွင် လည်းကောင်း၊ အသုဘပွဲများတွင် လည်းကောင်း၊ အိမ်သစ်တက်ပွဲများနှင့် မနောပွဲများတွင် လည်းကောင်း ဂီတနှင့် အကအခုန်တို့ ပါဝင်လျက်ရှိသည်။

**ကချင်ရိုးရာ ဂီတတူရိယာများ**

ကချင်လူမျိုးတို့၏ ဂီတနှင့်ဆိုင်သော တူရိယာပစ္စည်းများတွင် ဝါးဖြင့်ပြုလုပ်ထားသော နှစ်လုံးပူးပလွေလည်းပါဝင်သည်။ ပလွေတွင် ထူရင်၊ ပီလော့၊ ပီဆွန်၊ ပီပတ်၊ ပီမံ၊ ပီခရောင်၊ ပီလန်၊ ပီရောင်၊ ဝန်ပေါင်ဆွမ်ပီ စသည်ဖြင့် အမျိုးမျိုးရှိသည်။ ပလွေကို ဝါးဖြင့်ပြုလုပ်ပြီး ပလွေများတွင် အနည်းဆုံး အပေါက်လေးပေါက်ရှိကာ အများဆုံး အပေါက်ခြောက်ပေါက်ရှိသည်။ ထူရင်သည် ဝါးအဆစ်နှစ်ဖက်ဖြတ်ထားပြီး အလယ်တွင် အပေါက်တစ်ခုတည်းရှိသည်။ ထိုအပေါက်မှ မှုတ်ပြီး နှစ်ဖက်အစကို အဖွင့်အပိတ်လုပ်၍ အသံဖမ်းသည်။

ပလွေအမျိုးမျိုးရှိသည့်အနက် ဝန်ပေါင်ဆွမ်ပီသည် စနစ်အကျဆုံးဖြစ်သည်။ အပေါက်ခြောက်ပေါက်ရှိပြီး မည်သည့်အသံကို မဆို တီးမှုတ်နိုင်သည်။ ဝန်ပေါင်ဆွမ်ပီကို ၁၉၅၄ ခုနှစ်ခန့်က ဗန်းမော်ခရိုင် ဘန်လွန်ရွာမှ ဦးဖော်ရွှေလဂျွန်ဆိုသူက တီထွင်ခဲ့သည်ဟု သိရသည်။ နှဲကို သစ်သားဖြင့် ပြုလုပ်ထားသည်။ အပေါက်ငါးခုရှိသည်။ တယောမှာ ယခုခေတ် တယောများနှင့်မတူပေ။ ယခုခေတ် တယောတွင်သုံးသော ဘိုးတံသည် အဖြောင့်ဖြစ်သော်လည်း ကချင်ရိုးရာတယောဘိုးတံသည် ခပ်ကွေးကွေးသဏ္ဍာန်ရှိပြီး ဘိုးတံထိပ်မှ



ကချင်တိုင်းရင်းသားများသည် ဂီတအနုပညာရသကို လေးနက်စွာ ခံစားတတ်ကြသူများဖြစ်သည်။ ထို့ကြောင့် ရသခံစားရာတွင် သူတစ်ပါးဖျော်ဖြေခြင်းကို ခံစားသည်ထက် ကိုယ်တိုင်တီး၍ ခံစားလေ့ရှိကြသည်။ မည်သည့်အရာကိုမဆို တေးသီချင်း ဖွဲ့သီဆိုတတ်ကြသည်။

အောက်ဘက် သုံးပုံနှစ်ပုံခန့်ကို ကြိုးဖြင့် ဆက်ချည်ထားသည်။ တယောအိမ်သည် ကြိုးနှစ်ချောင်းရှိပြီး ဘင်ဂျိုတူရိယာနှင့်ဆင်ဆင်တူသည်။

မယ်ဒလင်တွင် သစ်သားမယ်ဒလင်နှင့် ဝါးမယ်ဒလင်ဟူ၍ နှစ်မျိုးရှိသည်။ ဝါးမယ်ဒလင်သည် ဝါးဆစ်နှစ်ဖက်ကို သားရေကျပ်၍ ကြိုးတပ်ထားသည်။ ဝါးပေါ်တွင် ယခုခေတ် ပလွေပေါက်ကဲ့သို့ အပေါက်ငယ်သုံးပေါက်ကိုလည်း တွေ့ရသည်။ မောင်းမှာ ကချင်လူမျိုးတို့အတွက် တူရိယာပစ္စည်း သက်သက်သာမဟုတ်ဘဲ တန်ဖိုးထားသော ပစ္စည်းတစ်မျိုးလည်းဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် လူတစ်ဦး၏ စီးပွားရေးအခြေအနေကို ထိုသူ၏အိမ်ရှိ မောင်းအရွယ်အစား အမျိုးမျိုးနှင့် အရေအတွက်ကိုကြည့်၍ အကဲဖြတ် သိနိုင်သောကြောင့်ဖြစ်သည်။ ဒါကြောင့်မို့ ကချင်လူမျိုးတို့၏ တူရိယာပစ္စည်းအချို့သည် သူတို့၏ စီးပွားရေးနှင့်ဆက်စပ်မှုရှိပေသည်။

**ကချင်ရိုးရာတေးဂီတ**

ကချင်ရိုးရာတေးဂီတသည် နေရာဒေသအလိုက် အမျိုးမျိုးကွဲပြားမှုရှိသည်။ မိမိတို့ဒေသတွင် ထင်းခွေရင်း၊ ရေခပ်ရင်း၊ ရက်ကန်းရက်ရင်း၊ ဆန်ဖွပ်ရင်း၊ တောင်ယာခုတ်ရင်း အမျိုးသမီးများ သီဆိုလေ့ရှိသော သီချင်းများဖြစ်၍ တစ်နေရာနှင့်တစ်နေရာ သီချင်းစာသားချင်း မတူညီသော်လည်း တေးသွားများမှာမူ အတူတူဖြစ်သည်ဟု ထင်ရပေသည်။ ခေတ်အစားဆုံးတေးသီချင်းမျိုးမှာ လူပျို၊ အပျို လှည့်ရင်း သီဆိုသော တေးသီချင်းများ ဖြစ်ကြသည်။ များသောအားဖြင့် တစ်ယောက်က အသံတိုင်ပြီး အများကလိုက်ဆိုရသော သီချင်းမျိုးဖြစ်သည်။

ဒို့အပြင် တစ်ယောက်တည်းသီဆိုသော ချစ်ခြင်းမေတ္တာဖွဲ့သီချင်းများနှင့် တော၊ တောင်ရေမြေဖွဲ့ တေးကဗျာများလည်းရှိသည်။ ဥပမာအားဖြင့် လူပျိုကာလသားက အပျိုရှိရာအရပ်ကို မတွေ့တွေ့အောင်ရှာဖွေလာခဲ့ရပုံကို အနီးစပ်ဆုံးမြန်မာဘာသာဖြင့် အဓိပ္ပာယ်ဖော်ရသော် အောက်ပါအတိုင်းဖြစ်သည်-

"အပျိုစုရာ ကြိမ်ခွေစုတယ်၊ လူပျိုစုရာ ခားလွယ်စုတယ်၊ တောင်ယာမှာကွယ် သီးနှံစားမယ်၊ အပျိုကိုလည်း လိုက်ရှာတော့မယ်၊ သီးနှံတွေက ပေါတယ်ပေါတယ်၊ အပျိုကိုတော့ ရှာမတွေ့တယ်၊ အပျိုရှိတဲ့ နေရာဟာကွယ်၊ တောင်ယာတောနဲ့ ရွာသာယာရယ်" ဟူ၍ ဖြစ်သည်။

ဒို့အပြင် လူပျိုက အပျိုရှိရာအရပ်ကို ရောက်ခဲ့ပုံ၊ ထို့နောက် အပျိုခန်းကိုဝင်ဖို့ စောင့်နေရာ လေတိုက်လာသဖြင့် ချမ်းလှပုံကို "လေပြင်းရယ်ထန်၊ ငွေနှင်းရယ် ခြုံကာလွှမ်းပါလို့၊ ခိုက်ခိုက်တုန်ချမ်း။ ဖြုတ်၊ ခြင်တွေပေါလှတယ်၊ ချောနုမသိဂီရယ်၊ မောင်ဝင်ချင်ပြီကွဲ့ မယ့်စက်ခန်း"စသည့် အဓိပ္ပာယ်မျိုးရှိသော တေးကို ဟစ်အော်သီဆိုလေ့ရှိသည်။ ကချင်တိုင်းရင်းသားများသည် ဂီတအနုပညာရသကို လေးနက်စွာ ခံစားတတ်ကြသူများဖြစ်သည်။ ထို့ကြောင့် ရသခံစားရာတွင် သူတစ်ပါးဖျော်ဖြေခြင်းကို ခံစားသည်ထက် ကိုယ်တိုင်တီး၍ ခံစားလေ့ရှိကြသည်။ မည်သည့်အရာကိုမဆို တေးသီချင်းဖွဲ့သီဆိုတတ်ကြသည်။

**ကချင်ရိုးရာအက**

ကချင်လူမျိုးတို့တွင် တစ်ဦးချင်း တစ်ပင်တိုင်ကနည်းကဟန်များ မရှိပေ။ မင်းသမီး မင်းသားစုံတွဲကသော နှစ်ပါးသွားအကမျိုး သို့မဟုတ် လေးယောက်၊ ရှစ်ယောက်၊ တစ်ဆယ့်ခြောက်ယောက် စသည်ဖြင့် အဖွဲ့လိုက် ညီညီညာညာကပြရသော ယိမ်းအကမျိုးလည်းမရှိပေ။ သမားရိုးကျကနည်းမှာ အကန့်အသတ်မရှိ ဝိုင်းကြီးဖွဲ့၍ ကရသော ကနည်းမျိုးသာဖြစ်သည်။ သို့ရာတွင် ရှေ့မှ ဦးဆောင်ကသူ၏ ခြေကြွပုံ၊ ခြေလှမ်းပုံ၊ ခြေချပုံကို ကျန်လူများက ကြည့်၍ ကပြခြင်းသာဖြစ်သည်။ ကချင်လူမျိုးများသည် ရိုးရာအကများကို အနုပညာအဖြစ် သဘောထားကြသည်။ အခမ်းအနားများတွင် ကပွဲပါမှ ပြည့်စုံသည်ဟု ယူဆကြလေသည်။

ကချင်လူမျိုးတို့၏ ဝိုင်းဖွဲ့ကရသော အကမျိုးမှာ လွယ်ကူသည်တော့မဟုတ်ပေ။ ခြေကြွပုံ၊ ခြေလှမ်းပုံ၊ ခြေချပုံတို့မှာ ကကြိုးတစ်ခုနှင့်တစ်ခု မတူပေ။ လေ့ကျင့်မှုမရှိပါက စည်းဝါးကိုက်အောင်၊ ခြေလှမ်းမှန်အောင်ကနိုင်မည်မဟုတ်ချေ။ ဝိုင်းဖွဲ့ကရသော အကမျိုးမှာလည်း များသောအားဖြင့် ဘာသာရေးနှင့် ဆက်စပ်လျက်ရှိပေသည်။ များသောအားဖြင့်တော့ ကချင်လူမျိုးတို့၏ အကအမျိုးမျိုးတွင် ဘာသာရေးဆိုင်ရာနှင့်ဆက်နွှယ်သော အကများသာဖြစ်သည်။ ကချင်လူမျိုးတို့သည် ဘာသာရေးနှင့်အက ဆက်စပ်လျက်ရှိပေသည်။

ထင်ရှားသောအကမှာ မနောပွဲတွင် ကသော မနောအကပင်ဖြစ်သည်။ မနောအကကို ကွင်းဆန့်သမျှ လူထောင်နှင့်ချီ၍ ကနိုင်သည်။ လူကြီး လူငယ်မရွေးဝင်၍ ကနိုင်သည်။ စုပေါင်းကရသော အကဖြစ်၍ မနောကွင်းကိုမျက်နှာမူပြီး လက်ယာရစ်လှည့်ကရာ ခေါင်းဆောင်၏ ကဟန်အတိုင်း နောက်ပါလူများက ကသွားရသည်။ မူလမနောအကမှာ ငှက်များမြူးထူးပုံကို အတုယူ၍ ကပြသောကြောင့် မနောကသူတိုင်းယပ်တောင်တစ်ခုစီကိုင်၍ ယပ်တောင်ကို ဒေါင်းမြီးသဏ္ဍာန်တုရ၍ ထားရသည်။

အထူးသဖြင့် ကကြိုးကကွက်များမှာ မနောပွဲပြုလုပ်ရန် စတင်ဆောင်ရွက်ပုံကို သရုပ်ဖော်အကဖြစ်သည်။ အကများတွင် မြင်းစီးဟန်သရုပ်ဖော်အက၊ တောင်ယာမှ ကျောက်ဖရုံသီးခူးလာပုံ သရုပ်ဖော်အက၊ နတ်ပွဲများတွင် ငါးရှာကွန်ပစ်ဟန် သရုပ်ဖော်အက၊ ဆေးငုံရန်အတွက် ဆေးများဝေပေးဟန် သရုပ်ဖော်အက၊ အောက်ချင်းငှက်ဟန်အကနှင့် ကျွဲရှာဟန် သရုပ်ဖော်အကများပင်ဖြစ်သည်။ ဒို့အပြင် သီးသန့်အကဖြစ်သော မနောဆရာများအက၊ မနောအလှူရှင်များအက၊ မနောအိမ်ရှင် မိသားစုအကနှင့် မနောပွဲတွင် ချက်ပြုတ်လုပ်ကိုင်သူများအကဟူ၍ အမျိုးမျိုးရှိပြန်သည်။

**လော်ဝေါ်လူမျိုးအကနှင့်ရဝမ်လူမျိုးအက**

ကခုန်ရာတွင် တူရိယာသံစဉ်ကိုလိုက်၍ စည်းချက်ညီညီ ပြတ်တောက်ပြတ်တောက် ကခုန်ကြရသည်။ ကချင်လူမျိုးများ၏ မနောအကများတွင် ခင်ဒူတက်မနောခေါ် လိပ်ပြာမနောအကသည် ထင်ရှား၏။ လိပ်ပြာငယ်တစ်မျိုး၏ ပျံပုံကိုအတုယူ၍ ကခုန်ခြင်းဖြစ်သည်။ ယင်းအကကို ယခုအခါတွင် လော်ဝေါ်မျိုးနွယ်စုနှင့် ရဝမ်မျိုးနွယ်စုတို့က ကျွမ်းကျင်ပိုင်နိုင်စွာကတတ်ကြသည်။ လော်ဝေါ်မျိုးနွယ်စုတို့၏ ရိုးရာအကမှာ ခုနစ်မျိုးရှိပေသည်။ ဇမ်ဂေါ်အက၊ ဂျီဂေါ်အက၊ လော်ထောင်အက၊ ဂဘန့်ဂေါ်အက၊ တန်ဂေါ်အက၊ ဂျော်ကောင်ဂေါ်အက၊ ဆမ်းဝေ့အကတို့ပဲ ဖြစ်ပါတယ်။

ရဝမ်လူမျိုးများ၏ ရိုးရာအကမှာ ရှစ်မျိုးရှိသည်။ ယင်းတို့မှာ အဇူးလန်အက၊ ဖလုံအက၊ ဗိုင်ဝါးအက၊ မဇန်းအက၊ ဘုံလွတ်အက၊ ရွှံ့လူးအက၊ ဖမားအဇူးလန်အက၊ ခေတ်ပေါ်အကတို့ဖြစ်သည်။ ကချင်လူမျိုးများသည် အကတွင် ခြေကိုသာ အဓိကအသုံးပြုကြသည်။ ကကွက်ကိုလည်း ခြေဖြင့်သာ အကွက်ဖော်ကြသည်။ ခန္ဓာကိုယ်ယိမ်းနွဲ့လှုပ်ရှားမှုနှင့် လက်အနေအထားသည် ခြေကွက်ပေါ်မူတည်သည်။

အချုပ်အားဖြင့်ဆိုရသော် ကချင်လူမျိုးများသည် အနုပညာကို သင်ကြားရန်မလိုဘဲ အတုမြင် အတတ်သင် သဘောဖြင့်သာ ဆည်းပူးတတ်မြောက်သည်ဟု ယူဆကြသည်။ လူ့ဘဝတွင် သာယာပျော်ရွှင်ခြင်း၊ ဝမ်းနည်းခြင်း၊ ကြေကွဲခြင်း၊ ကြောက်ရွံ့ခြင်း၊ ထိတ်လန့်ခြင်းများ ပြေပျောက်ရန် အနုပညာဖြင့် ဖြေဖျောက်တတ်ကြသည်။ စိတ်ဓာတ်ခွန်အားများကို အနုပညာဖြင့် ဖြည့်တင်းတတ်ကြသည်။ တချို့ လူမှုရေး၊ စီးပွားရေး၊ ယဉ်ကျေးမှုတွေနှင့်ပါ ဆက်နွှယ်နေပြန်သည်။ ဒါကြောင့်မို့ ဂီတနှင့်အကမှ မဟုတ်ပေ အခြားသော အနုပညာများသည်လည်း မရှိမဖြစ် လိုအပ်သလို လူမျိုးစုတစ်စု၊ နိုင်ငံတစ်နိုင်ငံအတွက် အနုပညာသည် အမြဲတေရတနာတစ်ပါးပင်ဖြစ်သည်။ ယခုမူ ကချင်လူမျိုးများသည်လည်း ဂီတနှင့်အက အလှရတနာများစွာကို ပိုင်ဆိုင်ထားသည်ဟူ၍သာ ဆိုချင်ပါတော့သည်။

ကိုးကား – ကချင်ရိုးရာ
အဆင်တန်ဆာဒီဇိုင်းများ
(မအိအိမော်-ယဉ်ကျေးမှု)
– ကချင်တိုင်းရင်းသားယဉ်ကျေးမှု
ရိုးရာဓလေ့ထုံးစံများ

**ဖိတ်ခေါ်ပါသည်**

**ပြည်ထောင်စုမြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားတို့၏ အထင်ကရနေရာများ၊ စာပေယဉ်ကျေးမှုများ၊ ဘာသာစကား၊ ပုံပြင်၊ ရိုးရာဓလေ့၊ အသုံးအဆောင်၊ ရိုးရာအစားအစာ စသည်ဖြင့် တိုင်းရင်းသားတို့နှင့် စပ်ဆိုင်သောအကြောင်းအရာများကို ကြေးမုံသတင်းစာတွင် တိုင်းရင်းသားရေးရာကဏ္ဍအပတ်စဉ်ဖော်ပြသွားမည်ဖြစ်ရာ ဆောင်းပါး၊ သတင်းဓာတ်ပုံများ၊ စာမူများကို** Mirrormyosathit@gmail.com**သို့ ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။**

**(စာတည်း)**